## နိဒါန်း
## ရှင်လုကာ၏ဘဝမှတ်တမ်း

ရဟန္တာ **အီရေနေဦး** (အေဒီ ၁၈၀)၏အဆိုအရ ကျမ်းပြုပုဂ္ဂိုလ် လုကာသည်**အန္တိရောက်**မြို့သား ဂရိလူမျိုးဖြစ်ပြီး ဂရိဘာသာစကားကို တတ်ကျွမ်းသူတစ်ဦးဖြစ်သည်။ သူသည် ဆေးဆရာတစ်ဦးဖြစ်၍ အိမ်ထောင်မပြုဘဲ ငယ်ဖြူဘဝကိုစောင့်ထိန်းခဲ့၏။ထို့ပြင်သူသည် **ပေါလု**၏လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်ပြီး တရားတော်အတွက် **ပေါလု**အသေခံသည်အထိ သူနှင့်အတူ သာသနာပြုခဲ့သည်။ **လုကာ**သည် သခင်**ယေရှု**၏ဒေသနာတော်လုပ်ငန်းများကို မျက်မြင်သက်သေတစ်ဦး မဟုတ်ခဲ့သော်လည်း တပည့်တော်များနှင့် အခြားသောမျက်မြင်သက်သေများထံမှ ဝိရိယကြီးစွာ စူးစမ်းလေ့လာပြီး ဝိညာဉ်တော်အလင်းကျေးဇူးကိုခံယူကာ ဧဝံဂေလိသတင်းကောင်းကို အာခိုင်ယမြို့၌ အေဒီ ၆၀ နှင့် ၇၀ ခုနှစ်အကြားတွင် ရေးသားခဲ့၏။ သို့သော် တမန်တော်ဝတ္ထုကို မျက်မြင်သက်သေ တစ်ဦးအဖြစ်ဖြင့် ရေးသားပြုစုခဲ့သည်။

ရှင်လုကာသည် သခင်**ယေရှု**ကို အစေခံပြီးအသက် (၈၄)နှစ်တွင် တရာတော်အတွက်အသေခံခဲ့သည်။

## ရှင်လုကာဧဝံဂေလိကျမ်း၏အဓိကအချက်အလက်များ

ရှင်လုကာ ဧဝံဂေလိကျမ်းတွင် သခင်**ယေရှု**သည် အစ္စရေးလ်လူမျိုးတို့၏ ကယ်တင်ရှင်ဖြစ်သည် သာမက လူသားအားလုံး၏ ကယ်တင်ရှင်ဖြစ်ကြောင်း အလေးအနက်ဖော်ပြထားသည်။ ဆင်းရဲသောသူတို့အား သတင်းကောင်းကိုကြေငြာရန်နှင့် ဆင်းရဲချို့တဲ့သောသူများအား ကူညီမစပေးရန် ထာဝရဘုရားသခင်၏ဝိညာဉ်သည် သခင်ယေရှုကို ရွေးချယ်ခန့်ထားကြောင်း ဤကျမ်းတွင် ဖော်ပြထားသည်။

ရှင်လုကာကျမ်းကို အစပိုင်းတွင် သခင်ယေရှု ဤလောကသို့ ကြွလာခြင်းအကြောင်းနှင့်နိဒါန်းပျိုးထားပြီး နိဂုံးပိုင်းတွင်မူ သခင်ယေရှုကောင်းကင်သို့ တက်ကြွတော်မူခြင်းအကြောင်းတို့ကို နိဂုံးပိုင်းရေးသားဖော်ပြထားခြင်းဖြင့် ဝမ်းမြောက်ဘွယ် သတင်းကောင်းကိုပေါ်လွင်စေခဲ့သည်။

ရှင်လုကာဧဝံဂေလိကျမ်းတွင် ဂျူးလူမျိုးတို့၏မြို့တော်ဖြစ်သော ဂျေရုဆလင်မြို့ကို ထူးခြားသည့်ဘာသာရေးမြို့တော်အဖြစ် ဖော်ပြလေ့ရှိသည်။ ကောင်းကင်တမန်တော်များ သီဆိုသည့်သီချင်းနှင့်သူငယ်တော်ယေရှုကိုသိုးထိန်းများလာရောက်ဖူးမျှော်သည့်အကြောင်းများ၊ သူငယ်တော်ယေရှု ဗိမ္မာန်တော်သို့ ရောက်ရှိခြင်းအကြောင်း၊ ကောင်းသောဆမာရိတန်၏ ပုံဥပမာနှင့် ပျောက်ဆုံးသော သားပုံဥပမာစသည့်အကြောင်းအရာများကို ဤကျမ်းတွင်သာ တွေ့ရှိနိုင်သည်။

ထို့အပြင် ဆုတောင်းမေတ္တာပြုခြင်းအကြောင်း၊ သန့်ရှင်းသော ဝိညာဉ်တော်အကြောင်း၊ သခင်ယေရှုအမှုတော်ထမ်းဆောင်ရာတွင် အမျိုးသမီးများ ပါဝင်ခွင့်ကူညီခြင်းအကြောင်းနှင့် အပြစ်များကို ဘုရားသခင်ခွင့်လွှတ်တော်မူခြင်းအကြောင်း စသည်တို့ကို အလေးအနက်ထား၍ ရေးသားထားသည်။

## ရှင်လုကာ ဧဝံဂေလိကျမ်း၏ အကြောင်းအရာအကျဉ်းချုပ်

(က) ဧဝံဂေလိကျမ်းနိဒါန်း (အခန်းကြီး ၁း၁-၄)
(ခ) ယောဟန်ဗတ္တိဇံနှင့် သခင်ယေရှုတို့၏ဖွားမြင်ခြင်းနှင့် ငယ်စဉ်ဘဝ (အခန်းကြီး ၁း၅-၅း၅၂)
(ဂ) ယောဟန်ဗတ္တိဇံ၏ ဒေသနာတော်လုပ်ငန်း (အခန်း ကြီး ၃း၁-၂၀)
(ဃ) သခင်ယေရှုဆေးကြောခြင်းခံတော်မူခြင်းနှင့် နတ်ဆိုးနှောင့်ယှက်ခြင်းကိုခံရတော်မူခြင်း (အခန်းကြီး ၃း၂၁ - ၄း၁၃)
(င) ဂါလိလေနယ်တွင် သခင်ယေရှု ဒေသနာတော်အမှုတော် (အခန်းကြီး ၄း၁၄-၉း၅၀)
(စ) ဂါလိလေနယ်မှ ဂျေရုဆလင်မြို့သို့ ဒေသစာရီလှည့်လည်တော်မူခြင်း(အခန်းကြီး၉း၅၁-၁၉း၂၇)
(ဆ) ဂျေရုဆလင်မြို့၌ သခင်ယေရှုဒေသနာတော်ဟောကြားတော်မူခြင်း(အခန်းကြီး၁၉း၂၈-၂၁း၃၈)
(ဇ) သခင်ယေရှု၏ ဒုက္ခရစရိယာကျင့်ခံခြင်း (အခန်းကြီး ၂၂း၁-၂၃း၅၆)
(ဈ) ယေရှု၏ ရှင်ပြန်ထမြောက်ခြင်း၊ မိမိကိုယ်ကိုထင်ရှားပြသခြင်းနှင့်ကောင်းကင်ဘုံသို့တက်ကြွတော်မူခြင်း (အခန်းကြီး ၂၄း၁-၅၃)

## ရှင်လုကာ ဧဝံဂေလိကျမ်းနိဒါန်း
## အခန်းကြီး(၁)

၁။ များစွာသောသူတို့သည် ငါတို့၌ ဖြစ်ပျက်ခဲ့ပြီးသော
ဖြစ်ရပ်များကိုမှတ်တမ်းတင်ရန် တာဝန်ယူခဲ့ကြ၏။
၂။ အစဦးကပင် မျက်မြင်သက်သေနှင့် နှုတ်ကပတ်
တော်အမှုတော်ဆောင် ဖြစ်ခဲ့သူများက ငါတို့အား
၃။ လက်ဆင့်ကမ်းခဲ့သည့်အတိုင်း၊ အိုမြတ်သော **သီအို
ဖိလု**[၁] ငါသည် ထိုဖြစ်ရပ်အလုံးစုံတို့ကို အချိန်ယူ၍
သေချာစွာလေ့လာခဲ့ပြီးနောက်သင့်အတွက် ရေးသား
၄။ ပေးလျှင် သင့်လျော်မည်ဟု ငါဆုံးဖြတ်မိ၏။ဤသို့
ဖြင့် သင်လေ့လာခဲ့သော အကြောင်းအရာများ၏
အမှန်တရားကိုသိရှိနားလည်စေနိုင်ငါသည်ဤကျမ်း
ကို ရေးသားပြုစုလိုက်ပါသည်။

## ယောဟန်ဗတ္တိဇံမွေးဖွားမည့်အကြောင်း
## ကြိုတင်ဟောပြောခြင်း

၅။ **ဂျုဒပြည်ဟေရုဒ်**ဘုရင်လက်ထက်၌ **အဘိယ**[၂] ရဟန်း
အမျိုးနွယ်ဝင် **ဇာခရိယ**အမည်ရှိသောရဟန်းတစ်ပါး
ရှိ၏။သူ၏ဇနီးသည်ကား**အာရုန်** အနွယ်ဝင်ဖြစ်ပြီး၊
၆။ အမည်မှာ **ဧလိဇဘက်**တည်း။ ထိုသူနှစ်ဦးတို့သည်
ဘုရားသခင်၏ရှေ့မှောက်တော်တွင်ဖြောင့်မတ်သော
သူများဖြစ်ကြပြီး၊ ထာဝရဘုရား၏ပညတ်တော်များ
နှင့်ကျင့်ထုံးဥပဒေများကို အပြစ်တင်ခွင့်မရှိအောင်
၇။ လိုက်နာခဲ့ကြ၏။ သို့သော် သူတို့၌ သားသမီး
မထွန်းကားခဲ့ချေ။အကြောင်းမူကား၊**ဧလိဇဘက်**သည်
အမြုံဖြစ်သည့်အပြင် သူတို့နှစ်ဦးစလုံးသည်လည်း
၈။ အသက်အရွယ်ကြီးရင့်ကြလေပြီ။**ဇာခရိယ**သည်မိမိ၏
အဖွဲ့အလှည့်ကျသဖြင့် ဗိမာန်တော်တွင်ရဟန်းတို့၏
အမှုတော်ကိုဆောင်ရွက်နေစဉ်၊ရဟန်းတို့၏ ဝိနည်း

[၁] (၁း၃) သီအိုဖိလုသည် ဂရိဘာသာစကားဖြစ်ပြီး ဘုရားသခင်ချစ်မြတ်နိုးသူဟု အဓိပ္ပာယ်ရသည် လုကသည် မိမိ၏ကျမ်းစာကို သီအိုဖိလုကဲ့သို့သော ဂျူဒလူမျိုးတစ်ဦးဖြစ်ပြီး ခရစ်ယာန်ဘာသာသို့ဝင်ရောက်လာသူတစ်ဦးဖြစ်သည်။ လုကဧဝံဂေလိကျမ်းသည်သီအိုဖိလုထံသို့လည်းကောင်း၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ တစ်ဦးစီ သို့လည်းကောင်း ရည်ညွှန်းရေးသားထားပါသည်။

[၂] (၁း၅) ဗိမာန်တော်၌ အမှုထမ်းဆောင်သော ရဟန်းများသည် ၂၄စုခွဲပြီး၊ ယဇ်ပလ္လင်အမှုတော်ကိုအလှည့်ကျဆောင်ရွက်ကြရသည်။"အဘိယ"အသင်းသည် အဌမမြောက်အသင်းဖြစ်ပြီး၊ယောဟန်ဗတ္တိစတားဖခင်ဇာခရိသည်ထိုအသင်း၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။

၉။ ထုံးစံအရမဲကျသဖြင့် ထာဝရဘုရား၏သန့်ရှင်း
ရာဌါနအတွင်းသို့ ဝင်၍ လော်ဗန်နံ့သာပေါင်းကို
၁၀။ မီးရှို့ပူဇော်ရ၏။ ထိုသို့ ပူဇော်နေချိန်တွင် လူအစု
၁၁။ အဝေးတို့သည်အပြင်မှာဆုတောင်းနေကြ၏။ထိုအခါ
ထာဝရဘုရား၏ တမန်တော်သည် လော်ဗန်နံ့သာ
မီးရှို့ပူဇော်ရာ ယဇ်ပလ္လင်၏လက်ယာဘက်တွင်ရပ်
လျက် **ဇာခရယိ** အားထင်ရှားပြလေ၏။
၁၂။ **ဇာခရိယ**သည် ကောင်းကင်တမန်တော်ကိုမြင်သော
အခါ စိတ်နှလုံးမငြိမ်မသက်ဖြစ်လျက် ကြောက်ရွံ့
၁၃။ တုန်လှုပ်လေ၏။ သို့သော် ကောင်းကင်တမန်တော်
က **ဇာခရိယ** မကြောက်ရွံ့နှင့်။ ဘုရားသခင်သည်
သင်၏ဆုတောင်းသံကိုနားညောင်းတော်မူပြီ။သင်၏
ဇနီး**ဧလိဇဘက်**သည် သားယောကျ်ားကိုဖွားမြင်လိမ့်
မည်။ သူ့ကို **ယောဟန်**ဟု အမည်ပေးရမည်။
၁၄။ သင်သည်လည်းဝမ်းမြောက်ရွှင်လန်းခြင်းရှိလိမ့်မည်။
သူ၏ဖွားမြင်ခြင်း၌ လူအများတို့သည်ဝမ်းမြောက်
၁၅။ ကြလိမ့်မည်။ အကြောင်းမူကား၊ သူသည် ထာဝရ
ဘုရား၏ရှေ့တော်၌ကြီးမြတ်သောသူဖြစ်လိမ့်မည်။
သူသည် စပျစ်ရည်နှင့် သေရည်သေရက်ကိုသောက်
လိမ့်မည်မဟုတ်။ အမိဝမ်းထဲကပင် သန့်ရှင်းသော
ဝိညာဉ်တော်နှင့် ပြည့်ဝနေလိမ့်မည်။[၃]
၁၆။ သူသည်များစွာသော**အစ္စရေးလ်**လူမျိုးတို့ကိုမိမိတို့၏
သခင်ထာဝရဘုရားထံတော်သို့ ပြန်လည်ပို့ဆောင်
၁၇။ ပေးလိမ့်မည်။ သူသည်အဘတို့ကို သားတို့နှင့်ပြန်
လည်သင့်မြတ်စေ၍၊နာခံခြင်းမရှိသောသူတို့ကိုဖြောင့်
မတ်သောသူတို့၏ပညာတရားလမ်းကိုပြောင်းလဲစေ
လိမ့်မည်။အသင့်ပြင်ဆင်ထားသောလူမျိုးတော်ကိုထာ
ဝရဘုရားအတွက်အဆင်သင့်ဖြစ်စေရန်သူသည်**ဧလိ
ယ** ၏စိတ်တန်ခိုးဖြင့် ကိုယ်တော်၏ရှေ့တော်မှသွား
၁၈။ လိမ့်မည်ဟုဆို၏။ **ဇာခရယိ**ကလည်း ဤအရာကို
ကျွန်ုပ်မည်သို့နားလည်ရပါမည်နည်း။ကျွန်ုပ်သည်အ
သက်ကြီးသူတစ်ယောက်ဖြစ်ပြီး ကျွန်ုပ်၏ဇနီးသည်
လည်း အရွယ်လွန်ပါပြီဟု ကောင်းကင်တမန်အား
ပြန်ပြော၏။
၁၉။ ကောင်းကင်တမန်တော်ကလည်း ငါသည်ဘုရား
သခင်၏ရှေ့တော်မှောက်တွင်ခစားသော**ဂါဘရီအဲလ်**
ဖြစ်၏။သင့်အားဝမ်းမြောက်ရာသတင်းကိုကြားပြော

[၃] (၁း၁၅) အမိဝမ်းထဲ၌ရှိစဉ်ကပင် အပြစ်ရင်းနှင့်ကင်းလိမ့်မည်။

၂၀။ ရန်ငါသည်စေလွှတ်ခြင်းခံရ၏။ကြည့်လော့၊ အချိန်
တန်လျှင် ပြည့်စုံလာမည့်ငါ၏စကားကိုသင်မယုံ
ကြည်သောကြောင့် ဤအကြောင်းအရာများဖြစ်ပေါ်
လာသည့်တိုင်အောင်သင်သည်စကားမပြောနိုင်ဘဲဆွံ့
၂၁။ အလျက်နေလိမ့်မည်ဟု မိန့်တော်မူ၏။ လူအများ
တို့သည် **ဇာခရိယ**ကို စောင့်မျှော်နေကြ၏။သူသည်
ဗိမာန်တော်ထဲ၌ကြန့်ကြာသည်ကိုအံ့သြခြင်းရှိကြ၏။
၂၂။ **ဇာခရိယ**သည်ဗိမာန်တော်ထဲမှ ထွက်လာသောအခါ
စကားမပြောနိုင်သည်ဖြစ်၍[၄]ဗိမာန်တော်ထဲတွင်ရူပါရုံ
မြင်ခဲ့ကြောင်းကိုလူအများသိရှိကြ၏။**ဇာခရိယ**မူကား
၊ ဆွံ့အလျက် အရိပ်အမှတ်ကိုသာပေးနိုင်၏။
၂၃။ သူသည်မိမိ၏ တာဝန်ဆောင်ရွက်ပြီးစီးသောအခါ[၅]၊
၂၄။ မိမိအိမ်သို့ပြန်သွားလေ၏။ ထိုနေ့ရက်များကုန်လွန်
ပြီးသောအခါ၊**ဧလိဇဘက်**သည်ပဋိသန္ဓေစွဲ၍၊ ငါးလ
၂၅။ ပတ်လုံးပုန်းအောင်းနေပြီးမှ လူတို့ရှေ့၌ အရှက်ကွဲ
ခြင်းကို[၆] ဖယ်ရှားရန် ထာဝရဘုရားသည် ငါ့ကို
ကြည့်တော်မူ၍ ဤရှုသို့ပြုတော်မူပြီဟုဆိုလေ၏။

## သခင်ယေရှူးဖွားမြင်မည့်အကြောင်း
## အမိန့်တော်ပြန်ခြင်း

၂၆။ ဆဋ္ဌမလသို့ ရောက်သောအခါ၊ ထာဝရဘုရားသည်
တမန်တော်**ဂါဘရီအဲလ်**ကိုဂါလိလေပြည်**နာဇရက်**မြို့
၂၇။ **ဒေးဗစ်**မျိုးနွယ်ဝင်**ဂျိုးဇက်**အမည်ရှိသောသူနှင့်စေ့စပ်
ထားသောအပျိုကညာဆီသို့စေလွှတ်တော်မူ၏။
အပျိုကညာအမည်ကား **မာရိယာ** ဖြစ်သတည်း။
၂၈။ ကောင်းကင်တမန်ကကျေးဇူးအပေါင်းနှင့်ပြည့်စုံတော်
မူသောသခင်မ သင်၌မင်္ဂလာရှိစေသတည်း။ ဘုရား
သခင်သည်သင်နှင့်အတူ ရှိတော်မူ၏ဟု သူမအား
၂၉။ နှုတ်ဆက်လေ၏။ သို့သော်သူမသည် အလွန်စိတ်
အနှောင့်အယှက်ဖြစ်၍ ဤနှုတ်ဆက် စကားကား၊
အဘယ်သို့နည်း[၇]ဟူ၍တွေးတောဆင်ခြင်လျက်နေ၏။
၃၀။ ကောင်းကင်တမန်ကလည်း**မာရိယာ**မကြောက်ရွံ့နှင့်၊
သင်သည် ဘုရားသခင်ရှေ့တော်၌ မျက်နှာရလေပြီ။
၃၁။ သင်၏ဝမ်း၌ ပဋိပန္ဓေစွဲ၍၊ သားယောကျ်ားကို သင်
ဖွားမြင်လိမ့်မည်။ထိုသားကို **ယေရှူး**[၈]ဟူသောအမည်
၃၂။ ဖြင့်မှည့်ခေါ်ရမည်။သူသည်ကြီးမြတ်သောသူဖြစ်လိမ့်
မည်။အမြင့်ဆုံးသောသူ၏သားတော်ဟုခေါ်ဝေါ်ခြင်း
ကိုခံရလိမ့်မည်။[၉]ဘုရားသခင်သည်သူ့အဘ**ဒေးဗစ်**
၏ ရာဇပလ္လင်ကို သူ့အားပေးအပ်တော်မူလိမ့်မည်။
၃၃။ သူသည်**ယာကုပ်**၏ အမျိုးအနွယ်ကို အစဉ်အမြဲအုပ်
စိုးတော်မူလိမ့်မည်။သူ၏နိုင်ငံတော်သည် အဆုံးမရှိ၊
၃၄။ အစဉ်တည်နေလိမ့်မည်[၁၀]ဟုမိန့်ဆိုလေ၏။ **မာရိယာ**
ကလည်း၊ဤအမှုအရာသည်မည်သို့ဖြစ်နိုင်မည်နည်း။
[၁၁]အကြောင်းမူကား၊ ကျွန်မ၌ခင်ပွန်း မရှိပါဟု
၃၅။ ကောင်းကင်တမန်အားဆိုလေ၏။ တစ်ဖန်ကောင်း
ကင်တမန်က သန့်ရှင်းသောဝိညာဉ်တော်သည်သင့်
အပေါ်သို့ဆင်းသက်လိမ့်မည်။ အမြင့်ဆုံးသောအရှင်
၏ တန်ခိုးအာဏာတော်သည် သင့်ကို လွှမ်းခြုံလိမ့်
၁ မည်။ထို့ကြောင့် သင်မှဖွားမြင်လတ္တံ့သောသန့်ရှင်း
မွန်မြတ်သူငယ်သည် ဘုရား၏သားတော်ဟု ခေါ်
၃၆။ ဝေါ်ခြင်းခံရလိမ့်မည်။ ထို့အပြင် ကြည့်လော့၊အမြို့မ

---

[၄] (၁း၂၂)ရဟန်းသည်လော်ဗန်ပူဇော်ပြီး၍ထွက်လာသောအခါ ပရိသတ်အပေါ်၌ ဘိသိတ်မင်္ဂလာပေးလေ့ရှိ၏။ ထိုမင်္ဂလာစကားကို ဇာခရိသည် မရွတ်နိုင်သောကြောင့် စကားမပြောနိုင်ကြောင်းသိရသည်။

[၅] (၁း၂၃) တာဝန်ထမ်းဆောင်ရမည့်ရက်ပေါင်းရှစ်ရက်။

[၆] (၁း၂၅) ဂျူဒလူမျိုးထုံးစံအရ အမြုံဖြစ်သောသူတို့သည် ရှက်ဖွယ်ကောင်း၏။ အဘယ်ကြောင့်ဆိုသောသူတို့သည်ဘုရားသခင်၏လူမျိုးတော်ကို တိုးပွားအောင်မပြုနိုင်သောကြောင့်ဖြစ်၏။

[၇] (၁း၂၉)ဘုရားသခင်ထံမှလာသောစကားလော။ သို့မဟုတ် နတ်ဆိုးထံမှလာသလောဟု ဆင်ခြင်စဉ်းစားခြင်းဖြစ်၏။

[၈] (၁း၃၁) ယေရှူးဟူသောဂရိဘာသာစကားဖြင့်ဂျော်ရှုအဟူသောဟေဘရူးဘာသာစကားနှင့်အဓိပ္ပာယ်တူ၏။ယင်း၏အဓိပ္ပာယ်တူ၏။ ယင်း၏အဓိပ္ပာယ်မှာ ဘုရား သခင်သည် ကယ်တင်ခြင်းဖြစ်၏ဟုဆိုလိုသည်။

[၉] (၁း၃၂)ခေါ်ဝေါ်ခြင်းကိုခံရလိမ့်မည်ဟုဆိုရာ၌ ကျမ်းစကားအရအမြင့်ဆုံးသောသူ၏သားတော်ဖြစ်သည်ဟု ဆိုလိုသည်။

[၁၀] (၁း၃၃) အဆုံးမရှိဘဲ တည်နေမည့်နိုင်ငံတော်သည်ကောင်းကင်နိုင်ငံဖြစ်၏။

[၁၁] (၁း၃၄)မာရိယာသည်ကောင်းကင်တမန်တော်၏စကားကို မယုံသောကြောင့်မဟုတ်၊သူမသည် ဂျိုးဇက်နှင့်စေ့စပ်ထားရုံမျှသာဖြစ်၍ လင်မယားအဖြစ်ပေါင်းသင်းခြင်းမရှိဘဲ သားယောကျ်ားကိုမည်သို့ ဖွားမြင်မည်နည်းဟုဆိုလိုသည်။

ဟုခေါ်ဝေါ်ခြင်းခံရသော သင်၏ဆွေမျိုး**ဧလိဇဘက်**
သည် အိုသောအရွယ်၌ ပဋိသန္ဓေစွဲယူ၍ ယခုဆဋ္ဌမ
၃၇။ လသို့ရောက်လေပြီ။ ဘုရားသခင် မတတ်နိုင်သော
အရာ တစ်စုံတစ်ခုမျှမရှိ[၁၄] ဟု မိန့်ဆိုလေ၏။
၃၈။ **မာရိယာ**ကလည်း ကျွန်မသည်ဘုရားသခင်၏အစေ
ခံဖြစ်ပါ၏။သင်၏စကားအတိုင်းကျွန်မ၌ဖြစ်ပါစေ[၁၅]
ဟုဆိုပြီးနောက် ကောင်းကင်တမန်တော်သည် သူမ
ထံမှ ထွက်ခွာသွားလေ၏။

## မာရိယာသည် ဧလိဇဘက်ထံသွားရောက်ခြင်း

၃၉။ ထို့နေ့ရက်သို့၌ **မာရိယာ**သည်တောင်ကုန်းအရပ်ရှိ
၄၀။ **ဂျူဒ**မြို့ တစ်မြို့သို့အလျင်အမြန်ထ၍သွားလေ၏။
သူမသည်**ဇာခရိယ**၏အိမ်သို့ဝင်ပြီးလျှင်**ဧလိဇဘက်**
ကိုနှုတ်ဆက်လေ၏။**ဧလိဇဘက်**သည်နှုတ်ဆက်သံ
၄၁။ ကိုကြားသောအခါ သူမ၏ဝမ်းတွင်းရှိသားငယ်သည်
ခုန်မြူးလေ၏။[၁၆] **ဧလိဇဘက်**သည်လည်းသန့်ရှင်း
သောဝိညာဉ်တော်နှင့်ပြည့်ဝလျက်ကျယ်သောအသံ
၄၂။ ဖြင့်ကြွေးကြော်သည်မှာ သင်သည်မိန်းမတို့တွင်
မင်္ဂလာရှိသူဖြစ်၏။သင်၏ ဝမ်းတွင်းမှအသီးတော်
၄၃။ သည်မင်္ဂလာရှိ၏။ ကျွန်မသခင်၏မယ်တော်သည်
ကျွန်မထံသို့ကြွလာသော ကျေးဇူးတော်ကို ကျွန်မ
သည် အဘယ်ကြောင့် ခံထိုက်ပါသနည်း။[၁၇]
၄၄။ အကြောင်းမူကား၊ သင်၏ နှုတ်ဆက်စကားသံသည်
ကျွန်မ၏ နားသို့ရောက်သည်နှင့် ကျွန်မဝမ်းတွင်းမှ
သားငယ်သည် ဝမ်းမြောက်ခြင်းဖြင့် ခုန်မြူးလေပြီ။

[၁၄] (၁း၃၇) ဧလိဇဘက်သည်အမြုံမဖြစ်၍ အသက်အရွယ် လွန်သော်လည်း ပဋိသန္ဓေဆောင်ရန် ဘုရားသခင် အခွင့်ပြုတော်မူသကဲ့သို့ မာရိယာအားလည်း ကညာစင်မပျက်ဘဲ ပဋိသန္ဓေစွဲရန်အခွင့်ပြုတော်မူနိုင်သည်ဟု ဆိုလိုသည်။

[၁၅] (၁း၃၈) ထိုစကားအားဖြင့်မာရိယာသည်လူသားများအား လုပ်ငန်းတော်၌ပါဝင်ဆောင်ရွက်ရန် သဒ္ဓါကြည်ဖြူစွာ ဝန်ခံကတိပြုခြင်းဖြစ်သည်။

[၁၆] (၁း၄၁)မာရိယာ၏နှုတ်ဆက်ခြင်းအသံကိုဧလိဇဘက်ကြားသည်နှင့်တပြိုင်နက် ယောဟန်သည်အပြစ်ရင်းမှ ကင်းစင်သွားလေ၏။

[၁၇] (၁း၄၃) ဧလိဇဘက်သည် မာရိယာကို ဘုရား၏ မယ်တော်ဟုခေါ်၏။ ထို့ကြောင့် အသင်းတော်လည်း ဘုရား၏မယ်တော်ဟုခေါ်၏။ မာရိယာသည် ဘုရား၏မယ်တော်အမှန်ဖြစ်၏။ အကြောင်းမူကား၊ သန့်ရှင်းသောဝိညာဉ်တော် အားဖြင့် ပဋိသန္ဓေစွဲ၍ အစဉ်ထာဝရခမည်းတော်ဘုရားမှ ဖွားတော်မူသော သားတော်ကို ဤလောကသို့ ဆောင်ယူခဲ့လေ၏။

၄၅။ သူမအားထာဝရဘုရားမိန့်တော်မူသော စကားသည်
ပြည့်စုံလိမ့်မည်ဟုယုံကြည်သောသူသည်မင်္ဂလာရှိ၏
ဟု ဆိုလေ၏။

## မာရိယာသည် ဘုရားဂုဏ်တော်ကို ချီးမွမ်းခြင်း

၄၆။ ထိုအခါ**မာရိယာ**မြွက်ဆိုသည်ကား၊ငါ၏ဝိညာဉ်သည်
၄၇။ ထာဝရဘုရားကို ချီးမွမ်း၏။ ငါ၏စိတ်နှလုံးသည်
ငါ့ကိုကယ်တင်တော်မူသော ဘုရားသခင်၌ရွှင်လန်း
၄၈။ ခြင်းရှိ၏။အကြောင်းမူကား၊ကိုယ်တော်သည်မိမိကျွန်
မ၏နှိမ့်ချသောအဖြစ်ကို ကြည့်ရှုတော်မူ၏။ယခုမှစ
၍ခပ်သိမ်းသော လူမျိုးအစဉ်အဆက်တို့သည် ငါ့ကို
မင်္ဂလာရှိသောသူဟု ခေါ်ဝေါ်ကြလိမ့်မည်။[၁၈]
၄၉။ အကြောင်းမူကား၊တန်ခိုးကြီးတော်မူသောသခင်သည်
ငါ၌အံ့ဩဘွယ်သောကျေးဇူးတော်များကိုပြုတော်မူပြီ။
ကိုယ်တော်၏နာမတော်သည်မြင့်မြတ်သန့်ရှင်းတော်
၅၀။ မူ၏။ကိုယ်တော်၏ကရုဏာတော်သည် မိမိကြောက်
ရွံ့ရိုသေသောသူတို့အပေါ်သို့သားစဉ်မြေးဆက်သက်
၅၁။ ရောက်၏။ ကိုယ်တော်သည် လက်ရုံးတော်အားဖြင့်
ခွန်အားတန်ခိုးကိုပြတော်မူပြီ။စိတ်၌မာနထောင်လွှား
သောသူတို့၏အကြံအစည်များကို ပျက်ပြားစေတော်
၅၂။ မူပြီ။ အင်အားကြီးသော သူတို့ကို အရိုက်အရာမှချ
တော်မူ၍နှိမ့်ချသော သူတို့ကို ချီးမြှောက်တော်မူပြီ။
၅၃။ ငတ်မွတ်သောသူတို့ကိုကောင်းသောအရာတို့နှင့်ပြည့်
ဝစေ၍ကြွယ်ဝသောသူတို့ကို လက်ချည်းဗလာလွှတ်
၅၄။ လိုက်တော်မူပြီ။ ကိုယ်တော်သည် မိမိကရုဏာတော်
ကိုအောက်မေ့တော်မူ၍မိမိကျွန်**အစ္စရေးလ်**ကို ကူညီ
၅၅။ ထောက်မတော်မူပြီ။ငါတို့၏ ဘိုးဘေး**အာဗြဟံ**
မှစ၍၊ သူ၏မျိုးနွယ်စဉ်ဆက်တို့အားကတိထားတော်
၅၆။ မူသည့်အတိုင်း ဖြစ်စေသတည်းဟုဆိုလေ၏။ထို့နောက်
မာရိယသည် **ဧလိဇဘက်**နှင့်အတူ သုံးလခန့်နေပြီး
မှ မိမိအိမ်သို့ပြန်လေ၏။

[၁၈] (၁း၄၈) မာရိယာအားဖြင့်ဘုရားသခင်ပြုတော်မူသောကြောင့် ယုံကြည်သူတို့သည် မယ်တော်ကိုရိုသေချီးမွမ်းကြလိမ့်မည်။

## ယောဟန်ဗတ္တိဇံဖွားမြင်ခြင်း

၅၇။ **ဧလိဇဘက်**သည်မွေးဖွားရန်နေ့လစေ့သောအခါ၊သား
၅၈။ ယောကျ်ားကိုဖွားမြင်လေ၏။ သခင်ဘုရားသည်
**ဧလိဇဘက်**အား မိမိ၏ မဟာကရုဏာတော်ပြတော်
မူကြောင်း အိမ်နီးချင်းများနှင့် ဆွေမျိုးသားချင်းတို့
ကြားကြသောအခါသူမနှင့်အတူရွှင်လန်းဝမ်းမြောက်
၅၉။ ကြ၏။ ရှစ်ရက်မြောက်သောနေ့၌ သူငယ်ကိုအရေ
ဖျားလှီးခြင်းမင်္ဂလာပေးခြင်းငှာသူတို့သည် လာကြ၍
သူငယ်၏အမည်ကိုလည်းအဘ၏ အမည်အတိုင်း
၆၀။ **ဇာခရိယ**ဟုမှည့်ခေါ်လိုကြ၏။သို့သော်သူ၏မိခင်က
ထိုသို့မဟုတ်ပါ။ **ယောဟန်**အမည်ဖြင့်မှည့်ခေါ်ရမည်
၆၁။ ဟုဆို၏။ သူတို့ကလည်း သင်၏ ဆွေမျိုးတို့တွင်
တစ်ယောက်မျှဤအမည်ဖြင့်မှည့်ခေါ်ထားခြင်းမရှိပါ
၆၂။ ဟုသူမအား ပြန်ပြောကြ၏။ ထို့နောက် သူငယ်ကို
မည်သို့မှည့်ခေါ်စေလိုကြောင်းအရိပ်အမှတ်ပြပေးရန်
၆၃။ သခင်ဖြစ်သူအား မေးမြန်းကြ၏။ **ဇာခရိယ**သည်
သင်ပုန်းတစ်ခုပ်ကိုတောင်းပြီးလျှင်သူငယ်၏အမည်
ကား**ယောဟန်**ဖြစ်သည်ဟုရေးလေ၏၊ထိုသူအပေါင်း
၆၄။ တို့သည်လည်း အံ့သြကြလေ၏။ ထိုအချိန်၌ပင်
**ဇာခရိယ**၏နှုတ်သည်ချက်ချင်းပွင့်၍လျှာသည်လည်း
အနှောင်အဖွဲ့မှလွတ်မြောက်ကာစကားပြောနိုင်လာပြီး
၆၅။ ဘုရားသခင်ကိုချီးမွမ်းလေ၏။သူတို့၏အိမ်နီးချင်း
များသည်လည်း ကြောက်ရွံ့ထိတ်လန့်ကြကုန်၏။
ဤသတင်းသည် **ဂျုဒယပြည်** တောင်ကုန်းဒေသ
၆၆။ တစ်လျှောက်လုံးတွင် အနှံ့အပြားကျော်စောလေ၏။
ကြားသိကြရသောသူအပေါင်းတို့သည် ထိုအဖြစ်အ
ပျက်များကို နှလုံးသွင်းကြ၍၊ ဤသူငယ်သည်ကား
မည်သို့သောသူဖြစ်လာလိမ့်မည်နည်း။အကြောင်းမူ
ကား၊ ဘုရားသခင်၏ ရွှေလက်တော်သည်သူနှင့်အ
တူရှိတော်မူ၏ ဟုဆိုကြ၏။

## ဇာခရိယ၏ချီးမွမ်းထောမနာ

၆၇။ သူ၏အဘ**ဇာခရိယ**သည်သန့်ရှင်းသောဝိညာဉ်တော်
၆၈။ နှင့်ပြည့်ဝလျက်ပရောဖက်ဉာဏ်ဖြင့်ဟောပြောကျူး
သည်မှာ၊**အစ္စရေးလ်**၏ဘုရားသခင်အားမင်္ဂလာရှိစေ
သတည်း။အကြောင်းမူကား၊ကိုယ်တော်သည်မိမိ
လူမျိုးကိုကြည့်ရှုရန်ကြွလာတော်မူ၍၊သူတို့အားကယ်
တင်တော်မူပြီ။
၆၉။ ကိုယ်တော်သည် မိမိ၏အစေခံ **ဒေးဗစ်**အမျိုးအနွယ်
တွင်ကယ်တင်ခြင်း၏ ဦးချိုကို ပေါ်ထွန်းစေတော်မူ
၇၀။ ပြီ။ရှေးကာလကပေါ်ထွန်းခဲ့သော ပရောဖက်တို့၏
၇၁။ နှုတ်ဖြင့် ဗျာဒိတ်ထားတော်မူခဲ့သည့်အတိုင်းငါတို့ကို
လည်းရန်သူတို့လက်မှလည်းကောင်း၊ မုန်းတီးသော
သူတို့၏လက်မှလည်းကောင်းကယ်တင်တော်မူမည်။
၇၂။ ငါတို့ဘိုးဘေးတို့အားကတိထားတော်မူခဲ့သည့်ကရု
ဏာတော်ကိုပြသရန်လည်းကောင်း၊ကိုယ်တော်၏ပဋိ
ညာဉ်တော်ကိုအောက်မေ့ရန်လည်းကောင်း ဤသို့
၇၃။ ပြုတော်မူ၏။ငါတို့၏အဘ**အာဗြဟံ**အား ဘုရား
၇၄။ သခင်ပြုတော်မူသော ကတိတော်သည်ကား၊ ငါတို့
သည်ရန်သူတို့၏လက်မှ လွတ်မြောက်သောအခါ
ကိုယ်တော်ကိုကြောက်ရွံ့ခြင်းကင်းမဲ့စွာဖြင့် အစေခံ
၇၅။ ကြစေရန်ဖြစ်သတည်း။ငါတို့၏တစ်သက်တာတစ်
လျှောက်လုံး၌ ကိုယ်တော်၏ရှေ့မှောက်တွင်သန့်ရှင်း
ခြင်း၊ဖြောင့်မတ်ခြင်းတို့ဖြင့်နေထိုင်ကြစေရန်တည်း။
၇၆။ အချင်းသူငယ်၊ သင်သည် အမြင့်ဆုံးသောသူ၏
ပရောဖက်ဟုခေါ်ဝေါ်ခြင်းကိုခံရလိမ့်မည်။အကြောင်း
မူကား၊သင်သည်သခင်ဘုရား၏လမ်းများကိုပြင်ဆင်
၇၇။ ရန် ကိုယ်တော်၏ရှေ့တော်မှကြွသွားပြီး၊ကိုယ်တော်
၏လူမျိုးတော်အားမိမိတို့၏အပြစ်ခွင့်လွှတ်ခြင်းအား
ဖြင့်ကယ်တင်ခြင်း၏အသိတရားကိုပေးရန်ဖြစ်သည်။
၇၈။ ငါတို့ဘုရားသခင်၏ ကြီးမြတ်သော ကရုဏာတော်
ကြောင့်ကောင်းကင်မှနေအာရုံသည် ငါတို့အပေါ်သို့
၇၉။ သက်ရောက်သောအားဖြင့် မှောင်မိုက်နှင့်သေမင်း၏
အရိပ်တွင် ထိုင်နေကြသောသူတို့ကို အလင်းပေးရန်
နှင့် ငါတို့အား ငြိမ်းချမ်းသာယာခြင်း၏လမ်းကိုပြ
၈၀။ တော်မူသတည်းဟုဆိုလေ၏။ သူငယ်မူကား၊ ကြီး
ပြင်းလာ၍ ဉာဏ်ပညာနှင့်ပြည့်စုံလာ၏။ သူသည်
**အစ္စရေးလ်**လူမျိုးတို့အလယ်၌ ထင်ရှားစွာအမှုတော်
ဆောင်ရွက်သည့်တိုင်အောင်တောကန္တာရ၌နေလေ၏။

# အခန်းကြီး (၂)

## သခင်ယေဇူးဖွားမြင်တော်မူခြင်း

## (မာကု ၁း၁၈–၂၅)

၁။ ထိုကာလ၌ **ရောမဘုရင်ဆီဇာသြဂုတ္တု**သည် နိုင်ငံ
တော်တစ်ဝှမ်းလုံး၌ သန်းခေါင်စာရင်းကောက်ယူရန်

၂။ အမိန့်ထုတ်ပြန်လေ၏။[1] ဤသန်းခေါင်စာရင်းကောက်
ယူခြင်းသည်**ဆီးရိယ**ဘုရင်ခံ **ကွီရိနိဦး**လက်ထက်၌
၃။ ပထမဆုံးအကြိမ်[2]ဖြစ်၏။ လူအားလုံးတို့သည်လည်း
စာရင်းဝင်ခြင်းငှာ မိမိတို့ဇာတိ မြို့ရွာများသို့အသီး
၄။ သီးသွားကြ၏။ **ဂျိုးဇက်**သည်လည်း **ဂါလိလေ**ပြည်
**နာဇရက်**မြို့မှထွက်ခွာ၍ ဂျုဒပြည်ရှိ **ဒေးဗစ်**၏မြို့
တော်ဖြစ်သော**ဘက်သလေဟင်**မြို့သို့ သွားလေ၏။
အဘယ်ကြောင့်ဆိုသော် သူသည် **ဒေးဗစ်**၏ အမျိုး
၅။ အနွယ်ဖြစ်သောကြောင့်တည်း။သူသည် မိမိနှင့်ထိမ်း
မြန်းထားသူပဋိသန္ဓေအရင့်အမာရှိသည့် **မာရိယာ**ကို
မိမိနှင့်အတူ စာရင်းဝင်ရန် ခေါ်ဆောင်သွားလေ၏။
၆။ **ဘက်သလေဟင်**မြို့တွင်ရှိနေစဉ်**မာရိယာ**သည်ဖွားမြင်
၇။ ရန်နေ့လစေ့ပြီဖြစ်၏။ထို့ကြောင့် မိမိ၏သားဦး[3]ကို
ဖွားမြင်၍ အဝတ်နှင့်ပတ်ရစ်ပြီး၊ နွားစားခွက်တွင်
သိပ်ထားလေ၏။အဘယ်ကြောင့်ဆိုသော် ဧည့်သည်
များတည်းခိုသောနေရာများတွင် သူတို့အတွက်နေရာ
မရှိသောကြောင့်ဖြစ်၏။

## သိုးထိန်းများနှင့် ကောင်းကင်တမန်တော်များ

၈။ ထိုအရပ်ဒေသ၌ညအချိန်အခါတွင် မိမိတို့၏သိုးများ
ကို စောင့်ကြည့်နေကြသော သိုးထိန်းများရှိ၏။
၉။ သခင်ဘုရား၏ကောင်းကင်တမန်တော်တစ်ပါးသည်
သူတို့အားထင်ရှားပြ၍ ဘုရားသခင်၏ ဘုန်းဂုဏ်
တော်သည်လည်းသူတို့ကို ဝန်းရံထွန်းတောက်သော
ကြောင့်သူတို့သည် အလွန်ထိတ်လန့်ကြောက်ရွံ့ကြ
၁၀။ ၏။ကောင်းကင်တမန်တော်ကလည်း မကြောက်ကြ
နှင့်။လူအပေါင်းတို့အတွက် အလွန်ဝမ်းမြောက်စရာ
ဖြစ်စေမည့်သတင်းကောင်းကို ငါသည်သင်တို့ထံသို့
၁၁။ ယူဆောင်လာ၏။အကြောင်းမူကား၊ခရစ်တော်တည်း
ဟူသော ကယ်တင်ရှင်သည် **ဒေးဗစ်**မြို့တော်တွင်
သင်တို့အတွက် ယနေ့ ဖွားမြင်တော်မူပြီ။
၁၂။ သင်တို့အတွက်အမှတ်လက္ခဏာကား၊ သင်တို့သည်
အဝတ်နှင်ပတ်ရစ်လျက်နွားစားခွက်၌သိပ်ထားသော
သူငယ်ကိုသင်တို့တွေ့ရလိမ့်မည်ဟုဆို၏။
၁၃။ တစ်ချိန်တည်းမှာပင်ကောင်းကင်ဗိုလ်ခြေအပေါင်းတို့
သည် ထိုတမန်တော်နှင့်အတူရုတ်တရက်ပေါ်လာ၍
ဘုရားသခင်အားချီးမွမ်းသီဆိုလျက် ကြွေးကြော်ကြ
၁၄။ သည်မှာ၊အမြင့်ဆုံးသော အရပ်၌ ဘုရားသခင်အား
ဘုန်းတော်ဂုဏ်တော်ရှိ စေသတည်း။ မြေကြီးပေါ်၌
လည်းဘုရားသခင် နှစ်သက်မြတ်နိုးသောသူတို့အား
ငြိမ်းချမ်းသာယာခြင်းရှိစေသတည်း[4]ဟု လာ၏။
၁၅။ ကောင်းကင်တမန်တော်များသည် သူတို့ထံမှကောင်း
ကင်သို့ထွက်ခွာသွားကြသောအခါ၊သိုးထိန်းတို့သည်
အချင်းချင်းပြောဆိုကြသည်မှာ **ဘက်သလေဟင်**သို့
သွားကြစို့။သခင်ဘုရား ငါတို့အား ထုတ်ဖော်
ပြသည့် ဤအပြစ်အပျက်ကိုသွား၍ကြည့်ကြစို့ဟုဆို
၁၆။ ကြ၏။ သူတို့သည် အလျင်အမြန်သွားကြလျှင်
**မာရိယာ**နှင့်**ဂျိုးဇက်**ကိုလည်းကောင်း၊ နွားစားခွက်၌
သိပ်ထားသောသူငယ်ကိုလည်းကောင်း တွေ့ကြ၏။
၁၇။ သိုးထိန်းတို့သည်ဤဖြစ်ရပ်ကိုတွေ့မြင်ကြသောအခါ
သူငယ်တော်နှင့်စပ်လျဉ်း၍ မိမိတို့အား ဖော်ပြထား
သည့်အကြောင်းအရာများကိုပြန်လည်ပြောပြကြ၏။
၁၈။ သိုးထိန်းများပြောကြားသည့် အကြောင်းအရာများကို
ကြားရသူတိုင်းသည် အံ့ဩကြ၏။
၁၉။ သို့သော်**မာရိယာ**မူကား ဤအကြောင်းအရာအလုံးစုံ
တို့ကို မိမိ၏နှလုံးတွင်သိမ်းပိုက်၍ စဉ်းစားဆင်ခြင်
၂၀။ လျက်နေလေ၏။သိုးထိန်းတို့သည်လည်းမိမိတို့အား
ပြောပြထားသည့်အတိုင်းကားမြင်ကြရသည့်အတွက်
ဘုရားသခင်၏ဘုန်းဂုဏ်တော်ကို ချီးမွမ်းလျက်ပြန်
သွားကြ၏။

[1] (၂း၁) ထိုအချိန်၌ဟေရုဒ်သည် ဂျုဒပြည်၏ဘုရင်ခံဖြစ်သော်လည်း ရောမဧကရာဇ်ဆီဇာဩဂုတ်စတု၏လက်အောက်ခံဖြစ်၏။

[2] (၂း၂)ပဌမစာရင်းယူခြင်းဟုခေါ်ရခြင်းမှာ ဆယ်နှစ်တစ်ကြိမ်သန်းခေါင်စာရင်းကောက်မြဲဖြစ်သော်လည်း ကွီရီနိယုဘုရင်လက်ထက်တွင် ပဌမအကြိမ် စာရင်းယူခြင်းဖြစ်သောကြောင့်တည်း။

[3] (၂း၇) သားဦးဟုဆိုရာ၌ နောက်နောင် သားသမီးမွေးသည်ဟူ၍ မဆိုလိုပါ။ (မဒး၂၅ကိုကြည့်) ကျမ်းစကားအရ တစ်ဦးတည်းသောသားကိုလည်းသားဦးဟုခေါ်သည်။

[4] (၂း၁၄)ကယ်တင်ခြင်း၏အကျိုးကားငြိမ်းချမ်းခြင်းပေတည်း။ လူသည်မိမိနှင့်လည်းကောင်း၊ အချင်းနှင့်လည်းကောင်း ဘုရားနှင့်လည်းကောင်း ငြိမ်းချမ်းမှုရှိခြင်းတည်း။ အပြစ်ဒုစရိုက်မူကား ငြိမ်းချမ်းမှုမရှိခြင်း၏ အကြောင်းအရင်းဖြစ်သည်။

## သူငယ်တော်ကို အမည်ပေးခြင်း

၂၁။ ရှစ်ရက်မြောက်သောနေ့တွင် သူငယ်တော်ကို အရေ
ဖျားလှီးခြင်းမင်္ဂလာပေးပြီးသောအခါ၊ အမိဝမ်း၌
ပဋိသန္ဓေမစွဲမီကပင် ကောင်းကင် တမန်တော်က
ပေးထားသော ယေရှုအမည်ဖြင့် မှည့်ခေါ်ကြ၏။

## သူငယ်တော်ကို ဗိမာန်တော်၌ ပူဇော်အပ်နှံခြင်း

၂၂။ **မိုးဇက်**၏တရားဥပဒေနှင့်အညီ၊ သန့်ရှင်းစင်ကြယ်
ခြင်းဝိနည်းကိုပြုအပ်သောနေ့ရက်[5]ရောက်သောအခါ၊
သူတို့သည် သူငယ်တော်ကို**ဂျေရုဆလင်**မြို့သို့ခေါ်
၂၃။ ဆောင်ခဲ့ကြ၍၊ တရားဥပဒေကျမ်း၌ သားဦးဟူသမျှ
ကို သခင်ဘုရားအား ဆက်ကပ်ပူဇော်ရမည်[6]ဟု ရေး
သားထားသည့်အတိုင်း ဆက်ကပ်ပူဇော်ကြ၏။
၂၄။ ချိုးငယ်တစ်စုံသို့မဟုတ် ခိုငယ်နှစ်ကောင်ကို ပူဇော်
ရမည်[7]ဟု တရားကျမ်း၌ပါရှိသည့်အတိုင်း လှူဒါန်း
၂၅။ ပူဇော်ကြ၏။ထိုအချိန်၌**စီမေအုံ**အမည်ရှိသောသူတစ်
ယောက်သည် **ဂျေရုဆလင်**မြို့တွင်ရှိ၏။ဤသူသည်
ဖြောင့်မတ်၍ဘုရားတရား ကြည်ညိုသောသူဖြစ်ပြီး၊
**အစ္စရေးလ်**လူမျိုးတို့၏ သက်သာနှစ်သိမ့်ခြင်း[8]ကို
စောင့်ငံ့မျှော်လင့်သောသူဖြစ်၏။ သန့်ရှင်းသော
ဝိညာဉ်တော်သည် သူ့အပေါ်၌ တည်တော်မူ၏။
၂၆။ သူသည် ဘုရားသခင် ကတိထားတော်မူသော
ခရစ်တော်ကိုမဖူးမြင်ရမီ၊ သေခြင်းသို့မရောက်ဟူ၍
သန့်ရှင်းသောဝိညာဉ်တော်ထံမှ ဗျာဒိတ်တော်ရရှိ
ထားသူလည်း ဖြစ်၏။
၂၇။ **စီမေအုံ**သည်ဝိညာဉ်တော်ဘုရား၏ နှိုးဆော်ခြင်းကို
ခံရ၍၊ဗိမာန်တော်သို့လာလေ၏။မိဘတို့သည်လည်း
ပညတ်ဥပဒေထုံးစံရှိသည့်အတိုင်း[9]ဆောင်ရွက်ရန်
အတွက် သူငယ်တော် **ယေရှု**ကို ဗိမာန်တော်သို့
၂၈။ ခေါ်ဆောင်လာသောအခါ၊ သူသည် သူငယ်တော်ကို
မိမိ၏လက်ဖြင့်ပွေ့ချီ၍ ဘုရားသခင်အား ကျေးဇူး
၂၉။ တော်ကို ချီးမွမ်းလျက် မြွက်ဆိုသည်ကား၊
အိုသခင်ဘုရား၊ ကိုယ်တော်ကတိထားတော်မူသည့်
အတိုင်းကိုယ်တော်၏အစေခံကိုငြိမ်သက်စွာသွားခွင့်
၃၀။ ပြုတော်မူပါ။အကြောင်းမူကား၊တပည့်တော်၏မျက်စိ
၃၁။ များသည်ကယ်တင်ခြင်းကိုမြင်ရလေပြီ။ထိုကယ်တင်
ခြင်းကိုကိုယ်တော်သည်လူမျိုးတကာတို့၏ရှေ့မှောက်
၃၂။ တွင်ပြင်ဆင်ထားပြီး၊ လူမျိုးခြားတို့အတွက်ဖော်ပြ
တော်မူသောအလင်း၊ကိုယ်တော်၏ လူမျိုး**အစ္စရေးလ်**
အတွက်ဂုဏ်ကျက်သရေဖြစ်စေတော်မူပြီဟူ၍တည်း။
၃၃။ သူငယ်တော်၏ဖခင်နှင့်မိခင်တို့သည်လည်း ကိုယ်
တော်အကြောင်းပြောဆိုသော စကားများကို အံ့သြ
၃၄။ လျက်နေကြ၏။[10] **စီမေအုံ**သည်လည်းသူတို့ကို
ကောင်းချီးပေး၍သူငယ်တော်၏ မယ်တော်**မာရိယာ**
အားဆိုသည်မှာ ဤသူငယ်သည် **အစ္စရေးလ်**လူမျိုး
တွင်လူအများ၏ ပျက်စီးခြင်းအတွက်လည်းကောင်း၊
ထမြောက်ခြင်းအတွက်လည်းကောင်း၊ဆန့်ကျင်ဘက်
ပြုခြင်းအမှတ်လက္ခဏာအဖြစ်လည်းကောင်းခန့်ထား
၃၅။ ခြင်းခံရသောသူဖြစ်၏။[11]လူအများတို့၏ နှလုံးတို့မှ
အကြံအစည်များကိုဖော်ပြစေခြင်းငှာ သင်၏နှလုံးကို
လည်းသန်လျက်ထိုးဖောက်လိမ့်မည်[12]ဟု မိန့်တော်

[5] (၂း၂၂) မိုးဇက်၏တရားကျမ်း၌ အမျိုးသမီးများသည် စမာတာအရသော်လည်းကောင်း၊ သားဖွားချိန်၌လည်းကောင်း သွေးသွန်ခြင်းကိုမသန့်ရှင်းဟုယူဆသည်။ သားယောကျ်ားဖွားသောမိခင်သည်ခုနစ်ရက်၊ သမီးဖွားသောမိခင်သည် တစ်ဆယ့်လေးရက်အတွင်း မသန့်ရှင်းသောသူဟုသတ်မှတ်ခြင်းခံရသည်။ သားယောကျ်ား မွေးဖွားပြီးနောက် ရက်ရှစ်ဆယ်ပြည့်သောနေ့တွင် သန့်ရှင်းစင်ကြယ်ခြင်းဝိနည်း ကို ပြုရသောနေ့ရက်များဟု သတ်မှတ်သည်။ (ဝတ်ပြုအခန်းကြီး ၁၂–၁၈) သားဖွားချိန်တွင် ခံစားရသည့်ဝေဒနာများသည် အာဒံ၊ဧဝအဖြစ်ပြုပြီးနောက်မှ ခံ စားရခြင်းဖြစ်သည်။

[6] (၂း၂၃) အီဂျစ်ပြည်၏ဂျူးလူမျိုးတို့၏သားဦးများကို သေဘေးမှလွတ်မြောက်စေခြင်းက အောက်မေ့ဘို့ရန် ထိုပညတ်ကိုထား၏။

[7] (၂း၂၄) မိုးဇက်တရားနှင့်အညီ ဆင်းရဲသားတို့၏ဆက်ကပ်ခြင်းဖြစ်သည်။ မိုးဇက်၏တရားကို သစ္စာရှိစွာလိုက်နာစောင့်ထိန်းခြင်းဖြစ်သည်။

[8] (၂း၂၅)နှစ်သိမ့်မှုဆိုသည်မှာ မက်ဆီးယသခင်နှင့် ကိုယ်တော်၏နိုင်ငံတော်ကို ဆိုလိုသည်။

[9] (၂း၂၇)မိဘတို့သည်သူငယ်တော်ကိုသားဦးဖြစ်သောကြောင့် ဘုရားသခင်အား ဆက်ကပ်ပူဇော်ခြင်းငှာလည်းကောင်းရွေးနှုတ်ခြင်းငှာလည်းကောင်း ဤသို့ပြုကြရ၏။

[10] (၂း၃၃)သူငယ်တော်၏အကြောင်းကိုစီမေအုံသည်လည်း ဤအကြောင်းအရာများကိုသိသောကြောင့် အံ့သြခြင်းရှိကြ၏။

[11] (၂း၃၄) ကယ်တင်ခြင်းကျေးဇူးတော်ပိုင်ရှင်ကိုယ်တော်ကို လက်ခံသောသူများအတွက် ကယ်တင်ခြင်းကျေးဇူးတော်များခံစားရပြီး လက်မခံသူများအတွက် ပျက်စီးခြင်းသို့ရောက်လိမ့်မည်။ကိုယ်တော်သည်သွန်သင်သောဆရာဖြစ်၍

၃၆။ မူ၏။ **အာရှဲ**အနွယ်ဝင် **ဖာနူအဲလ်**၏သမီး၊ **အန္နာ**
အမည်ရှိသောပရောဖက်မ တစ်ဦးရှိ၏။ သူမသည်
အသက်အရွယ်ကြီးရင့်ပြီး ပျိုသောအရွယ်မှစ၍ ခင်
၃၇။ ပွန်းသည်နှင့်ခုနစ်နှစ်သောပေါင်းသင်ခဲ့ပြီးမှ အသက်
ရှစ်ဆယ့်လေးနှစ်တိုင်အောင် မုဆိုးမဖြစ်ခဲ့၏။ သူမ
သည်ဗိမာန်တော်ထဲမှာနေထိုင်ပြီး၊ ဝတ်ပြုကိုးကွယ်
လျက်၊အစာရှောင်ခြင်းနှင့်ဆုတောင်းခြင်းတို့ကို နေ့
၃၈။ ညဥ့်မပြတ်ပြုခဲ့၏။ သူငယ်တော်ကိုပူဇော်သောအချိန်
၌ သူမသည်လည်းရောက်လာပြီးလျှင် ဘုရားသခင်
၏ကျေးဇူးတော်ကိုချီးမွမ်း၍ **ဂျေရုဆလင်**၏ ကယ်
တင်ခြင်းကို မျှော်လင့်နေကြသော လူအပေါင်းတို့
အား သူငယ်တော်၏အကြောင်းကိုပြောကြားလေ၏။

## နာဇရက်မြို့သို့ ပြန်သွားကြခြင်း

၃၉။ မိဘနှစ်ပါးတို့သည်သခင်ဘုရား၏ တရားဥပဒေထုံး
စံများကိုပြည့်စုံစွာ ဆောင်ရွက်ပြီးသောအခါ၊ **ဂါလိ
လေနယ်**ရှိမိမိတို့၏မြို့ဖြစ်သော**နာဇရက်**သို့ပြန်သွား
၄၀။ လေ၏။သူငယ်တော်သည် ကြီးထွားသန်စွမ်းလာ၍၊
ဉာဏ်ပညာနှင့်ပြည့်စုံလျက် [၁၃]ဘုရားသခင်၏ကျေးဇူး
တော်သည် သူနှင့်အတူရှိ၏။

## သူငယ်တော်ကို ဗိမာန်တော်၌တွေ့ရှိခြင်း

၄၁။ နှစ်စဉ်နှစ်တိုင်း ပါစကားပွဲတော်တွင် ကိုယ်တော်၏
မိဘနှစ်ပါးတို့သည် **ဂျေရုဆလင်**မြို့သို့ သွားကြ၏။
၄၂။ သူငယ်တော် **ယေရှု**သည် တစ်ဆယ့်နှစ်နှစ်အရွယ်
ရောက်သောအခါပါစကားထုံးစံရှိသည့်အတိုင်း
၄၃။ သူတို့သည် **ဂျေရုဆလင်**မြို့သို့တက်သွားကြလေ၏။
ပွဲတော်ရက်များပြီးဆုံး၍၊သူတို့ပြန်လာကြသောအခါ၊
သူငယ်တော်**ယေရှု**သည် **ဂျေရုဆလင်**မြို့၌ကျန်ရစ်ခဲ့
လေ၏။သူငယ်တော်၏မိဘများသည် ထိုအကြောင်း
၄၄။ ကိုမသိကြချေ။ အပေါင်းအဖော် အစုအဝေးတို့တွင်
ကိုယ်တော်ပါရှိသည်ဟုထင်မှတ်၍၊တစ်နေ့တာခရီးပြု
ကြပြီးမှဆွေမျိုးအသိအကျွမ်းများထဲတွင်သူငယ်တော်
၄၅။ ကိုရှာကြ၏။သူတို့သည် သူငယ်တော်ကိုမတွေ့သော
အခါ၊ **ဂျေရုဆလင်**မြို့သို့ ပြန်သွား၍ ရှာကြ၏။
၄၆။ သုံးရက်လွန်သည်ရှိသော သူငယ်တော်သည် ဗိမာန်
တော်ထဲ၌ ကျမ်းတတ်ဆရာများနှင့်အတူထိုင်ကာ
သူတို့ပြောသောစကားများကိုနားထောင်၍ မေးမြန်း
ဆွေးနွေးလျက်နေသည်ကို တွေ့ကြ၏။[၁၄]
၄၇။ သူငယ်တော်၏စကားကိုကြားကြသော သူအပေါင်း
တို့သည်သူ၏သိမြင်နားလည်ခြင်းနှင့်ဖြေဆိုခြင်းများ
၄၈။ ကိုအံ့ဩလျက်နေကြ၏။မိဘတို့သည် သူငယ်တော်
ကိုတွေ့လျှင်အံ့အားသင့်လျက် မယ်တော်ကငါ့သား၊
အဘယ်ကြောင့် ငါ့တို့အား ဤသို့ပြုသနည်း။ သင့်
ဖခင်နှင့်ငါသည် စိတ်ပူပန်ခြင်းနှင့် သင့်ကိုရှာခဲ့ကြ
၄၉။ ရပြီဟုဆို၏။ [၁၅]သူငယ်တော်ကလည်းအဘယ်ကြောင့်
ကျွန်ုပ်ကိုရှာကြပါသနည်း။ ကျွန်ုပ်သည်ခမည်းတော်
၏ အိမ်တော်တွင်ရှိနေရမည်ကိုမသိကြပါသလောဟု
၅၀။ သူတို့အားမိန့်တော်မူ၏။ သူတို့မူကား၊ မိမိတို့အား
သူငယ်တော်ပြောတော်မူသော စကားကို နားမလည်
၅၁။ ကြချေ။ [၁၆]ထို့နောက် သူငယ်တော်သည် မိဘတို့နှင့်
အတူလိုက်ပါသွား၍၊ **နာဇရက်**မြို့သို့ရောက်သော်သူ
တို့၏လက်အောက်တွင်နာခံလျက်နေ၏။မယ်တော်
သည်လည်း ထိုဖြစ်ရပ်အလုံးစုံတို့ကို နှလုံးသွင်း၍
ဆင်ခြင်လျက်နေ၏။

---

ကိုယ်တော်သည်သွန်သင်သောဆရာဖြစ်၍ကိုယ်တော်၏သွန်သင်ချက်နှင့်ဆန့်ကျင်ဖက်ဖြစ်သောကြောင့် ကိုယ်တော်သည် ဆန့်ကျင်ဖက်ဖြစ်သောအမှတဖြစ်ပေလိမ့်မည်။

[၁၂] (၂း၃၅)သင်သည်သားတော်အတွက် စိတ်နှလုံးပူဆွေးဝမ်းနည်းကြေကွဲခြင်းခံရလိမ့်မည်။

[၁၃] (၂း၄၀) ခရစ်တော်၌လူအဖြစ်၊ ဘုရားအဖြစ်ဟူ၍ အဖြစ်တော်နှစ်ပါးရှိ၏။ ဘုရားအဖြစ်၌တိုးပွားဆုတ်ယုတ်ခြင်းမရှိနိုင်။ပဋိသန္ဓေယူကတည်းကအစဉ်ထာဝရကဲ့သို့ရှိ၏။လူ့အဖြစ်၌မူကား အပြစ်မှတစ်ပါး ခပ်သိမ်းသောအရာ၌ခရစ်တော်သည် ကျွန်ုပ်တို့နှင့်အတူတူဖြစ်တော်မူ၏။

[၁၄] (၂း၄၆) "The bar Mitzva" ဟူခေါ်သောပွဲအခမ်းအနား၌ တစ်ဆယ့်နှစ်နှစ်အရွယ်ရောက်သော ဂျူဒလူငယ်တိုင်းသည် မိမိယုံကြည်ခြင်းဘဝအသက်တာအတွက်တာဝန်ယူခြင်း၌လည်းကောင်း၊တရားဇရပ်၌သမ္မာကျမ်း၏အနက်အဓိပ္ပာယ်ဖွင့်နိုင်ခွင့်ကိုလည်းကောင်း၊ ဥပုသ်ဆုတောင်းပွဲ၌ ဦးဆောင်နိုင်ခွင့်ကိုလည်းကောင်းအသိအမှတ်ပြုခြင်းခံရသည်။ ထို့ကြောင့် သူငယ်တော်ယေရှုသည် (၁၂) နှစ်အရွယ်မှစ၍ မိမိ၏လုပ်ငန်းသည် အဖခမည်းတော်၏အလိုတော်မြတ်ဖြစ် ကြောင်း ဖော်ပြခဲ့သည်။

[၁၅] (၂း၄၈)ခမည်းတော်၏အိမ်တော်တွင်ရှိခြင်းဆိုသည်မှာ ခမည်းတော်၏အလိုတော်၊ ခမည်းတော်၏ အမှုတော်ကို ဆောင်ရွက်ခြင်းဟု ဆိုလိုသည်။

[၁၆] (၂း၅၀) သခင်ယေရှုသည် လူသားများကို ကယ်တင်မည့်ဘုရားရှင်၏သားတော်ဖြစ်ကြောင်းကိုဂျိုးဇက်နှင့်မာရိယာကိုသိသော်လည်း အရွယ်နှင့်မလိုက်အောင် အမှုတော်ဆောင်ရွက်နေသည်ကိုမူ အံ့ဩလျက်ရှိကြ၏။

၅၂။ သူငယ်တော်**ယေရှု**သည်လည်းဉာဏ်ပညာနှင့်ကာယ
ကြီးပြင်းတိုးတက်လာလျက် ဘုရားသခင်ရှေ့တော်၌
လည်းကောင်း၊ လူတို့ရှေ့၌လည်းကောင်း မျက်နှာရ
လေ၏။[၁၇]

## အခန်းကြီး (၃)

## (က) ယောဟန်ဗတ္တိဇံ၏ တရားဒေသနာတော်

၁။ **တိဗေရိဦးဆီဇာ**ဘုရင်နန်းစံတစ်ဆယ့်ငါးနှစ်မြော
က် တွင်[၁] ဂျုဒပြည်၌**ပုံစီဦးပီလာတု**မင်းသည်ဘုရင်
ခံဖြစ်လာ၏။**ဟေရုဒ်**သည် **ဂါလိလေ**ပြည်၏ဘုရင်ခံ
ဖြစ်ပြီးသူ၏ညီ**ဖိလစ်**သည်**အီတူးရိယ**နှင့်**တြာကိုနိတ်**
ဒေသတို့တွင်လည်းကောင်း၊**လိဇာနိယ**သည် **အာဘီ
လင်း**ပြည်တွင်လည်းကောင်းအသီးသီးဘုရင်ခံများ
၂။ ဖြစ်ကြ၏။ **အန္နာ**နှင့်**ကာအိဖ**တို့သည်လည်း ရဟန်း
အကြီးအကဲများဖြစ်ကြစဉ် ဘုရားသခင်၏ ဗျာဒိတ်
တော်သည်တောကန္တာရတွင်ရှိနေသော **ယောဟန်**ထံ
၃။ သို့ရောက်ရှိလာ၏။ အပြစ်ခွင့်လွှတ်ခြင်း ခံရရန်
နောင်တတရားနှင့်ဆိုင်သော ဆေးကြောခြင်းကို
**ယောဟန်**သည် **ဂျော်ဒန်**မြစ်ဝှမ်းတစ်လျှောက်တွင်
၄။ ဟောပြောလေ၏။ပရောဖက်**အီဇာယ**ဟောထားသော
ကျမ်းချက်တွင်ပါရှိသည့်အတိုင်းတောကန္တာရ၌ကြွေး
ကြော်သောသူ၏အသံသည်ကားထာဝရဘုရားကြွလာ
တော်မူမည့်လမ်းကို ပြင်ဆင်ကြလော့။ကိုယ်တော်၏
၅။ လမ်းများကို ဖြောင့်တန်းစေကြလော့။ချိုင့်ဝှမ်းများကို
ဖြည့်ကြရလိမ့်မည်။ တောင်းကြီးတောင်ငယ် ရှိသမျှ
တို့ကိုဖြိုကြရလိမ့်မည်။ ကွေ့ကောက်သောလမ်းများ
ကိုဖြောင့်တန်းစေကြရမည်။ ကြမ်းတမ်းသောလမ်း
၆။ များကိုညီညာစေရမည်။လူအပေါင်းတို့သည် ထာဝရ
ဘုရား၏ကယ်တင်ခြင်းကိုတွေ့မြင်ကြရလိမ့်မည်[၂]ဟု
၇။ ဟောကြားတော်မူ၏။မိမိထံ၌ ဆေးကြောခြင်းကိုခံ
ယူရန်လာကြသော လူအစုအဝေးတို့အားဆိုသည်မှာ[၃]
အသင်မြွေဆိုးမျိုးတို့ကျရောက်လာမည့်ဘုရားသခင်
၏အမျက်တော်ကိုတိမ်းရှောင်ရန်အတွက် သင်တို့ကို
၈။ မည်သူသတိပေးသနည်း။ နောင်တတရားနှင့် ထိုက်
တန်သောအသီးများကို သီးကြလော့။ **အာဗြဟံ**
သည် ငါတို့အဘဖြစ်သည်ဟု သင်တို့မဆိုကြနှင့်။
အကြောင်းမူကား သင်တို့အားငါဆိုသည်မှာ ဘုရား
သခင်သည်ဤကျောက်ခဲများမှ**အာဗြဟံ**အတွက်
၉။ သားသမီးများဖြစ်လာစေနိုင်၏။ယခုပင်လျှင်သစ်ပင်
၏အမြစ်နားမှာ ပုဆိန်ကိုထားလျက် ရှိပြီဖြစ်သော
ကြောင့်၊ ကောင်းသောအပင်ရှိသမျှတို့ကို ခုတ်လှဲ၍
၁၀။ မီးထဲသို့ပစ်ချမည်ဟုဆိုလေ၏။ လူအစုအဝေးတို့က
လည်းဤသို့ဖြစ်လျှင်ကျွန်ုပ်တို့သည်မည်သည့် အရာ
၁၁။ ကိုပြုရမည်နည်းဟုမေးကြသော်။**ယောဟန်**က အင်္ကျီ
နှစ်ထည်ရှိသောသူသည်မရှိသောသူအား ပေးကမ်း
စေ။အစားအစာရှိသောသူသည်လည်း ထိုအတူပြုစေ
၁၂။ ဟုပြန်ပြောလေ၏။ အခွန်ခံသူတို့သည်လည်း ဆေး
ကြောခြင်းခံအံ့သောငှာ**ယောဟန်**ထံသို့ရောက်လာကြ
၍၊ဆရာသခင် ကျွန်ုပ်တို့သည် မည်သည့်အရာကိုပြု
၁၃။ ရပါမည်နည်းဟုမေးကြလျှင် **ယောဟန်**က သင်တို့
သည်သတ်မှတ်ထားသောအခွန်ငွေထက်ပို၍မကောက်
၁၄။ ခံကြနှင့်ဟုဆိုလေ၏။စစ်သူရဲတို့ကလည်း ကျွန်ုပ်တို့
သည်မည်သည့်အရာကိုပြုရပါမည်နည်းဟု မေးမြန်း
ကြသော် **ယောဟန်**ကသင်တို့သည်အနိုင်အထက်ပြု
ဖြင့်လည်းကောင်း၊ မတရားစွပ်စွဲခြင်းဖြင့်လည်း
ကောင်း သူတစ်ပါးထံမှ လုယူခြင်းကို မပြုကြနှင့်။
သင်တို့ရရှိသောလစာဖြင့်ကျေနပ်ရောင့်ရဲကြလော့ဟု
၁၅။ ပြန်ဖြေလေ၏။ လူများသည်ကား **ယောဟန်**သည်
ခရစ်တော်ဖြစ်မည်လောဟုအသီးသီးမိမိတို့စိတ်နှလုံး
တွင်မေးမြန်းလျက်၊ သူနှင့်ပတ်သက်၍ မျှော်လင့်နေ

[၁၇] (၂း၅၂)သခင်ယေရှုသည် တစ်ဆယ့်နှစ်နှစ်အရွယ်မှသုံးဆယ်အရွယ်ထိတိုင် အောင်နာဇရက်မြို့၌မိဘများနှင့်အတူနေတော်မူ၏။သူသည်ဆင်းရဲစွာနေထိုင်ပြီး၊ ဂျိုးဇက်၏အလုပ်ကိုကူညီပေးပြီး မိဘတို့စကားကိုရိုသေလေးစားနာခံခြင်းနှင့် နေထိုင်တော်မူ၏။

[၁] (၃း၁) ရောမမြို့တည်ထောင်ပြီး သက္ကရာဇ် ၇၈၂။ (A.U. C-782) ခရစ္စတူးဖွား ပြီးနောက် သက္ကရာဇ် ၃၈နှစ်။ (A.D- 38)

[၂] (၃း၆) ထာဝရဘုရားကယ်တင်ခြင်းကျေးဇူးတော်ကို လူသားတိုင်းခံစားခွင့်ရ၏။ သို့သော် တစ်ဦးစီကိုယ်တိုင် အလိုရှိလက်ခံမှသာလျှင် ကျေးဇူးတော် ခံစားရလိမ့် မည်။

[၃] (၃း၇) ဖာရိဇေဦးနှင့်ကျမ်းတတ်ဆရာတို့ကို ရည်ညွှန်း၍ပြောဆိုခြင်းဖြစ်၏။

၁၆။ ကြသောအခါ။**ယောဟန်**ကငါသည်သင်တို့ကိုရေဖြင့်
ဆေးကြော၏။ ငါ့နောက်တွင် ကြွလာမည့်သူ သည်
ငါ့ထက်ကြီးမြတ်သောကြောင့် သူ၏ခြေနင်း
တော်ကြိုးကိုမျှဖြေခြင်းငှာ ငါမထိုက်တန်။ သူသည်
သင်တို့ကို သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် လည်း
ကောင်း၊မီးဖြင့်လည်းကောင်း ဆေးကြောတော်မူလိမ့်
၁၇။ မည်။ကိုယ်တော်၏လက်တော်တွင်ဆန်ကောပါလျက်
မိမိ၏တလင်းကို ရှင်းလင်းစေတော်မူပြီး ဂျုံစပါးကို
ကျီ၌စုသိမ်းတော်မူလိမ့်မည်။အဖျင်းကိုမူကား မငြိမ်း
နိုင်သောမီးဖြင့်ရှို့တော်မူလိမ့်မည်ဟု ဟောပြောလေ
၁၈။ ၏။**ယောဟန်**သည် များစွာသော အခြားအကြောင်း
အရာတို့ဖြင့်နှိုးဆော်သတိပေးလျက်ဧဝံဂေလိသတင်း
ကောင်းကို လူများအား ဟောပြောလေ၏။
၁၉။ သို့ရာတွင် ဘုရင်ခံ**ဟေရုဒ်**သည် မိမိညီ၏ခင်ပွန်း
**ဟေရုဒ်ဒိယ**ကိုသိမ်းပိုက်ခြင်း၊ အခြားသောအပြစ်ဒုစ
၂၀။ ရိုက်များကို ကျူးလွန်ခြင်းတို့အပြင် **ယောဟန်**အား
ထောင်ထဲတွင်ချုပ်နှောင်ခြင်းအားဖြင့်လည်း မိမိပြုခဲ့
သောပြစ်မှုများကို ထပ်၍တိုးပွားစေခဲ့၏။

## သခင်ယေရှုဆေးကြောခြင်းခံတော်မူခြင်း

၂၁။ လူအပေါင်းတို့သည် ဆေးကြောခြင်းခံယူပြီးကြသော
အခါ၊သခင်**ယေရှု**သည်လည်း ဆေးကြောခြင်းကိုခံ
ယူတော်မူ၍၊ဆုတောင်းနေတော်မူစဉ် ကောင်းကင်
၂၂။ သည်ပွင့်လာပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်သည်
ချိုးငှက်သဏ္ဍာန်ဖြင့် ကိုယ်တော်အပေါ်တွင် ဆင်း
သက်တော်မူ၏။ ကောင်းကင်မှ ထွက်ပေါ်လာသော
အသံတော်သည်ကား၊သင်သည်ငါနှစ်သက်မြတ်နိုး
ရာ ငါ၏ချစ်သားပေတည်း ဟူ၍ဖြစ်၏။

## သခင်ယေရှု၏ ဆွေစဉ်မျိုးဆက် (မာ ၁း၁–၁၇)

၂၃။ သခင်**ယေရှု**သည် သူ၏ဒေသနာတော်ကို စတင်
ဆောင်ရွက်သောအချိန်၌ အသက်သုံးဆယ်နှစ်မျှရှိပြီ
ဖြစ်၏။လူတို့သည် ကိုယ်တော်ကို**ဂျိုးဇက်**၏သားဟု
၂၄။ လက်ခံထားကြ၏။[၄] **ဂျိုးဇက်**သည်**ဟေလိ**၏သား [၅]၊
**ဟေလိ**သည်**မာဿတ်**၏သား၊**မာဿတ်**သည် **လေဝီ**
၏သား၊**လေဝီ**သည်**မေလခိ**၏သား၊**မေလခိ**သည်**ဂျန်**
၂၅။ **နိုင်း**၏သား၊**ဂျန်နိုင်း**သည်**ဂျိုးဇက်**၏သား၊**ဂျိုးဇက်**
သည်**မာဿသိယ**၏သား၊**မာဿသိယ**သည်**အာမုတ်**
၏သား၊**အာမုတ်**သည်**နာဟုမ်**၏သား၊ **နာဟုမ်**သည်
၂၆။ **ဧစလိ**၏သား၊ **ဧစလိ**သည်**နဂ္ဂဲ**၏သား၊ **နဂ္ဂဲ**သည်
**မာအတ်**၏သား၊**မာအတ်**သည် **မာတာသိယ**၏သား၊
**မာတာသိယ**သည်**ဆေမိန်**၏သား၊**ဆေမိန်**သည်**ဂျို**
**ဇက်**၏သား၊ **ဂျိုဇက်**သည်**ဂျိုဒ**၏သား၊ **ဂျိုဒ**သည်
၂၇။ **ဂျိုအာနန်**၏သား၊ **ဂျိုအာနန်**သည် **ရေဆ**၏သား၊
**ရေဆ**သည်**ဇေရုဘာဘဲလ်**၏သား၊**ဇေရုဘာဘဲလ်**သည်
၂၈။ **ရှေအာတိအဲလ်**၏သား၊**ရှေအာတိအဲလ်**သည်**နေရီ**၏
သား။**နေရီ**သည်**မာလခိ**၏သား။**မာလခိ**သည်**အဒ္ဒိ**
၏သား။**အဒ္ဒိ**သည်**ကောဆမ်**၏သား၊**ကောဆမ်**သည်
၂၉။ **အဲလ်မဒမ်**၏သား၊ **အဲလ်မဒမ်**သည် **အဲရ်**၏သား၊
**အဲရ်**သည် **ယောရှုအာ**၏သား၊ **ယောရှုအာ**သည်
**ဧလိအဇာ**၏သား၊ **ဧလိအဇာ**သည်**ဂျော်ရိမ်**၏သား၊
**ဂျော်ရိမ်**သည်**မာသတ်**၏သား၊ **မာသတ်**သည်**လေဝီ**
၃၀။ ၏သား။**လေဝီ**သည် **စီမေအုံ**၏သား၊ **စီမေအုံ**သည်
**ဂျုဒ**၏သား၊**ဂျုဒ**သည် **ဂျိုးဇက်**၏သား။ **ဂျိုးဇက်**
သည် **ဂျိုနမ်**၏သား။
၃၁။ **ဂျိုနမ်**သည်**ဧလိယကိမ်**၏သား၊ **ဧလိယကိမ်**သည်
**မေလိယ**၏သား၊ **မေလိယ**သည် **မဲနာ**၏သား၊
**မဲနာ**သည်**မတ္တသ**၏သား၊ **မတ္တသ**သည် **နာသန်**၏
သား၊ **နာသန်**သည် **ဒေးဗစ်**၏သား။ **ဒေးဗစ်**သည်
၃၂။ **ဂျက်ဆေ**၏သား၊ **ဂျက်ဆေ**သည်**ဩဘက်**၏သား၊
**ဩဘက်**သည်**ဘို့ဇ်**၏သား၊**ဘို့ဇ်**သည်**စာလ**၏သား၊
**စာလ**သည်**နာရှွန်**၏သား။ **နာရှွန်**သည်**အမိနာဒပ်**
၃၃။ ၏သား၊**အမိနာဒပ်**သည်**အတ်မင်**၏သား၊ **အတ်မင်**
သည် **အာနီ**၏သား၊ **အာနီ**သည် **ဟေဇရုန်**၏သား၊
**ဟေဇရုန်**သည်**ပဲရက်**၏သား၊**ပဲရက်**သည်**ဂျုဒ**၏သား။
၃၄။ **ဂျုဒ**သည်**ယာကုပ်**၏သား၊**ယာကုပ်**သည် **အီဇတ်**၏
သား၊**အီဇတ်**သည် **အာဘရာဟမ်**၏သား၊ **အာဘရာ**
**ဟမ်**သည်**တေရ**၏သား၊**တေရ**သည်**နာဟော်**၏သား။

[၄] (၃း၂၃)ဂျိုးဇက်ကိုအဖဖြစ်သည်ဟုထင်ကြ၏။မာရိယာသည်ကား၊ကိုယ်တော်ကိုလူတို့သဘာဝအတိုင်းမဟုတ်၊ ထူးခြားအံ့သြစွာ သန္ဓေဆောင်ခြင်းဖြစ်၏။

[၅] (၃း၂၄) သခင်ယေရှု၏ဆွေစဉ်မျိုးဆက်စာရင်းကို ရေးသားရာ၌လုကာသည် မာတေဦးနှင့်မတူညီချေ။သခင်ယေရှုသည်ဂျုဒလူမျိုးတို့၏ကယ်တင်ရှင်သာမက လူသားအားလုံး၏ကယ်တင်ရှင်ဖြစ်ကြောင်းကုပြသရန်အတွက် အာဘရာဟမ်မှစပြီး၊ အာဒံတိုင်အောင် အမည်စာရင်းကိုသမ္မာကျမ်းစာတွင် ရေးသားဖော်ပြထားသည်။

၂၅။ **နာဟော်**သည်**ဧစရှ**၏သား၊ **ဧစရှ**သည်**ဓရှဥ**၏သား၊
**ဓရှဥ**သည်ပေလက်၏သား၊**ပေလက်**သည်**အက်ဘာ**
၏သား၊ **အက်ဘာ**သည် **ရှေလ**၏သား၊ **ရှေလ**သည်
၃၆။ **ကိုင်နန်**၏သား၊ **ကိုင်နန်**သည် **အာဖါဇတ်**၏သား၊
**အာဖာဇတ်**သည်ရှဲမ်၏သား၊ရှဲမ်သည်**နောဧ**၏သား၊
**နောဧ**သည် **လာမက်**၏သား။ **လာမက်**သည်
၃၇။ **မက်သုဆေလ**၏သား။ **မက်သုဆေလ** သည်
**ဧနောက်**၏သား၊ **ဧနောက်**သည် **ဂျာရက်**၏ သား၊
**ဂျာရက်**သည်**မဟာလာလဲလ်**၏သား။**မဟာလာလဲ
လ်**သည်**ကိုင်နန်**၏သား။**ကိုင်နန်**သည်**ဧနော**၏သား၊
**ဧနော**သည်**ဆက်**၏သား၊**ဆက်**သည်**အာဒန်**၏သား၊
**အာဒံ**သည် ဘုရားသခင်၏သားဖြစ် သတည်း။

## အခန်းကြီး (၄)
## နတ်ဆိုး၏ နှောင့်ယှက်ခြင်း

၁။ သခင်**ယေရှု**သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်
ပြည့်ဝလျက်[၁] **ဂျော်ဒန်**မြစ်မှပြန်ကြွတော်မူစဉ် ဝိညာဉ်
တော်သည် ကိုယ်တော်ကိုတောကန္တာရသို့ခေါ်ဆောင်
၂။ သွားတော်မူ၏။ ထိုအရပ်တွင်ကိုယ်တော်သည် ရက်
ပေါင်းလေးဆယ်တိုင်တိုင်နတ်ဆိုး၏နှောင့်ယှက်ခြင်း
ကိုခံရတော်မူ၏။ထိုကာလပတ်လုံး မည်သည့်အစား
အစာကိုမျှ သုံးဆောင်တော်မမူ။ ထိုနေ့ရက်များ
ကုန်လွန်လျှင် ကိုယ်တော်သည် ဆာမွတ်တော်မူ၏။
၃။ ထိုအခါနတ်ဆိုးက သင်သည်ဘုရားသခင်၏သား
တော်မှန်လျှင်ဤကျောက်ခဲကိုပေါင်မုန့်ဖြစ်လာစေ
ရန်အမိန့်ရှိတော်မူပါဟု ကိုယ်တော်အားလျှောက်လေ
၄။ ၏။ သခင်**ယေရှု**ကလည်းလူသည် အစားအစာဖြင့်
သာအသက်ရှင်ရသည်မဟုတ်ကြောင်းကျမ်းစာတော်
တွင်ရေးထားလျက်ရှိသည်ဟုသူ့အားပြန်လည် မိန့်
၅။ ကြားတော်မူ၏။ထို့နောက် နတ်ဆိုးသည်ကိုယ်တော်
ကို အလွန်မြင့်မားသော တောင်ပေါ်သို့ ခေါ်ဆောင်
သွားပြီးလျှင် လောကနိုင်ငံများကို တခဏချင်းတွင်
ညွှန်ပြလျက်၊ငါသည် သင့်အား ဤအရာအားလုံးကို
၆။ အစိုးရခြင်းနှင့် ဘုန်းစည်းစိမ်များကို ပေးမည်။
အကြောင်းမူကား၊ဤအရာများကိုငါပိုင်ဆိုင်၍၊ငါပေး
၇။ လိုသော သူကိုငါပေးနိုင်၏။ အကယ်၍ သင်သည်
ငါ့ကိုရှိခိုးလျှင် ဤအရာအားလုံးကို သင်ပိုင်ဆိုင်
လိမ့်မည်ဟုပြောလေ၏။ ထိုအခါ သခင်ယေရှုက
၈။ ကျမ်းစာ၌ရေးထားသည်ကား၊ သင်၏အရှင် ဘုရား
သခင်ကို ရှိခိုးကိုးကွယ်ရမည်။ ကိုယ်တော်တစ်ပါး
တည်းကိုသာ အစေခံရမည် ဟုမိန့်တော်မူ၏။
၉။ တစ်ဖန် နတ်ဆိုးတို့သည်ကိုယ်တော်ကို**ဂျေရုဆလင်**
မြို့သို့ခေါ်ဆောင်သွား၍ဗိမ္မာန်တော်၏အထွတ်အပေါ်
တွင်ထားလျှက် ကိုယ်တော်အား လျှောက်သည်မှာ
သင်သည် ဘုရားသခင်၏ သားတော်မှန်လျှင် သင့်
၁၀။ ကိုယ်ကိုအောက်သို့ပစ်ချပါလော့။ အကြောင်းမူကား၊
ကျမ်းစာ၌ရေးထားသည်ကားသင့်ကိုစောင့်ရှောက်ရန်
ကောင်းကင်တမန်တော်တို့အား မိန့်မှာထားတော်မူ
၁၁။ သည်ဖြစ်၍၊ သင်၏ခြေကို ကျောက်ခဲတစ်လုံးနှင့်မျှ
မထိခိုက်စေခြင်းငှာ သူတို့သည်သင့်ကိုလက်ဖြင့်ချီး
၁၂။ ပင့်ထာကြလိမ့်မည်ဟုဆို၏။သခင်**ယေရှု**က သင်၏
အရှင်ဘုရားသခင်ကိုစုံစမ်းခြင်းမပြုရဟုကျမ်းစာတွင်
၁၃။ ရေးထားသည်[၂]ဟုမိန့်တော်မူ၏။နတ်ဆိုးသည်နှောင့်
ယှက်ခြင်း အလုံးစုံကိုပြုပြီးသောအခါ ကိုယ်တော်၏
အထံတော်မှ ထွက်ခွါ၍ နောက်တစ်ဖန်အခွင့်
ကောင်းရသည့် အချိန်တိုင်အောင်[၃] ဆုတ်ခွါသွား
လေ၏။

## ဂါလိလေနယ်တွင် အမှုတော်စတင်ဆောင်ရွက်တော်မူခြင်း
## (မာ ၄း၁၂–၁၇၊ မာကု ၁း၁၄–၁၅)

၁၄။ သခင်**ယေရှု**သည်ဝိညာဉ်တော်၏ တန်ခိုးနှင့်ပြည့်ဝ
လျက် **ဂါလိလေ**နယ်သို့ပြန်လာတော်မူ၏။ သတင်း
တော်သည်လည်း ထိုဒေသတစ်လျှောက်လုံးတွင်ပြန့်

[၁] (၄း၁)သခင်ယေရှုသည် ယခုမှသာသန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စုံတော်မူသည်မဟုတ်။ သူသည်သွန်သင်တော်မူခြင်းအမှုတော်ကို စတင်လုပ်ဆောင်ချိန်ကပင် သန့်ရှင်းသောဝိညာဉ်တော်နှင့်လုပ်ဆောင်တော်မူသည်ဟု ဆိုလိုသည်။

[၂] (၄း၁၃) သခင်ယေရှုခံခဲ့ရသော နှောင့်ယှက်ခြင်းသုံးမျိုးမှာ အသွေးအသားနှောင့်ယှက်ခြင်း၊လောကီစည်းစိမ်ဥစ္စာကိုလိုလားတပ်မက်ခြင်း နှင့် တန်ခိုးဩဇာအာဏာမက်မောခြင်းတို့ဖြစ်၏။

[၃] (၄း၁၃) အခွင့်ကောင်းရသည့်အချိန်တိုင်အောင် ဆိုသည်မှာ ဒုက္ခရစရိယာခံရမည့်အချိန်တိုင်အောင်ဟု ဆိုလိုသည်။

၁၅။ နှံ့သွားလေ၏။ ကိုယ်တော်သည်သူတို့၏တရားဇရပ်
များ၌သွန်သင်တော်မူ၍၊ လူအပေါင်းတို့သည်
ကိုယ်တော်ကို ချီးမွမ်းကြ၏။

## နာဇရက်မြို့တွင် ငြင်းပယ်ခံရခြင်း
## (မာ ၁၃:၅၃-၅၇၊ မာကု ၆:၁-၆)

၁၆။ ကိုယ်တော်သည် မိမိကြီးပြင်းတော်မူခဲ့သော**နာဇရက်**
မြို့သို့ကြွ လာတော်မူသောအခါ၊ မိမိထုံးစံအတိုင်း
ဥပုသ်နေ့၌ တရားဇရပ်ထဲသို့ဝင်တော်မူ၍၊ ကျမ်းစာ
၁၇။ ဖတ်ရှုခြင်းငှာ ထတော်မူလျှင်[၄] သူတို့သည် ကိုယ်
တော်အားပရောဖက်**အီဇာယ**၏ကျမ်းကိုပေးကြ၏။
ကိုယ်တော်သည်ကျမ်းစာလိပ်ကိုဖွင့်တော်မူလျှင်တွေ့
၁၈။ တော်မူသော ကျမ်းချက်မှုကား၊ ထာဝရဘုရား၏
ဝိညာဉ်တော်သည်ငါ့အပေါ်၌ရှိတော်မူ၏။ အကြောင်း
မူကား၊ ဆင်းရဲသားတို့အားဝမ်းမြောက်ရာ သတင်းကို
ဟောပြောစေခြင်းငှာ ငါ့ကိုဆီဖြင့်လိမ်းကျံတော်မူ ပြီ။
ချုပ်နှောင်ခံရသော သူတို့အား လွတ်မြောက်
ခြင်းကိုကြေညာရန်နှင့် မျက်စိမမြင်သောသူတို့အား
မျက်စိအလင်းကိုပေးရန်လည်းကောင်း၊ ဖိနှိပ်ခံရသော
၁၉။ သူတို့အား ကယ်ဆယ်စေခြင်းငှာ[၅] လည်းကောင်း၊
သခင်ဘုရား၏ ကျေးဇူးတော် မင်္ဂလာနှစ်ကို
ကြေညာရန် လည်းကောင်း ကိုယ်တော်သည် ငါ့ကို
စေလွှတ်တော်မူ၏ဟူသော ကျမ်းပိုဒ်ကို ဖတ်ကြား
တော်မူ၏။
၂၀။ ထို့နောက် သခင်**ယေရှု**သည်ကျမ်းစာကိုလိပ်ပြီးလျှင်
တရားဇရပ်မှူးအားပြန်ပေး၍၊ ထိုင်တော်မူ၏။ တရား
ဇရပ်၌ရှိသော လူအပေါင်းတို့သည်လည်းကိုယ်တော်
၂၁။ ကို စေ့စေ့ကြည့်နေကြ၏။ ကိုယ်တော်ကလည်း
ယခုသင်တို့ကြားရသောကျမ်းစကားသည် ယနေ့ပြင်
ပြည့်စုံခြင်းသို့ရောက်လေပြီဟု[၆] မိန့်တော်မူ၏။
၂၂။ လူအပေါင်းတို့သည်ကိုယ်တော်ကိုချီးမွမ်းပြောဆိုကြ
၍၊ ကိုယ်တော်၏နှုတ်တော်မှထွက်လာသော တင့်
တယ်လျောက်ပတ်သည့်စကားများကိုအံ့ဩကြလျက်
ဤသူသည် **ဂျိုးဇက်**၏သား မဟုတ်လောဟုမေးကြ
၂၃။ ၏။ ကိုယ်တော်ကလည်း အချင်းဆေးသမား သင့်
ကိုသင်ကုသပါလော[၇]ဟူသော ဆိုရိုးစကားနှင့်အညီ
ငါတို့ကြားသိရသည့်အတိုင်း**ကာဖာနာအုမ်**မြို့တွင်ပြု
ခဲ့သောအမှုတို့ကိုသင်၏နေရင်းမြို့မှာလည်း ပြုပါဟု
ငါ့အား သင်တို့ပြောဆို ကြလိမ့်မည်။
၂၄။ သို့သော် သင်တို့အား ငါအမှန်ဆိုသည်ကား မည်
သည့် ပရောဖက်မျှ မိမိနေရင်းမြို့၌ မျက်နှာမရချေ။
၂၅။ သင်တို့အားငါအမှန်ဆိုသည်ကား ပရောဖက်**ဧလိယ**
လက်ထက်၌ကောင်းကင်သည် သုံးနှစ်နှင့်ခြောက်လ
ပတ်လုံးပိတ်လျက်ရှိ၍[၈] နိုင်ငံတစ်ဝှမ်းလုံးတွင် ကြီးစွာ
သော အစာငတ်မွတ်ခေါင်းပါးခြင်းဘေးဆိုက်ရောက်
သောအခါကာလ၌**အစ္စရေးလ်**ပြည်တွင်မုဆိုးမများစွာ
၂၆။ ရှိကြ၏။ သို့သော်လည်းဘုရားသခင်သည်ပရောဖက်
**ဧလိယ**ကို **ဆီဒုံ**နယ်၊ **ဇာရေဖတ်**မြို့ရှိ မုဆိုးမတစ်ဦး
ထံသို့တစ်ပါး၊ အခြားသူများထံသို့စေလွှတ်တော်မမူခဲ့
၂၇။ ပေ။ ပရောဖက် **ဧလိယ**လက်ထက်၌ **အစ္စရေးလ်**
ပြည်တွင် အနာကြီးရောဂါစွဲသောသူများစွာ ရှိသော်
လည်း မည်သူမျှ ပျောက်ကင်းချမ်းသာခွင့်မရခဲ့ကြ။
**ဆီးရိယ**ပြည်သား **နာအာမန်** တစ်ဦးတည်းသာလျှင်
ပျောက်ကင်းချမ်းသာခွင့်ရခဲ့သည်ဟု မိန့်တော်မူ၏။
၂၈။ တရားဇရပ်တွင်ရှိသော လူအပေါင်းတို့သည် ထို
စကားကိုကြားသောအခါဒေါသအမျက်ပြင်းစွာထွက်

---

[၄] (၄:၁၆)ဥပုသ်နေ့တွင်ဘုရားသခင်အားဝတ်ပြုပြီးချိန်၌ ကျမ်းတတ်ဆရာတစ်ဦးကပရောဖက်ကျမ်းတစ်ပိုဒ်ကိုဖတ်၍ အနက်အဓိပ္ပာယ်ရှင်းလင်းဖော်ပြလေ့ရှိ၏။

[၅] (၄:၁၉) ဘုရားသခင်၏ ကျေးဇူးတော်မင်္ဂလာနှစ်ဟူသည်မှာ ဘုရားသခင်၏ကျေးဇူးတော်ခံရသောနှစ်၊ ဂျုဗလီပွဲတော်နှစ်ကိုဆိုလိုသည်။ ထိုနှစ်၌အစ္စရေးအမျိုးသားတို့တွင် ကျွန်ခံရသောသူတို့သည် ကျွန်အဖြစ်မှလွတ်မြောက်ကြရ၏။

[၆] (၄:၂၁) သခင်ယေရှုကြွလာခြင်း၌ကိုယ်တော်သည်သတင်းကောင်းကိုသွန်သင်တော်မူ၏။အနာရောဂါများကို ချမ်းသာစေတော်မူ၏။ ပျောက်သောအရာကိုရှာဖွေကယ်ဆယ်တော်မူ၏။ထို့ကြောင့် သခင်ယေရှု၌ထိုပရောဖက်ကျမ်းချက်သည်ပြည့်စုံခြင်းသို့ရောက်လေ၏။

[၇] (၄:၂၃) ငါသွန်သင်သောတရားကို သင်တို့သည် သက်သေခံကြ၏။ သို့သော်လည်းလက်သမားဖြစ်သောဂျိုးဇက်၏သားအားတန်ခိုး၊ကျေးဇူးများနှင့်စေလွှတ်တော်မူသည်ကိုမူ သင်တို့မယုံကြည်နိုင်ကြ။ သို့ဖြစ်၍ ကာဖာနာအုမ်မြို့သည် ငါပြုသောတန်ခိုးများကို အခြားသူတို့အတွက် တန်ခိုးကျေးဇူးများကိုမပြုမီ ကိုယ်နှင့် ဆိုင်သောသူတို့အတွက် ပြုသင့်ပေ၏။ သို့သော်သင်တို့ ၌ ယုံကြည်ခြင်းမရှိ သောကြောင့် ငါမပြု။

[၈] (၄:၂၅) သုံးနှစ်နှင့်ခြောက်လပတ်လုံး မိုးခေါင်လျက်ရှိ၏။

၂၉။ ကြ၏။ သူတို့သည်ထ၍၊ ကိုယ်တော်ကိုမြို့ပြင်သို့
နှင်ထုတ်ပြီးလျှင် မြို့တည်ရှိရာ တောင်ထိပ်စွန်းမှ
ဇောက်ထိုးတွန်းချခြင်းငှာ ခေါ်ဆောင် သွားကြ၏။
၃၀။ သို့ရာတွင်ကိုယ်တော်သည် သူတို့အလယ်မှရှောင်၍၊
ထွက်ကြွသွားတော်မူ၏။

## နတ်ဆိုးကိုနှင်ထုတ်တော်မူခြင်း
(မာကု ၁း၂၁-၂၈)

၃၁။ ကိုယ်တော်သည် **ဂါလိလေ**နယ်**ကာဖာနာအုမ်**မြို့သို့
ဆင်းကြွတော်မူ၍၊ဥပုသ်နေ့တွင် သွန်သင်ဟောပြော
၃၂။ တော်မူ၏။ ကိုယ်တော်သည်အာဏာနှင့်ဟောတော်မူ
သောကြောင့်သူတို့သည်ဒေသနာတော်ကို အံ့သြကြ
၃၃။ ၏။ တရားဇရပ်၌ ညစ်ညူးသော နတ်ဆိုးပူးခံရ
သူတစ်ယောက်ရှိ၍၊ ထိုသူသည်ကြီးသောအသံဖြင့်
ဟစ်ကြော် သည်ကား၊ အို**နာဇရက်**မြို့သား**ယေရှု**၊
၃၄။ ကိုယ်တော်သည် ကျွန်တော်တို့ကို ဖျက်ဆီးခြင်းငှာ
လာသလော။ ကိုယ်တော် မည်သူဖြစ်သည်ကို
ကျွန်တော်သိပါ၏။ဘုရားသခင်၏သန့်ရှင်းသောသူ
ဖြစ်ပါ၏ဟုလျှောက်လေ၏။ သခင်**ယေရှု**ကလည်း
၃၅။ တိတ်ဆိတ်စွာ နေလော့။ ဤသူထံမှ ထွက်သွား
လော့ဟု ငေါက်ငမ်းတော်မူ၏။ နတ်ဆိုးသည်လည်း
သူ့ကို လူအများအလယ်တွင် လှဲချပြီးမှ ဘေးဥပါဒ်
တစ်စုံတစ်ခုမျှမပြုဘဲ သူ့ထံမှ ထွက်ခွာသွားလေ၏။
၃၆။ လူအပေါင်းတို့သည်လည်း အံ့သြကြလျက်ဤသူ၏
အမိန့်စကားသည်ကား၊ မည်သို့ဖြစ်နည်း။ ညစ်ညူး
သော နတ်ဆိုးတို့သည် အာဏာ တန်ခိုးနှင့်စေခိုင်း
သောကိုယ်တော်၏အမိန့်ကြောင့် ထွက်သွားကြရပေ
သည် တကားဟု အချင်းချင်းပြော ဆိုကြ၏။
၃၇။ ကိုယ်တော်၏ သတင်းတော်သည် ထိုအရပ်ဒေသ
ပတ်ဝန်းကျင် တစ်ခုလုံးသို့ ပျံ့နှံ့သွားလေ၏။

## လူများစွာတို့ကို ရောဂါပျောက်ကင်း စေတော်မူခြင်း
(မာ ၈း၁၄-၁၇၊ မာကု ၁း၂၉-၃၄)

၃၈။ ကိုယ်တော်သည်တရားဇရပ်မှထွက်ခွာတော်မူ၍၊**စီမုန်**
၏ အိမ်သို့ဝင်တော်မူ၏။ **စီမုန်**၏ ယောက္ခမသည်
ပြင်းထန်သောအဖျားရောဂါ ခံစားနေရသောကြောင့်
ပျောက်ကင်းချမ်းသာစေရန်သူမအတွက် ကိုယ်တော်
၃၉။ ကိုတောင်းလျှောက်ကြ၏။ကိုယ်တော်သည် သူမ၏
အနီးတွင်ရပ်လျက်အဖျားရောဂါ ပျောက်ကင်းစေရန်
အမိန့်ပေးတော်မူလျှင် သူမသည်ရောဂါပျောက်ကင်း
၍၊ ချက်ချင်းထကာ ဧည့်ဝတ်ပြုလေ၏။
၄၀။ နေဝင်ခါနီးအချိန်ရောက်သောအခါ၊ အမျိုးမျိုးသော
ရောဂါဝေဒနာစွဲကပ်သူအပေါင်းတို့ကိုဆွေမျိုးများက
အထံတော်သို့ခေါ်ဆောင်ခဲ့ကြ၏။ ကိုယ်တော်သည်
လူနာအသီးသီးတို့အပေါ်မှာလက်တော်ကိုတင်လျက်
သူတို့၏ရောဂါများကိုပျောက်ကင်းချမ်းသာစေတော်
၄၁။ မူပါ၏။ နတ်ဆိုးတို့သည်လည်းကိုယ်တော်သည်ဘုရား
၏သားတော်ဖြစ်ပါ၏ဟု ဟစ်အော်လျက် လူအများ
ထံမှထွက်သွားကြ၏။ ကိုယ်တော်သည် သူတို့အား
ဟန့်တားတော်မူ၍၊ ထိုသို့ပြောဆိုခြင်းကို အခွင့်ပြု
တော်မမူ။ အဘယ်ကြောင့်ဆိုသော်ကိုယ်တော်သည်
ခရစ်တော်ဖြစ်ကြောင်းကို သူတို့ သိကြသောကြောင့်
၄၂။ ဖြစ်၏။နောက်တစ်နေ့တွင် ကိုယ်တော်သည် လူသူ
ကင်းဝေးရာအရပ်သို့ထွက်ကြွသွားတော်မူ၏။လူအစု
အဝေးတို့သည်လည်း ကိုယ်တော်ကိုရှာကြပြီးအထံ
တော်သို့လာကြလျက် မိမိတို့ထံမှကိုယ်တော်ထွက်ခွါ
၄၃။ မသွားပါရန်တောင်းပန်ကြ၏။ သို့သော်ကိုယ်တော်
က ငါသည် ဘုရားသခင်၏ နိုင်ငံတော်နှင့်ဆိုင်ရာ
သတင်းကောင်းကိုအခြားမြို့ရွာများတွင်လည်း ဟော
ပြောကြေငြာရမည်။ အကြောင်းမူကား၊ငါသည် ဤ
အကြောင်းကြောင့်စေလွှတ်ခြင်းခံရသည်ဟုမိန့်တော်
၄၄။ မူ၏။ ကိုယ်တော်သည် **ဂျူဒေယ**ပြည်ရှိတရားဇရပ်
များတွင် ဟောပြောသွန်သင်လျက်နေတော်မူ၏။

## အခန်းကြီး (၅)
## ပထမဦးဆုံး
## တပည့်တော်များကိုခေါ်တော်မူခြင်း
(မာ ၄း၁၈-၂၂၊ မာကု ၁း၁၆-၂၀)

၁။ ကိုယ်တော်သည် **ဂျေနာဇရက်**အိုင် အနီးတွင်ရပ်နေ
တော်မူစဉ် လူအစုအဝေးတို့သည် ဘုရားသခင်နှုတ်
ကပတ်တော်ကိုကြားနာစေခြင်းငှာ အထံတော်သို့
၂။ လာကြ၏။ ကိုယ်တော်သည်ကမ်းနားတွင်ဆိုက်ထား
သောလှေနှစ်စင်းကို မြင်တော်မူ၏။ တံငါသည်တို့
သည်ကား၊ လှေများပေါ်မှ ဆင်းကြပြီးလျှင်

ပိုက်ကွန်များကိုဆေးလျက်နေကြ၏။
၃။ လှေနှစ်စင်းရှိသည့်အနက် ကိုယ်တော်သည်**စီမုန်**[1]၏
လှေပေါ်သို့ တက်တော်မူပြီးလျှင် လှေကိုကမ်းနားမှ
အနည်းငယ်ခွါစေပြီး၊ထိုင်တော်မူလျက်လူအစုအဝေး
၄။ တို့ကိုလှေပေါ်မှသွန်သင်တော်မူ၏။ ထိုသို့သွန်သင်
တော်မူပြီးသောအခါ၊ ကိုယ်တော်က ရေနက်ရာသို့
လှော်လော့။ ငါးကိုဖမ်းမိစေရန် သင်တို့ပိုက်ကွန်ကိုချ
၅။ ကြလော့ဟု **စီမုန်**အားမိန့်တော်မူ၏။ **စီမုန်**ကလည်း
ဆရာသခင်၊ကျွန်တော်တို့သည်တစ်ညလုံး ကြိုးစား
ပါသော်လည်း ငါးတစ်ကောင်ကိုမျှမရကြပါ။ သို့ရာ
တွင် အမိန့်တော်ရှိသည့်အတိုင်း ပိုက်ကွန်ကို
ကျွန်တော်တို့ချပါမည်ဟု ပြန်၍ လျှောက်ကြ၏။
၆။ အမိန့်တော်အတိုင်းပြုကြသောအခါ၊ မြောက်များလှ
စွာသောငါးတို့ကို ဖမ်းမိသဖြင့် ပိုက်ကွန်များစုတ်ပြဲ
၇။ စပြုလေ၏။သူတို့သည်အခြားသောလှေတစ်စင်းပေါ်
မှာရှိသောလူများကို မိမိတို့အား ကူညီစေခြင်းငှာ
အချက်ပြ၍ခေါ်ကြ၏။ထိုသူတို့သည်လည်း လာကြ
လှေနှစ်စင်းလုံး၌ငါးများဖြင့် ပြည့်စေသဖြင့် လှေနစ်
၈။ လုမတတ်ရှိလေ၏။ **စီမုန်ပေတရု**သည် ထိုအချင်း
အရာကိုမြင်လျှင် သခင်**ယေရှု**၏ခြေတော်ရင်း၌ပျပ်
ဝပ်လျှက်သခင်ဘုရားတပည့်တော်ထံမှကြွသွားတော်
မူပါ[2]တပည့်တော်သည်အပြစ်ရှိသောသူဖြစ်ပါ၏ဟူ၍
၉။ လျှောက်လေ၏။ ထိုအခါ**စီမုန်**မှစ၍၊ သူနှင့်အတူရှိ
သောသူအပေါင်းတို့သည် ဖမ်းမိသောငါးများကြောင့်
၁၀။ အံ့အားသင့်လျက်ရှိကြ၏။ထိုနည်းတူပင်**ဇေဗေဒဦး**
၏သား**ယာကုပ်**နှင့်**ယောဟန်**တို့သည်လည်း အံ့သြ
ခြင်းရှိကြ၏။သခင်**ယေရှု**ကလည်းကြောက်ရွံ့ခြင်းမ
ရှိနှင့်၊ယခုမှစ၍သင်သည်လူတို့ကိုဖမ်းသောတံငါဖြစ်
၁၁။ လိမ့်မည်ဟု **စီမုန်**အား မိန့်တော်မူ၏။ သူတို့သည်
လှေများကို ကမ်းနားတွင် ဆိုက်ကပ်ထားပြီးနောက်၊
ရှိသမျှတို့ကိုစွန့်၍ နောက်တော်သို့လိုက်ကြ၏။

## အနာကြီးရောဂါသည် တစ်ဦးကိုပျောက်ကင်း စေတော်မူခြင်း

## (မာ ၈း၁–၄၊ မာကု ၁း၄၀–၄၅)

၁၂။ သခင်**ယေရှု**သည်မြို့တစ်မြို့၌ရှိတော်မူစဉ် တစ်ကိုယ်
လုံး အနာကြီးရောဂါစွဲသော သူတစ်ယောက်သည်
ကိုယ်တော်ကိုမြင်လျှင်ပျပ်ဝပ်လျက်သခင်အလိုတော်
ရှိပါလျှင် ကျွန်တော်ကို သန့်ရှင်းစေနိုင်ပါသည်ဟု
၁၃။ လျှောက်ထား တောင်းပန်လေ၏။ ကိုယ်တော်သည်
လက်တော်ကိုဆန့်၍ သူ့ကိုတို့ထိကာ၊ငါအလိုရှိ၏။
သန့်ရှင်းစင်ကြယ်ခြင်းသို့ ရောက်စေဟု မိန့်တော်မူ
လျှင်သူ၏ရောဂါသည် ချက်ချင်းပျောက်ကင်းသွား
၁၄။ လေ၏။ကိုယ်တော်ကလည်း မည်သူ့ကိုမျှ မပြောစေ
ခြင်းငှာမိန့်မှာတော်မူ၏။ သို့ရာတွင် ကိုယ်တော်က
သွား၍ သင့်ကိုယ်ကို ရဟန်းအားပြလော့။ လူ
တို့ရှေ့တွင် သက်သေဖြစ်စေခြင်းငှာ **မိုးဇက်**မိန့်မှာ
ထားသည့်အတိုင်း လူဘွယ်ဝတ္ထုကိုဆက်သ ပူဇော်
၁၅။ လော့ဟုသူ့အားမိန့်တော်မူ၏။သို့ရာတွင်ကိုယ်တော်
၏သတင်းတော်သည်ကို ပိုမိုပျံ့နှံ့သွားသဖြင့်များစွာ
သော လူအစုအဝေးတို့သည် ကိုယ်တော်၏တရား
တော်ကို ကြားနာခြင်းငှာလည်းကောင်း မိမိတို့၏
အနာရောဂါများကို ပျောက်ကင်းချမ်းသာ ရရှိစေရန်
လည်းကောင်း စုဝေး လာကြ၏။
၁၆။ ကိုယ်တော်သည်ကား လူသူကင်းဝေးသောအရပ်သို့
ထွက်ခွာ၍ ဆုတောင်းတော်မူ၏။

## ခြေလက်သေသောသူကို ပျောက်ကင်း စေတော်မူခြင်း

## (မာ ၉း၁–၈၊ မာကု ၂း၁–၁၂)

၁၇။ တစ်နေ့သ၌ကိုယ်တော်သည်ဟောပြောသွန်သင်တော်
မူစဉ် **ဂါလိလေ**နှင့် **ဂျုဒေယ**ပြည် ကျေးရွာအသီး
သီးမှလည်းကောင်း၊ **ဂျေရုဆလင်**မြို့မှလည်းကောင်း
ရောက် လာကြသော **ဖါရီဇေဦး**နှင့်ကျမ်းတတ်ဆရာ
တို့သည် မလှမ်းမကမ်းတွင် ထိုင်လျက်ရှိကြ၏။
ရောဂါဝေဒနာများကို ပျောက်ကင်းစေခြင်းငှာဘုရား
၁၈။ သခင်၏တန်ခိုးတော်သည်ကိုယ်တော်၌ရှိ၏။ထိုအခါ
လူတို့သည် ခြေလက်သေသော သူတစ်ယောက်ကို
အိပ်ယာပေါ်တွင်တင်၍ကိုယ်တော်၏ရှေ့တော်သို့ခေါ်

---

[1] (၅း၃)ယေရှုသည် ပေတရု၊ ယာကုပ်နှင့်ယောဟန်တို့ကို ပထမဆုံးခေါ်တော်မူ၏။(မ ၄း၁၈ နှင့် မာ ၁း၁၆)သို့သော်သူတို့သည် ကိုယ်တော်နှင့်အတူမနေကြပေ။ ကိုယ်တော်၏မိန့်မှာချက်ကြောင့် ငါးအုပ်ကြီးကို အံ့သြဖွယ်ဖမ်းမိပြီးမှသာလျှင် သူတို့သည် ကိုယ်တော်နှင့်အတူနေကြ၏။

[2] (၅း၈) တပည့်တော်သည် ကိုယ်တော်နှင့်မထိုက်တန်ပါဟု ဆိုလိုသည်။

၁၉။ ဆောင်ခဲ့ရန် ကြိုးစားကြ၏။ လူအစုအဝေးကြောင့်
ဝင်စရာလမ်းကိုမတွေ့သဖြင့်သူတို့သည် အိမ်မိုးပေါ်
သို့တက်ပြီးမှ အမိုးကိုဖောက်၍၊ လူအများအလယ်၌
သခင်ယေရှု၏ရှေ့တော်သို့သူ့ကိုအိပ်ယာနှင့်တစ်ကွ
၂၀။ လျှောချကြ၏။ ကိုယ်တော်သည် သူတို့၏ယုံကြည်
ခြင်းကိုမြင်တော်မူလျှင် ခြေလက်သေသော သူအား
အချင်းလူ သင်၏အပြစ်များ၊ခွင့်လွှတ်ခြင်းခံရလေပြီ
၂၁။ ဟုမိန့်တော်မူ၏။ ကျမ်းတတ်ဆရာတို့နှင့်**ဖာရိရှဲဦး**
တို့ကလည်း ဘုရားသခင်ကိုထိခိုက်ပြောဆိုသော
ဤသူကားမည်သူနည်း။ဘုရားသခင်မှတစ်ပါးမည်သူ
သည် အပြစ်လွှတ်နိုင်သနည်းဟူ၍ မိမိတို့စိတ်ထဲ၌
၂၂။ ထင်မှတ်ကြ၏။ သခင်**ယေရှု**သည်သူတို့၏စိတ်ထဲမှ
ထင်မြင်ချက်ကိုသိမြင်တော်မူ၍၊ သူတို့အားပြန်ပြော
တော်မူသည်ကား အဘယ်ကြောင့် သင်တို့စိတ်ထဲ၌
၂၃။ မေးမြန်းကြသနည်း။မည်သည့်စကားသည် ပြောရန်
သာ၍ လွယ်ကူသနည်း။ သင်၏အပြစ်များခွင့်လွှတ်
ခြင်းခံရလေပြီဟု ဆိုခြင်းလော သို့မဟုတ် ထ၍
လှမ်းသွားလော့ဟု ဆိုခြင်းလော့။
၂၄။ သို့ရာတွင် လူသားသည် လောကတွင်အပြစ်များကို
ခွင့်လွှတ်ပိုင်ကြောင်းကို သင်တို့သိမြင်စေမည်ဟု
ဆိုလျက် ခြေလက်သေသောသူအား သင့်အားငါဆို
သည်ကား ထလော့။သင်၏အိပ်ရာကိုယူ၍ အိမ်သို့
၂၅။ ပြန်လော့ဟုမိန့်တော်မူ၏။ ထိုသူသည်လည်းသူတို့
ရှေ့တွင် ချက်ချင်းထရန် မိမိအိပ်ရာကိုယူပြီးလျှင်
ဘုရားသခင်ကိုချီးမွမ်းလျက်အိမ်သို့ပြန်သွားလေ၏။
၂၆။ လူအစုအဝေးတို့သည်လည်း အလွန်အံ့သြကြလျက်
ဘုရားသခင်၏ဘုန်းဂုဏ်တော်ကိုချီးမွမ်းကြ၍၊ငါတို့
သည်ထူးဆန်းအံ့ဘွယ်သောအရာများကို ယနေ့တွေ့
မြင်ကြရပြီဟု ကြောက်ရွံ့ခြင်းနှင့်ပြောဆိုကြ၏။

## လေဝီကိုခေါ်တော်မူခြင်း

## (မာ ၉း၉–၁၃၊ မာကု ၂း၁၃–၁၇)

၂၇။ ထို့နောက် ကိုယ်တော်သည် ထွက်ကြွတော်သော
အခါ **လေဝီ**[၂]အမည်ရှိသောအခွန်ခံသူသည် အခွန်ရုံး
၌ထိုင်လျက်ရှိသည်ကို မြင်တော်မူလျှင်ငါ့နောက်သို့
၂၈။ လိုက်လော့ဟု သူ့အားမိန့်တော်မူ၏။သူသည်လည်း
ရှိသမျှ ဥစ္စာပစ္စည်းတို့ကိုစွန့်ပြီးလျှင် ထ၍
၂၉။ နောက်တော်သို့ လိုက်လေ၏။ **လေဝီ**သည် မိမိ၏
အိမ်၌ ကိုယ်တော့်အတွက်ကြီးကျယ်သော စား
သောက်ပွဲကို ကျင်းပလေ၏။ များစွာသော အခွန်ခံ
သူတို့နှင့် အခြားသူအမြောက်အများတို့သည်လည်း
သူတို့နှင့် အတူစားပွဲ၌ထိုင်ကြ၍၊စားသောကကြ၏။
၃၀။ **ဖါရိရှဲဦး**နှင့်ကျမ်းတတ်ဆရာတို့က သင်တို့သည်
အဘယ်ကြောင့်အခွန်ခံများ၊ အပြစ်ရှိသူများနှင့်အတူ
စားသောက်ကြပါသနည်းဟု တပည့်တော်တို့အား
၃၁။ အပြစ်တင်ပြောဆိုကြ၏။ သခင်**ယေရှု**ကလည်း
သူတို့အား ပြန်ပြောတော်မူသည်မှာ ကျန်းမာသော
သူသည် ဆရာဝန်ကို မလိုအပ်ပေ။ ဖျားနာသော
၃၂။ သူသာလျှင် လိုအပ်သည်။ ဖြောင့်မတ်သော
သူတို့ကိုမဟုတ်၊အပြစ်ရှိသောသူတို့ကိုနောင်တတရား
ရခြင်းသို့ခေါ်ရန် ငါလာသည်ဟု မိန့်တော်မူ၏။

## အစာရှောင်ခြင်းအကြောင်း

## (မာ ၉း၁၄–၁၇၊ မာကု ၂း၁၈–၂၂)

၃၃။ ထိုအခါ သူတို့က **ယောဟန်**၏ တပည့်များနှင့်
**ဖါရိရှဲဦး**တို့၏ တပည့်များသည်အစာရှောင်ခြင်းနှင့်
ဆုတောင်းခြင်းတို့ကိုမကြာခဏပြုကြ၏။ကိုယ်တော်
၏တပည့်များမူကား၊ စားသောက်လျက် နေကြပါ
သည်တကားဟုကိုယ်တော်အားလျှောက်ထားကြ၏။
၃၄။ သခင်**ယေရှု**ကလည်း မင်္ဂလာဆောင် သတို့သား၏
အပေါင်းအဖော်များသည် သတို့သားမိမိတို့နှင့်အတူ
၃၅။ ရှိနေစဉ် အစာရှောင်ကြရမည်လော။ သို့သော်သတို့
သားကိုသူတို့ထံမှ ခေါ်ဆောင်သွားမည့်နေ့ရက်များ
ရောက်လာလိမ့်မည်။ ထိုအခါမှသာ သူတို့သည်
၃၆။ အစာရှောင်ကြလိမ့်မည်ဟုမိန့်တော်မူ၏။သခင်**ယေရှု**
သည်ဤပုံဥပမာကိုလည်း သူတို့အားမိန့်ကြားတော်
မူ၏။မည်သူမျှ အဝတ်စအသစ်ကိုဖြတ်ယူ၍၊အဝတ်
ဟောင်းတွင်ဖာထေးလေ့မရှိ။ထိုသို့ပြုလျှင်အဝတ်သစ်
သည် ဆွဲဆုတ်တတ် ၍အဝတ်စအသစ်နှင့်အဝတ်
၃၇။ ဟောင်းတို့သည်လည်းလိုက်ဖက်မညီ ဖြစ်လိမ့်မည်။
ထိုနည်းတူပင် မည်သူမျှစပျစ်ရည် အသစ်ကို
သားရေဖူးဟောင်းများ တွင်ထည့်လေ့မရှိ။ ထိုသို့ပြု
လျှင် စပျစ်ရည်အသစ်သည် သားရေဖူးများကိုကွဲစေ

[၂] (၅း၂၇)လေဝီဟူသည်မာတေဦးပင်ဖြစ်သည်။သခင်ယေရှုကိုယ်တိုင် လေဝီကို မာတေဦးဟုအမည်ပေးခဲ့သည်။ မာတေဦး၏အဓိပ္ပာယ်မှာ ဘုရားသခင်၏ လက်ဆောင်ဟုဆိုလိုသည်။

သဖြင့် စပျစ်ရည်ယိုဖိတ်ကာ သားရေဖူးများလည်း
၃၈။ ပျက်စီးတတ်၏။ စပျစ်ရည် အသစ်ကိုမူကား၊
သားရေဖူးအသစ်များ တွင်ထည့်ရ၏။
၃၉။ ထို့အပြင်မည်သူမျှ စပျစ်ရည်ဟောင်းကိုသောက်ပြီး
လျှင်အသစ်ကို အလိုမရှိချေ။ အကြောင်းမူကား
အဟောင်းသည်သာ၍ကောင်း၏ ဟုဆိုလိမ့်မည်ဟု
မိန့်တော်မူ၏။[၆]

## အခန်းကြီး (၆)

## ဥပုသ်နေ့၏အရှင် သခင်ယေရှု (မာ ၁၂း၁–၈၊ မာကု ၂း၂၃–၂၈)

၁။ ဥပုသ်နေ့တွင်သခင်**ယေရှု**သည် ဂျုံစပါးခင်းများကို
ဖြတ်သန်းသွားစဉ် တပည့်တော်တို့သည် ဂျုံစပါးနှံ
များကိုဆွတ်ခူးကာလက်ဖြင့်ပွတ်နယ်၍ စားကြ၏။
၂။ **ဖါရိရှေဦး**အချို့တို့ကသင်တို့သည်ဥပုသ်နေ့၌မပြုအပ်
သောအမှုကိုအဘယ်ကြောင့်ပြုကြသနည်းဟု ဆိုကြ
၃။ ၏။ သခင်**ယေရှု**ကလည်း **ဒေးဗစ်**မင်းကြီးသည်
ဆာမွတ်သောအခါ၊ မိမိနှင့်အတူ ပါလာသောသူတို့
နှင့်တကွ အဘယ်အရာကိုပြုသည်ကိုလည်းကောင်း၊
၄။ မည်ကဲ့သို့ ဘုရားသခင်၏အိမ်တော်သို့ဝင်၍ရဟန်း
များမှတစ်ပါးမည်သူမျှမစားအပ်သော ရှေ့တော်တင်
မုန့်ကိုယူ၍စားလျက်မိမိနှင့်ပါလာသော သူတို့အား
ပေးခဲ့ကြောင်းကိုလည်းကောင်း သူတို့ မဖတ်ဖူးကြ
၅။ သလော။လူသားသည် ဥပုသ်နေ့၏အရှင်သခင်ဖြစ်
သည်ဟုမိန့်တော်မူ၏။

## လက်တစ်ဘက်သေသောသူကို ပျောက်ကင်းစေခြင်း (မာ ၁၂း၉–၁၄၊ မာကု ၃း၁–၆)

၆။ အခြားသော ဥပုသ်နေ့တစ်နေ့၌ ကိုယ်တော်သည်
တရားဇရပ်သို့ဝင်၍၊ဟောပြောသွန်သင်တော်မူ၏။ထို
နေရာ၌လက်ယာလက်သေနေသောသူတစ်ယောက်ရှိ
၇။ ၏။ ကျမ်းတတ်ဆရာနှင့်**ဖါရိရှေဦး**တို့သည် ကိုယ်
တော်ကို အပြစ်တင်စွပ်စွဲလိုသဖြင့် ကိုယ်တော်သည်
ဥပုသ်နေ့၌အနာရောဂါကိုပျောက်ကင်းစေတော်မူမည်
လောဟုစောင့်ကြည့်နေကြ၏။ သို့သော်ကိုယ်တော်
၈။ သည် သူတို့၏ အကြံအစည်တော်ကိုသိမြင်တော်မူ
သဖြင့် လက်တစ်ဖက်သေနေသောသူအား လာ၍၊
ဤနေရာမှာရပ်လောဟုမိန့်တော်မူ၏။သူသည်လည်း
၉။ ထ၍ ရှေ့တော်၌ရပ်နေလေ၏။ သခင်**ယေရှု**က
လည်း သင်တို့အား ငါမေးမြန်းလို၏။ ဥပုသ်နေ့၌
ကောင်းမှုကိုပြုအပ်သလော။ သို့မဟုတ်မကောင်းမှု
ကိုပြုအပ်သလော။ လူအသက်ကို ကယ်အပ်
သလော။ သို့မဟုတ် ဖျက်ဆီးအပ်သလောဟု
သူတို့အား မိန့်တော်မူ၏။
၁၀။ ကိုယ်တော်သည် ထိုသူအပေါင်းတို့ကို လှည့်ကြည့်
တော်မူပြီးနောက် လက်သေနေသောသူအား သင်၏
လက်ကိုဆန့်လော့ဟု မိန့်တော်မူ၏။ ထိုသူသည်
လည်း လက်ကိုဆန့်လိုက်ရာ သူ၏ လက်သည်
၁၁။ အကောင်းပကတိဖြစ်သွားလေ၏။ **ဖါရိရှေဦး**တို့မူ
ကား၊ အလွန်ဒေါသဖြစ်ကြလျက် သခင်**ယေရှု**အား
မည်သို့ပြုမူရမည့်အကြောင်းကို အချင်းချင်းတိုင်ပင်
ကြ၏။

## တမန်တော်ကြီး တစ်ဆယ့်နှစ်ပါးကို ရွေးချယ်တော်မူခြင်း (မာ ၁၀း၁–၄၊ မာကု ၃း၁၃–၁၉)

၁၂။ ထိုနေ့ရက်တို့၌ကိုယ်တော်သည်ဆုတောင်းရန်တောင်
ပေါ်သို့တက်ကြွတော်မူ၍၊ ဘုရားသခင်ထံဆုတောင်း
၁၃။ ပဌနာပြုလျက် တစ်ညဥ့်လုံးနေတော်မူ၏။ မိုးလင်း
သောအခါ၊ မိမိ၏တပည့်တော်တို့ကို ခေါ်တော်မူပြီး
လျှင် ထိုသူတို့အနက်မှတစ်ဆယ့်နှစ်ပါးကိုရွေးချယ်
တော်မူ၍၊သူတို့အား တမန်တော်အမည်ဖြင့်ခေါ်ဝေါ်
၁၄။ သမုတ်တော်မူ၏။ **ပေတရု**ဟုခေါ်သော **စီမုန်**နှင့်
သူ၏ အစ်ကို **အန္ဒြေးယ**၊ **ယာကုပ်**နှင့် **ယောဟန်**၊
၁၅။ **ဖိလစ်**နှင့်**ဘာသိုလိုမေဦး**၊ **မာတေဦး**နှင့်**ဇေလုပ်**ဟု
၁၆။ ခေါ်သော**စီမုန်**၊**ယာကုပ်**၏သားဂျုဒနှင့်ကိုယ်တော်
ကို အပ်နှံသော **ဂျုဒအီစကာရုဒ်**တို့ဖြစ်ကြ၏။

## အနာရောဂါများ ပျောက်ကင်းစေတော်မူခြင်း (မာ ၄း၂၃–၂၅)

[၆] (၅း၃၉) စပျစ်ရည်ဟောင်းတည်းဟူသော မိုးဇက်၏ပညတ်တရားကိုလိုက်နာကျင့်ဆောင်လေ့ရှိပြီးမှ စပျစ်ရည်သစ်နှင့်တူသောသခင်ယေရှု၏ ပညတ်သစ်ကိုလျင်မြန်စွာလက်ခံရန်မှာခက်ခဲနိုင်၏။ပညတ်ဟောင်းကိုသာ ကျင့်ဆောင်၍ကျေနပ်နှစ်သိမ့်နေပြီး ပညတ်သစ်ကိုငြင်းပယ်သော စိတ်နေသဘောထားကိုမရှိသင့်ကြောင်းကိုယ်တော်မိန့်တော်မူ၏။ သခင်ယေရှုက မိမိတပည့်များသည်နောင်တတရားနှင့်ဆိုင်သောဓမ္မသစ်တရားကိုမကျင့်နိုင်ကြောင်း မိန့်မြွက်လိုခြင်းဖြစ်၏။

၁၇။ ကိုယ်တော်သည် သူတို့နှင့်အတူ တောင်ပေါ်မှဆင်း
ကြွတော်မူ၍၊ မြေညီသောအရပ်၌ ရပ်တော်မူ၏။
တပည့်တော်တို့၏ အစုအဝေးအပြင် **ဂျူဒေယပြည်**
အရပ်ရပ်နှင့် **ဂျေရုဆလင်**မြို့မှ လည်းကောင်း၊
ပင်လယ်ကမ်းခြေရှိ တိုင်ယာနှင့် **ဆီဒုံ**မြို့တို့မှ
လည်းကောင်း လာကြသောသူ များစွာရှိ၏။
၁၈။ ထိုသူတို့သည် ကိုယ်တော်၏ တရားတော်ကို
ကြားနာရန်လည်းကောင်း၊ မိမိတို့၏အနာရောဂါ
ပျောက်ကင်းစေရန် လည်းကောင်း လာကြ၏။
ညစ်ညူးသော နတ်ဆိုးညှင်းဆဲခြင်းခံရသော သူများ
သည်လည်းပျောက် ကင်းချမ်းသာရကြလေ၏။
၁၉။ လူအစုအဝေးတို့သည် ကိုယ်တော်ကို တို့ထိနိုင်ရန်
ကြိုးစားကြ၏။ အကြောင်းမူကား၊ ကိုယ်တော်ထံမှ
တန်ခိုးတော်ထွက်၍ လူခပ်သိမ်းတို့ကို ပျောက်ကင်း
ချမ်းသာစေသောကြောင့်တည်း။

## မင်္ဂလာနှင့်အမင်္ဂလာစကားများ
## (မာ ၅း၁-၁၂)

၂၀။ ထို့နောက် ကိုယ်တော်သည် သူတို့ကိုစေ့စေ့ကြည့်
တော်မူလျက် မိန့်တော်မူသည်ကား၊ ဆင်းရဲသော
သင်တို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊
ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့၏နိုင်ငံဖြစ်
၂၁။ ၏။ [၁]ယခုတွင်ဆာငတ်သောသင်တို့သည်မင်္ဂလာရှိကြ
၏။အကြောင်းမူကား၊သင်တို့သည်ပြည့်ဝကြလိမ့်
မည်။ ယခုငိုကြွေးကြသော သင်တို့သည် မင်္ဂလာရှိ
ကြ၏။ အကြောင်းမူကား၊ သင်တို့သည်ရယ်မောကြ
၂၂။ ရလိမ့်မည်။ လူသားအတွက်ကြောင့် သင်တို့ကို
လူအများ မုန်းတီးသောအခါ၊ ဖယ်ရှားနှင်ထုတ်၍
ကဲ့ရဲ့ခြင်း၊ အသရေဖျက်ခြင်းကို ပြုကြသောအခါ
၂၃။ သင်တို့သည်မင်္ဂလာရှိကြ၏။ထိုနေ့ရက်၌ဝမ်းမြောက်
ကြလော့။ ရွှင်မြူးသောစိတ်ဖြင့် ကခုန်ကြလော့။
အကြောင်းမူကား၊ ကောင်းကင်နိုင်ငံ၌သင်တို့ခံစားရ
မည့်ဆုလာဘ်သည် ဧကန်ကြီးမားလှပေ၏။ သူတို့
၏ဘိုးဘေးများသည် ပရောဖက်တို့ကိုပင် ဤသို့ပြု
၂၄။ ခဲ့ကြ၏။ သို့သော် ကြွယ်ဝချမ်းသာသော သင်တို့
သည်[၂]အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊သင်တို့
သည်စိတ်နှစ်သိမ့်ခြင်းကို ယခုခံစားကြရ၏။
၂၅။ အစာရေစာကို ဝလင်စွာ ယခုစားသုံးရသော
သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊
သင်တို့သည် ဆာငတ်ကြရလိမ့်မည်။ ယခုရယ်မော
ကြရသောသင်တို့သည် အမင်္ဂလာ ရှိကြ၏။
အကြောင်းမူကား၊ သင်တို့သည် ပူဆွေးငိုကြွေးကြရ
၂၆။ လိမ့်မည်။ လူအပေါင်းတို့သည် သင်တို့ကို ချီးမွမ်း
ကြသောအခါ[၃] သင်တို့သည် အမင်္ဂလာရှိကြ၏။
အကြောင်းမူကား၊ ထိုသူတို့၏ဘိုးဘေးများသည်
ပရောဖက်အတုအယောင်များကို ဤသို့ပြုခဲ့ကြ၏။

## ရန်သူကိုချစ်ရမည့်အကြောင်း (မာ ၅း၄၃-၄၈)

၂၇။ သို့ရာတွင် ငါ၏တရားကို ကြားနာကြသောသင်တို့
အား ငါဆိုသည်မှာ သင်တို့၏ရန်သူများကိုချစ်ကြ
လော့။သင်တို့ကိုမုန်းတီးသောသူတို့အားကောင်းကျိုး
၂၈။ ပြုကြလော့။ သင်တို့ကို ကျိန်ဆဲသော သူတို့အား
ကောင်းချီးမင်္ဂလာပေးကြလော့။သင်တို့ကို စော်ကား
၂၉။ သောသူတို့အတွက် မေတ္တာပို့ကြလော့။ သင်၏ပါး
တစ်ဖက်ကို ရိုက်သောသူအား၊ အခြားတစ်ဖက်ကို
လည်းလှည့်၍ပေးဦးလော့။ သင်၏ဝတ်ရုံကိုသိမ်းယူ
သောသူအား သင်၏အင်္ကျီကိုယူရန် မတားမြစ်နှင့်။
၃၀။ သင့်ထံတောင်းခံသောသူအားပေးလော့။သင့်ထံမှ[၄]ယူ
သွားသောဥစ္စာပစ္စည်းကိုလည်း ပြန်၍မတောင်းနှင့်။
၃၁။ လူတို့သည် သင်တို့ကိုပြုစေလိုသည့်အတိုင်းသင်တို့
၃၂။ သည်လည်း သူတစ်ပါးတို့ကို ပြုကြလော့။ သင်တို့
သည်မိမိတို့အားချစ်သောသူများကိုသာချစ်ခင်ကြပါမူ
မည်သည့်အကျိုးကိုခံစားရမည်နည်း။အပြစ်ရှိသူများ
၃၃။ ပင်လျှင် ဤသို့ပြုကြသည်မဟုတ်လော။ သင်တို့
သည် မိမိတို့အား ကောင်းကျိုးပြုသောသူများကိုသာ

[၁] (၆း၂၀)ဆင်းရဲသောသူဟုဆိုရာ၌ လောကပစ္စည်းဥစ္စာမရှိခြင်းကြောင့်ဆင်းရဲသောသူ၊ စည်းစိမ်ဥစ္စာရှိသော်လည်း စွဲလမ်းတပ်မက်ခြင်းမရှိ၊ တင်းတိမ်ရောင့်ရဲမှုရှိသောသူတို့ကိုဆိုလိုသည်။ ထိုသူတို့သည် ကောင်းကင်နိုင်ငံနှင့်ဆိုင်ရာကိုသာ မျှော်လင့်စွဲလန်းခြင်းရှိကြ၏။

[၂] (၆း၂၄) ဤလောကစည်းစိမ်၌စိတ်၏နှစ်သိမ့်ခြင်းနှင့်ရွှင်လန်းခြင်းရှာဖွေသောသူများကိုဆိုလိုသည်။

[၃] (၆း၂၆) ဘုရားတရားမဲ့သောသူတို့သည် သင်တို့၏အပြောအဆို အကျင့်များကို ချီးမြှောက်ကြသောအခါ။

[၄] (၆း၃၀) ပေးအပ်သောပစ္စည်းကို သူတစ်ပါးထံမှတောင်းသောအခါ မေတ္တာတရားပျက်ပြားခြင်းဖြစ်စေလျှင် ပြန်လည်မတောင်းသင့်ပေ။

ကောင်းကျိုးပြုကြပါလျှင် မည်သည့်အကျိုးကိုခံစားရ
မည်နည်း။ အပြစ်ရှိသူများပင်လျှင် ဤသို့ပြုကြ၏။
၃၄။ သင်တို့ထံမှ ချေးငှားသောသူတို့အား ပြန်လည်ရရှိ
လိမ့်မည်ဟု မျှော်လင့်ချက်နှင့် ချေးငှားကြပါလျှင်
မည်သည့်အကျိုးခံစားရမည်နည်း။အပြစ်ရှိသူများပင်
လျှင် တူညီသောပမာဏကိုပြန်လည်ရရှိရန် အပြစ်
၃၅။ သားများကိုချေးငှားကြ၏။သို့ရာတွင် သင်တို့မူကား
သင်တို့၏ရန်သူများကိုချစ်ကြလော့။ ကောင်းကျိုးပြု
ကြလော့။တစ်စုံတစ်ရာကိုမမျှော်လင့်ဘဲ ချေးငှားကြ
လော့။ ဤသို့ပြုခြင်းဖြင့် သင်တို့၏ဆုလာဘ်သည်
ကြီးမားလိမ့်မည်။သင်တို့သည်လည်းအမြင့်ဆုံးသော
သူ၏သားများ ဖြစ်ကြလိမ့်မည်။ အကြောင်းမူကား၊
ကိုယ်တော်သည် ကျေးဇူးမသိတတ်သောသူများနှင့်
တကိုယ်ကောင်း ဆန်သူများကိုပင် သနားတတ်၏။
၃၆။ သင်တို့၏အဖခမည်းတော်သည် သနားကြင်နာတော်
မူသည့်နည်းတူ သင်တို့သည်လည်း သနားကြင်နာ
ခြင်းရှိကြလော့။

## သူတစ်ပါးအပြစ်ကို စီရင်စစ်ကြောခြင်း မပြုအပ်ကြောင်း (မာ ၇း၁-၅)

၃၇။ စီရင်ဆုံးဖြတ်ခြင်းမပြုကြနှင့်။ သို့ဖြစ်လျှင် သင်တို့
သည်လည်းစီရင်ဆုံးဖြတ်ခြင်းကိုခံရလိမ့်မည်မဟုတ်။
ပြစ်တင်ရှုတ်ချခြင်းကိုမပြုကြနှင့်။သင်တို့သည်လည်း
ပြစ်တင်ရှုတ်ချခြင်းကိုခံရလိမ့်မည်မဟုတ်။ အပြစ်ကို
ခွင့်လွှတ်ကြလော့။ သင်တို့သည်လည်း အပြစ်လွှတ်
၃၈။ ခြင်းခံရလိမ့်မည်။ ပေးကမ်းကြလော့။ သင်တို့ကို
ပေးကမ်းကြလိမ့်မည်။သင်တို့လက်တွင်းသို့ ကောင်း
စွာချိန်တွယ်၍ သိပ်နှက်လျက်၊ လှုပ်လျက်၊ လျှံကျ
အောင်ပေးကမ်းခြင်းခံရလိမ့်မည်။သင်တို့တိုင်းချိန်၍
ပေးသော ပမာဏနှင့်အညီ သင်တို့ ပြန်လည်ရရှိ
၃၉။ ကြလိမ့်မည်ဟု မိန့်တော်မူ၏။ ကိုယ်တော်သည်
သူတို့အား ပုံဥပမာတစ်ခုကိုလည်း မိန့်တော်မူ၏။
မျက်မမြင် တစ်ဦးသည် အခြားမျက်မမြင်တစ်ဦးကို
၄၀။ လမ်းပြနိုင်သလော။ ဤသို့ပြုလျှင် နှစ်ဦးစလုံးတွင်း
ထဲသို့ကျကြလိမ့်မည် မဟုတ်လော။[၅] တပည့်သည်
ဆရာထက် မကြီးမြတ်နိုင်။ သို့သော် ပြီးပြည့်စုံ
အောင် သင်ယူလေ့ကျင့်ပြီးသောအခါ သူသည်
၄၁။ ဆရာကဲ့သို့ဖြစ်လိမ့်မည်။[၆] အဘယ်ကြောင့် သင်သည်
မိမိမျက်စိ၌ရှိသော သစ်တုံး[၇]ကိုမမြင်ဘဲ သင့်ညီအစ်
ကို၏မျက်စိတွင်းရှိ သစ်သားစကိုမြင်ရသနည်း။
၄၂။ မိမိမျက်စိထဲတွင် သစ်တုံးရှိနေပါလျက်နှင့် မိမိညီ
အစ်ကိုအား သင်၏မျက်စိထဲမှ သစ်သားစကို
ထုတ်ပေးပါရစေဟု သင်မည်ကဲ့သို့ ဆိုနိုင်သနည်း။
အသင် သူတော်ကောင်း ယောင်ဆောင်သူ သင်၏
မျက်စိထဲမှသစ်တုံးကို ဦးစွာထုတ်ပစ်လော့။ သို့မှ
သာ သင့်ညီအစ်ကို၏မျက်စိထဲမှ သစ်သားစကို
ထုတ်ပစ်ရန် သင်ကောင်းစွာမြင်နိုင်ပေလိမ့်မည်။

## အပင်နှင့်အသီး (မာ ၇း၁၅-၂၀)

၄၃။ ကောင်းသောအပင်သည် မကောင်းသော အသီးကို
မသီးနိုင်။မကောင်းသောအပင်သည်လည်း ကောင်း
၄၄။ သောအသီးကို မသီးနိုင်ပေ။[၈] အကြောင်းမူကား၊
အသီးကိုကြည့်၍ အပင်ကိုသိရ၏။ ဆူးပင်မှ
သဖန်းသီးကို ဆွတ်ခူးလေ့မရှိ။ ဆူးခြုံမှလည်း
၄၅။ စပျစ်သီးကိုဆွတ်ခူးလေ့မရှိ။ ကောင်းသောသူသည်
မိမိ၏စိတ်နှလုံးတွင် သိမ်းဆည်းထားသည့်ကောင်း
သောအရာများမှ အကောင်းကိုသာ ထုတ်ဖော်တတ်
၏။ မကောင်းသောသူသည် သိမ်းဆည်းထားသော
မကောင်းသောအရာများမှ မကောင်းကိုသာ ထုတ်
ဖော်တတ်၏။ အကြောင်းမူကား၊ စိတ်နှလုံးတွင်
ပြည့်လျှံနေသော အရာများကိုနှုတ်ကမြွက်ဆိုတတ်
သောကြောင့်တည်း။

[၅] (၆း၃၉) သခင်ယေရှုသည်မိမိတပည့်များအားကျမ်းတတ်ဆရာနှင့်ဖာရိရှဲဦးတို့၏အကျင့်ကို နည်းမယူစေခြင်းငှာ သတိပေးလိုခြင်းဖြစ်၏။

[၆] (၆း၄၀)တပည့်သည် မိမိအားသွန်သင်ပြသသောဆရာထက်သာ၍ သိမြင်နားလည်ကောင်းသည်ဟု မဆိုလိုပါ။ သို့ဖြစ်၍ သင်တို့သည်ကျမ်းတတ်ဆရာနှင့်ဖာရိရှဲဦးတို့၏အကျင့်ဓလေ့များကိုအတုယူကြပါလျှင်၊ ကယ်တင်ခြင်းချမ်းသာလမ်းကိုသူတို့ထက်သာ၍ သိနားလည်ကြမည်မဟုတ်ချေ။

[၇] (၆း၄၁)သင်၏ကြီးမားသောအပြစ်ကိုမမြင်ဘဲ သူတစ်ပါး၏အပြစ်ကိုမြင်တတ်သူဟု ဆိုလိုသည်။

[၈] (၆း၄၃) သူတစ်ပါးကို အပြစ်တင်တတ်သောသူတို့သည် အတွင်းစိတ်ထားမကောင်းနိုင်။ သို့ဖြစ်၍ ကောင်းသော လမ်းပြဆရာမဖြစ်နိုင်။

## အုတ်မြစ်နှစ်မျိုး (မာ ၇:၂၄-၂၇)

၄၆။ ငါပြောသောအရာကို သင်တို့မကျင့်ဘဲ အဘယ်
ကြောင့် ငါ့ကိုသခင်၊ ဥခင်ဟု ခေါ်ကြသနည်း။
၄၇။ ငါ့ထံသို့လာ၍၊ ငါ့စကားကိုကြားနာပြီး လိုက်ကျင့်
သောသူဟူသမျှသည် မည်သူနှင့်တူကြောင်းကို ငါ
၄၈။ နှိုင်းပြမည်။ ဤသူမူကား၊ မြေကိုနက်စွာတူး၍
ကျောက်ပေါ်မှာအုတ်မြစ်ချလျက်အိမ်ကိုဆောက်သော
သူနှင့်တူ၏။ ရေလွှမ်းမိုးသောအခါ၊ မြစ်ရေစီး
ကြောင်းသည်အိမ်ကိုရိုက်ခတ်သော်လည်း မလှုပ်ရှား
ဘဲရှိလိမ့်မည်။အကြောင်းမူကား၊ထိုအိမ်သည်ကျောက်
ပေါ်၌ တည်ဆောက်ထားသော ကြောင့်ဖြစ်၏။
၄၉။ သို့သော် ငါ့စကားကိုကြားနာ၍၊ မလိုက်ကျင့်သော
သူသည်ကား အုတ်မြစ်မချဘဲ၊ မြေပေါ်မှာမိမိအိမ်
ကိုဆောက်သောသူနှင့်တူ၏။မြစ်ရေစီးကြောင်းသည်
အိမ်ရိုက်ခတ်လျှင် ချက်ချင်းပြိုလဲ၍ထိုအိမ်၏ပျက်စီး
ခြင်းသည် ကြီးမားလှပေ၏ဟု မိန့်တော်မူ၏။

## အခန်းကြီး (၇)

## လူတစ်ရာတပ်မှူး၏ အစေခံကိုပျောက်ကင်း စေတော်မူခြင်း (မာ ၈:၆-၁၃)

၁။ သခင်**ယေရှု**သည် မိမိ၏ တရားဒေသနာတော်ကို
လူအများကြားနာကြစေရန် ဟောပြောသွန်သင်တော်
မူပြီးနောက် **ကာပါနာအုမ်**မြို့သို့ ဝင်တော်မူ၏။
၂။ ထိုမြို့၌ လူတစ်ရာတပ်မှူးတွင် သူအလွန်သဘော
ကျသော အစေခံတစ်ဦးရှိ၍ ထိုသူသည် သေလုနီး
၃။ ပါးဖျားနာလျက်ရှိ၏။ လူတစ်ရာတပ်မှူးသည်သခင်
**ယေရှု**၏ အကြောင်းကိုကြားသောအခါ၊ **ဂျူး**လူမျိုး
သက်ကြီးဝါကြီးများကို အထံတော်သို့စေလွှတ်၍
မိမိအစေခံအား ပျောက်ကင်းချမ်းသာပေးရန်ကြွလာ
၄။ ပါမည့်အကြောင်း လျှောက်ထားစေ၏။ ထိုသူတို့
သည် သခင်**ယေရှု**ထံသို့ ရောက်ကြသောအခါ
ကိုယ်တော့်ကို အသနားခံတောင်းလျှောက်ကြလျက်
ဆိုကြသည်မှာဤလူတစ်ရာတပ်မှူးသည်ကိုယ်တော်
၏ ကျေးဇူးတော်ကိုခံထိုက် သောသူဖြစ်ပါသည်။
၅။ သူသည် ကျွန်တော်တို့လူမျိုးကို ချစ်မြတ်နိုး၍၊
ကျွန်တော်တို့အတွက် တရားဇရပ်ကို ဆောက်လုပ်
၆။ ပေးထားပါသည်ဟု ဆိုကြ၏။ သခင်**ယေရှု**သည်
သူတို့နှင့်အတူ လိုက်ပါသွားတော်မူ၍အိမ်နှင့်မလှမ်း
မကမ်းသို့ရောက်တော်မူသောအခါလူတစ်ရာတပ်မှူး
သည် မိတ်ဆွေတို့ကို အထံတော်သို့ စေလွှတ်၍
လျှောက်ထားစေသည်ကား သခင် အပင်ပန်းခံ
တော်မမူပါနှင့်။ အကြောင်းမူကား၊ ကျွန်တော်၏
အိမ်မိုးအောက်သို့ ကိုယ်တော် ကြွဝင်တော်မူရန်
၇။ ကျွန်တော်မထိုက်တန်ပါ။ထို့ကြောင့်ကျွန်တော်သည်
ကိုယ်တော်ထံသို့ ကိုယ်တိုင်လာထိုက်သူမဟုတ် ဟု
ခံယူပါသည်။ အမိန့်တော် တစ်ခွန်းမျှသာ ရှိတော်
မူပါလျှင် ကျွန်တော်၏ အစေခံသည် ပျောက်ကင်း
၈။ ချမ်းသာပါလိမ့်မည်။ အကြောင်းမူကား ကျွန်တော်
သည် မင်းအာဏာစက် အောက်တွင်ရှိသောသူဖြစ်
ပါ၍ ကျွန်တော်၏ လက်အောက်တွင် စစ်သားများ
ရှိပါ၏။ တစ်ယောက်ကို သွားဟု ကျွန်တော်ဆို လျှင်
သွားပါ၏။ အခြားတစ်ယောက်ကို လာခဲ့ဟု
ကျွန်တော်ဆိုလျှင် လာပါ၏။ကျွန်တော်၏အစေခံကို
လည်း ဤအမှုကိုလုပ်လော့ဟု ဆိုလျှင် လုပ်ပါ၏
၉။ ဟုလျှောက်ထားလေ၏။ ထိုစကားကို ယေရှုကြား
တော်မူလျှင် အံ့ဩတော်မူ၍ မိမိနောက်တော်တွင်
လိုက်ပါလာကြသော လူအစုအဝေးတို့ဘက်သို့လှည့်
တော်မူပြီးမှ သင်တို့အား ငါအမှန်ဆိုသည်ကား
ဤကဲ့သို့သော ယုံကြည်ခြင်းကို **အစ္စရေးလ်**လူမျိုး
၌ပင် ငါမတွေ့ဘူးသေးပါတကားဟုမိန့်တော်မူ၏။
၁၀။ စေလွှတ်ခြင်းခံရသော သူတို့အိမ်သို့ ပြန်ရောက်ကြ
သောအခါ အစေခံဖြစ်သူသည် ကျန်းမာလျက်ရှိနေ
သည်ကို တွေ့ကြ၏။

## မုဆိုးမ၏သားကို အသက်ပြန်ရှင်စေတော်မူခြင်း

၁၁။ ထို့နောက် ကိုယ်တော်သည် **နာအိမ်**ဟုခေါ်သောမြို့
သို့ကြွတော်မူသောအခါ တပည့်တော်တို့နှင့်များစွာ
သော လူအစုအဝေးတို့သည် ကိုယ်တော်နှင့်အတူ
လိုက်ပါသွား ကြ၏။
၁၂။ ကိုယ်တော်သည် မြို့တံခါးအနီးသို့ ရောက်တော်မူ
စဉ် လူသေအလောင်းတစ်ခုကို သင်္ဂြိုဟ် ရန်ထုတ်
ဆောင်လာသည်နှင့်ကြုံတွေ့လေ၏။ သေသောသူ
သည်ကား မုဆိုးမမိခင်၏ တစ်ဦးတည်းသောသား
ဖြစ်၏။များစွာသောမြို့သူမြို့သားတို့သည်လည်းသူမ
၁၃။ နှင့်အတူ လိုက်ပါပို့ဆောင်ကြ၏။ ကိုယ်တော် သည်

သူမကိုမြင်တော်မူလျှင် သနားတော်မူသဖြင့်
၁၄။ မငိုနှင့်ဟုမိန့်တော်မူ၏။ထို့နောက် ကိုယ်တော်သည်
အနီးသို့ချဉ်းကပ်လျက်အလောင်းစင်ကို တို့ထိတော်
မူသဖြင့် ထမ်းထားသောသူတို့သည်လည်း ရပ်ထား
လိုက်ကြလေ၏။ ကိုယ်တော်ကလည်းအချင်းလူငယ်
သင့်ကို ငါအမိန့်ပေးသည်၊ ထလော့ဟု မိန့်တော်မူ
၁၅။ လျှင်၊ သေသောသူသည် ထထိုင်လျက်စကားပြော
လေ၏။ကိုယ်တော်သည်လည်း သူ့ကိုသူ၏မိခင်ထံ
၁၆။ သို့ ပြန်အပ်လိုက်လေ၏။ ရှိသမျှလူအပေါင်း
တို့သည် ကြောက်ရွံ့တုန်လှုပ်ကြ၍၊ ဘုရားသခင်ကို
ချီးမွမ်းကြလျက် ငါတို့အလယ်တွင် ကြီးသော
ပရောဖက် တစ်ပါးပေါ်ထွန်းလေပြီ။ ဘုရားသခင်
သည် မိမိလူမျိုးတော်ကို ကြည့်ရှုတော်မူပြီဟုဆိုကြ
၁၇။ ၏။ ကိုယ်တော်၏သတင်းတော်သည် ဂျူဒပြည်
တစ်ဝှမ်းလုံး၏ ပတ်ဝန်းကျင် အရပ်ရပ်တို့တွင်
ပျံ့နှံ့သွားလေ၏။

## ယောဟန်ဗတ္တိဇံသည် မိမိတပည့်များကို သခင်ယေရှုထံစေလွှတ်၍ မေးမြန်းခြင်း (မာ ၁၁:၂-၁၉)

၁၈။ **ယောဟန်**၏ တပည့်တို့သည်လည်း ဤအကြောင်း
အရာအားလုံးကို **ယောဟန်**အားပြောကြားကြလေ
၁၉။ ၏။ ထိုအခါ ယောဟန်သည် မိမိ၏တပည့်
နှစ်ယောက်ကို ခေါ်ပြီးလျှင် သခင်**ယေရှု**ထံတော်
သို့စေလွှတ်၍ ကိုယ်တော်သည် ကြွလာတော်မူမည့်
သူဖြစ်သလော။ သို့မဟုတ် တပည့်တော်တို့သည်
အခြားတစ်ပါးကို စောင့်မျှော်ရဦးမည်လော ဟု
၂၀။ မေးမြန်းစေ၏။ထိုသူတို့သည်အထံတော်သို့ရောက်ကြ
သောအခါ၊ **ယောဟန်ဗတ္တိဇံ**က တပည့်တော်တို့ကို
ကိုယ်တော်ထံသို့စေလွှတ်၍ ဤသို့ မေးလျှောက်စေ
ပါသည်။ ကိုယ်တော်သည် ကြွလာတော်မူမည့်သူ
ဖြစ်ပါသလော၊ သို့မဟုတ် တပည့်တော်တို့သည်
အခြားတစ်ပါးကိုစောင့်မျှော်ရဦးမည်လောဟုလျှောက်
၂၁။ ကြ၏။ထိုအချိန်နာရီ၌ကား ကိုယ်တော်သည်လူများ
စွာတို့ကို ရောဂါဝေဒနာများနှင့်နတ်ဆိုးပူးခြင်းတို့မှ
လွတ်ကင်းချမ်းသာစေတော်မူပြီး မျက်စိမမြင်သူများ
စွာတို့ကိုလည်း စက္ခုအလင်းပြန်ရစေတော်မူ၏။
၂၂။ သခင်ယေရှုကလည်း ထိုသူတို့အား ပြန်ပြောတော်
မူသည်ကား သင်တို့ကြားရ၊ မြင်ရသမျှကို
ယောဟန်ထံသို့သွား၍ ပြောပြကြလော့၊မျက်စိမမြင်
သောသူတို့သည် မျက်စိမြင်ကြရပြီ ခြေမစွမ်းသော
သူတို့သည် လှမ်းသွားကြပြီ၊ အနာကြီးရောဂါသည်
တို့သည် စင်ကြယ်ခြင်းသို့ ရောက်ကြပြီ။သေသော
သူတို့သည် အသက်ပြန်ရှင်ကြပြီ။ ဆင်းရဲသားတို့
သည် သတင်းကောင်းကို ကြားနာကြရပြီ။
၂၃။ ငါ့ကြောင့် စိတ်မပျက်သောသူသည် မင်္ဂလာရှိ၏ဟု
၂၄။ မိန့်တော်မူ၏။ **ယောဟန်** စေလွှတ်သောသူတို့
ထွက်သွားကြသောအခါ၊ကိုယ်တော်သည် ယောဟန်
ကိုအကြောင်းပြု၍ လူအစုအဝေးတို့အား မိန့်တော်မူ
သည်ကား သင်တို့သည် မည်သည့်အရာကိုကြည့်ရှု
အံ့သောငှာ တောအရပ်သို့ ထွက်သွားကြသနည်း။
လေတိုက်သောကြောင့် လှုပ်နေသော ကျူပင်ကို
၂၅။ လော။ မည်သည့်အရာကိုကြည့်ရှုခြင်းငှာ သင်တို့
ထွက်သွားကြသနည်း။နူးညံ့ပျော့ပြောင်းသောဝတ်လုံ
ကို ဝတ်ဆင်ထားသော သူကိုလော။ လှပတောက်
ပြောင်စွာ ဝတ်ဆင်၍၊ စည်းစိမ်ခံစားကြသော
သူတို့သည်ကား ဘုရင့်နန်းတော်များ၌ နေတတ်
၂၆။ ကြ၏။သို့ဖြစ်လျှင် မည်သည့်အရာကို ကြည့်ရှုခြင်း
ငှာ သင်တို့ထွက်သွားကြသနည်း။ ပရောဖက်ကို
လော။ မှန်ပေ၏။ ပရောဖက်ထက် ကြီးမြတ်သော
သူပင်ဖြစ်သည်ဟု သင်တို့အား ငါဆို၏။
၂၇။ ကြည့်လော့။ သင်သွားရန် လမ်းကိုပြင်ဆင်ရန်
ငါ၏တမန်ကို သင်၏ရှေ့၌ ငါစေလွှတ်သည်ဟု
ကျမ်းစာတွင် ရေးထားချက်သည် ဤသူကိုဆိုလို
၂၈။ ခြင်းဖြစ်၏။ သင်တို့အား ငါဆိုသည်ကား၊ မိန်းမ
များမှ ဖွားမြင်သောသူတို့တွင် **ယောဟန်ဗတ္တိဇံ**
ထက်ကြီးမြတ်သောသူ မရှိချေ။ သို့သော် ဘုရား
သခင်၏နိုင်ငံတော်၌ အငယ်ဆုံးသောသူ
၂၉။ သည်ကား **ယောဟန်**ထက်ကြီးမြတ်၏။ထိုစကားကို
ကြားကြသောသူအပေါင်းတို့နှင့် အခွန်ခံသူတို့သည်
ကား **ယောဟန်**ထံမှ ဆေးကြောခြင်းကို ခံယူခဲ့ကြ
ရသောကြောင့် ဘုရားသခင်၏ဖြောင့်မှန်သောအလို
၃၀။ တော်ကို သိမှတ်ဝန်ခံကြ၏။ **ဖါရိရှဲ**များနှင့်
ကျမ်းတတ်ဆရာတို့မူကား **ယောဟန်**ထံမှဆေးကြော
ခြင်းကိုမခံယူခဲ့ကြခြင်းဖြင့် သူတို့အတွက်ဖြစ်သော
ဘုရားသခင်၏စီမံကိန်းတော်ကို ငြင်းပယ်ခဲ့ကြ၏။
၃၁။ ထို့နောက် ကိုယ်တော်က ငါသည် ဤလူမျိုးဆက်

ကိုမည်သည့်အရာနှင့် ပုံခိုင်းနှိုင်းရမည်နည်း။ သူတို့
၃၂။ သည်မည်သည့်အရာနှင့်တူ ကြသနည်း။ ဤသူတို့
သည် ဈေးအလယ်မှာထိုင်နေကြလျက် အချင်းချင်း
ပြောဆိုနေကြသော ကလေးသူငယ်များနှင့်တူကြ၏။
ဤကလေးတို့သည်မိမိတို့ကစားဖော်များကိုလှမ်းခေါ်
လျက် ငါတို့သည် တီးမှုတ်ကခုန်ကြသော်လည်း
သင်တို့သည်မကခုန်ကြ၊ ငါတို့ငိုချင်းချသော်လည်း
၃၃။ သင်တို့မငိုကြဟု ပြောတတ်ကြ၏။ အကြောင်းမူ
ကား၊ **ယောဟန်ဗတ္တိဇံ**သည် မုန့်ကိုမစား၊ စပျစ်
ရည်ကိုလည်းမသောက်ဘဲလာသောအခါ သင်တို့က
သူသည် နတ်ဆိုးပူးနေသည်ဟု ဆိုကြ၏။
၃၄။ လူ့သားသည်စားသောက်လျက်လာသောအခါ၊ကြည့်
လော့။ ဤသူသည် အစာကျူးသောသူ၊ အသောက်
ကျူးသောသူဖြစ်၍အခွန်ခံသူတို့နှင့်အပြစ်ရှိသူတို့၏
၃၅။ မိတ်ဆွေပါတကားဟု သင်တို့ဆိုကြ၏။ဉာဏ်ပညာ
တော်သည်ကား၊ မိမိ၏သားသမီးတို့၏အသိအမှတ်
ပြုခြင်းကိုခံရသည်[၁] ဟု မိန့်တော်မူ၏။

## နောင်တရသော အမျိုးသမီး

၃၆။ **ဖါရီရှေဦး**တစ်ယောက်သည် မိမိနှင့်အတူအစာစား
ရန် ကိုယ်တော်ကိုခေါ်ဖိတ်သဖြင့် ကိုယ်တော်သည်
**ဖါရီရှေဦး**၏အိမ်သို့ဝင်၍ စားပွဲ၌ထိုင်တော်မူလေ၏။
၃၇။ ထိုအချိန်၌မြို့ထဲတွင်ရှိသော အပြစ်ရှိသူ အမျိုးသမီး
တစ်ယောက်သည် **ဖါရီရှေဦး**၏အိမ်၌ ကိုယ်တော်
စားပွဲ၌ ထိုင်နေတော်မူကြောင်းကြားသိလျှင် ဆီမွှေး
ကျောက်ဖြူဘူးတစ်လုံးကို ယူဆောင်၍လာ၏။
၃၈။ သူမသည် ကိုယ်တော်၏နောက်တော်တွင် ခြေတော်
ရင်းနားမှာရပ်နေကာ ငိုကြွေးလျက် ကိုယ်တော်၏
ခြေတော်ကို သူမ၏ မျက်ရည်တို့ဖြင့် စိုစေပြီးမှ
မိမိခေါင်းမှ ဆံပင်ဖြင့်သုတ်လေ၏။ ကိုယ်တော်၏
ခြေတော်ကိုလည်း နမ်းလျက်ဆီမွှေးဖြင့်လိမ်းကျံလေ
၃၉။ ၏။[၂] ကိုယ်တော်ကိုခေါ်ဖိတ်သော **ဖါရီရှေဦး**သည်
ဤအချင်းအရာကို မြင်လေသော် ဤသူသည်
ပရောဖက်ဖြစ်ပါလျှင် မိမိခြေတော်ကိုကိုင်သော
အမျိုးသမီးသည် မည်သူဖြစ်သည်ကိုသိပေလိမ့်မည်။
အကြောင်းမူကား၊ သူမသည် အပြစ်ရှိသော သူဖြစ်
၄၀။ သည်ဟု စိတ်ထဲ၌ဆိုလေ၏။ သခင်**ယေရှု**က **စီမုန်**
သင့်အား ငါပြောစရာ တစ်စုံတစ်ခုရှိသည်ဟု
မိန့်တော်မူလျှင် အမိန့်ရှိတော်မူပါ ဆရာသခင်ဟု
၄၁။ ပြန်ဖြေလေ၏။ ကိုယ်တော်က မိန့်တော်မူသည်မှာ
ငွေချေးသော သူတစ်ဦးထဲ၌အကြွေးတင်နေသူနှစ်ဦး
ရှိ၏။ တစ်ဦးသည် ငွေဒေနာရီ ငါးရာ၊ အခြား
တစ်ဦးသည်ကား ငါးဆယ် အကြွေးတင်ကြ၏။
၄၂။ သူတို့မှာ အကြွေးမဆပ်နိုင်တော့သဖြင့် ငွေချေး
သူသည် သူတို့နှစ်ဦးစလုံးကို အကြွေးမှဖြေလွှတ်
လိုက်လေ၏။ သို့ဖြစ်လျှင် သူတို့နှစ်ဦးတွင်မည်သူ
သည်ကြွေးရှင်ကိုပို၍ချစ်မည်နည်းဟု မေးတော်မူ၏။
၄၃။ **စီမုန်**ကလည်း အကြွေးများစွာ လွှတ်ခြင်းခံရသူ
သည် ပို၍ချစ်မည်ထင်ပါသည်ဟုလျှောက်လေ၏။
ကိုယ်တော်ကလည်း သင်ထင်မှတ်သည့်အတိုင်း
၄၄။ မှန်၏ဟု မိန့်တော်မူ၏။ ထိုနောက် အမျိုးသမီး
ဖက်သို့လှည့်တော်မူလျက် **စီမုန်**အား မိန့်တော်မူ
သည်မှာ ဤအမျိုးသမီးကို သင်မြင်သလော။
ငါသည် သင်၏အိမ်ထဲသို့ဝင်လာသောအခါ ငါ၏
ခြေများကိုဆေးရန် သင်သည်ရေကိုမပေး၊ သို့သော်
သူမသည် မျက်ရည်ဖြင့် ငါ၏ခြေကိုဆေးပြီးမှ မိမိ
၄၅။ ဆံပင်နှင့် သုတ်လေ၏။ သင်သည် ငါ့ကိုမနမ်း၊
သူမသည်ကား ငါဝင်လာသည့်အချိန်မှစ၍ ငါ၏
၄၆။ ခြေတို့ကို အဆက်မပြတ်နမ်းလေ၏။ သင်သည်
ငါ၏ ဦးခေါင်းကိုဆီနှင့်မလိမ်း။ သူမသည်ကား
၄၇။ ငါ၏ ခြေကိုဆီမွှေးဖြင့် လိမ်းကျံ၏။ ထို့ကြောင့်
သင့်အား ငါဆိုသည်ကားသူမသည် များစွာချစ်
သောကြောင့် သူမ၏များစွာသောအပြစ်များခွင့်လွှတ်
ခြင်းခံရ၏။[၃] အနည်းငယ်သာ အပြစ်လွှတ်ခြင်းခံ
ရသူသည် အနည်းငယ်သာချစ်၏ဟုမိန့်တော်မလေ
၄၈။ ၏။ ထို့နောက် ကိုယ်တော်က သင်၏အပြစ်များ
၄၉။ လွှတ်လေပြီဟု သူမအားမိန့်တော်မူ၏။ ကိုယ်တော်

[၁] (၇း၃၅) ဉာဏ်ပညာတော်နှင့်ပြည့်စုံသောဘုရားသခင်၏ သားသမီးများသည် ဘုရားသခင်၏လုပ်ဆောင်ချက်များကို နှစ်သက်လက်ခံကြ၏။

[၂] (၇း၃၈)ယေရှုသည် ခုံတန်လျားပေါ်၌လျောင်းတော်မူရာတွင် မျက်နှာတော်မှာ စားပွဲဘက်သို့လှည့်လျက် ခြေတော်မှာမူ ခုံတန်းလျားပေါ်တွင် ဆန့်ထားလျက်ရှိ၏။

[၃] (၇း၄၇) သခင်ဘုရားမိန့်တော်မူသည်မှာ ချစ်ခြင်းသည် အပြစ်လွှတ်ခြင်းအကြောင်းဖြစ်၏။ အပြစ်လွှတ်ခြင်းသည်လည်း ချစ်ခြင်း၏အကြောင်းဖြစ်၏။

၅၀။ နှင့်အတူ စားပွဲ၌ထိုင်နေကြသော သူတို့ကအပြစ်
များကိုပင် အခွင့်လွှတ်သောသူသည် မည်သူနည်း
၅၁။ ဟု အချင်းချင်းပြောဆိုကြ၏။ ကိုယ်တော်ကလည်း
သင်၏ ယုံကြည်ခြင်းသည် သင့်ကို ကယ်တင်
လေပြီ။ စိတ်ချမ်းသာစွာသွားလော့ဟု အမျိုးသမီး
အားမိန့်တော်မူ၏။

## အခန်းကြီး (၈)
## ကိုယ်တော်၏နောက်တော်သို့ လိုက်ကြသော အမျိုးသမီးများ

၁။ ထို့နောက် ကိုယ်တော်သည် မြို့ရွာတို့ကိုကြွသွား
တော်မူ၍ လှည့်တော်မူ၍ ဘုရားသခင်၏ နိုင်ငံ
တော်အကြောင်း သတင်းကောင်းကို ဟောပြော
တော်မူ၏။ တပည့်တော် တစ်ဆယ့်နှစ်ပါးတို့သည်
လည်း ကိုယ်တော်နှင့်အတူ လိုက်ပါကြ၏။
၂။ နတ်ဆိုးစီးခြင်းနှင့် အနာရောဂါများမှ ပျောက်ကင်း
ချမ်းသာရခဲ့သော အမျိုးသမီးအချို့တို့သည်လည်း
လိုက်လာကြ၏။ နတ်ဆိုးခုနစ်ကောင်ပူးဝင်ခြင်းမှ[၁]
လွတ်မြောက်ခဲ့သော **မာဒလေးနာ** ခေါ် **မာရိယာ**။
၃။ **ဟေရုဒ်**၏ ဘဏ္ဍာစိုးဖြစ်သော **ခုဇာ**၏ဇနီး
**ဂျိုအန္နာ**၊ **ဆုဇန္နာ**နှင့် အခြားသူများသည်လည်း ထို
အမျိုးသမီးကို အစုတွင် ပါဝင်ကြ၏။

## မျိုးကြဲသူ၏ ပုံဥပမာ
## (မာ ၁၃း၁–၉၊ မာကု ၄း၁–၉)

၄။ များစွာသော လူအပေါင်းတို့သည် မြို့ရွာအသီးသီး
တို့မှလာကြ၍ အထံတော်တွင်စုဝေးလျက်ရှိကြသော
အခါ ကိုယ်တော်သည် ပုံဥပမာ[၂] ဖြင့်သူတို့အား
၅။ သွန်သင်တော်မူသည်ကား။ မျိုးစေ့ကြဲသောသူတစ်ဦး
သည် မိမိမျိုးစေ့ကိုကြဲရန် ထွက်သွားလေ၏။ မျိုးစေ့
ကြဲရာတွင် အချို့သောမျိုးစေ့တို့သည်လမ်းပေါ်၌ကျ
သဖြင့်ခြေဖြင့် နင်းခြေခြင်းခံကြရ၍၊ ကောင်းကင်
၆။ ငှက်တို့သည် ကောက်စားကြ၏။ အချို့မျိုးစေ့တို့
သည် ကျောက်ဆောင်ပေါ်၌ကျသဖြင့် အပင်ပေါက်
လာသောအခါ အစိုဓာတ် ကင်းမဲ့သောကြောင့်
၇။ ညှိုးနွမ်းခြောက်သွေ့ သွားကြလေ၏။ အချို့မျိုးစေ့
တို့သည် ဆူးပင်တို့နှင့်အတူ ကြီးထွားသောသော
၈။ ကြောင့် ခြုံရုံလွှမ်းမိုးခြင်း ကိုခံကြရ၏။ အချို့မျိုး
စေ့များသည်ကား ကောင်းသောမြေပေါ်တွင်ကျသ
ဖြင့် အပင်ပေါက်၍ အသီးအဆတစ်ရာသီးကြ၏။
ကိုယ်တော်သည် ဤသို့မိန့်တော်မူပြီးမှ ကြားခြင်း
ငှာ နားရှိသောသူသည် ကြားပါစေဟု ကြွေးကြော်
တော်မူ၏။

## ပုံဥပမာဖြင့် ဟောပြောရခြင်း၏ ရည်ရွယ်ချက်
## (မာ ၁၃း၁၀–၁၇၊ မာကု ၄း၁၀–၁၂)

၉။ တပည့်တော်တို့သည် ဤပုံဥပမာ၏အနက်အဓိပ္ပာယ်
၁၀။ ကို ကိုယ်တော်အား မေးလျှောက်ကြသောအခါ၊
ကိုယ်တော်က သင်တို့သည် ကောင်းကင်နိုင်ငံတော်
၏လျှို့ဝှက်နက်နဲသောအကြောင်းအရာကိုသိခွင့်ရကြ
၏။ အခြားသူတို့ကိုမူ သူတို့သည်ကြည့်သော်
လည်းမမြင်ရကြ။ နားထောင်သော်လည်း နားမ
လည်ကြရသောကြောင့် သူတို့အား ပုံဥပမာဖြင့်သာ
ဟောပြောရခြင်း ဖြစ်၏။[၃]

## မျိုးကြဲသူ၏ပုံဥပမာကိုရှင်းလင်းခြင်း
## (မာ ၁၃း၁၈–၂၃၊ မာကု ၄း၁၃–၂၀)

၁၁။ ပုံဥပမာ၏ အနက်အဓိပ္ပါယ်သည်ကား ဤသို့
ဖြစ်၏။ မျိုးစေ့သည် ဘုရားသခင်၏ နှုတ်ကပတ်
၁၂။ တော်ဖြစ်၏။ လမ်းပေါ်မှာကျသော မျိုးစေ့သည်
ကား၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုကြားနာ
ကြသော်လည်း နတ်ဆိုးလာ၍ ထိုသူတို့သည်
ယုံကြည်၍ ကယ်တင်ခြင်းမခံရအောင် နှုတ်ကပတ်
တော်ကိုသူတို့၏နှလုံးထဲမှ နှုတ်ယူခြင်းခံကြရသော
၁၃။ သူများဖြစ်၏။ ကျောက်ဆောင်ပေါ်မှာ ကျသော
မျိုးစေ့သည်ကား၊ နှုတ်ကပတ်တော်ကိုကြားနာသော
အခါ၊ ဝမ်းမြောက်ဝမ်းသာ လက်ခံကြသော်လည်း

---

[၁] (၈း၂) များစွာသောနတ်ဆိုးများကိုဆိုလိုသည်။

[၂] (၈း၄) မာတေဦး ၁၃း၃၊ မာကု ၄း၃။

[၃] (၈း၁၀) မာတေဦး ၁၃း၁၄၊ မာကု ၄း၁၂၊ ယော ၁၂း၄၀။

အမြစ် မတွယ်နိုင်သောကြောင့် ခေတ္တခဏသာ
ယုံကြည်သဖြင့် နှောင့်ယှက်ခြင်းခံရချိန်တွင်စွန့်ခွာ
၁၄။ သွားသောသူများ ကိုဆိုလို၏။ ဆူးပင်တို့အလယ်
တွင်ကျရောက်သော မျိုးစေ့တို့သည်ကား နှုတ်က
ပတ်တော်က ကြားနာသော်လည်း လောကီရေးရာ
တို့၌ စိုးရိမ်ကြောင့်ကြခြင်း၊ ချမ်းသာကြွယ်ဝခြင်း
နှင့်ကာမဂုဏ်ခံစားခြင်းတို့လွှမ်းမိုးသောကြောင့်အသီး
၁၅။ မသီးနိုင်သော သူတို့ကို ဆိုလိုသည်။ကောင်းသော
မြေပေါ်မှာကျသော မျိုးစေ့သည်ကား၊ နှုတ်ကပတ်
တော်ကိုကြားနာ၍ ဖြောင့်မတ်စင်ကြယ်သော နှလုံး
ဖြင့် စွဲမြဲစွာခံယူသောကြောင့် အသီးသီးသော
သူများကို ဆိုလိုခြင်းဖြစ်သည်။

## ဆီမီးခွက်ကို ဖုံးအုပ်မထားအပ်ခြင်း
## (မာ ၅း၁၅၊ မာကု ၄း၂၁–၂၅)

၁၆။ ထို့ပြင် မည်သူမျှ ဆီမီးကိုထွန်း၍၊ တောင်းဖြင့်အုပ်
ထားလေ့မရှိ။ အိပ်ရာအောက်တွင်လည်း ထားလေ့
မရှိကြ။ ဝင်လာသောသူတို့သည် အလင်းကိုမြင်နိုင်
စေရန် ဆီမီးကိုမီးခုံပေါ်မှာတင်ထားလေ့ ရှိကြ၏။[၄]
၁၇။ အကြောင်းမူကား၊ ဝှက်ကွယ်ထားသော အရာတို့
သည် ထင်ရှားစွာပေါ်ထွက်လာရလိမ့်မည်။လျှို့ဝှက်
စွာထားသော အရာတို့သည်လည်း ပေါ်လွင်စွာ
၁၈။ သိမြင်ရ၍၊ အလင်းသို့ရောက်လိမ့်မည်။[၅]ထို့ကြောင့်
သင်တို့ မည်ကဲ့သို့ကြားနာရသည်ကို သတိပြုကြ
လော့။ အကြောင်းမူကား ရှိသောသူအားထပ်
လောင်း၍ ပေးလိမ့်မည်။ မရှိသောသူထံမှမူကား၊
သူ့တွင်ရှိသည်ဟု ထင်ရသော အရာကိုပင်သိမ်းယူ
လိမ့်မည်ဟု [၆]မိန့်တော်မူ၏။

[၄] (၈း၁၆)သခင်ယေရှုးသည် မိမိကိုယ်ကိုလောက၏အလင်းဟုခေါ်တော်မူသည်။ ဆီမီးခွက်ကိုတင်သည့်ခုံသည်အသင်းတော်ကိုရည်ညွှန်းသည်။ ကိုယ်တော့်နှုတ်ကပတ်တော်၏အလင်းအားဖြင့် အသင်းတော်ကို ထွန်းလင်းစေတော်မူသည်ဟု ဆိုလိုသည်။

[၅] (၈း၁၇) မာတေဦး ၁၀း၂၆။

[၆] (၈း၁၈) ကောင်းသောသူတို့သည် အကျင့်ပါရမီ၌တစ်ဆင့်ပြီး တစ်ဆင့်တိုးတက်လိမ့်မည်။ မကောင်းသောသူတို့မူကား၊ မိမိတို့၌ရှိသောအလင်းကျေးဇူးကိုပင် နှုတ်သိမ်းခြင်းခံရလိမ့်မည်။

## သခင်ယေရှုးမယ်တော်နှင့်ဆွေတော်မျိုးတော်များ
## (မာ ၁၂း၄၆–၅၀၊ မာကု ၃း၃၁–၃၅)

၁၉။ ထိုအခါ ကိုယ်တော်၏ မယ်တော်နှင့် ညီတော်များ[၇]
သည် အထံတော်သို့ လာကြ၏။ သို့သော်လူအစု
အဝေးတို့ကြောင့် အထံတော်သို့ မချဉ်းကပ်နိုင်ကြ
၂၀။ ချေ။ ကိုယ်တော်၏ မယ်တော်နှင့်ညီတော်တို့သည်
ကိုယ်တော့်ကို တွေ့လို၍၊ အပြင်မှာ ရပ်နေကြပါ
၂၁။ သည်ဟုကိုယ်တော်အားလျှောက်ကြလျှင်။ကိုယ်တော်
ကဘုရားသခင်၏နှုတ်ကပတ်တရားတော်ကိုကြားနာ
၍၊ လိုက်ကျင့်သောသူများသည် ငါ၏အမိ၊ ငါ၏
ညီများဖြစ်ကြ၏ဟု မိန့်တော်မူ၏။

## လေမုန်တိုင်းကိုငြိမ်သက်စေတော်မူခြင်း
## (မာ ၈း၂၃–၂၇၊ မာကု ၄း၃၅–၄၁)

၂၂။ တစ်နေ့သ၌ ကိုယ်တော်သည် တပည့်တော်တို့နှင့်
အတူလှေပေါ်သို့တက်တော်မူ၍ အိုင်တစ်ဘက်ကမ်း
သို့ကူးကြစို့ဟု သူတို့အားမိန့်တော်မူလျှင် သူတို့
၂၃။ သည် ရွက်လွှင့်သွားကြလေ၏။ ထိုသို့ကူးသွား
စဉ်တွင် ကိုယ်တော်သည် အိပ်စက်တော်မူ၏။
ထိုအချိန်၌ အိုင်အတွင်း လေမုန်တိုင်းကျသဖြင့်
လှေသည်ရေပြည့်လုမတတ်ဖြစ်သောကြောင့် တပည့်
၂၄။ တော်တို့သည် အန္တရာယ်နှင့်တွေ့ကြုံကြ၏။တပည့်
တော်တို့သည်လည်း ကိုယ်တော်ကို နှိုးကြလျက်
သခင်၊ သခင်တပည့်တော်တို့ သေဆုံးကြရပါတော့
မည်ဟု လျှောက်တင်ကြ၏။ ကိုယ်တော်သည်
ထတော်မူ၍ လေနှင့်လှိုင်းတံပိုးကို ဟန့်တားတော်မူ
သဖြင့် ရပ်စဲသွားကြသောအခါ ငြိမ်သက်ခြင်းသို့
၂၅။ ရောက်လေ၏။ ကိုယ်တော်ကလည်း သင်တို့၏
ယုံကြည်ခြင်းသည်အဘယ်မှာ ရှိသနည်းဟု သူတို့
အားမိန့်တော်မူ၏။တပည့်တော်တို့သည် ကြောက်ရွံ့
အံ့သြကြ၍ ဤသူသည်ကား မည်သူဖြစ်နိုင်မည်
နည်း။ သူသည် လေနှင့်လှိုင်းတံပိုးတို့ကို အမိန့်
ပေးလျှင် ယင်းတို့သည် သူ၏အမိန့်ကိုနာခံကြပါ
သည်တကားဟု အချင်းချင်း ပြောဆိုကြ၏။

[၇] (၈း၁၉) ညီအစ်ကိုဝမ်းကွဲတော်သူများကို ကျမ်းစကားအရ ညီအစ်ကိုများဟု ခေါ်ဝေါ်ခြင်းဖြစ်၏။

## နတ်ဆိုးများကို နှင်ထုတ်တော်မူခြင်း
## (မာ ၈း၂၈–၃၄၊ မာကု ၅း၁–၂၀)

၂၆။ ကိုယ်တော်နှင့် တပည့်တော်တို့သည် **ဂါလိလေနယ်**
တစ်ဘက်ကမ်းရှိ**ဂျေရစင်**နယ်သို့ ရောက်ကြလေ၏။
၂၇။ ကိုယ်တော်သည် ကုန်းပေါ်သို့တက်တော်မူသော
အခါ နတ်ဆိုးပူးခြင်းခံနေရသောသူ တစ်ယောက်
သည်ကိုယ်တော်နှင့်တွေ့ဆုံလေ၏။ သူသည်ထိုမြို့မှ
ဖြစ်၍ အဝတ်အစားမဝတ်၊ အိမ်တွင်လည်း မနေဘဲ
သင်္ချိုင်းဂူများအကြားတွင် နေထိုင်ခဲ့သည်မှာ ကာလ
ကြာမြင့်စွာရှိလေပြီ။
၂၈။ ထိုသူသည် သခင်**ယေရှုး**ကိုမြင်လျှင် ရှေ့တော်၌ပျပ်
ဝပ်လျက် ကျယ်လောင်သောအသံဖြင့် အော်ဟစ်၍၊
အမြင့်မြတ်ဆုံးသောဘုရား၏သားတော်ယေရှုး[၈] ကိုယ်
တော်သည် ကျွန်ုပ်နှင့်မည်သို့သက်ဆိုင်ပါသနည်း။
ကျွန်ုပ်ကိုညှင်းဆဲတော်မမူရန် တောင်းပန်ပါသည်ဟု
၂၉။ အသနားခံလေ၏။ အကြောင်းမူကား၊ ကိုယ်တော်
သည် ညစ်ညူးသောနတ်ဆိုးကို ထိုသူ့ထဲမှထွက်ခွာ
ရန် အမိန့်ပေးတော်မူသောကြောင့်တည်း။ နတ်ဆိုး
သည်ကား သူ့ကိုကြိမ်ဖန်များစွာ ပူးဝင်ဖိစီးခဲ့၏။
ဤသူ၏ခြေလက်တို့ကို သံကြိုးဖြင့် ချည်နှောင်၍၊
အစောင့်အကြပ်ဖြင့် ထားကြသော်လည်း သူသည်
သံကြိုးများကိုချိုးဖြတ်၍ နတ်ဆိုးသည်သူ့ကို တော
၃၀။ ကန္တာရသို့ မောင်းထုတ်တတ်၏။ သခင်**ယေရှုး**က
သင်၏အမည်ကား မည်သို့ခေါ်သနည်းဟု သူ့အား
မေးတော်မူ၏။ သူကလည်း ကျွန်ုပ်၏အမည်မှာ
**လေဂျင်**[၉]ဖြစ်ပါသည်ဟု ပြန်ဖြေလေ၏။ အကြောင်း
မူကား၊သူ၌နတ်ဆိုးများစွာပူးဝင်နေသောကြောင့်ဖြစ်
၃၁။ ၏။ နတ်ဆိုးတို့ကလည်း မိမိတို့ကို နက်ရှိုင်းသော
ငရဲသို့သွားရန် အမိန့်မပေးပါမည်အကြောင်း ကိုယ်
၃၂။ တော့်ကိုတောင်းပန်ကြ၏။ ထိုအချိန်၌ ဝက်အုပ်ကြီး
တစ်အုပ်သည် တောင်ကုန်းပေါ်တွင် အစာစားလျက်
ရှိ၏။ နတ်ဆိုးတို့က မိမိတို့အား ဝက်များတွင်
ပူးဝင်ခွင့်ပြုပါရန် တောင်းပန်ကြလျှင် ကိုယ်တော်
၃၃။ သည် သူတို့ကို အခွင့်ပေးတော်မူ၏။[၁၀] ထိုအခါ
နတ်ဆိုးတို့သည် ထိုလူမှထွက်ခွာ၍ ဝက်များထဲသို့
ဝင်ကြသဖြင့် ဝက်အုပ် တစ်အုပ်လုံးသည်
ချောက်ကမ်းပါးအတိုင်း ရေအိုင်တွင်းသို့ တဟုန်
၃၄။ တည်းပြေးဆင်းရာ ရေတွင်နစ်မြုပ်သေဆုံး ကြကုန်
၏။ ဝက်များကိုထိန်းကျောင်း နေသောသူတို့သည်
ဖြစ်ပျက်သမျှကိုမြင်ကြသောအခါ ထွက်ပြေးကြ၍
မြို့တွင်းနှင့် အရပ်ဒေသတစ်ခုလုံးတွင်ဤအကြောင်း
၃၅။ ပြောပြကြ၏။ ထိုအခါ လူများသည် ဖြစ်ပျက်
သမျှကိုကြည့်ရှုရန် ထွက်လာကြ၏။ သခင်**ယေရှုး**
အထံတော်သို့ရောက်ကြသော် နတ်ဆိုးများစွန့်ခွာ
သွားသောသူမှာ အဝတ်များဝတ်ဆင်လျက် သခင်
ယေရှုး၏ခြေတော်ရင်း၌အကောင်းပကတိထိုင်လျက်
နေသည်ကို တွေ့မြင်ကြသောကြောင့် သူတို့သည်
၃၆။ ကြောက်ရွံ့တုန်လှုပ်ကြ၏။အဖြစ်အပျက်ကိုမြင်တွေ့
ခဲ့ရသူများက နတ်ဆိုးများပူးဝင်နေသော သူသည်
မည်ကဲ့သို့ပျောက်ကင်းချမ်းသာလာခဲ့သည်ကို သူတို့
၃၇။ အားပြောပြကြ၏။ထိုအခါ **ဂျေရစင်**နယ်တစ်ဝှမ်းလုံး
မှလူအပေါင်းတို့သည် လွန်စွာကြောက်ရွံ့တုန်လှုပ်
ကြသဖြင့် မိမိတို့ဒေသမှထွက်ခွာသွား တော်မူပါရန်
တောင်းပန်ကြ၏။ကိုယ်တော်သည်လည်းလှေပေါ်သို့
၃၈။ တက်တော်မူ၍ ပြန်ကြွသွားတော်မူ၏။ နတ်ဆိုးများ
စွန့်ခွာခြင်းခံခဲ့ရသောသူသည်မိမိအားကိုယ်တော်နှင့်
လိုက်ခွင့်ပြုပါရန်တောင်းပန်လေ၏။သို့သော် ကိုယ်
၃၉။ တော်သည်သူ့ကိုပြန်လွှတ်တော်မူ၍၊ သင်၏အိမ်သို့
ပြန်သွားလော့။ သင်၌ ဘုရားသခင်ပြုတော်မူသမျှ ကို
ပြောကြားလော့ဟု မိန့်တော်မူ၏။ သူသည်
လည်းထွက်သွား၍ မိမိအတွက် သခင်**ယေရှုး**
ပြုတော်မူခဲ့သမျှကို တစ်မြို့လုံးကြေညာပြောလေ၏။

---

[၈] (၈း၂၈) နတ်ဆိုးများသည် ကိုယ်တော့်ကိုအမြင့်မြတ်ဆုံးသောဘုရား၏ သားတော်ဟုဝန်ခံရန်အလိုဆန္ဒရှိကြသည်မဟုတ်။ ကိုယ်တော်၏အဖြစ်မှန်ကိုသိ၍သာ မဖြစ်မနေဝန်ခံခြင်းဖြစ်၏။

[၉] (၈း၃၀)လေဂျင်ဆိုသည်မှာရောမစစ်တပ်တစ်တပ်ကိုဆိုလိုသည်။ ရောမစစ်တပ်တစ်တပ်လျှင်စစ်သားခြောက်ထောင်ရှိ၏။ဤကျမ်းချက်၌ အရေအတွက်ပိုင်းခြားခြင်းကို မဆိုလို၊ များပြားခြင်းကိုသာဆိုလိုသည်။

[၁၀] (၈း၃၂)နတ်ဆိုးများသည် တိရစ္ဆာန်များအပေါ်၌ပင် တန်ခိုးအာဏာမရှိလျှင် လူတို့အပေါ်၌မူကားသာ၍၊ အခွင့်အာဏာမရှိနိုင်။ ထို့ကြောင့် ဝက်ထဲသို့ဝင်ရန်အတွက် သခင်ယေရှုးထံမှ အခွင့်တောင်းရခြင်း ဖြစ်၏။ အကြောင်းမူကား၊ လူသည် ဘုရားသခင်၏ပုံသဏ္ဍာန်ဖြစ်၍ ခရစ္စတူး၏အသွေးတော်အားဖြင့် ကယ်တင်ခြင်းခံရသူဖြစ်၏။

## ဂျိုင်ရု၏သမီးကို ပြန်ရှင်စေ၍သွေးသွန်သော အမျိုးသမီးကို ပျောက်ကင်းစေတော်မူခြင်း (မာ ၅း၁၈–၂၆၊ မာကု ၅း၂၁–၄၃)

၄၀။ သခင်**ယေရှု** ပြန်ကြွလာတော်မူသောအခါ၊ လူအစု
အဝေးတို့သည်ကိုယ်တော့်ကို ခရီးဦးကြိုပြုကြ၏။
အကြောင်းမူကား သူတို့သည် ကိုယ်တော့်ကိုစောင့်
၄၁။ မျှော်နေကြသောကြောင့်ဖြစ်၏။ ထိုအခါ**ဂျိုင်ရု**အမည်
ရှိသော တရားဇရပ်မှူးတစ်ဦးသည် အထံတော်သို့
ရောက်လာ၍ ကိုယ်တော်၏ ခြေတော်ရင်း၌ပျပ်ဝပ်
လျက်မိမိအိမ်သို့ ကြွလာတော်မူပါမည့်အကြောင်း
၄၂။ အသနားခံ တောင်းလျှောက်လေ၏။ အကြောင်းမူ
ကား သူ၏တစ်ဦးတည်းသော တစ်ဆယ့်နှစ်နှစ်
အရွယ်သမီးငယ်သည်သေအံ့ဆဲဆဲရှိနေသောကြောင့်
ဖြစ်၏၊ ကိုယ်တော်ကြွတော်မူစဉ်တွင် လူအစုအဝေး
တို့သည် ကိုယ်တော့်ကို ကျပ်ညှပ်လုမတတ်တိုးဝှေ့
၄၃။ ကြ၏။ ထိုအချိန်၌ တစ်ဆယ့်နှစ်နှစ်ပတ်လုံး
သွေးသွန်နာစွဲကပ်နေသော အမျိုးသမီးတစ်ဦးရှိ၏။
သူမသည်မိမိ၌ရှိသမျှ ဥစ္စာကြေးငွေများကို ကုန်ကျ
ခံ၍ ဆေးဆရာများနှင့်ကုသသော်လည်း မည်သူမျှ
သူမကို ပျောက်ကင်းစေနိုင်ခြင်းမရှိခဲ့ချေ။
၄၄။ ထိုအမျိုးသမီးသည် ကိုယ်တော်၏နောက်မှချဉ်းကပ်
လျက် ဝတ်လုံတော်၏ပန်းပွားစများကို တို့ထိ လျှင်
ချက်ချင်းပင်သူမခံစားနေရသောသွေးသွန်ခြင်း
၄၅။ သည် ရပ်သွားလေ၏။ ထိုအခါ သခင်ယေရှုက
မည်သူသည် ငါ့ကိုတို့ထိ သနည်းဟုမေးတော်မူ
လျှင် လူအားလုံးက ငြင်းဆိုကြ၏။ **ပေတရု**က
သခင်၊ လူအစုအဝေးတို့သည် ကိုယ်တော်ကို ဝိုင်းရံ၍
တိုးဝှေ့နေကြပါသည်ဟု လျှောက်လေ၏။
၄၆။ သို့သော် ကိုယ်တော်က တစ်စုံတစ်ယောက်သည်
ငါ့ကိုတို့ထိလေပြီ။ အကြောင်းမူကား၊ ငါ၏ ကိုယ်မှ
တန်ခိုးထွက်သွားသည်ကို ငါသိလိုက်၏ဟု
၄၇။ မိန့်တော်မူ၏။ ထိုအမျိုးသမီးသည်ကား၊ မိမိပုန်း
ကွယ်၍မရနိုင်ကြောင်းကိုသိရှိပြီး၊ ကြောက်ရွံ့တုန်လှုပ်
လျက် ရှေ့တော်သို့လာ၍ ပျပ်ဝပ်ကာအဘယ်
ကြောင့် ကိုယ်တော်ကိုတို့ထိရကြောင်းနှင့်မည်ကဲ့သို့
ပျောက်ကင်း ချမ်းသာရကြောင်းကို လူအပေါင်းတို့
၄၈။ ရှေ့တွင်ဝန်ခံ ပြောဆိုလေ၏။ ကိုယ်တော်ကလည်း
သမီး၊ သင်၏ယုံကြည်ခြင်းသည် သင့်ကိုကျန်းမာ
၄၉။ စေပြီ။ စိတ်ချမ်းသာစွာသွားလော့ဟုမိန့်တော်မူ၏။
ယင်းသို့ ကိုယ်တော်မိန့်တော်မူစဉ်တရားဇရပ်မှူး၏
အိမ်မှ လူတစ်ယောက်သည် ရောက်လာ၍ သင်၏
သမီးသေဆုံးလေပြီ။ သခင်ကို ဒုက္ခမခံပါစေနှင့်ဟု
၅၀။ တရားဇရပ်မှူး အားဆို၏။ သခင်**ယေရှု**မူကား၊
ထိုစကားကိုကြားသောအခါ မစိုးရိမ်နှင့်။ ယုံကြည်
ခြင်းသာရှိလော့။ သူငယ်မသည်ကျန်းမာလာလိမ့်မည်
၅၁။ ဟု သူ့အား မိန့်တော်မူ၏။ ကိုယ်တော်သည်
တရားဇရပ်မှူး၏အိမ်သို့ ရောက်တော်မူသောအခါ
**ပေတရု**၊ **ယောဟန်**၊ **ယာကုပ်** နှင့် သူငယ်မ၏
မိဘများမှတစ်ပါး မည်သူ့ကိုမျှ မိမိနှင့်အတူအိမ်
အတွင်းသို့ဝင်ရန် ခွင့်ပြုတော် မမူချေ။
၅၂။ လူအပေါင်းတို့သည် သူငယ်မအတွက် ပူဆွေးငို
ကြွေးလျက်ရှိကြစဉ် ကိုယ်တော်ကမငိုကြွေးကြနှင့်။
သူငယ်မသေဆုံးသည်မဟုတ်။ အိပ်ပျော်နေသည်ဟု
၅၃။ မိန့်တော်မူ၏။ ထိုအခါသူတို့သည်သူငယ်မသေဆုံးပြီ
ကြောင်းကိုသိသဖြင့် ကိုယ်တော်ကို ပြောင်လှောင်
၅၄။ ရယ်မောကြ၏။ ကိုယ်တော်သည်ကား၊ သူငယ်မ၏
လက်ကိုဆုပ် ကိုင်တော်မူလျက် ကလေးမ ထလော့
၅၅။ ဟုမိန့်တော်မူ၏။ သူငယ်မသည်လည်း အသက်ပြန်
၅၆။ ရှင်လာ၍ ချက်ချင်းပင်ထလေ၏။ ကိုယ်တော်သည်
သူငယ်မအားစားစရာတစ်စုံတစ်ခုပေးစေရန် မိန့်မှာ
တော်မူ၏။

## အခန်းကြီး (၉)

## တပည့်တော်တစ်ဆယ့်နှစ်ပါးကို စေလွှတ်တော်မူခြင်း (မာ ၁၀း၅–၁၅၊ မာကု ၆း၇–၁၃)

၁။ ကိုယ်တော်သည် တပည့်တော်တစ်ဆယ့်နှစ်ပါးတို့ကို
အထံတော်သို့ခေါ်တော်မူပြီးလျှင်နတ်ဆိုးအပေါင်းတို့
ကို နှင်ထုတ်နိုင်ရန်နှင့် အနာရောဂါများကို ပျောက်
ကင်းစေနိုင်ရန် တန်ခိုးအာဏာတို့ကို သူတို့အားပေး
၂။ တော်မူပါ၏။ ထို့နောက် ဘုရားသခင်၏ နိုင်ငံတော်
အကြောင်းကို ဟောပြောရန်နှင့် ဖျားနာသူများကို
ပျောက်ကင်းချမ်းသာပေးစေရန် သူတို့ကို စေလွှတ်
၃။ တော်မူ၏။ ကိုယ်တော်က သင်တို့သွားရမည့်လမ်း
ခရီးအတွက်မည်သည့်အရာကိုမျှ ယူဆောင်မသွား

ကြလေနှင့်။ တောင်ဝှေး၊ လွယ်အိတ်၊ စားစရာနှင့်
ငွေကြေးတို့ကိုသယ်ဆောင်မသွားကြနှင့်။ ဝတ်ရုံကို
၄။ လည်းနှစ်ထည်ယူမသွားလေနှင့်။ မည်သည့်အိမ်ကို
မဆိုသင်တို့ဝင်ကြလျှင် ပြန်လည်ထွက်ခွာသည့်တိုင်
၅။ အောင် ထိုအိမ်တွင် နေထိုင်ကြလော့။ သင်တို့ကို
လက်မခံသူများရှိလျှင် ထိုမြို့မှ ထွက်ခွာသောအခါ
ထိုသူတို့အတွက် သက်သေခံဖြစ်စေခြင်းငှာ သင်တို့
ခြေမှမြေမှုန့်ကို ခါပစ်ကြလော့ဟု သူတို့အား မိန့်
၆။ တော်မူ၏။ တပည့်တော်တို့သည်လည်း ထွက်သွား
ကြ၍မြို့ရွာများကိုလှည့်လည်ကာအရပ်ရပ်၌သတင်း
ကောင်းကို ဟောပြောလျက် အနာရောဂါများကို
ပျောက်ကင်းစေကြ၏။

## ဟေရုဒ်မင်းကြီး စိတ်ဇဝေဇဝါဖြစ်ခြင်း
## (မာ ၁၄း၁–၂၊ မာကု ၆း၁၄–၂၉)

၇။ ဖြစ်ပျက်သမျှအားလုံးကို **ဘုရင်ခံဟေရုဒ်**မင်းကြား
လျှင် စိတ်ဇဝေဇဝါဖြစ်လေ၏။ အဘယ်ကြောင့်ဆို
သော်အချို့က**ယောဟန်**သည် သေရာမှပြန်ရှင်လေပြီ
၈။ ဟုဆိုကြ၏။အချို့က**ဧလိယ**ပြန်ကြွလာပြီ။ အချို့က
မူကား၊ရှေးကပရောဖက်တစ်ပါးပါး အသက်ပြန်ရှင်
လာပြီ[၁]ဟူ၍ ပြောဆိုနေကြသောကြောင့်ဖြစ်၏။
၉။ **ဟေရုဒ်**မင်းက
ငါသည်**ယောဟန်**၏ဦးခေါင်းကိုဖြတ်
ခဲ့ပြီးပြီ၊ငါကြားနေရသော ဤသူသည်ကား၊ မည်သူ
ဖြစ်မည်နည်းဟုဆိုလျက်ကိုယ်တော့်ကိုတွေ့မြင်ရခြင်း
ငှာ ရှာကြံလျက်ရှိ၏။

## လူငါးထောင်ကိုကျွေးမွေးတော်မူခြင်း
## (မာ ၁၄း၁၃–၂၁၊ မာကု ၆း၃၀–၄၄၊ ယော ၆း၁–၁၄)

၁၀။ တပည့်တော်တို့သည် အထံတော်သို့ ပြန်လာကြ၍၊
မိမိတို့ လုပ်ဆောင်ခဲ့သမျှတို့ကို ကိုယ်တော်အား
လျှောက်ထားကြ၏။ ကိုယ်တော်သည်လည်း သူတို့
ကိုခေါ်တော်မူ၍**ဘက်ဇိုင်ဒါ**မြို့သို့ထွက်ခွာသွားတော်
၁၁။ မူ၏။လူအစုအဝေးတို့သည်ဤအကြောင်းကိုကြားသိ
သောအခါ၊ ကိုယ်တော်သွားရာ နောက်သို့လိုက်ကြ
၏။ ကိုယ်တော်သည် သူတို့ကိုလက်ခံကြိုဆိုလျက်
ဘုရားသခင်၏ နိုင်ငံတော်အကြောင်းကို ဟောပြော
သွန်သင်၍မကျန်းမာသူတို့ကို ပျောက်ကင်းချမ်းသာ
၁၂။ စေတော်မူ၏။ညနေအချိန်ရောက်သောအခါ၊ တပည့်
တော် တစ်ဆယ့်နှစ်ပါးတို့သည် ကိုယ်တော်ထံတော်
သို့ လာကြပြီးလူအစုအဝေးတို့အား ပတ်ဝန်းကျင်
ရှိကျေးရွာများသို့သွား၍၊တည်းခိုစရာနှင့်အစားအစာ
များကိုရှာဖွေနိုင်ရန် စေလွှတ်တော်မူပါ။ အဘယ်
ကြောင့်ဆိုသော် တပည့်တော်တို့ရောက်ရှိနေသော
နေရာသည် လူသူကင်းဝေးသည့်အရပ်ဖြစ်ပါသည်
၁၃။ ဟုလျှောက်ကြ၏။သို့သော်ကိုယ်တော်ကသူတို့စားရန်
အတွက် သင်တို့ပေးကြလောဟုတပည့်တော်တို့အား
မိန့်တော်မူ၏။ သူတို့ကလည်း ဤလူများအတွက်
စားစရာကို တပည့်တော်တို့သွား၍ မဝယ်ပါလျှင်
တပည့်တော်တို့၌ ပေါင်မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်
၁၄။ မှတစ်ပါး၊ အခြားစားစရာမရှိပါဟု လျှောက်ကြ၏။
အကြောင်းမူကား၊ထိုနေရာ၌လူငါးထောင်ခန့်ရှိသော
ကြောင့်ဖြစ်၏။ကိုယ်တော်ကဤသူတို့ကိုတစ်စုလျှင်
လူငါးဆယ်စီစု၍ ထိုင်ပါစေဟု မိန့်တော်မူ၏။
၁၅။ တပည့်တော်သည်လည်း အမိန့်တော်အတိုင်းဆောင်
၁၆။ ရွက်ကြ၍ လူအားလုံးကိုထိုင်စေကြ၏။ ထို့နောက်
ကိုယ်တော်သည် မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်ကိုယူ
တော်မူ၍ ကောင်းကင်သို့မျှော်ကြည့်လျက် ကောင်း
ကြီးပေးတော်ပြီးမှဖဲ့၍ လူအများတို့ရှေ့မှာတည်ခင်း
စေခြင်းငှာ တပည့်တော်တို့အား ပေးတော်မူ၏။
၁၇။ လူအပေါင်းတို့စား၍ဝကြပြီးမှ တပည့်တော်တို့သည်
ကြွင်းကျန်သောမုန့်အကျိုးအပဲ့များကို ကောက်သိမ်း
ရာ၊ တစ်ဆယ့်နှစ်တောင်းအပြည့် ရကြ၏။

## သခင်ယေရှုကို ပေတရုဝန်ခံခြင်း
## (မာ ၁၆း၁၃–၁၉၊ မာကု ၈း၂၇–၂၉)

၁၈။ တစ်နေ့သ၌ကိုယ်တော်သည်တစ်ပါးတည်းဆုတောင်း
နေတော်မူစဉ် တပည့်တော်တို့သည် ကိုယ်တော်၏
အနားတွင်ရှိကြ၏။ထိုအခါ ကိုယ်တော်ကငါမည်သူ
ဖြစ်သည်ဟု လူအစုအဝေးတို့ ပြောကြသနည်းဟု
၁၉။ တပည့်တော်တို့အားမေးတော်မူ၏။ သူတို့ကလည်း
အချို့က **ယောဟန်ဗတ္တိဇံ**၊ အချို့က **ဧလိယ**၊
အချို့က ရှေးပရောဖက်တစ်ပါး အသက်ပြန်ရှင်လာ

[၁] (၉း၈)ဤကျမ်းချက်ကိုထောက်၍ အချို့ဂျူဒလူမျိုးတို့နှင့်ဟေရုဒ်ကိုယ်တိုင်တို့က လူသည် သေဆုံးပြီးပါက ကိုယ်ခန္ဓာသည် ယခင်အတိုင်းရှိနေခဲ့သော် ဝိညာဉ်နှင့်တကွ ကိုယ်ခန္ဓာပြန်လည်ရှင်မြောက်ကြသည်ဟု အယူရှိကြ၏။

ကြောင်း ပြောဆိုကြပါသည်ဟု လျှောက်ကြ၏။
၂၀။ ကိုယ်တော်ကလည်း သင်တို့မူကား၊ ငါမည်သူဖြစ်
သည်ဟူ၍ ဆိုကြသနည်းဟု မေးတော်မူလျှင် **စီမုန်**
**ပေတရု**ကကိုယ်တော်သည်ဘုရားသခင်၏ခရစ်တော်
ဖြစ်ပါ၏ဟု လျှောက်လေ၏။

## သေခြင်းနှင့်ရှင်ပြန်ထမြောက်တော်မူခြင်းကို ကြိုတင်ဟောပြောတော်မူ၏ (မာ ၁၆း၂၀–၂၈၊ မာကု ၈း၃၀–၉း၁)

၂၁။ သို့သော်ကိုယ်တော်က ဤအကြောင်းကိုမည်သူ့အား
မျှမပြောရန် တင်းကျပ်စွာတားမြစ်တော်မူလျက်။
၂၂။ လူသားသည်ဒုက္ခများစွာခံရ၍ သက်ကြီးဝါကြီးများ၊
ရဟန်းအကြီးအကဲများနှင့် ကျမ်းတတ်ဆရာများ၏
ငြင်းပယ်ခြင်းနှင့် အသေသတ်ခြင်း ခံရလိမ့်မည်။
သုံးရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်လိမ့်
မည်ဟု မိန့်တော်မူ၏။

## ခရစ်တော်နောက်လိုက်သူတွင် ရှိအပ်သည် စိတ်ဓာတ် (မာ ၁၆း၂၄–၂၈၊ မာကု ၈း၃၄–၃၈)

၂၃။ ထို့နောက် ကိုယ်တော်ကမည်သူမဆို ငါ့နောက်သို့
လိုက်လိုလျှင်မိမိကိုယ်ကိုငြင်းပယ်စေ။ မိမိလက်ဝါး
ကပ်တိုင်ကိုလည်းနေ့စဉ်ထမ်းယူ၍ ငါ့နောက်သို့
၂၄။ လိုက်စေ။ အကြောင်းမူကား၊ မိမိအသက်ကိုကယ်
ဆယ်လိုသောသူသည် အသက်ဆုံးရှုံးရလိမ့်မည်။
ငါ့အတွက်အသက်ဆုံးရှုံးသောသူသည် အသက်ကိုရ
၂၅။ လိမ့်မည်။ အကြောင်းမူကား၊ လူသည် စကြာဝဠာ
တစ်ခုလုံးကိုအုပ်စိုးရသော်လည်း မိမိအသက်ဝိညာဉ်
၂၆။ ဆုံးရှုံးလျှင်အဘယ်အကျိုးရှိမည်နည်း။ အကြောင်းမူ
ကား၊ မည်သူမဆို ငါကြောင့်လည်းကောင်း၊ ငါ့
စကားကြောင့်လည်းကောင်းရှက်လျှင် လူသားသည်
မိမိအဖ ခမည်းတော်၏ ဘုန်းအာနုဘော်တော်ကို
ဆောင်၍၊ သန့်ရှင်းသောတမန်များခြံရံလျက်ကြွလာ
တော်မူသောအခါ ထိုသူ့ကြောင့် ရှက်တော်မူလိမ့်
၂၇။ မည်။ သင်တို့အား ငါအမှန်ဆိုသည်ကား ဤနေရာ
တွင်ရပ်နေကြသောသူအချို့တို့သည် ဘုရားသခင်၏
နိုင်ငံတော်ကို မမြင်မီ သေကြလိမ့်မည် မဟုတ်ဟု
တပည့်တော်တို့အား မိန့်တော်မူ၏။

## အဆင်းသဏ္ဌာန်ပြောင်းလဲတော်မူခြင်း (မာ ၁၇း၁–၈၊ မာကု ၉း၂–၁၀)

၂၈။ ထိုသို့ မိန့်တော်မူပြီးနောက် ရှစ်ရက်ခန့်[၂]ကြာသော
အခါ၊ကိုယ်တော်သည်**ပေတရု**၊**ယောဟန်**နှင့်**ယာကုပ်**
တို့ကိုခေါ်၍ဆုတောင်းရန် တောင်ပေါ်သို့ တက်ကြွ
၂၉။ တော်မူ၏။ ကိုယ်တော်သည် ဆုတောင်းတော်မူစဉ်
တွင်မျက်နှာတော်၏ အသွင်သဏ္ဌာန်သည်ပြောင်းလဲ
၍၊အဝတ်တော်သည်လည်း ဖြူဖွေးတောက်ပလာ
၃၀။ လေ၏။ ထိုအခိုက်တွင် လူနှစ်ယောက်သည်ရုတ်တ
ရက်ပေါ်လာ၍ ကိုယ်တော်နှင့်စကားပြောလျက်ရှိကြ
၏။ထိုသူတို့သည်ကား၊**မိုးဇက်**နှင့်**ဧလိယ**[၃]တို့ဖြစ်ကြ
၃၁။ ၏။ ထိုသူတို့သည် ဘုန်းတန်ခိုးနှင့်ထင်ရှားစွာပေါ်
လာ၍၊ **ဂျေရုဆလင်**မြို့တွင် ဖြစ်လတ္တံ့သော ကိုယ်
တော်၏အသေခံတော်မူခြင်းအကြောင်းကိုပြောဆိုနေ
၃၂။ ကြ၏။**ပေတရု**နှင့်သူ၏အပေါင်းအဖော်တို့သည်ကား
မျက်စိများလေးလံနေသောကြောင့်အိပ်ငိုက်နေကြ၏၊
သို့ရာတွင် သူတို့နိုးလာသောအခါ၊ ကိုယ်တော်၏
ဘုန်းတန်ခိုးတော်ကိုလည်းကောင်း၊ ကိုယ်တော်နှင့်
အတူ ရပ်နေသောသူနှစ်ဦးကိုလည်းကောင်း မြင်ကြ
၃၃။ ၏။ ထိုသူနှစ်ဦးတို့သည် အထံတော်မှထွက်ခွာသွား
ကြသောအခါ၊ **ပေတရု**က အရှင်ဘုရား၊ ဤအရပ်
သည် တပည့်တော်တို့နေရန် အလွန်ကောင်းပါ၏။
ကိုယ်တော်အတွက် တဲတစ်ဆောင်၊ **မိုးဇက်**အတွက်
တဲတစ်ဆောင်၊ **ဧလိယ**အတွက် တဲတစ်ဆောင်၊ တဲ
သုံးဆောင်ဆောက်ကြပါစို့ဟု မိမိပြောဆိုသည့်အရာ
ကိုမသိနားမလည်ဘဲကိုယ်တော်အားလျှောက်လေ၏၊
၃၄။ ဤသို့လျှောက်ထားစဉ် မိုးတိမ်တစ်ခုသည် ပေါ်လာ
၍၊ သူတို့အပေါ်လွှမ်းမိုးလေ၏။ သူတို့သည်လည်း
မိုးတိမ်တိုက်အတွင်း မိမိတို့ရောက်ရှိနေသည့်အခိုက်
၃၅။ တွင် အလွန်ကြောက်ရွံ့ကြ၏။ မိုးတိမ်ထဲမှအသံ[၄]
ဖြစ်ပေါ်လာသည်ကား ဤသူသည် ငါ၏ ချစ်သား
ငါရွေးချယ်ထားသောသူဖြစ်၏။ သူ့ကိုနားထောင်ကြ
၃၆။ လော့ဟုဆို၏။ အသံထွက် ပေါ်လာပြီးသည့်နောက်

---

[၂] (၉း၂၈)ရှစ်ရက်ခန့်ဟုဆိုရာ၌ ရှစ်ရက်တိတိဟုမယူဆအပ်။ မာတေဦးနှင့်မာကုတို့တွင် ခြောက်ရက်ဟုရေးသားကြ၏။

[၃] (၉း၃၀)မိုးဇက်နှင့်ဧလိယတို့သည် ကိုယ်တော်ထံ၌လာရောက်ခစားကြသည်ကို ထောက်ခြင်းအားဖြင့် သခင်ယေဇူးသည် ဓမ္မဟောင်းနှင့်ဓမ္မသစ်တို့၏အရှင်ဖြစ်ကြောင်းဖော်ပြ၏။

[၄] (၉း၃၅) မိုးတိမ်ထဲကအသံမှာ ခမည်းတော်ဘုရား၏ အသံတော်ပင်ဖြစ်၏။

သခင်**ယေရှု**တစ်ပါးတည်းကိုသာသူတို့ တွေ့မြင်ကြ
ရ၏။ တပည့်တော်တို့သည် မိမိတို့တွေ့မြင်ရသည့်
အကြောင်းအရာများကိုထိုအချိန်၌မည်သူ့ကိုမျှမပြော
ဘဲ၊ တိတ်ဆိတ်စွာနေကြ၏။

## နတ်ဆိုးကိုနှင် ထုတ်ခြင်း
## (မာ ၁၇:၁၄–၁၈၊ မာကု ၉:၁၄–၂၇)

၃၇။ နောက်တစ်နေ့၌ကိုယ်တော်နှင့်တပည့်တော်များသည်
တောင်ပေါ်မှဆင်းလာကြသောအခါ၊ လူအစုအဝေး
ကြီးသည် ကိုယ်တော့်ကိုလာရောက်တွေ့ဆုံကြ၏။
၃၈။ ထိုလူအစုအဝေးထဲမှ လူတစ်ယောက်က ဟစ်အော်
သည်မှာဆရာသခင်၊ ကျွန်တော်၏သားကိုကြည့်ရှုပါ
ရန်တောင်းပန်ပါသည်။ အကြောင်းမူကား၊ သူသည်
ကျွန်တော်၏တစ်ဦးတည်းသောသားဖြစ်ပါ၏။
၃၉။ နတ်ဆိုးသည် သူ၌ပူးဝင်သောကြောင့် သူသည်
ရုတ်တရက်အော်ဟစ်တတ်ပါသည်။သူ၏ပါးစပ်မှအ
မြှုပ်ထွက်သည့်တိုင်အောင် သူ့ကိုတုန်လှုပ်၍တက်စေ
ပါသည်။နတ်ဆိုးသည်သူ့ကို ပင်ပန်းနာကျင်စေပြီး၊
၄၀။ သူ့ထံမှမထွက်ဘဲနေပါသည်။ ကိုယ်တော်၏တပည့်
တော်များအား နတ်ဆိုးကိုနှင်ထုတ်ပေးပါရန် ကျွန်
တော်တောင်းပန်းပါသော်လည်းသူတို့သည် မတတ်
၄၁။ နိုင်ကြပါဟု လျှောက်လေ၏။ သခင်**ယေရှု**က ယုံ
ကြည်ခြင်းကင်းမဲ့၍ ဖောက်ပြန်တတ်သော အိုလူမျိုး
ဆက်၊ ငါသည် သင်တို့နှင့်မည်မျှကြာအောင်နေ၍၊
သင်တို့ကိုသည်းခံရမည်နည်းဟုပြစ်တင်တော်မူလျက်
သင်၏သားကိုဤနေရာသို့ခေါ်ခဲ့လော့ဟု ထိုသူအား
၄၂။ မိန့်တော်မူ၏။ ထိုသူငယ်ချဉ်းကပ်လာစဉ် နတ်ဆိုး
သည် သူ့ကိုတွန်းလှဲလျက် တုန်လှုပ်၍တက်စေ၏။
သို့သော်သခင်**ယေရှု**သည် ညစ်ညူးသောနတ်ဆိုးကို
သူငယ်ထံမှထွက်ခွာသွားရန် အမိန့်ပေးတော်မူ၍၊
သူငယ်ကိုပျောက်ကင်းချမ်းသာစေပြီးမှ သူ့ဖခင်အား
၄၃။ ပြန်အပ်တော်မူ၏။လူအပေါင်းတို့သည်ကား၊ ဘုရား
သခင်၏ကြီးမြတ်သောဘုန်းတန်ခိုးတော်ကို မြင်ကြ
ရသောကြောင့် အံ့သြကြ၏။

## အသေခံတော်မူမည့်အကြောင်းထပ်မံမိန့်တော်မူခြင်း (မာ ၁၇:၂၂–၂၃၊ မာကု ၆:၃၀–၃၂)

လူခပ်သိမ်းတို့သည် ကိုယ်တော်ပြုတော်မူသမျှတို့၌
အံ့သြချီးမွမ်းနေကြစဉ်ကိုယ်တော်ကတပည့်တော်တို့
၄၄။ အားမိန့်တော်မူသည်မှာသင်တို့သည် ဤစကားများ
ကို နှလုံးသွင်းမှတ်သားထားကြလော့။ အကြောင်းမူ
ကား၊လူသားသည် လူတို့၏လက်တွင် အပ်နှံခြင်းခံ
၄၅။ ရလိမ့်မည်ဟုမိန့်တော်မူ၏။ သို့ရာတွင်တပည့်တော်
တို့သည်ဤစကားကိုနားမလည်ကြ။[၅] သူတို့နားမ
လည်နိုင်ရန်ယင်းစကား၏အနက်အဓိပ္ပာယ်သည်ဝှက်
ကွယ်လျက်ရှိ၏။ တပည့်တော်တို့သည်လည်းဤအ
ကြောင်းကိုကိုယ်တော်အားမေးရန်ကြောက်ရွံ့ကြ၏။

## အကြီးမြတ်ဆုံးသူမည်သူနည်း
## (မာ ၁၈:၁–၅၊ မာကု ၉:၃၃–၃၇)

၄၆။ တပည့်တော်တို့သည် မိမိတို့တွင်မည်သူအကြီးမြတ်
ဆုံးနည်းဟူ၍ အချင်းချင်းငြင်းခုံနေကြ၏။
၄၇။ သခင်**ယေရှု**သည် သူတို့၏ စိတ်နှလုံးထဲမှထင်
မြင်ခံစားချက်ကို သိမြင်တော်မူသဖြင့်ကလေးသူငယ်
တစ်ယောက်ကိုခေါ်တော်မူ၍ မိမိအနီးတွင်ထားပြီးမှ
၄၈။ သူတို့အား မိန့်တော်မူသည်မှာ ငါ၏နာမတော်၌
ဤသူငယ်ကိုလက်ခံသောသူသည်ငါ့ကို လက်ခံ၏။
ငါ့ကိုလက်ခံသောသူသည်ငါ့ကိုစေလွှတ်တော်မူသော
သူကိုလည်းလက်ခံ၏။ အကြောင်းမူကား၊ သင်တို့
အားလုံးအလယ်တွင် အသိမ်ငယ်ဆုံးသော သူသည်
၄၉။ အကြီးမြတ်ဆုံးဖြစ်၏ဟုမိန့်တော်မူ၏။ **ယောဟန်**က
ဆရာသခင်၊ ကိုယ်တော်၏နာမတော်၌ နတ်ဆိုးများ
ကိုထုတ်သောသူတစ်ယောက်ကိုတပည့်တော်တို့တွေ့
ခဲ့ပါသည်။သူသည် တပည့်တော်တို့နှင့်အတူ ပါဝင်
သောသူမဟုတ်သောကြောင့် သူ့ကိုတပည့်တော်တို့
၅၀။ တားမြစ်ခဲ့ပါသည်ဟုလျှောက်လေ၏။ သခင်**ယေရှု**
ကလည်း ထိုသူကို မတားမြစ်ကြနှင့်။ အကြောင်းမူ
ကား၊ သင်တို့နှင့် ဆန့်ကျင်ဘက်မပြုသောသူသည်
သင်တို့ဘက်မှရှိ၏ဟု သူ့အားမိန့်တော်မူ၏။

## ဂါလိလေနယ်မှ ဂျေရုဆလင်မြို့သို့ ကြွသွားရန် စိတ်ပိုင်းဖြတ်တော်မူ၏

---

[၅] (၉:၃၅) သခင်ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်၍ မသေနိုင်ကြောင်းကို သူတို့ယုံကြည်ထားသောကြောင့် ကဲ့ရဲ့ရှုတ်ချပုတ်ခြင်းမှစ၍ အသေခံတော်မူမည် စသည်တို့ကို သူတို့မည်သို့မျှ နားမလည်နိုင်ကြချေ။

## ဆမာရိတန်ရွာက ငြင်းပယ်ခြင်း

၅၁။ ကောင်းကင်သို့တက်ကြွရမည့်အချိန်နီးလာသောအခါ
ကိုယ်တော်သည်**ဂျေရုဆလင်**မြို့သို့ကြွသွားရန်စိတ်ပိုင်း
၅၂။ ဖြတ်တော်မူ၏။ ကိုယ်တော်သည် စေတမန်များကို
မိမိရှေ့တော်မှကြိုတင်စေလွှတ်တော်မူသဖြင့် သူတို့
သည်ကိုယ်တော့်အတွက် ပြင်ဆင်ထားရန် **ဆမာရိ**
၅၃။ **တန်**လူမျိုးရွာတစ်ရွာသို့ဝင်ကြ၏။ သို့သော် ရွာမှလူ
တို့သည် ကိုယ်တော့်ကိုလက်မခံကြ၊ အကြောင်းမူ
ကား၊ကိုယ်တော်သည် **ဂျေရုဆလင်**မြို့သို့ ခရီးပြုနေ
၅၄။ သောကြောင့်ဖြစ်၏။ ကိုယ်တော်၏တပည့်တော်များ
ဖြစ်ကြသော**ယာကုပ်**နှင့်**ယောဟန်**တို့သည်ဤအချင်း
အရာကိုမြင်ကြသောအခါ၊သခင်ဘုရားကောင်းကင်မှ
မီးကျလာ၍ သူတို့ကိုလောင်ကျွမ်းပါစေဟု တပည့်
တော်တို့ဆိုရန်အလိုရှိပါသလောဟု မေးလျှောက်ကြ
၅၅။ ၏။သို့သော် ကိုယ်တော်သည်လှည့်၍ သူတို့ကိုပြစ်
၅၆။ တင်ဆုံးမတော်မူ၏။ ထို့နောက် သူတို့သည်အခြား
ရွာတစ်ရွာသို့ ထွက်ခွာသွားကြလေ၏။

## သခင်ယေရှု၏နောက်လိုက်ဖြစ်လိုသူများ (မာ ၈း၁၉-၂၀)

၅၇။ သူတို့သည်ခရီးသွားလျက်ရှိနေကြစဉ်လူတစ်ယောက်
က ကိုယ်တော်ကြွသွားမည့်နေရာအရပ်ရပ်သို့ ကျွန်
၅၈။ တော်လိုက်ပါမည်ဟုလျှောက်လေ၏။ သခင်**ယေရှု**
ကလည်း မြေခွေးတို့မှာ တွင်းရှိ၏။ ကောင်းကင်မှ
ငှက်တို့မှာလည်းအသိုက်ရှိကြ၏။ လူသားမှာမူကား
ခေါင်းချစရာနေရာမရှိဟု သူ့အား မိန့်တော်မူ၏။
၅၉။ အခြားသောသူတစ်ယောက်အားလည်း ငါ့နောက်သို့
လိုက်လောဟုမိန့်တော်မူလျှင်ထိုသူက သခင်ဘုရား၊
ကျွန်တော်၏ဖခင်ကိုသင်္ဂြိုဟ်ရန်ပထမဦးစွာသွားပါရ
၆၀။ စေဟုလျှောက်လေ၏။ သို့သော် ကိုယ်တော်က လူ
သေတို့သည် မိမိတို့လူသေများကိုသင်္ဂြိုဟ်ကြပါစေ။[၆]
သင်မူကား၊ဘုရားသခင်နိုင်ငံတော်၏သတင်းကောင်း
ကိုသွား၍ဟောပြောလော့ဟု သူ့အားမိန့်တော်မူ၏။
၆၁။ အခြားသော သူတစ်ယောက်ကလည်း သခင်ဘုရား၊
ကိုယ်တော်၏နောက်တော်သို့ကျွန်တော်လိုက်ပါမည်။
သို့သော်ကျွန်တော်၏ အိမ်သူအိမ်သားများကို ဦးစွာ
သွား၍၊ နှုတ်ဆက်ပါရစေဟု လျှောက်လေ၏။
၆၂။ သခင်**ယေရှု**ကလည်း ထွန်တုံးကိုကိုင်၍ နောက်သို့
လှည့်ကြည့်သောသူသည် ဘုရားသခင်၏နိုင်ငံတော်
နှင့်မထိုက်တန်[၇]ဟုမိန့်တော်မူ၏။

## အခန်းကြီး (၁၀)
## တပည့်တော်ခုနစ်ဆယ်နှစ်ပါးတို့ကို စေလွှတ်တော်မူခြင်း

၁။ ထို့နောက်ကိုယ်တော်သည် အခြားသောတပည့်တော်
ခုနစ်ဆယ်နှစ်ပါး[၁]တို့ကိုရွေးကောက်တော်မူ၍၊ ကိုယ်
တော် တိုင်ကြွတော်မူမည့် မြို့ရွာအသီးသီးသို့ နှစ်
ယောက်စီတွဲလျက် ကြိုတင်စေလွှတ်တော်မူ၏။
၂။ ကိုယ်တော်ကရိတ်သိမ်းစရာ အသီးအနှံများစွာရှိ၏။
လုပ်ဆောင်သောသူတို့မူကားနည်းကြ၏။ထို့ကြောင့်
မိမိလယ်ခင်းသို့ လုပ်သားများ စေလွှတ်ပေးပါမည့်
အကြောင်းလယ်ခင်းရှင်ကိုတောင်းလျှောက်ကြလော့၊
၃။ သွားကြလော့၊ဝံပုလွေတို့ အလယ်၌ သိုးငယ်များကဲ့
၄။ သို့သင်တို့ကိုငါစေလွှတ်၏။ ပိုက်ဆံအိတ်ကိုလည်း
ကောင်း၊လွယ်အိတ်ကိုလည်းကောင်း၊ ဖိနပ်ကိုလည်း
ကောင်း သင်တို့ ယူဆောင်မသွားကြနှင့်။ လမ်းမှာ
၅။ လည်း မည်သူ့ကိုမျှ နှုတ်မဆက်ကြနှင့်[၂]။ မည်သည့်
အိမ်သို့မဆို သင်တို့ဝင်ကြသောအခါ ဤအိမ်၌
ငြိမ်းချမ်းသာယာခြင်းရှိပါစေဟု ရှေးဦးစွာ

---

[၆] (၉း၆၀)လူသေကိုသင်္ဂြိုဟ်ခြင်းအမှုသည် ဘာသာရေးအရ ကောင်းမှုတစ်ခုဖြစ်ငြားသော်လည်းကိုယ်တော်ကထိုသူအား သင်္ဂြိုဟ်ခွင့်ပေးတော်မမူ။ အကြောင်းမူကား ဘုရားသခင်နှင့်ဆိုင်ရာအမှုများကို လုပ်ဆောင်ရာတွင် အခြားအမှုကိစ္စများထက် ပို၍ ဦးစားပေးစေလိုတော်မူ၏။

[၇] (၉း၆၂) ဘုရားသခင်၏အမှုတော်ကို ထမ်းဆောင်ရာတွင် မည်သည့်အဟန့်အတား ကန့်ကွက်မှုများကြောင့်မျှ နောက်ဆုတ်ခြင်းမရှိသင့်ပေ။

[၁] (၁၀း၁)တောလည်ရာကျမ်း အခန်းကြီး(၁၁)အရ ဘုရားသခင်သည် မိုးဇက်အားသူနှင့်အတူ အမှုတော်ထမ်းဆောင်ရန်အတွက် သက်ကြီးဝါကြီး ခုနစ်ဆယ်ကိုရွေးချယ်စေပြီး၊ ထိုသူတို့အပေါ်သို့မိုးဇက်၏စိတ်ဓာတ်ကိုသက်ဝင်စေခဲ့သည်။ ထိုအချိန်၌တဲတော်အတွင်းရှိအခြားနှစ်ဦးထံသို့လည်း မိုးဇက်၏စိတ်ဓာတ်သက်ဝင်ခဲ့၍ သက်ကြီးဝါကြီး စုစုပေါင်း (၇၂)ဦးရှိခဲ့သည်။ ထိုအစဉ်အလာနှင့်အညီ သခင်ယေရှုသည်နောက်လိုက် တပည့်တော်ခုနစ်ဆယ့်နှစ်ပါးကို ရွေးချယ်ခဲ့၏။

[၂] (၁၀း၄)နှောင့်နှေးခြင်းမရှိဘဲ၊ သွားကြလော့။ အသုံးမဝင် အရေးမကြီးသော အရာများ အချိန်ကိုမဖြုန်းတီးကြနှင့်ဟုဆိုလိုသည်

၆။ နှုတ်ဆိတ်ကြလော့။ငြိမ်းချမ်းသာယာခြင်းကိုလိုလား
သောသူ ထိုနေရာ၌ရှိလျှင် သင်တို့၏ငြိမ်းချမ်း
သာယာခြင်းသည်သူ့အပေါ်သို့သက်ရောက်လိမ့်မည်။
၇။ သို့မဟုတ်ပါလျှင် သင်တို့ထံသို့ ပြန်ရောက်လာ
လိမ့်မည်။သင်တို့သည်ထိုအိမ်တွင်နေ၍ သူတို့တည်
ခင်းကျွေးမွေးသမျှကိုစားသောက်ကြလော့။အကြောင်း
မူကား၊ အလုပ်လုပ် သောသူသည် မိမိလုပ်ခကို
၈။ ရထိုက်၏။[၃] တစ်အိမ်မှတစ်အိမ်သို့မရွှေ့ပြောင်းကြ
နှင့်။မည်သည့်မြို့ရွာမဆိုသင်တို့ဝင်ကြ၍၊ သင်တို့ကို
လက်ခံကြလျှင်သင်တို့ရှေ့တွင်တည်ခင်း ကျွေးမွေး
၉။ သမျှကိုသင်တို့စားကြလော့။ထိုအရပ်မှာရှိသောလူနာ
များကိုရောဂါပျောက်ကင်းစေကြ၍၊ ဘုရားသခင်၏
နိုင်ငံတော်သည် သင်တို့နှင့်နီးလာပြီဟု သူတို့အား
ဆိုကြလော့။
၁၀။ သို့ရာတွင် မည်သည့်မြို့ရွာမဆို သင်တို့ ဝင်ကြ၍၊
သင်တို့ကိုလက်မခံကြလျှင်လမ်းများပေါ်သို့ထွက်ပြီး။
၁၁။ ငါတို့ခြေတွင်ကပ်ပါလာသောသင်တို့မြို့မှမြေမှုန့်ကို
ငါတို့ခါချလေပြီ။ သို့သော်ဘုရားသခင်၏နိုင်ငံတော်
သည်နီးလာပြီကိုသိကြလော့ဟုသင်တို့ဆိုကြရမည်။
၁၂။ သင်တို့အားငါဆိုသည်ကား၊ တရားစီရင်သောနေ့၌
**ဆီဒုံ**မြို့သည်ထိုမြို့ထက်သာ၍သနားညှာတာခြင်းကို
ခံရလိမ့်မည်။

## နောင်တမရသောမြို့များကို သတိပေးခြင်း
## (မာ ၁၁း၂၁–၂၄)

၁၃။ အိုခိုရာဇင်မြို့၊သင်သည်အမင်္ဂလာရှိ၏။အို**ဘက်ဇေဒ**
မြို့သင်သည် အမင်္ဂလာရှိ၏။ အကြောင်းမူကား၊
သင်တို့တွင်ပြုခဲ့သော တန်ခိုးလက္ခဏာများကို **တိရု**
နှင့်**ဆီဒုံ**မြို့တို့၌ပြုခဲ့ပါလျှင် ထိုမြို့တို့သည်
ကာလကြာမြင့်စွာကပင် လျှော်တေအဝတ်ကိုဝတ်၍
ပြာထဲ၌ထိုင်လျက်နောင်တရခဲ့ကြပေလိမ့်မည်။
၁၄။ သို့သော် တရားစီရင်တော်မူသောနေ့၌ **တိရု**မြို့နှင့်
**ဆီဒုံ**မြို့တို့သည် သင်တို့ထက်သာ၍ သနားညှာတာ
ခြင်း ခံကြရလိမ့်မည်။
၁၅။ အသင်**ကာဖါနာအုမ်**မြို့[၄] သင်သည် ကောင်းကင်သို့
တိုင်အောင်မြှောက်စားခြင်းခံရမည်လော။ သင်သည်
မရဏာနိုင်ငံအထိ နှိမ့်ချခြင်းခံရလိမ့်မည်။
၁၆။ သင်တို့စကားကိုနားထောင်သောသူသည် ငါ့စကား
ကိုနားထောင်၏။သင်တို့ကို ငြင်းပယ်သောသူသည်
ငါ့ကိုငြင်းပယ်၏။ငါ့ကိုငြင်းပယ်သောသူသည် ငါ့ကို
စေလွှတ်တော်မူသော အရှင်ကို ငြင်းပယ်သည်ဟု
တပည့်တော်တို့အား မိန့်တော်မူ၏။

## တပည့်တော်ခုနစ်ဆယ်နှစ်ပါးပြန်လာကြခြင်း

၁၇။ တပည့်တော်ခုနစ်ဆယ်ပါးတို့သည် ဝမ်းမြောက်ဝမ်း
သာပြန်လာကြ၍သခင်ဘုရား၊ ကိုယ်တော်၏နာမ
တော်၌တပည့်တော်တို့သည် နတ်ဆိုးတို့ကိုပင် နှိမ်
၁၈။ နင်းနိုင်ခဲ့ပါသည်ဟု လျှောက်ကြ၏။ ကိုယ်တော်က
လည်းစာတန်သည် လျှပ်စစ်နွယ်ကဲ့သို့ကောင်းကင်မှ
၁၉။ ကျသည်ကို ငါမြင်ရ၏။[၅] ကြည့်လော့။ မြွေဆိုးများ
ကင်းမီးကောက်များနှင့် ရန်သူ၏အစွမ်းရှိသမျှကိုခြေ
ဖြင့်နင်းနိုင်သောအခွင့်အာဏာကိုသင်တို့အား ငါပေး
အပ်ထားသောကြောင့် မည်သည့်အရာကမျှ သင်တို့
၂၀။ ကိုထိခိုက်စေလိမ့်မည်မဟုတ်။ သို့သော်သင်တို့သည်
နတ်ဆိုးများကို နှိမ်နင်းနိုင်ခြင်းကြောင့် ဝမ်းမြောက်
ဝမ်းသာမဖြစ်ကြလေနှင့်။သင်တို့၏ အမည်နာမများ
ကိုကောင်းကင်၌ရေးထားလျက် ရှိခြင်းကြောင့် ဝမ်း
မြောက်ကြလော့ဟု မိန့်တော်မူ၏။

## ကိုယ်တော်ဝမ်းမြောက်တော်မူခြင်း
## (မာ ၁၁း၂၅–၂၇၊ ၁၃း၁၆–၁၇)

၂၁။ ထိုအချိန်နာရီ၌ပင် ကိုယ်တော်သည် သန့်ရှင်းသော

---

[၃] (၁၀း၇)ဘာသာတူတို့သည် သာသနာ့ဝန်ထမ်းများကို ကြည့်ရှုကျွေးမွေးသင့်ကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘာသာတူများအတွက် ဝိညာဉ်ရေးကိစ္စများကို ဆောင်ရွက်ပေးကြသောကြောင့်ဖြစ်၏။

[၄] (၁၀း၁၅)သခင်ယေရှုသည်ဂါလိလေနယ်တွင် သာသနာလုပ်ငန်းကိုလုပ်ခဲ့စဉ် ကကာဖာနာအုမ်မြို့ကို အချက်အချာပြု၍လုပ်ဆောင်ခဲ့၏။ ကိုယ်တော်ရှင်ကိုယ်တိုင် သီတင်းသုံးရာမြို့လည်းဖြစ်၏။ ထို့ပြင်ကိုယ်တော်သည် အခြားမြို့ထက်ပို၍၊ ထိုမြို့၌ တန်ခိုးလက္ခဏာမြောက်များစွာဖြင့် တရားဒေသနာတော်ဟောကြားခြင်းများပြုလုပ်ခဲ့သည်။

[၅] (၁၀း၁၈)သခင်ဘုရား ပထမအကြိမ်ကြွလာသောအခါ နတ်ဆိုး၏တန်ခိုးအာဏာတို့သည်ကိုယ်တော်၏လက်အောက်သို့ကျရောက်ခဲ့ရပြီ။ ဘုရားသခင်၏နိုင်ငံတော် တည်ဆောက်သည်နှင့်အမျှ နတ်ဆိုး၏သြဇာလျော့နည်းမှေးမှိန်စေလိမ့်မည်။သခင်ယေရှု ဒုတိယအကြိမ်ကြွလာချိန်၌မူကား၊ လူသားအပေါ်မှာနတ်ဆိုး၏သြဇာအာဏာလွှမ်းမိုးခြင်းများ ဆုံးခမ်းတိုင် ရောက်လိမ့်မည်။

ဝိညာဉ်တော်၌ဝမ်းမြောက်တော်မူသဖြင့် မိုးနှင့်မြေကို
အစိုးရတော်မူသောအဖ၊ ကိုယ်တော်သည် ပညာ
အလိမ္မာနှင့်ပြည့်စုံသော သူတို့အား ဤအရာများကို
ထိမ်ဝှက်ထားတော်မူလျက် သူငယ်[၆]တို့အား ဖော်ပြ
တော်မူသည်ဖြစ်၍ ကျေးဇူးတော်ကို ချီးမွမ်းပါ၏။
မှန်ပါ၏အဖ၊ ဤသည်မှာ ကိုယ်တော်၏ ကောင်း
၂၂။ မြတ်သောအလိုတော်အတိုင်းဖြစ်ပါ၏။ ငါ၏ခမည်း
တော်သည်ခပ်သိမ်းသောအရာတို့ကို ငါ့အားလွှဲအပ်
တော်မူပြီ။ခမည်းတော်မှတစ်ပါးမည်သူမျှ သားတော်
ကိုမသိ၊ သားတော်နှင့်သားတော်ဖော်ပြရန် ရွေးချယ်
သူတို့မှတစ်ပါးမည်သူမျှခမည်းတော်ကို မသိကြဟု
၂၃။ မိန့်တော်မူ၏။ထို့နောက် ကိုယ်တော်သည် တပည့်
တော်တို့ဘက်သို့လှည့်၍၊ သင်တို့ မြင်တွေ့ရသော
အရာများကိုကြည့်မြင်သော မျက်စိတို့သည် မင်္ဂလာ
၂၄။ ရှိကြ၏။အကြောင်းမူကား၊သင်တို့သည် ငါဆိုသည်
မှာ များစွာသော ပရောဖက်တို့နှင့် ဘုရင်တို့သည်
သင်တို့မြင်ရသော အရာများကို မြင်လိုသော်လည်း
မမြင်ခဲ့ကြရ။ သင်တို့ကြားသောအရာများကိုကြားလို
ကြသော်လည်းမကြားခဲ့ကြရဟု သူတို့အားမိန့်တော်
မူ၏။

## ကောင်းသော ဆမာရိတန်တစ်ဦး
## (မာ၂၂:၃၄-၄၀၊ မာကု ၁၂:၂၈-၃၄)

၂၅။ ထိုအခါ ကျမ်းတတ်ဆရာတစ်ဦးသည် ထ၍၊ ဆရာ
သခင်၊ထာဝရအသက်ကိုပိုင်ဆိုင်ရန် မည်သည့်အရာ
ကိုကျွန်တော်ပြုရပါမည်နည်းဟု ကိုယ်တော့်ကိုစုံစမ်း
၂၆။ လိုသဖြင့်မေးလျှောက်လေ၏။ ကိုယ်တော်ကလည်း
တရားကျမ်း၌မည်ကဲ့သို့ရေးသားဖော်ပြထားသနည်း၊
သင်မည်သို့ဖတ်ရသနည်းဟု သူ့အားမေးတော်မူ၏။
၂၇။ သူကလည်း သင်၏အရှင်ဘုရားသခင်ကို သင်၏န
လုံးအကြွင်းမဲ့၊ စိတ်အားရှိသမျှ၊ ဉာဏ်အစွမ်းရှိသမျှ
ချစ်လော့။သင်နှင့်နီးစပ်သောသူကိုလည်း သင့်ကိုယ်
ကိုသင်ချစ်သကဲ့သို့ချစ်လော့ဟု ရေးထားကြောင်း
၂၈။ ဖြေကြားလေ၏။ထိုအခါကိုယ်တော်ကသင်ဖြေသည့်
အတိုင်းမှန်ပေ၏။ဤကဲ့သို့ပြုလျှင်သင်သည်အသက်
၂၉။ ကိုရလိမ့်မည်ဟုမိန့်တော်မူ၏။သို့သော် ထိုသူသည်
မိမိကိုယ်မိမိ ဖြောင့်မတ်သူဖြစ်ကြောင်း ဖော်ပြလို
သဖြင့်ကျွန်တော်နှင့်နီးစပ်သောသူကား မည်သူနည်း
၃၀။ ဟု[၇]သခင်ယေရှုအားမေးလေ၏။ သခင်**ယေရှု**ကပြန်
ဖြေသည်မှာလူတစ်ဦးသည်**ဂျေရုဆလင်**မြို့မှ **ဂျေရီခို**
မြို့သို့သွားစဉ် လမ်းခရီးတွင် ဓားပြများ၏
လက်တွင်းသို့ကျရောက်ခဲ့၏။ ဓားပြတို့သည် သူ့ကို
လုယူ၍၊ ရိုက်နှက်ကြပြီး သေလုမတတ်ထားခဲ့လျက်
၃၁။ ထွက်သွားကြ၏။ ထိုအချိန်၌ ရဟန်းတစ်ပါးသည်
ထိုလမ်းအတိုင်း ဆင်းလာရာ သူတို့မြင်သောအခါ၊
လမ်း၏အခြားတစ်ဘက်မှရှောင်ကွင်း၍သွားလေ၏။
၃၂။ ထိုနည်းတူပင် **လေဝီ**အမျိုးအနွယ်ဝင် တစ်ဦးသည်
လည်းထိုအရပ်သို့ရောက်လာ၍ သူ့ကိုမြင်သောအခါ
လမ်း၏ အခြားတစ်ဘက်မှ ရှောင်သွားလေ၏။
၃၃။ သို့သော်**ဆမာရိတန်**လူမျိုးတစ်ဦးသည်ခရီးထွက်လာ
စဉ် ထိုသူရှိသောနေရာသို့ရောက်လာပြီး၊ သူ့ကိုမြင်
သောအခါ သနားကရုဏာစိတ်သက်ရောက်လေ၏။
၃၄။ **ဆမာရိတန်**သည် သူ့ထံချဉ်းကပ်၍၊ ဒဏ်ရာများကို
ဆီနှင့် စပျစ်ရည်လောင်းပြီးမှ အဝတ်ဖြင့်စည်းထား
ပေးလေ၏။ထို့နောက် မိမိ၏မြည်းပေါ်တွင်လူနာကို
တင်လျက်တည်းခိုခန်းသို့ခေါ်ဆောင်သွားပြီး သူ့ကို
၃၅။ ပြုစုလေ၏။နောက်တစ်နေ့၌သူသည်ဒေဏာရီနှစ်ပြားကို
ထုတ်၍တည်းခိုခန်းပိုင်ရှင်ကိုပေးလျက်ပြောသည်မှာ
ဤလူကိုပြုစုစောင့်ရှောက်ပါ။နောက်ထပ်ကုန်ကျသမျှ
ကို ကျွန်တော်ပြန်လာသောအခါ ပေးပါမည်ဟုမှာ
၃၆။ ထားခဲ့၏။ ဤသုံးဦးတွင်မည်သူသည်ဓားပြတို့လက်
တွင်းကျရောက်သောသူ၏နီးစပ်သောသူဖြစ်သည်ဟု
သင်ထင်သနည်း[၈] ဟု ကိုယ်တော်ကမေးလေ၏။
၃၇။ ကျမ်းတတ်ဆရာကလည်းလူနာအပေါ်သနားကရုဏာ
ပြသောသူဟုလျှောက်လေ၏။ ထိုအခါသခင်**ယေရှု**
ကသွား၍ထိုနည်းတူပြုလော့[၉]ဟုသူ့အားမိန့်တော်မူ၏။

---

[၆] (၁၀:၂၁) စိတ်နှိမ့်ချသောသူများ သခင်ယေရှု၏ဒေသနာတော်ကို ယုံကြည်လက်ခံရန်အဆင့်သင့်ရှိသောသူများကိုဆိုလိုသည်။

[၇] (၁၀:၂၉)နီးစပ်သောသူဆိုရာ၌ ထိုအချိန်ကာလကကျမ်းတတ်ဆရာများသည် ဘာသာခြားတို့ကိုမူကားမုန်းတီးနိုင်ခွင့်ရှိသည်ဟု ယူဆကြသည်။ ကောင်းသော ဆမာရိတန်၏ပုံဥပမာအားဖြင့် ကူညီမစခြင်းကို လိုအပ်နေသူတိုင်းသည် နီးစပ်သောသူဖြစ်သည်ဟု ဆိုနိုင်သည်။

[၈] (၁၀:၃၆)ထိုသုံးဦးတွင်မည်သူသည် မေတ္တာတရားနှင့်ဆိုင်သောမကောင်းမှုကို ပြုဘိသနည်း။

## မာသားနှင့်မာရိယတို့ထံ သွားရောက်လည်ပတ်ခြင်း

၃၈။ ကိုယ်တော်နှင့် တပည့်တော်တို့သည်ခရီးဆက်ကြစဉ်
ရွာတစ်ရွာသို့ ဝင်ကြသဖြင့် **မာသား**အမည်ရှိသော
အမျိုးသမီးတစ်ဦးသည်ကိုယ့်တော်ကိုမိမိအိမ်၌လက်
၃၉။ ခံကြိုဆိုလေ၏။သူမတွင် **မာရိယ**အမည်ရှိသောညီမ
တစ်ဦးရှိ၏။ဤညီမသည် သခင်ဘုရားခြေတော်ရင်း
၌ထိုင်လျက်ကိုယ်တော်၏သွန်သင်ချက်များကို နား
၄၀။ ထောင်နေလေ၏။မာသားမူကား၊ ဧည့်ခံခြင်းအမှု၌
အလုပ်များလျက်ရှိသဖြင့်ကိုယ်တော့်ထံတော်သို့
ချဉ်းကပ်လျက်သခင်ဘုရား တပည့်တော်မ၏ ညီမ
ဖြစ်သူသည် ဧည့်ခံမှုတာဝန်ဆောင်ရွက်ရန် တပည့်
တော်မတစ်ဦးတည်းအားပစ်ထားသည်ကိုသတိမမူပါ
သလော။တပည့်တော်မကို ကူညီစေရန် သူမအား
၄၁။ အမိန့်ရှိတော်မူပါဟုလျှောက်လေ၏။သို့သော် သခင်
ဘုရားက **မာသား**၊ **မာသား** သင်သည်များစွာသော
၄၂။ အမှုကိစ္စတို့အတွက် စိုးရိမ်ပူပန်ခြင်းရှိ၏။[၁၀] လိုအပ်
သောအရာသည်ကားတစ်ခုတည်းသာရှိ၏။[၁၁]**မာရိယ**
သည်ကောင်းမြတ်သောအရာကိုရွေးချယ်လေပြီ။ထိုအ
ရာကို သူမထံမှဖယ်ရှား၍ ရလိမ့်မည်မဟုတ်ဟု
ပြန်ပြော တော်မူ၏။

## အခန်းကြီး (၁၁)

## သခင်ဘုရား၏ ဆုတောင်းပတ္ထနာတော်

## (မာ ၆း၉-၁၃၊ ၇း၇-၁၁)

၁။ ကိုယ်တော်သည် တနေရာ၌ ဆုတောင်းပတ္ထနာပြုနေ
တော်မူ၏။ဆုတောင်း၍ပြီးဆုံးသောအခါတပည့်တော်
တစ်ဦးက သခင်ဘုရား ယောဟန်သည်မိမိတပည့်
များကိုဆုတောင်းရန်သင်ပေးသကဲ့သို့ တပည့်တော်
တို့ကိုလည်းသင်ပေးတော်မူပါဟုလျှောက်ထားလေ၏။
၂။ ကိုယ်တော်ကလည်းသင်တို့ဆုတောင်းကြသောအခါ၊
အိုအဖကိုယ်တော်၏နာမတော်အား ရိုသေလေးမြတ်
ခြင်း ရှိပါစေသော်။ ကိုယ်တော်၏ နိုင်ငံတော်သည်
၃။ ရောက်ပါစေသော်။ တစ်နေ့တာလိုအပ်သောအစာကို
ကျွန်ုပ်တို့အားနေ့စဉ်နေ့တိုင်း ပေးသနားတော်မူပါ။
၄။ ကျွန်ုပ်တို့ကိုထိခိုက်ပြစ်မှားသောသူတို့၏ အပြစ်ကို
ကျွန်ုပ်တို့ခွင့်လွှတ်သကဲ့သို့ကျွန်ုပ်တို့၏အပြစ်များကို
လည်း အခွင့်လွှတ်တော်မူပါ။ ကျွန်ုပ်တို့ကို နှောင့်
ယှက်ခြင်းသို့ကျရောက်စေတော်မမူပါနှင့်ဟူ၍ ရွတ်
၅။ ဆိုကြလော့ဟုသူတို့အား မိန့်တော်မူ၏။ ထို့နောက်
ကိုယ်တော်ကသင်တို့တွင် တစ်စုံတစ်ယောက်၌မိတ်
ဆွေရှိ၍သူသည် ထိုမိတ်ဆွေထံသို့ ညသန်းခေါင်ယံ
အချိန်၌သွားပြီးလျှင်အဆွေ၊ ကျွန်ုပ်အား ပေါင်မုန့်
၆။ သုံးလုံးချေးငှားပါ။[၁]အကြောင်းမူကား၊ ကျွန်ုပ်၏မိတ်
ဆွေတစ်ယောက်သည်ခရီးဝေးမှရောက်လာ၍ ကျွန်ုပ်
၌သူ့ကိုတည်ခင်း ဧည့်ခံစရာမရှိပါဟုဆိုသော်။
၇။ အိမ်ရှင်ကငါ့ကိုမနှောင့်ယှက်ပါနှင့်။ တံခါးပိတ်ထား
လျက်ရှိပြီ။ ငါ၏သားသမီးများသည်လည်း ငါနှင့်
အတူ အိပ်ရာဝင်ကြကုန်ပြီ။ ငါသည် အိပ်ရာမှထ၍
သင့်အား မည်သည့်အရာကိုမျှ မပေးနိုင်ပါဟု အိမ်
၈။ အတွင်းမှပြန်ဖြေလေ၏။ သင်တို့အား ငါဆိုသည်
ကား၊ထိုသူသည် မိတ်ဆွေဖြစ်သောကြောင့် အိမ်ရှင်
မှာအိပ်ရာထ၍သူ့ကိုတစ်စုံတစ်ခုပေးမည်မဟုတ်သော်
လည်းသူ၏မရမက တောင်းခံခြင်းကြောင့် အိမ်ရှင်
သည်အိပ်ရာမှထလျက် ထိုသူလိုအပ်ရာကို ပေးလိမ့်
၉။ မည်။[၂] ထို့ကြောင့် သင်တို့အား ငါဆိုသည်ကား
တောင်းကြလော့။တောင်းလျှင် သင်တို့အားပေးလိမ့်
မည်။ ရှာကြလော့။ ရှာလျှင်တွေ့လိမ့်မည်။တံခါးကို
ခေါက်ကြလော့။ ခေါက်လျှင် သင်တို့အား ဖွင့်ပေး

---

[၉] (၁၀း၃၇)ဘာသာတူ ဘာသာခြားဟူ၍ မခွဲခြားဘဲ၊ အကူအညီလိုအပ်သူအား ကူညီမှုကိုပြုကြလော့ဟုဆိုလို၏။

[၁၀] (၁၀း၄၁)သခင်ယေရှုသည် မာရ်တာအား ဝိရိယစိုက်ထုတ်၍၊ လုပ်ဆောင်ခြင်းကိုအပြစ်တင်သည်မဟုတ်။ အလုပ်အကိုင်၌စိတ်ဝင်စားလွန်ပြီး အလုပ်ရှင်ဖြစ်သောဘုရားသခင်၏နှုတ်ကပတ်တော်ကို အချိန်ယူနာခံခြင်းမရှိသောကြောင့်သာ အပြစ်တင်ခြင်းဖြစ်၏။

[၁၁] (၁၀း၄၂) လိုအပ်သောအရာတစ်ခုတည်းသာ ရှိ၏ဆိုရာ၌ ဘုရားသခင်၏အလိုတော်ကို သိနားလည်ရန် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာခံ၍အလိုတော်နှင့်အညီ လိုက်နာကျင့်ဆောင်ခြင်းကိုဆိုလိုသည်။

[၁] (၁၁း၅)မိမိတို့လိုအပ်ရာကိုဘုရားသခင်ထံဆုတောင်းရာတွင် ဖွဲ့မလျော့ဘဲစွဲမြဲစွာဆုတောင်းကြရမည်။

[၂] (၁၁း၉)တောင်းသောသူ မည်သည်ကားရ၏ဟု မိန့်မြွက်သော်လည်း တောင်းသည့်ဆုတိုင်းမပြည့်ဝသည့်အကြောင်းရင်းမှာတောင်းခံသောသူသည် မိမိအတွက်မသင့်လျော်သောအရာ တောင်းသောကြောင့်သော်လည်းကောင်း၊ သူတစ်ပါးအကျိုးကိုထိခိုက်စေမည့်အရာများတောင်းခံကြသောကြောင့်လည်းကောင်း ဖြစ်၏။

၁၀။ လိမ့်မည်။အကြောင်းမူကား၊ တောင်းသောသူသည်
ရ၏။ရှာသောသူသည်လည်းတွေ့၏။ တံခါးခေါက်
၁၁။ သောသူအားလည်း ဖွင့်ပေးလိမ့်မည်။သင်တို့တွင်
မည်သည့် ဖခင်ဖြစ်သူသည် မိမိသားက ငါးကို
၁၂။ တောင်းလျှင် မြွေကိုပေးမည်နည်း။ သားဖြစ်သူက
ကြက်ဥကိုတောင်းလျှင် မည်သည့်ဖခင်သည်ကင်းမြီး
၁၃။ ကောက်ကိုပေးမည်နည်း။ သို့ဖြစ်၍၊ ဆိုးမိုက်သော
သင်တို့ပင်လျှင် သင်တို့သားသမီးများအား ကောင်း
သောအရာများကိုပေးတတ်ကြလျှင် ကောင်းကင်ဘုံ
ရှင်သင်တို့အဖသည် မိမိထံ တောင်းလျှောက်သူတို့
အား သန့်ရှင်းသောဝိညာဉ်တော်ကို ပေးတော်မူမည်
မဟုတ်လောဟု မိန့်တော်မူ၏။

## သခင်ယေရှုနှင့်ဘဲလ်ဇေဘုလ်
## (မာ ၁၂း၂၂-၃၀၊ မာကု ၃း၂၀-၂၇)

၁၄။ ကိုယ်တော်သည်ဆွံ့အသောနတ်ဆိုးကိုနှင်ထုတ်တော်
မူသဖြင့်နတ်ဆိုးထွက်သွားသောအခါ ဆွံ့အသောသူ
သည် စကားပြောနိုင်လေ၏။ လူအစုအဝေးတို့သည်
၁၅။ အံ့သြခြင်းရှိကြ၏။သို့သော် ထိုသူတို့တွင် အချို့က
ဤသူသည်နတ်ဆိုးမင်း **ဘဲလ်ဇေဘုလ်**ကို အမှီပြု၍၊
နတ်ဆိုးများကိုနှင်ထုတ်ခြင်းဖြစ်သည်ဟု ဆိုကြ၏။
၁၆။ အခြားသောသူများကလည်း ကိုယ်တော့်ကိုစုံစမ်းလို
သဖြင့်ကောင်းကင်မှ နိမိတ်လက္ခဏာကို တောင်းခံ
၁၇။ ကြ၏။ သို့သော်ကိုယ်တော်သည် သူတို့၏အတွင်း
စိတ်ကိုသိတော်မူသဖြင့်သူတို့အား မိန့်တော်မူသည်
ကား၊ တိုင်းနိုင်ငံတစ်ခု၌ စိတ်ဝမ်းကွဲပြားရှိကြလျှင်
ထိုနိုင်ငံသည် ပြိုကွဲပျက်စီး၍ အိမ်တစ်ဆောင်အပေါ်
၁၈။ တစ်ဆောင်ပြိုလဲလိမ့်မည်။စာတန်သည်လည်းအချင်း
ချင်းစိတ်ဝမ်းကွဲပြားကြလျှင် သူ၏နိုင်ငံသည်မည်ကဲ့
သို့ရပ်တည်နိုင်မည်နည်း။အကြောင်းမူကား၊ငါသည်
**ဘဲလ်ဇေဘုလ်**ကိုအမှီပြု၍ နတ်ဆိုးများကို နှင်ထုတ်
၁၉။ သည်ဟုသင်တို့ဆိုကြ၏။ငါသည် **ဘဲလ်ဇေဘုလ်**ကို
အမှီပြု၍နတ်ဆိုးများကိုနှင်ထုတ်လျှင်သင်တို့၏သား
များသည်မည်သူ့ကိုအမှီပြု၍နတ်ဆိုးများကိုနှင်ထုတ်
ကြသနည်း။ထို့ကြောင့် သူတို့သည်သင်တို့ကိုတရား
၂၀။ စီရင်သောသူများဖြစ်ကြလိမ့်မည်။သို့သော် ငါသည်
ဘုရားသခင်၏လက်ညှိုးတော်အားဖြင့်[၁] နတ်ဆိုးများ
ကို နှင်ထုတ်သည်ဖြစ်သောကြောင့် ဘုရားသခင်၏
နိုင်ငံတော်သည် သင်တို့အပေါ် ရောက်ရှိလေပြီ။
၂၁။ ခွန်အားကြီးသောသူတစ်ဦးသည် လက်နက်အပြည့်
အစုံဖြင့်မိမိအိမ်ကိုစောင့်ကြပ်လျှင်သူ၏ ဥစ္စာပစ္စည်း
၂၂။ တို့သည်လုံခြုံစွာရှိ၏။သို့သော် သူ့ထက်ခွန်အားကြီး
သူပေါ်လာ၍သူ့ကိုထိုက်ခိုက်အနိုင်ယူသဖြင့် သူအား
ကိုးသောလက်နက်တန်ဆာများကိုသိမ်းယူ၍ သူပိုင်
၂၃။ သောဥစ္စာပစ္စည်းများကို ခွဲဝေလိမ့်မည်။ ငါ့ဘက်မှာ
မနေသောသူသည် ငါ့ကိုဆန့်ကျင်သောသူ ဖြစ်၏။
ငါနှင့်အတူ မစုမသိမ်းသောသူသည် ပြန့်ကြဲစေ၏။

## ညစ်ညူးသောနတ်ဆိုးပြန်လာခြင်း
## (မာ၁၂း၃၈-၄၂)

၂၄။ ညစ်ညူးသောနတ်ဆိုးသည် လူတစ်ဦးထံမှထွက်သွား
သောအခါ၊ ခြောက်သွေ့သောလွင်ပြင်များတွင် နား
ခိုရန်နေရာရှာသော်လည်းမတွေ့သဖြင့် ငါထွက်လာ
၂၅။ ခဲ့သောအိမ်သို့ပြန်သွားမည်ဟုဆို၏။သူပြန်လာသော
အခါ ထိုအိမ်သည် သပ်ရပ်စွာလှဲကျင်းထားသည်ကို
၂၆။ တွေ့ရလေ၏။ထိုအခါနတ်ဆိုးသည်သွား၍မိမိထက်
ဆိုးသွမ်းသောနတ်ဆိုးခုနစ်ကောင်ကိုခေါ်ဆောင်လာ
ခဲ့သဖြင့်ထိုလူ၌ဝင်၍နေကြ၏။ ထိုလူ၏နောက်ဆုံး
အခြေအနေသည်ယခင်ကထက်ပို၍ ဆိုးလာသည်ဟု
မိန့်တော်မူ၏။

## စစ်မှန်သော မင်္ဂလာရှိခြင်း

၂၇။ ကိုယ်တော်သည် ဤအကြောင်းကိုမိန့်တော်မူစဉ်တွင်
လူအစုအဝေးထဲမှအမျိုးအမီးတစ်ဦးသည်အသံကိုမြှင့်
၍၊ကိုယ်တော်ကို လွယ်သော ဝမ်းနှင့်ကိုယ်တော်စို့
တော်မူသော သားမြတ်တို့သည် မင်္ဂလာရှိကြ၏ဟု
၂၈။ ကိုယ်တော်အားလျှောက်လေ၏။သို့သော် ကိုယ်တော်
က ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုကြားနာ၍
ကျင့်ဆောင်တည်သော သူတို့သည် အမှန်စင်စစ်
မင်္ဂလာရှိကြ၏ဟု မိန့်တော်မူ၏။

## ယောန၏နိမိတ်လက္ခဏာ (မာ ၁၂း၃၈-၄၂)

[၁] (၁၁း၂၀) ဘုရားသခင်၏တန်ခိုးတော်အားဖြင့်။

၂၉။ လူအစုအဝေးသည်ပို၍များပြားလာသောအခါ၊ ကိုယ်
တော်သည်စတင်၍မိန့်တော်မူသည်ကား၊ ဤလူမျိုး
ဆက်သည် ဆိုးညစ်သော လူမျိုးဆက်ဖြစ်၍ နိမိတ်
လက္ခဏာကိုတောင်း၏။ သို့သော် **ယောန**၏နိမိတ်
လက္ခဏာ[၄]မှတစ်ပါးမည်သည့် နိမိတ်လက္ခဏာကိုမျှ
၃၀။ သူတို့အား ပေးလိမ့်မည်မဟုတ်။ အကြောင်းမူကား၊
ယောနသည်**နိနေဝေမြို့**သားတို့အတွက် နိမိတ်လက္ခ
ဏာဖြစ်သကဲ့သို့လူ့သားသည်လည်း ဤလူမျိုးဆက်
၃၁။ အတွက်ဖြစ်လိမ့်မည်။တရားစီရင်တော်မူသော နေ့၌
တောင်ဘက်တိုင်းပြည်၏ဘုရင်မသည်ထလာ၍ ဤ
လူမျိုးဆက်ကိုအပြစ်တင်စွပ်စွဲလိမ့်မည်။ အကြောင်း
မူကား၊သူမသည် **ဆော်လမုန်**မင်းကြီး၏ဉာဏ်ပညာ
တော်ကိုကြားသိရန်ကမ္ဘာတစ်ဘက်စွန်းမှလာရောက်
ခဲ့၏။ယခုဤနေရာတွင်မူကား၊ **ဆော်လမုန်**မင်းကြီး
၃၂။ ထက်ကြီးမြတ်သောသူရှိ၏။တရားစီရင်တော်မူသော
နေ့၌**နိနေဝေမြို့**သားတို့သည်ထလာ၍ဤလူမျိုးဆက်
ကိုအပြစ်တင် စွပ်စွဲကြလိမ့်မည်။ အကြောင်းမူကား
သူတို့သည်**ယောန**၏ဟောပြောခြင်းကြောင့်နောင်တ
ရခဲ့ကြ၏။ ယခု ဤနေရာတွင်မူကား၊ **ယောန**ထက်
ကြီးမြတ်သောသူရှိ၏။

## လူ့ခန္ဓာကိုယ်၏အလင်း
## (မာ ၅း၁၅၊ ၆း၂၂–၂၃)

၃၃။ မည်သူမျှဆီမီးကိုထွန်း၍၊ ကွယ်ရာ၌လည်းကောင်း၊
တောင်းဇလားအောက်၌လည်းကောင်း ထားလေ့မရှိ
ကြ။ အိမ်အတွင်းသို့ဝင်လာသူများအလင်းကိုမြင်နိုင်
ရန်ဆီမီးကို မီးတင်ခုံပေါ်မှာသာ တင်ထားလေ့ရှိကြ
၃၄။ ၏။ သင်၏မျက်စိသည် သင့်ခန္ဓာကိုယ်၏ဆီမီးဖြစ်
၏။ သင်၏မျက်စိအမြင်ကြည်လင်လျှင်သင်၏ခန္ဓာ
ကိုယ်တစ်ခုလုံးလင်းလိမ့်မည်။ သင်၏မျက်စိအမြင်
မကောင်းလျှင်မူကား၊ သင်၏ခန္ဓာကိုယ်တစ်ခုလုံး
၃၅။ သည် မှောင်မိုက်နေလိမ့်မည်။[၅] ထို့ကြောင့်သင်၌ရှိ
သောအလင်းသည် မှောင်မိုက်မဖြစ်စေခြင်းငှာသတိ
၃၆။ ပြုလော့။သို့ဖြစ်၍သင်၏ကိုယ်ခန္ဓာတစ်ခုလုံးအလင်း
နှင့်ပြည့်လျက် မှောင်မိုက်လုံးဝ မရှိပါလျှင်ဆီမီး၏
ရောင်ခြည်သည် သင့်ကို အလင်းပေးသကဲ့သို့သင်
တစ်ကိုယ်လုံး ထွန်းလင်းတောက်ပလျက်ရှိလိမ့်မည်
ဟု မိန့်တော်မူ၏။

## ကိုယ်တော်သည် ဖါရိဇေဦးနှင့် ကျမ်းတတ် ဆရာများကို ပြစ်တင်ခြင်း
## (မာ ၂၃း၁–၃၆၊ မာကု ၁၂း၃၈–၄၈)

၃၇။ ကိုယ်တော်ဤသို့မိန့်တော်မူနေစဉ် **ဖါရိဇေဦး**တစ်ဦး
သည်ကိုယ်တော့်ကို မိမိနှင့်အတူညစာသုံးဆောင်ရန်
ပင့်ဖိတ်သဖြင့်ကိုယ်တော်သည်ကြွသွား၍စားပွဲ၌ထိုင်
၃၈။ တော်မူ၏။ကိုယ်တော်သည် အစာမစားမီဆေးကြော
သန့်စင်ခြင်းမပြုသည်ကို မြင်သောအခါ **ဖါရိဇေဦး**
၃၉။ သည်အံ့ဩလေ၏။ကိုယ်တော်ကလည်း သူ့အားမိန့်
တော်မူသည်ကား၊ သင်တို့**ဖါရိဇေဦး**များသည်အပေါ်
ယံအသွင်အပြင်ဖြစ်သောခွက်ဖလားနှင့်ပန်းကန်တို့ကို
ဆေးကြောသုတ်သင်ကြ၏။[၆] သို့သော် သင်တို့
အတွင်းစိတ်၌မူကား လုယက်ခြင်းနှင့်ကောက်ကျစ်
၄၀။ ယုတ်မာခြင်းတို့ဖြင့် ပြည့်လျက်ရှိကြ၏။ အသင်
လူမိုက်တို့၊ အပေါ်ယံပြင်ပသဏ္ဍာန်ကို
ဖန်ဆင်းသောအရှင်သည်အတွင်းသဏ္ဍာန်ကိုလည်း
၄၁။ ဖန်ဆင်းတော်မူသည် မဟုတ်လော့။ သို့သော်
သင်တို့အတွင်းစိတ်တွင် ရှိသည့်အတိုင်း ပေးကမ်း
စွန့်ကြဲခြင်းကို ပြုကြလော့။[၇] ထိုသို့ပြုလျှင်
အရာခပ်သိမ်းတို့သည် သင်တို့အတွက် စင်ကြယ်
၄၂။ ကြလိမ့်မည်။ အသင်**ဖါရိဇေဦး**တို့ သင်တို့သည်
အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ သင်တို့သည်
ပင်စိမ်း၊စမုံစပါးနှင့်အရွက်ရှိသမျှတို့ကိုဆယ်ဖို့တစ်ဖို့

---

[၄] (၁၁း၂၉) ယောနသည် ငါးကြီး၏ဝမ်းတွင်းတွင် သုံးရက်နေသကဲ့သို့ သခင်ယေရှုသည်လည်း မြေကြီးထဲတွင်သုံးရက်နေပြီး ရှင်ပြန်ထမြောက်ခြင်း တန်ခိုးလက္ခဏာကို ပြမည်ဟု ဆိုလိုသည်။

[၅] (၁၁း၃၄)မျက်စိကြည်လင်သန့်ရှင်းလျှင် အရာရာကိုယုံကြည်လင်စွာမြင်သကဲ့သို့ အတွင်းစိတ်၏မျက်စိတည်းဟူသော စိတ်နေသဘောထား မှန်မြတ်ခြင်း၊ ယုံကြည်ခြင်း၊ပြည့်ဝလျက်မနာလို၊လောဘတပ်မက်သောအပြစ်များကင်းဝေးလျှင် သင်၏ဝိညာဉ်အတွင်း၌သန့်ရှင်းသောဝိညာဉ်တော်ဘုရား ကျိန်းဝပ်ခြင်းကြောင့် အလင်းဖြင့် ပြည့်ဝနေမည်။

[၆] (၁၁း၃၉) ဖာရိဇေဦးတို့သည်အတွင်းစိတ်၏သန့်ရှင်းမှန်မြတ်ခြင်းကိုအလေး အနက်မထားဘဲပြင်ပဓလေ့ထုံးစံတို့၌သာဦးစားပေးလိုက်နာတတ်ကြသည်။

[၇] (၁၁း၄၁)ပစ္စည်းဥစ္စာပေးကမ်းစွန့်ကြဲခြင်းကိုသာမဟုတ်။ မေတ္တာတရားနှင့်ဆိုင် ရာ အခြားကောင်းမှုတို့ကိုလည်း ဆိုလိုသည်။

လျူကြလျက် တရားမျှတခြင်းနှင့်ဘုရား သခင်အား
ချစ်ခြင်းတို့ကိုမူကား၊သင်တို့လျစ်လျူရှု ထားကြ၏။
ဤအချက်များကိုသင်တို့လိုက်ကျင့်အပ် သကဲ့သို့
အထက်ကဆိုသော အရာများကိုလည်း မလစ်ဟင်း
၄၃။ နှင့်။အသင်**ဖါရိရှဲဇြေး**တို့ သင်တို့သည် အမင်္ဂလာရှိ
ကြ၏။အကြောင်းမူကား၊ သင်တို့သည် တရားဇရပ်
များ၌ အကောင်းဆုံး နေရာများကိုလည်းကောင်း၊
ဈေး၌နှုတ်ဆက်ခံရခြင်းကိုလည်းကောင်း နှစ်သက်
၄၄။ ကြ၏။သင်တို့သည် အမင်္ဂလာရှိကြ၏။အကြောင်းမူ
ကား၊သင်တို့သည်အမှတ်အသားမရှိ၊ မထင်ရှားသော
သင်္ချိုင်းတွင်းများနှင့်တူကြ၏။[၈] လူတို့သည်မသိသော
ကြောင့်အပေါ်မှ ဖြတ်လျှောက်သွား ကြ၏။
၄၅။ ထိုအခါ၊ ကျမ်းတတ်ဆရာတစ်ဦးက ဆရာ သခင်၊
ကိုယ်တော်သည်ဤသို့မိန့်တော်မူခြင်းဖြင့်ကျွန်တော်
တို့ကိုလည်းအပြစ်တင်ရှုတ်ချနေပါသည်ဟုလျှောက်
၄၆။ ထားလေ၏။ကိုယ်တော်က အသင်ကျမ်းတတ်ဆရာ
တို့ သင်တို့သည်လည်း အမင်္ဂလာ ရှိကြ၏။
အကြောင်းမူကား၊သင်တို့သည်လေးလံခက်ခဲသောဝန်
ထုပ်များကို လူတို့အား ထမ်းစေကြလျက် သင်တို့
ကိုယ်တိုင်ကမူ ဝန်ထုပ်များကို လက်ဖျားနှင့်မထိလို
၄၇။ ကြ။သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူ
ကား၊သင်တို့သည်သင်တို့ဘိုးဘေးများ သတ်ဖြတ်ခဲ့
သောပရောဖက်တို့၏သင်္ချိုင်းဂူများကိုတည်ဆောက်
၄၈။ တည်ဆောက်ပေးကြ၏[၉]။ ဤသို့ဖြင့် သင်တို့သည်
သင်တို့ ဘိုးဘေးတို့၏ လုပ်ရပ်များကိုသဘောတူ
ကြောင်း သက်သေခံကြ၏။ အကြောင်းမူကား၊
သူတို့သည် ပရောဖက်များကို သတ်ဖြတ်ကြ၏။
သင်တို့မူကား၊ သူတို့၏သင်္ချိုင်းများကိုတည်ဆောက်
၄၉။ ဆောက်ကြ၏။ ထို့ကြောင့် ဘုရားသခင်၏ဉာဏ်
ပညာတော်ကမိန့်ဆိုသည်ကား၊ ငါသည်သူတို့ထံသို့
ပရောဖက်များနှင့်တမန်တော်များကို စေလွှတ်မည်။
သူတို့မူကား၊အချို့တို့ကိုသတ်ဖြတ်၍ အချို့ကိုညှဉ်း
၅၀။ ပန်း နှိပ်စက်ကြလိမ့်မည် ဟူ၍တည်း။ ထို့ကြောင့်
ကမ္ဘာတည်ချိန်မှစ၍သွန်းလောင်းခဲ့ကြရသော ပရော
ဖက်အပေါင်းတို့၏သွေးကို ဤလူမျိုးဆက်သည်ပေး
၅၁။ ဆပ်ရလိမ့်မည်။သင်တို့အား ငါအမှန်ဆိုသည်ကား၊
**အာဘေလ်**၏အသွေးမှစ၍၊ ယဇ်ပလ္လင်နှင့်သန့်ရှင်း
သောဌာနအကြားတွင်အသက်ဆုံးရှုံးရသော**ဇာခရိယ**
၏သွေးတိုင်အောင် ဤလူမျိုးဆက်သည် ပေးဆပ်ရ
၅၂။ လိမ့်မည်။ အသင်ကျမ်းတတ်ဆရာတို့ သင်တို့သည်
အမင်္ဂလာရှိ၏။အကြောင်းမူကား၊သင်တို့သည်အသိ
ပညာ၏တံခါးသော့[၁၀]ကိုသိမ်းယူထားကြပြီ၊ သင်တို့
ကိုယ်တိုင်လည်းမဝင်ကြ။ဝင်လိုသောသူများကိုလည်း
သင်တို့ ဟန့်တားကြပြီဟု မိန့်တော်မူ၏။
၅၃။ ထိုအရပ်မှကိုယ်တော် ထွက်ကြွတော်မူသောအခါ၊
ကျမ်းတတ်ဆရာများနှင့်**ဖါရိရှဲဇြေး**များသည်များစွာ
သောအကြောင်းအရာများကို ကိုယ်တော်ပြောဆို
စေရန် အပြင်းအထန် မေးမြန်းလှုံ့ဆော်ကြ၏။
၅၄။ ဤသို့ဖြင့်သူတို့သည် ကိုယ်တော် မိန့်တော်မူသည့်
စကားများတွင် ကိုယ်တော့်ကို အပြစ်တင်ခွင့်ရရန်
ချောင်းမြောင်းနေကြ၏။

## အခန်းကြီး (၁၂)
## သူတော်ကောင်းယောင်ဆောင်ခြင်းမှရှောင်ကျဉ်ရန်
## (မာ ၁၀း၂၆–၂၇)

၁။ ထိုအချိန်၌ထောင်ပေါင်းများစွာသော လူအစုအဝေး
သည်စုဝေးလာကြသဖြင့် အချင်းချင်း နင်းမိမတတ်
ဖြစ်လေ၏။ ကိုယ်တော်သည်စတင်၍ တပည့်တော်
တို့အား ပထမဦးစွာ မိန့်တော်မူသည်မှာ သူတော်
ကောင်းယောင်ဆောင်ခြင်းတည်းဟူသော **ဖါရိရှဲဇြေး**
၂။ တို့၏တဆေး[၁]ကိုသတိထားကြလော့။ထုတ်ဖော်ပြော

[၈] (၁၁း၄၄)အတွင်းစိတ်၌မသန့်ရှင်းဘဲ၊ ပြင်ပ၌ဂုဏ်ပကာသနကိုလည်းကောင်း၊ ရှိသေနှုတ်ဆက်ခြင်းနှင့်မြင့်မြတ်သောနေရာကိုလည်းကောင်း အလိုရှိသောဖာရိဇေဦးတို့သည် အတွင်း၌အပုပ်နံ့နှင့်ပြည့်နေသော သင်္ချိုင်းတွင်းနှင့်တူကြ၏။

[၉] (၁၁း၄၈) ဖာရိဇေဦးတို့က ပရောဖက်တို့၏သင်္ချိုင်းဂူများကိုဆောက်လုပ်ပေးခြင်းမှာ ဘိုးဘေးတို့၏ပြစ်မှားမှုများကိုဒဏ်ဆပ်ဖြေပေးမည်ဟုမျှော်လင့်သောကြောင့်ဖြစ်၏။ သို့သော် သူတို့၏စိတ်ထားနှင့်ဘိုးဘေးတို့၏စိတ်ထားမှာ တစ်ထပ်တည်းဖြစ်၏။ ထို့ပြင် သူတို့၏မကောင်းသောစိတ်ထားကို ထိန်ဝှက်ခြင်းငှာလည်း ထိုသို့ဆောက်လုပ်ကြ၏။

[၁၀] (၁၁း၅၂)သင်တို့သည် သွန်သင်ပြသသောဆရာများကဲ့သို့ ပညတ်တရားနှင့်ပရောဖက်ကျမ်းများ၏ အနက်အဓိပ္ပာယ်ကိုဖော်ပြရာတွင် မဟုတ်မမှန်သောအဓိပ္ပာယ်ကိုဖော်ပြခြင်းဖြင့် သင်တို့ကိုယ်တိုင်လည်း တရားကိုမကျင့်သူတစ်ပါးတို့လည်း ကျင့်အံ့သောငှာ အခွင့်မပြုရာရောက်၏။

[၁] (၁၂း၁) ဖာရိဇေဦးတို့၏ကောက်ကျစ်လဲသောစိတ်ဓာတ်နှင့် ၎င်းတို့၏တရားကျမ်းနှင့်ဆန့်ကျင်ဘက်ဖြစ်သော သွန်သင်ချက်တို့သည် တဆေးကဲ့သို့ပင်လူ့အသိုင်းအဝိုင်းတွင် ပျံ့နှံ့လွှမ်းမိုးစေနိုင်မှ ကောင်းသောစိတ်ထားများကိုပျက်ပြားစေနိုင်သောကြောင့်ထိုစိတ်ဓာတ်ကိုရှောင်ကြဉ်ကြလော့ဟု ဆိုလိုသည်။

၃။ ခြင်းမခံရစေရန်ဖုံးကွယ်ထားနိုင်သောအရာမရှိ။[၂]လူမ
သိစေရန်လျှို့ဝှက်ထားနိုင်သောအရာဟူ၍လည်းမရှိ။
မှောင်မိုက်တွင်သင်တို့ပြောဆိုသောစကားများကို လူ
တို့သည်အလင်း၌ကြားကြလိမ့်မည်။ အိပ်ခန်းတွင်း၌
သင်တို့တီးတိုးပြောဆိုသောအရာကိုအိမ်ခေါင်မိုး[၃]ပေါ်မှ
ကြေညာကြလိမ့်မည်။

## မကြောက်ကြနှင့် (မာ ၁၀း၂၈-၃၁)

၄။ ငါ့မိတ်ဆွေတို့ သင်တို့အားငါဆိုသည်ကား၊ ကိုယ်
ခန္ဓာကိုသတ်၍ နောက်ထပ်မည်သို့မျှ ထပ်မံမပြုနိုင်
၅။ သောသူတို့ကိုမကြောက်ကြနှင့်။ သို့သော် သင်တို့
သည် မည်သူ့ကိုကြောက်ရမည်ကိုသင်တို့အား ငါ
ဖော်ပြမည်။ ကိုယ်ခန္ဓာကို သတ်ပြီးမှ ငရဲသို့ချနိုင်
သောသူကိုကြောက်ကြလော့။ သင်တို့အား ငါအမှန်
၆။ ဆိုသည်ကား သူကိုသာကြောက်ကြလော့။ စာငှက်
ငါးကောင်ကို ငွေအသပြာနှစ်ပြားဖြင့် ရောင်းသည်
မဟုတ်လော။ယင်းတို့တွင်တစ်ကောင်မျှဘုရားသခင်
၇။ ရှေ့တော်တွင် မေ့လျော့ထားခြင်းမခံရ။ သင်တို့၏
ဦးခေါင်းတွင် ရှိသမျှသော ဆံပင်တို့သည်ပင်လျှင်
ရေတွက်ထားခြင်းခံရ၏။ထို့ကြောင့်မကြောက်ကြနှင့်၊
သင်တို့သည် စာငှက်မြောက်များစွာထက် ပို၍
တန်ဖိုး ရှိကြ၏။

## ခရစ်တော်ကို ဝန်ခံသူနှင့်ငြင်းပယ်သူ (မာ ၁၀း၃၂-၃၃၊ ၁၂း၃၂၊ ၁၀း၉-၂၀)

၈။ သင်တို့အားငါဆိုသည်ကား၊ လူတို့ရှေ့ကမှာငါ့ကိုသိ
မှတ်ဝန်ခံသောသူကိုလူသားသည်လည်းဘုရားသခင်
၏သိကြားတမန်တို့ရှေ့မှောက်၌သိမှတ်ဝန်ခံလိမ့်မည်။[၄]

[၂] (၁၂း၂) မာတေဦး ၁၀း၂၆

[၃] (၁၂း၃) ဂျူဒလူမျိုးတို့နေထိုင်ရာဒေသများတွင်အိမ်များသည် အိမ်မိုးပြန့်များဖြစ်၍ အိမ်မိုးပေါ်တွင်စကားဝိုင်းဖွဲ့ပြောခြင်း၊ ကြေညာခြင်းတို့ကိုပြုလေ့ရှိကြ၏။ ထို့ကြောင့် လူနည်းစုရှေ့တွင် သခင်ယေရှုးဟောကြားခဲ့သည့်တရားတော်ကို လူတိုင်းကြားသိစေရန် အိမ်အမိုးပေါ်မှ ကြေညာစေသည်။

[၄] (၁၂း၈)သခင်ယေရှုး၏တရားတော်ကို အတွင်းစိတ်၌သာယုံကြည်လက်ခံရုံနှင့်မပြီးချေ။ လူအများရှေ့တွင် သက်သေခံကြရန်လည်း လိုအပ်သည်။

၉။ သို့သော် လူတို့ရှေ့မှာ ငါ့ကို ငြင်းပယ်သောသူကိုမူ
ကား၊လူသားသည် ဘုရားသခင်၏သိကြားတမန်တို့
၁၀။ ရှေ့မှောက်၌ငြင်းပယ်လိမ့်မည်။လူ့သားကို နှုတ်ဖြင့်
ပြောဆိုပြစ်မှားသောသူသည်အပြစ်လွတ်ခွင့်ရနိုင်လိမ့်
မည်။သို့သော် သန့်ရှင်းသောဝိညာဉ်တော်ကိုထိခိုက်
ပြစ်မှားသောသူသည် အပြစ်လွတ်ခွင့် ရလိမ့်မည်[၅]
၁၁။ မဟုတ်။ လူတို့သည် သင်တို့ကိုတရားဇရပ်များသို့
လည်းကောင်း၊အုပ်ချုပ်သူများနှင့်အာဏာပိုင်တို့ရှေ့
မှောက်သို့လည်းကောင်း ပို့ဆောင်ကြသောအခါသင်
တို့မည်သို့ပြန်ဖြေရမည်။မည်သည့်အရာကိုပြောဆိုရ
၁၂။ မည်ကို မစိုးရိမ်ကြနှင့်။ အကြောင်းမူကား၊ သင်တို့
မည်သည့်အရာကိုပြောဆိုရမည်ကို ထိုအချိန်နာရီ၌
သန့်ရှင်းသောဝိညာဉ်တော်သည်သွန်သင်တော်မူလိမ့်
မည်ဟုမိန့်တော်မူ၏။

## မိုက်မဲသောသူဌေး၏ပုံဥပမာ

၁၃။ ထိုအခါ လူအစုအဝေးထဲမှလူတစ်ယောက်က ဆရာ
သခင်၊ကျွန်တော်၏အစ်ကိုသည်ကျွန်တော့်အားအမွေ
ခွဲဝေပေးပါရန် အမိန့်ရှိတော်မူပါဟု လျှောက်လျှင်။
၁၄။ ကိုယ်တော်က အချင်းလူ၊ မည်သူသည် ငါ့ကိုသင်တို့
၏တရားသူကြီး သို့မဟုတ် အမွေခွဲဝေသူအဖြစ်ခန့်
၁၅။ ထားသနည်းဟုသူ့အား မိန့်တော်မူ၏။[၆] ထို့နောက်
လောဘ၊စိတ်ကြီးခြင်းကို သတိပြု၍ ရှောင်ကြဉ်ကြ
လော့။ အကြောင်းမူကား၊ လူ၏အသက်သည် ဥစ္စာ
ဓနကြွယ်ဝခြင်း၌တည်သည်မဟုတ်ဟုသူတို့အားမိန့်
၁၆။ တော်မူ၏။ကိုယ်တော်သည် ပုံဥပမာတစ်ခုကိုလည်း
သူတို့အားပြောပြတော်မူ၏။တစ်ခါက သူဌေးတစ်ဦး
၏လယ်မြေသည် အသီးအနှံများစွာထွက်ရှိသဖြင့်
၁၇။ သူက ငါမည်သို့ပြုရမည်နည်း။ အကြောင်းမူကား၊
ငါ၏အသီးအနှံများကိုသိုလှောင်ရန် ငါ၌နေရာမရှိဟု
၁၈။ မိမိစိတ်ထဲတွင် တွေးတောလျက်နေ၏။ ထို့နောက်
သူကဤသို့ငါပြုမည်။ငါ၏ကျီများကိုဖြိုဖျက်၍ ကြီး
သောကျီများကို ငါတည်ဆောက်လျက် ငါ၏အသီး

[၅] (၁၂း၁၀)စစ်မှန်သေ ဘုရားသခင်၏တရားတော်ကို ယုံကြည်သက်ဝင်လက်ခံပြီးမှ မယုံကြည်။ အပြစ်ထဲတွင် ခေါင်းမာစွာနေထိုင်ကြသော။

[၆] (၁၂း၁၄)လောကီအမှုများသည် လောကီတရားသူကြီးများနှင့်ဆိုင်၏။ သခင်ယေရှုးမူကား၊ ထာဝရအမွေကို ပေးသောသူဖြစ်၏။

၁၉။ အနံ့များနှင့်ဥစ္စာရှိသမျှတို့ကို ငါသိုလှောင်မည်။ငါ၏
ဝိညာဉ်ကိုလည်း အိုငါ့ဝိညာဉ် သင်သည်နှစ်ပေါင်း
များစွာအတွက် များစွာသော ဥစ္စာပစ္စည်းများကို
သိုလှောင်ထားလျက်ရှိပြီ၊စိတ်ချမ်းသာစွာ နေလော့။
သောက်စား၍ ပျော်ရွှင်စွာနေလော့ဟု ငါဆိုမည်။
၂၀။ သို့သော် ဘုရားသခင်က အသင်လူမိုက်၊ ည
၌ပင်သင်၏ဝိညာဉ်ကို သင့်ထံမှပြန်လည်ရုပ်သိမ်း
လိမ့်မည်၊သင်စုဆောင်းထားသောဥစ္စာအရာများသည်
မည်သူ့အတွက်ဖြစ်မည်နည်းဟု သူ့အားမိန့်တော်မူ
၂၁။ ၏။ မိမိအတွက်သာဥစ္စာဘဏ္ဍာများကို ရှာဖွေဆည်း
ပူး၍၊ဘုရားသခင်၏ရှေ့တော်မှောက်၌ ပြည့်စုံကြွယ်
ဝခြင်းမရှိသောသူသည် ဤနည်းတူပင်ဖြစ်လိမ့်မည်
ဟု မိန့်တော်မူ၏။

## ဘုရားသခင်၌ ယုံကြည်အားထားခြင်း (မာ ၆:၁၉–၂၁၊၂၅–၃၄)

၂၂။ ထို့နောက်ကိုယ်တော်သည် တပည့်တော်တို့အားမိန့်
တော်မူသည်မှာသင်တို့အားငါဆိုသည်ကား၊ သင်တို့
အသက်ရှင်ရန်အတွက်မည်သည့်အရာကိုစားသောက်
ရမည်။သင်တို့ခန္ဓာကိုယ်အတွက် မည်သည့်အရာကို
ဝတ်ဆင်ရမည်ကို စိုးရိမ်ပူပန်ခြင်းမရှိကြနှင့်[၇]။
၂၃။ အကြောင်းမူကား၊ အသက်သည်အစာထက်မြတ်၏။
၂၄။ ခန္ဓာကိုယ်သည် အဝတ်ထက်မြတ်၏။ ကျီးကန်းတို့
ကိုကြည့်ရှုဆင်ခြင်ကြလော့။ ယင်းတို့သည် မျိုးစေ့
လည်းမကြဲ၊အသီးအနှံများကိုလည်းမရိတ်သိမ်း၊ ကျီ
သို့မဟုတ်သိုလှောင်ရုံလည်းမရှိကြ။ သို့သော်လည်း
ဘုရားသခင်သည် ယင်းတို့ကိုကျွေးမွေးတော်မူ၏။
သင်တို့သည်ငှက်များထက်များစွာအဖိုးထိုက်ကြသည်
၂၅။ မဟုတ်လော။ သင်တို့တွင် မည်သူသည်စိုးရိမ်
ကြောင့်ကြခြင်းဖြင့်မိမိဘဝသက်တမ်းကိုအနည်းငယ်
၂၆။ ပို၍ရှည်စေနိုင်သနည်း။[၈]သို့ဖြစ်၍၊သင်တို့သည်သေး
ငယ်သော အမှုအရာကိုပင် မတတ်နိုင်ကြလျှင်
အဘယ်ကြောင့်အခြားသောအမှုကိစ္စများအတွက် စိုး
၂၇။ ရိမ်ပူပန်ကြသနည်း။ တောနှင်းပန်းများ မည်ကဲ့သို့
ရှင်သန်ကြီးထွားကြသည်ကိုကြည့်ရှုဆင်ခြင်ကြလော့၊
ယင်းတို့သည် အလုပ်လည်းမလုပ်၊ ရက်ကန်းလည်း
မရက်ကြ။ သို့သော် ဘုန်းကျက်သရေရှိ လှသော
**ဆော်လမုန်**မင်းကြီးပင်လျှင်ဤနှင်းပန်းပင်ကဲ့သို့လှပ
၂၈။ စွာ မဆင်မြန်းနိုင်ခဲ့ချေ။ ယနေ့ကွင်းပြင်ထဲတွင်
အသက်ရှင်၍ မနက်ဖြန်မီးဖိုထဲသို့ပစ်ချခြင်းခံရသော
မြက်ရိုင်းပင်များကိုဘုရားသခင်သည် ဤကဲ့သို့အလှ
ဆင်ပေးတော်မူလျှင် ကိုယ်တော်သည် သင်တို့ကိုထို
ထက်မက ဆင်မြန်းပေးတော်မူမည်မဟုတ်လော့။
၂၉။ ယုံကြည်ခြင်းအားနည်းသောသင်တို့။မည်သည့်အရာ
ကိုရှာဖွေစားသောက်ရမည်ကိုစိုးရိမ်ပူပန်ခြင်းမရှိကြနှင့်။
၃၀။ အကြောင်းမူကား၊ ကမ္ဘာပေါ်ရှိလူမျိုးတိုင်း ဤအရာ
များကိုရှာဖွေတတ်ကြ၏။သင်တို့သည် ဤအရာများ
ကိုလိုအပ်ကြောင်းသင်တို့အဖ ဘုရားသခင်သိတော်
၃၁။ မူ၏။ သင်တို့မူကား၊ဘုရားသခင်၏နိုင်ငံတော်ကိုရှာ
ကြလော့။ ထိုအခါ ဤအရာများကိုလည်း သင်တို့
၃၂။ အားပေးတော်မူလိမ့်မည်။အိုသိုးစုငယ်[၉]၊မကြောက်ရွံ့
နှင့်၊ အကြောင်းမူကား၊ သင်တို့အဖသည်နိုင်ငံတော်
ကို သင်တို့အားပေးရန်အလိုရှိတော်မူ၏။

## ပေးကမ်းစွန့်ကြဲခြင်း (မာ ၆:၁၉–၂၁)

၃၃။ သင်တို့ပိုင်ဆိုင်သောအရာများကိုရောင်းချ၍ပေးကမ်း
စွန့်ကြဲကြလော၊ မဟောင်းမဆွေးနိုင်သော ပိုက်ဆံ
အိတ်ကိုလည်းကောင်း၊ ပိုးလည်းမဖောက်နိုင် သူခိုး
လည်းမခိုးနိုင်။မကုန်ခန်းနိုင်သောကောင်းကင်ဘဏ္ဍာ
ကိုလည်းကောင်း ရှာဖွေစုဆောင်းကြလော့။[၁၀]
၃၄။ အကြောင်းမူကား၊ သင်၏ဥစ္စာဘဏ္ဍာရှိသောအရပ်၌
သင်၏စိတ်နှလုံးလည်းရှိ၏။

---

[၇] (၁၂:၂၂) မာတေဦး ၆:၂၅

[၈] (၁၂:၂၅) မာတေဦး ၆:၂၇

[၉] (၁၂:၃၂) သိုးစုငယ်၏အဓိပ္ပာယ်မှာ အသင်းတော်တွင်လူထုအရေအတွက်များပြားသော်လည်းကမ္ဘာကုန်သည့်တိုင်အောင် အသင်သားများသည်စိတ်နှိမ့်ချခြင်းရှိစေလိုသည့်အတွက် ယေရှုးသည် မိမိရွေးကောက်တော်မူသော လူများကိုငယ်သောသိုးစုခေါ်သည်။

[၁၀] (၁၂:၃၃)အစဉ်အမြဲတည်သောသီလ၊ပါရမီ၊ ကောင်းမှုများကိုရှာဖွေဆည်းပူးကြရန်ဆိုလိုသည်။

## သစ္စာရှိ၍ သတိဝိရိယနှင့်စောင့်နေသော အစေခံများ

၃၅။ သင်တို့သည်ခါးပန်းစည်းလျက် ဆီမီးခွက်များကို
၃၆။ ထွန်းညှိထားကြလော့။[၁၁] မိမိတို့သခင်သည် မင်္ဂလာ
ဆောင်ဧည့်ခံပွဲမှပြန်လာ၍ တံခါးခေါက်သောအခါ၊
ချက်ချင်းတံခါးဖွင့်ပေးနိုင်မည့်အကြောင်းသူလာမည့်
အချိန်ကိုစောင့်မျှော်နေသောအစေခံများကဲ့သို့ဖြစ်ကြ
၃၇။ လော့။သခင်ပြန်လာသောအခါ၊ နိုးကြားစွာစောင့်နေ
ကြသည်ကိုတွေ့ရသောအစေခံတို့သည် မင်္ဂလာရှိကြ
၏။သင်တို့အား ငါအမှန်ဆိုသည်ကား သခင်သည်
ခါးကိုစည်းလျက် ထိုအစေခံတို့ကိုစားပွဲ၌ထိုင်စေပြီး
၃၈။ မှကိုယ်တိုင် ဧည့်ခံကျွေးမွေးလိမ့်မည်။ သခင်သည်
ဒုတိယယံ၌ဖြစ်စေ၊ တတိယယံ၌ဖြစ်စေပြန်လာသော
အခါသူ့ကိုစောင့်မျှော်နေသောအစေခံတို့ကိုတွေ့လျှင်
၃၉။ ထိုသူတို့သည်မင်္ဂလာရှိကြ၏။ သူခိုးလာမည့်အချိန်
ကိုအိမ်ရှင်သိပါလျှင် မိမိအိမ်ကိုမဖောက်ထွင်းစေရန်
ဧကန်မုချစောင့်နေလိမ့်မည်ကို သိမှတ်ကြလော့။
၄၀။ သင်တို့သည် လည်းအဆင်သင့် ရှိကြလော့။
အကြောင်းမူကား၊ သင်တို့မမျှော်လင့်သော အချိန်၌
လူသားသည်ကြွလာလိမ့်မည်ဟု မိန့်တော်မူ၏။

## သစ္စာရှိသောအစေခံနှင့် သစ္စာမဲ့သောအစေခံ (မာ ၂၄း၄၅–၅၁)

၄၁။ ထိုအခါ **ပေတရု**က သခင်ဘုရား၊ ကိုယ်တော်သည်
ဤပုံဥပမာကိုတပည့်တော်တို့အတွက် မိန့်တော်မူပါ
သလော့။ သို့မဟုတ် လူအားလုံးတို့အတွက်လောဟု
၄၂။ မေးလေ၏။ကိုယ်တော်ကလည်း အိမ်သူအိမ်သား
များကိုကြည့်ရှုရန်နှင့်စားစရာများကို အချိန်မှန်တည်
ခင်းကျွေးရန် အရှင်သခင်က ခန့်ထားသည့် သစ္စာ
သမာဓိနှင့်ပညာရှိသော အစေခံသည်မည်သူနည်း။
၄၃။ အရှင်သခင်ပြန်လာသောအခါ ဤသို့ဆောင်ရွက်နေ
သည်ကို တွေ့ရသော ဤအစေခံသည်မင်္ဂလာရှိ၏။
၄၄။ သင်တို့အားငါအမှန်ဆိုသည်ကား၊ အရှင်သခင်သည်
ထိုအစေခံအားမိမိဥစ္စာပစ္စည်းများကို စီမံအုပ်ချုပ်ရန်
၄၅။ အပ်နှင်းလိမ့်မည်။ ထိုသို့မဟုတ်ဘဲ အစေခံက ငါ၏
အရှင်သခင်ပြန်လာရန် ကြန့်ကြာလိမ့်မည်ဟု
မိမိစိတ်ထဲ၌ဆို၍အစေခံယောက်ျား၊ မိန်းမတို့ကိုရိုက်
နှက်လျက် သောက်စားမူးယစ်နေလေ၏။
၄၆။ သူမျှော်လင့်မထားသောနေ့ရက်နှင့်သူမသိသောအချိန်
နာရီ၌ ထိုအစေခံ၏အရှင်သခင်ပြန်ရောက်လာသော
အခါ၊သူ့ကိုဒဏ်ခတ်၍ သစ္စာမဲ့သူတို့နှင့်အတူနေရာ
၄၇။ ချထားလိမ့်မည်။ မိမိသခင်၏အလိုဆန္ဒကိုသိထားပါ
သော်လည်း သခင်၏အလိုအတိုင်း ပြင်ဆင်ဆောင်
ရွက်မထားသော အစေခံသည်ကြိမ်ဖြင့် ပြင်းထန်စွာ
၄၈။ ရိုက်နှက်ဒဏ်ပေးခြင်းကို ခံရလိမ့်မည်။ သို့သော်
အစေခံတစ်ယောက်သည် ကြိမ်ဒဏ်သင့်မည့်အမှုကို
မသိသောကြောင့်ပြုမိပါကအနည်းငယ်သာကြိမ်ဒဏ်
ခံရလိမ့်မည်။များစွာကျေးဇူးခံစားရသော သူဟူသမျှ
သည်များစွာပေးဆပ်ရလိမ့်မည်။လူအများက များစွာ
ယုံကြည်အပ်နှံခြင်းခံရသူထံမှ သူတို့သည်များစွာကို
တောင်းခံကြလိမ့်မည်။

## သခင်ယေရှုကြောင့် စိတ်ဝမ်းကွဲပြားခြင်း (မာ ၁၀း၃၄–၃၉)

၄၉။ မြေပေါ်တွင်မီးတောက်လောင်စေခြင်းငှာ ငါလာ၏။
ယခုပင် မီးစတင်တောက်လောင်ရန် ငါအလိုရှိလေ
၅၀။ ပြီ။[၁၂] ငါခံယူမည့်ဆေးကြောခြင်းတစ်ပါးရှိ၏။[၁၃] ငါ
သည် ဤအမှုကိုပြီးစီးအောင် မဆောင်ရွက်ရမချင်း
၅၁။ စိတ်ဒုက္ခခံစားရ၏။ ငါသည်ဤကမ္ဘာပေါ်သို့ ငြိမ်း
ချမ်းသာယာခြင်းကို ယူဆောင်လာသည်ဟု သင်တို့
ထင်မှတ်ကြသလော။ ထိုသို့မဟုတ်။ သင်တို့အား
ငါဆိုသည်ကားစိတ်ဝမ်းကွဲပြားစေခြင်းငှာငါလာ၏။
၅၂။ အကြောင်းမူကား၊ ယခုအချိန်မှစ၍ လူငါးယောက်ရှိ
သောအိမ်ထောင်စုတွင်စိတ်ဝမ်းကွဲပြားခြင်းရှိ၍ သုံး
ယောက်နှင့်နှစ်ယောက်၊ နှစ်ယောက်နှင့်သုံးယောက်
၅၃။ တစ်ဖက်စီစိတ်ဝမ်းကွဲကြလိမ့်မည်။ဖခင်သည် သား
ကို၊သားသည်ဖခင်ကို၊ မိခင်သည် သမီးကို၊ သမီး

---

[၁၁] (၁၂း၃၅) သခင်ယေရှုကြွလာသည့်အချိန်တွင် ဆုံတွေ့ရန်အတွက်မိမိသည် အကျင့်သီလကောင်းများဖြင့် သစ္စာရှိစွာ အသင့်ရှိကြရမည်။

[၁၂] (၁၂း၄၉) ဧဝံဂေလိတရားတော်၏အလင်းနှင့်မီးအရှိန်တည်းဟူသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာအရှိန်ကိုဆိုလိုသည်။

[၁၃] (၁၂း၅၀) သခင်ယေရှုခံရန်ရှိသော ဆေးကြောခြင်းဟူသည် စိတ်ပူပန်ခြင်း၊ ဒုက္ခခံခြင်းနှင့်အသေခံခြင်းတို့ကို ဆိုလိုသည်။

သည်မိခင်ကို၊ယောက္ခမသည်ချွေးမကို၊ ချွေးမသည်
ယောက္ခမကိုဆန့်ကျင်ဘက်ပြုကြလိမ့်မည်ဟုမိန့်တော်
မူ၏။

## ခေတ်ကာလကို တွက်ချက်မှန်းဆခြင်း
## (မာ ၁၆း၁-၄)

၅၄။ထို့နောက် ကိုယ်တော်သည် လူအစုအဝေးတို့အား
မိန့်တော်မူသည်ကား၊ အနောက်အရပ်မှမိုးတိမ်တက်
လာသည်ကိုသင်တို့မြင်ကြသောအခါ မိုးရွာလိမ့်မည်
ဟု သင်တို့ချက်ချင်းပြောတတ်ကြ၏။ ထိုအတိုင်း
၅၅။လည်းဖြစ်၏။ တောင်လေတိုက်ခတ်လာသည်ကို
သင်တို့မြင်ကြသောအခါ နေအလွန်ပူလိမ့်မည်ဟု
သင်တို့ပြောတတ်ကြ၏ ထိုအတိုင်းလည်းဖြစ်၏။
၅၆။အသင်သူတော်ကောင်းယောင်ဆောင်သူတို့၊ သင်တို့
သည်ကောင်းကင်နှင့်ကမ္ဘာမြေကြီး၏အသွင်အပြင်ကို
အဓိပ္ပာယ်ဖွင့်ဆိုခန့်မှန်းနိုင်ကြပါလျက် ခေတ်ကာလ
ကိုအဘယ်ကြောင့် အဓိပ္ပာယ်မဖွင့်ဆိုကြသနည်း။[၁၄]

## တရားပြိုင်ဘက်နှင့်ကြေအေးစေခြင်း
## (မာ ၅း၂၅-၂၆)

၅၇။မှန်ကန်သောအမှုအရာကို အဘယ်ကြောင့် သင်တို့
၅၈။ကိုယ်တိုင်မဆုံးဖြတ်ကြသနည်း။ သင်သည် သင်၏
တရားပြိုင်ဘက်နှင့်အတူ တရားသူကြီးထံသို့သွား
နေစဉ်သူနှင့်လမ်းတွင်ကြေ အေးမှုရအောင်ကြိုးပမ်း
အားထုတ်လော့။ ထိုသို့မပြုလျှင် သူသည် သင့်ကို
တရားသူကြီးထံသို့ဆွဲခေါ်သွားသဖြင့် တရားသူကြီး
သည် သင့်ကို မင်းမှုထမ်း လက်သို့အပ်လိမ့်မည်။
မင်းမှုထမ်းသည်လည်းသင့်ကိုထောင်ထဲ၌ချထားလိမ့်
၅၉။မည်။ သင့်အားငါဆိုသည်ကား သင်ပေးဆပ်ရမည့်
ငွေကို ကုန်စင်အောင် မပေးဆပ်မချင်း သင်သည်
ထောင်မှထွက်ရလိမ့်မည် မဟုတ်ဟု မိန့်တော်မူ၏။

[၁၄] (၁၂း၅၆)လူတို့သည်ကောင်းကင်၏သွင်ပြင်ကိုကြည့်၍ မိုး၊လေအကြောင်းကိုဟောပြောတတ်ကြသော်လည်းပရောဖက်များဟောကြားထားသည့် မက်ဆိယ၏ကြွလာမည့်အချိန် အပိုင်းအခြားကိုမူကား မသိမမြင်တတ်ကြသောကြောင့် ယေရှုအပြစ်တင်တော်မူ၏။

## အခန်းကြီး (၁၃)
## နောင်တရကြရန် သတိပေးခြင်း

၁။ ထိုအချိန်၌အထံတော်ပါးမှာရှိကြသောအချို့သူတို့က
**ပီလာတုမင်း**သည် **ဂါလိလေ**နယ်သားအချို့တို့၏
သွေးကိုထိုသူတို့၏ပူဇော်ခြင်းများနှင့် ရောနှောလျက်
ပူဇော်ကြောင်းကို ကိုယ်တော်အားလျှောက်ကြ၏။
၂။ ကိုယ်တော်ကလည်း **ဂါလိလေ**နယ်သားတို့သည်
ဤသို့အသတ်ခံရခြင်းကြောင့်အခြားသော **ဂါလိလေ**
နယ်သားတို့ထက်သာ၍၊ အပြစ်ကြီးသူများဖြစ်ကြ
သည်ဟု သင်တို့ထင်မှတ် ကြသလော။
၃။ ဤကဲ့သို့မဟုတ်ဟု သင်တို့အားငါဆို၏။ သို့သော်
သင်တို့သည်နောင်တမရကြလျှင် သင်တို့အားလုံး
သည်လည်းဤကဲ့သို့ပျက်စီးဆုံးရှုံးကြလိမ့်မည်။
၄။ ထိုနည်းတူပင် **စီလွမ်**မျှော်စင်ပြိုကျ၍ သေဆုံး
ကြသော သူတစ်ဆယ့်ရှစ်ယောက်တို့သည် **ဂျေရုဆ
လင်**မြို့တွင်နေထိုင်ကြသောအခြားသူများထက်အပြစ်
၅။ ကြီးသည်ဟု သင်တို့ထင်မှတ်ကြသလော။[၁] ထိုသို့
မဟုတ်ဟုသင်တို့အား ငါဆို၏။ သို့သော် သင်တို့
သည်နောင်တမရကြလျှင်သင်တို့အားလုံးသည်လည်း
ထိုကဲ့သို့ ပျက်စီးရှုံးဆုံးကြလိမ့်မည်[၂]ဟု သူတို့အား
ပြန်ဖြေတော်မူ၏။

## အသီးမသီးသော သဖန်းပင်၏ပုံဥပမာ
## (မာ ၂၁း၁၉-၂၂၊ မာကု ၁၁း၁၂-၁၄,၂၀-၂၁)

၆။ တစ်ဖန်ကိုယ်တော်သည် ဤပုံဥပမာကို သူတို့အား
မိန့်တော်မူ၏။ လူတစ်ယောက်သည် မိမိ၏ စပျစ်
ဥယျာဉ်ထဲတွင်သဖန်းပင်တစ်ပင်ကိုစိုက်ပျိုးထား၏။
သူသည်လာ၍ သဖန်းပင်မှအသီးကို ရှာသော်လည်း

[၁] (၁၃း၄) လူတိုင်းသည်မိမိပြုမိသောအပြစ်ကြောင့် ထိုဆယ့်ရှစ်ယောက်သောသူတို့ကဲ့သို့ခံရမည်။ သို့သော်သူခံရသောကြောင့်အပြစ်ဒဏ်ကို မြင်သောသူတို့အတွက်မူကား၊အကျွတ်တရားရရှိနိုင်သောအကြောင်းဖြစ်လိမ့်မည်။ (သံခရိဇောစတုမ်)

[၂] (၁၃း၅) ဂျူဒလူမျိုးတို့သည် နောင်တမရကြသောကြောင့် သခင်ယေရှုးဒုက္ခခံထမ်းအသေခံ၍ရှင်ပြန်ထမြောက်ပြီး၍၊နှစ်(၄၀)ကြာသောအချိန်တွင် ရောမလူမျိုးတို့က ဂျေရုဆလင်မြို့နှင့်တကွ ထိုဂျူဒလူမျိုးများကိုဖျက်ဆီးသုတ်သင်ခဲ့ကြ၏။

၇။ မတွေ့ချေ။[၃]ထိုအခါ သူက ငါသည်ဤသဖန်းပင်သို့
လာ၍သဖန်းသီးရှာသည်မှာ သုံးနှစ်ရှိလေပြီ။ သို့ရာ
တွင်အသီးတစ်လုံးကိုမျှ မတွေ့ရသဖြင့် ဤသဖန်း
ပင်ကိုခုတ်ပစ်လော့။ အဘယ်ကြောင့် မြေပေါ်တွင်
အကျိုးမဲ့နေရာယူစေမည်နည်းဟု စပျစ်ဥယျာဉ်လုပ်
၈။ သားအားဆိုလေ၏၏။ ထိုသူကလည်း ဤအပင်ကို
ဤတစ်နှစ်ထားပါရစေ။ ကျွန်တော်သည် အပင်ပတ်
လည်၌ တွင်းတူးဆွ၍ မြေဩဇာထည့်ပါမည်။
၉။ နောင်နှစ်တွင် အသီးသီးကောင်း သီးပါလိမ့်မည်။
အကယ်၍ အသီးမသီးခဲ့ပါလျှင် ခုတ်ပစ်ပါဟု
အပင်ရှင် အားပြန်ပြောသည်ဟု မိန့်တော်မူ၏။

## မသန်စွမ်းသောအမျိုးသမီးတစ်ဦးကို ဥပုသ်နေ့၌ ပျောက်ကင်းချမ်းသာပေးတော်မူခြင်း (မာ ၈း၂၉)

၁၀။ ကိုယ်တော်သည် ဥပုသ်နေ့တွင် တရားဇရပ်တစ်ခု၌
၁၁။ သွန်သင်လျက်ရှိတော်မူ၏။ ထိုအရပ်တွင် တစ်ဆယ့်
ရှစ်နှစ်ပတ်လုံးနတ်ဆိုးစီး၍ ရောဂါဝေဒနာပြင်းထန်
စွာခံစားရသော အမျိုးသမီးတစ်ယောက်ရှိ၏။ သူမ
သည် ခါးကုန်းနေ၍ ကိုယ်ကိုလုံးဝမဆန့်နိုင်ချေ။
၁၂။ သခင်**ယေရှု**သည်သူမကိုမြင်တော်မူသောအခါ၊ ခေါ်
တော်မူ၍ အချင်းအမျိုးသမီးသင်သည် ရောဂါဝေဒ
နာမှကင်းလွတ်ပြီဟု သူမအားမိန့်တော်မူ၏။
၁၃။ ထို့နောက် ကိုယ်တော်သည်သူမအပေါ်မှာလက်တော်
ကိုတင်တော်မူသဖြင့် သူမသည် ချက်ချင်းပင် ခါး
ဆန့်သွားသောကြောင့် ဘုရားသခင်၏ဂုဏ်တော်ကို
၁၄။ ချီးမွမ်းလေ၏။ သခင်**ယေရှု**သည်ဥပုသ်နေ့၌ အနာ
ရောဂါများကိုပျောက်ကင်းချမ်းသာ စေသောကြောင့်
တရားဇရပ်မှူးသည်အမျက်ထွက်၍ လူအစုအဝေးတို့
အားဆိုသည်ကား အလုပ်လုပ်အပ်သောနေ့ခြောက်
ရက်ရှိ၏။ ထို့နေ့ရက်များ၌လာ၍ အနာရောဂါများကို
ပျောက်ကင်းစေကြလော့။ ဥပုသ်နေ့၌မလာကြနှင့်ဟု
၁၅။ ပြောလေ၏။ ထိုအခါကိုယ်တော်က အသင်သူတော်
ကောင်းယောင်ဆောင်သောသူတို့ သင်တို့အသီးသီး
သည်ဥပုသ်နေ့၌ မိမိနွားသို့မဟုတ် မြည်းကိုတင်း
ကုပ်မှလွှတ်၍ရေတိုက်ရန် ခေါ်ဆောင်သွားတတ်ကြ
၁၆။ သည်မဟုတ်လော။**အာဗြဟံ**၏သမီးဖြစ်သူ ဤ
အမျိုးသမီးသည်တစ်ဆယ့်ရှစ်နှစ်ပတ်လုံးနတ်ဆိုး၏
ချည်နှောင်ထားခြင်းကိုခံခဲ့ရသောကြောင့် ဥပုသ်နေ့
၌သူမကို ဤအနှောင်အဖွဲ့မှ မလွှတ်အပ်သလောဟု
၁၇။ ထိုသူအားပြန်ပြောတော်မူ၏။ ဤသို့ ကိုယ်တော်မိန့်
တော်မူသောအခါ၊ကိုယ်တော်ကို ရန်ဘက်ပြုသောသူ
အပေါင်းတို့သည်အရှက်တကွဲဖြစ်ကြ၏။ လူအပေါင်း
တို့သည်လည်းကိုယ်တော်ပြုတော်မူသော အံ့ဩဖွယ်
အမှုတို့အတွက် ရွှင်လန်းဝမ်းမြောက်ကြ၏။

## မုံညင်းစေ့၏ပုံဥပမာ (မာ ၁၃း၃၁-၃၂၊ မာကု ၄း၃၀-၃၂)

၁၈။ ထို့ကြောင့်ကိုယ်တော်က ဘုရားသခင်၏နိုင်ငံတော်
သည်မည်သည့်အရာနှင့်တူသနည်း။ မည်သည့်အရာ
၁၉။ နှင့်ငါနှိုင်းယှဉ်ရမည်နည်း။ဘုရားသခင်၏နိုင်ငံတော်
သည်လူတစ်ဦးကမိမိဥယျာဉ်၌ယူ၍ စိုက်ထားသော
မုန်ညင်းစေ့နှင့် တူ၏။[၄] ထိုမုန်ညင်းစေ့သည်အပင်
ပေါက်၍ကြီးထွားသောအခါ၊မိုးကောင်းကင်ငှက်တို့
သည်လာကြသဖြင့် အကိုင်းအခက်တို့၌ ရပ်နားမှီခို
လောက်သောအပင်တစ်ပင်ဖြစ်လာသည်ဟုမိန့်တော်
မူ၏။

## တဆေး၏ပုံပမာ (မာ ၁၃း၃၃)

၂၀။ တစ်ဖန်ကိုယ်တော်က ဘုရားသခင်၏နိုင်ငံတော်ကို
၂၁။ မည်သည့်အရာနှင့်နှိုင်းယှဉ်ရမည်နည်း။ဘုရားသခင်
၏နိုင်ငံတော်သည်ကား၊အမျိုးသမီးတစ်ဦးက ယူ၍၊
မုန့်ညက်သုံးတင်း၌ထည့်သဖြင့် မုန့်ညက်ရှိသမျှကို
ဖောင်းကြွစေသော တဆေးနှင့်တူသည်ဟုမိန့်တော်မူ
၏။

## ကျဉ်းမြောင်းသောတံခါး (မာ၇း၁၃-၁၄/ ၂၁-၂၃)

၂၂။ ကိုယ်တော်သည်**ဂျေရုဆလင်**မြို့သို့ ခရီးပြုတော်မူစဉ်
လမ်း၌မြို့ရွာများကို ဖြတ်သွားလျက်ဟောပြောသွန်

[၃] (၁၃း၆) ဤလောက၌ လူတို့သည် ကောင်းသောအကျင့်ကိုမကျင့်လျှင် အသီးမသီးသောအပင်နှင့်တူလိမ့်မည်။

[၄] (၁၃း၁၉) မုန်ညင်းစေ့သည်မြေ၌မြုပ်ခြင်းခံရ၍ ကြီးမားသောအပင်အဖြစ်သို့ ရောက်ရှိပြီး၊ ကောင်းကင်ငှက်များလာနားသကဲ့သို့ သခင်ယေရှု၏အသေခံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းအားဖြင့် များစွာသောလူများသည် ကယ်တင်ခြင်းသို့ ရောက်စေသည်။

၂၃။ သင်တော်မူ၏။ထိုအချိန်တွင်တစ်ယောက်သောသူက
ကိုယ်တော်ဘုရား၊ကယ်တင်ခြင်းခံရမည့်သူတို့သည်
နည်းကြပါသလောဟုမေးလျှောက်လျှင်ကိုယ်တော်က
၂၄။ သူတို့အားမိန့်တော်မူသည်ကား။ ကျဉ်းမြောင်းသော
တံခါးမှဝင်ရန် ကြိုးစားကြလော့။ အကြောင်းမူကား၊
များစွာသော သူတို့သည် ဝင်ရန် ကြိုးစားကြသော်
လည်း မဝင်နိုင်ကြ[၅]ဟု သင်တို့အား ငါဆို၏။
၂၅။ အိမ်ရှင်သည်ထ၍ တံခါးကိုပိတ်လိုက်ပြီးသောအခါ၊
သင်တို့သည်အပြင်မှာရပ်နေကြလျက်တံခါးကိုခေါက်
လျှင် သခင်၊ ကျွန်တော်တို့အား တံခါးဖွင့်ပေးပါဟု
တောင်းလျှောက်ကြသော်လည်းသင်တို့ကို ငါမသိဟု
၂၆။ သူကပြန်ပြောလိမ်မည်။ထိုအခါသင်တို့ကကျွန်တော်
တို့သည်ကိုယ်တော်နှင့်အတူ စားသောက်ခဲ့ကြပါပြီ၊
ကိုယ်တော်သည်ကျွန်တော်တို့၏ လမ်းများပေါ်တွင်
၂၇။ သွန်သင်ခဲ့ပါသည်[၆]ဟုဆိုကြလိမ့်မည်။သို့သော်သူက
သင်တို့မည်သည့်အရပ်မှလာသည်ကိုငါမသိ[၇]၊အပြစ်
မကောင်းမှုကိုပြုသောသူအပေါင်းတို့ ငါ့ထံမှထွက်ခွါ
၂၈။ သွားကြလော့ဟုပြောလိမ့်မည်။သင်တို့သည် **အာဗြ
ရာဟမ်**၊**အီဇတ်**၊ **ယာကုပ်**မှစ၍ ပရောဖက်အပေါင်း
တို့ကိုဘုရားသခင်၏နိုင်ငံတော်တွင်မြင်ကြရ၍ သင်
တို့မူကား၊ အပြင်သို့နှင်ထုတ်ခြင်း ခံကြရသောအခါ
၂၉။ ထိုနေရာ၌ငိုကြွေးအံကြိတ်ကြလိမ့်မည်။ လူတို့သည်
အရှေ့၊အနောက်၊ တောင်မြောက်အရပ်တို့မှလာကြ၍
ဘုရားသခင်၏နိုင်ငံတော်၌ စားပွဲထိုင်ကြလိမ့်မည်။
၃၀။ ထိုအခါနောက်ဆုံးသောသူတို့သည် ပထမဦးဆုံးဖြစ်
ကြလိမ့်မည်။ပထမဦးဆုံးသော သူတို့သည် နောက်
ဆုံးဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူလေ၏။

## ဂျေရုဆလင်မြို့အတွက် သခင်ယေရှုငိုကြွေးခြင်း
## (မာ ၂၃:၃၇-၃၉)

၃၁။ ထိုအချိန်နာရီ၌ **ဖါရိရှဲဦး** အချို့သည်အထံတော်သို့
ချဉ်းကပ်၍ ဤအရပ်မှ ထွက်ကြွသွားတော်မူပါ။
အကြောင်းမူကား၊**ဟေရုဒ်**သည် ကိုယ်တော့်ကိုသတ်
ရန် အကြံရှိပါသည်ဟု လျှောက်ကြ၏။
၃၂။ ကိုယ်တော်ကလည်းသင်တို့သွားကြ၍၊ထိုမြေခွေးအား
ပြောကြလော့။ ငါသည် ယနေ့နှင့်မနက်ဖြန်နေ့၌
နတ်ဆိုးများကိုနှင်ထုတ်၍အနာရောဂါများကိုပျောက်
ကင်းစေမည်။တတိယနေ့တွင် ငါ၏ လုပ်ငန်းကိုပြီး
၃၃။ ပြည့်စုံစေမည်။[၈]သို့သော်လည်း ယနေ့၊မနက်ဖြန်နှင့်
နောက်တစ်နေ့အထိ ငါသည် ခရီးဆက်ဦးမည်။
အကြောင်းမူကား၊ ပရောဖက်သည် **ဂျေရုဆလင်မြို့**
အပြင်၌ အသေခံရန်
၃၄။ မဖြစ်နိုင်။[၉]အိုဂျေရုဆလင်၊ **ဂျေရုဆလင်** သင်သည်
ပရောဖက်များကိုသတ်၍ သင်ထံသို့စေလွှတ်သောသူ
များကိုကျောက်ခဲနှင့်ပေါက်ခဲ့၏။ကြက်မသည်မိမိ၏
ကြက်ငယ်များကိုအတောင်အောက်၌စုစည်းထားသကဲ့
သို့သင်၏သားသမီးများကို စုစည်းခြင်းငှာ အကြိမ်
ကြိမ်အခါခါငါအလိုရှိခဲ့သော်လည်း သင်သည်အလို
၃၅။ မရှိခဲ့ပြီ။[၁၀]ကြည့်လော့၊ သင်တို့၏ အိမ်သည်စွန့်ပစ်
ခြင်းခံရလိမ့်မည်။သင်တို့အားငါဆိုသည်ကား၊သခင်
ဘုရား၏နာမတော်၌ကြွလာသောသူသည် မင်္ဂလာရှိ
စေသတည်းဟု သင်တို့ဆိုသည် အချိန်တိုင်အောင်
သင်တို့သည်ငါ့ကိုမြင်ကြလိမ့်မည်မဟုတ်ဟု သူတို့
အား မိန့်တော်မူ၏။

---

[၅] (၁၃:၂၄)များစွာသောသူတို့သည် ကယ်တင်ခြင်းချမ်းသာခံစားလိုသော်လည်း ကယ်တင်ခြင်းသို့ပို့သောလမ်းစဉ်သည်ဘုရားပညတ်တော်တို့ကို သတိဝီရိယနှင့်နေထိုင်ကျင့်ကြံ၊ စောင့်စည်းရသဖြင့် ခက်ခဲမှုရှိသောကြောင့် အဆုံးတိုင်တည်ကြည်စွာ မလိုက်နိုင်ကြချေ။

[၆] (၁၃:၂၆)ကျွန်တော်တို့သည်ကိုယ်တော်ကိုသိကြ၍ ကိုယ်တော်၏တရားတော်ကိုနာယူဖူးသောသူများဖြစ်သည်ဟုဆိုလိုသည်။

[၇] (၁၃:၂၇) ကိုယ်တော်၏တရားတော်ကြားနာခဲ့သော်လည်း လက်တွေ့၌မကျင့်သုံးသောသူတို့သည် ကောင်းကင်နိုင်ငံတော်သို့ ဝင်ခွင့်ရမည်မဟုတ်ပေ။

[၈] (၁၃:၃၂)တတိယမြောက်သောနေ့ဟူသော များမကြာမီ အချိန်ကာလအတွင်း ယေရှု၏ဒုက္ခစရိယာခံခြင်း၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် လူသားများ၏ကယ်တင်ခြင်းလုပ်ငန်းကို ပြီးပြည့်စုံစေမည်ဟု ဆိုလို၏။

[၉] (၁၃:၃၃) ဂျေရုဆလင်မြို့၌ ပရောဖက်အားလုံးအသေခံရသည်ဟု မဆိုလို။ သို့သော်အများစုသည်ထိုမြို့၌ပင် အသက်ခံရသောကြောင့် အကြီးဆုံးသောပရောဖက်ဖြစ်သည့်ယေရှုသည်လည်းဂျေရုဆလင်၌ပင် အသေခံရမည်ဟုဆိုလိုသည်။

[၁၀] (၁၀:၃၄) မာတေဦး ၂၃:၃၇

## အခန်းကြီး (၁၄)

### ရေဖျဉ်းနာစွဲသူတစ်ဦးကို ဥပုသ်နေ့၌ပျောက်ကင်း စေတော်မူခြင်း

၁။ ဥပုသ်နေ့တစ်နေ့၌ ကိုယ်တော်သည်**ဖါရိရှေဦး**ဖြစ်
သော အကြီးအကဲတစ်ဦး၏အိမ်တွင်ညစာစားရန်
ကြွဝင်တော်မူသောအခါ၊ သူတို့သည် ကိုယ်တော့်ကို
၂။ အသေအချာ စောင့်ကြည့်နေကြ၏။ ထိုအခါ
ရေဖျဉ်းနာစွဲသောသူတစ်ယောက်သည်ကိုယ်တော်၏
၃။ ရှေ့တော်၌ရှိ၏။ သခင်**ယေရှု**ကလည်း ဥပုသ်နေ့၌
အနာရောဂါကိုပျောက်ကင်းစေနိုင်သလောဟု ကျမ်း
တတ်ဆရာနှင့် **ဖာရိရှေဦး**တို့အား မေးတော်မူ၏။
၄။ သို့သော် သူတို့သည်တိတ်ဆိတ်စွာနေကြ၏။ ကိုယ်
တော်မူကား၊ လူနာကိုခေါ်လျက် ဝေဒနာပျောက်
ကင်းစေပြီးလျှင် သူ့ကိုပြန်လွှတ်လိုက်တော်မူ၏။
၅။ ထို့နောက်ကိုယ်တော်က သင်တို့တွင် မည်သူသည်
မိမိ၏မြည်းဖြစ်စေ၊ နွားဖြစ်စေဥပုသ်နေ့၌ ရေတွင်း
ထဲသို့ကျခဲ့သော်ချက်ချင်းဆွဲမတင်ဘဲနေမည်လောဟု
၆။ သူတို့အားမိန့်တော်မူ၏။ ထိုသူတို့သည် မည်သို့မျှ
ပြန်မဖြေနိုင်ကြချေ။

### နှိမ့်ချခြင်းနှင့်ဧည့်ဝတ်ကျေခြင်း

၇။ ထိုအချိန်၌ဤစားသောက်ပွဲသို့ ဖိတ်ကြားထားခြင်းခံ
ရသောသူများသည်၊အကောင်းဆုံးသောနေရာများ
အားရွေးချယ်နေရာမူကြသည်ကိုကိုယ်တော်မြင်တော်
မူလျှင်သူတို့အားဤပုံဥပမာစကားကို မိန့်တော်မူ၏။
၈။ သင်တို့သည် မင်္ဂလာဆောင်ပွဲသို့ ဖိတ်ကြားခြင်းခံရ
သောအခါအကောင်းဆုံးသောနေရာများတွင် မထိုင်
ကြနှင့်။အကယ်၍ သင့်ထက်ဂုဏ်ရှိသောသူကိုလည်း
၉။ ဖိတ်ကြားထားခဲ့ပါလျှင် သင်တို့ နှစ်ဦးစလုံးကို
ဖိတ်ကြားခဲ့သောပွဲရှင်သည် သင့်ထံသို့လာ၍ ဤသူ
အတွက် သင်၏နေရာကိုပေးပါဟု သင့်အားဆိုလိမ့်
မည်။ ထိုအခါ သင်သည်အရှက်ရလျက်နိမ့်ကျသော
၁၀။ နေရာကိုယူရလိမ့်မည်။ ထို့ကြောင့် သင်သည် ဖိတ်
ကြားခြင်းခံရသောအခါနိမ့်ကျသောနေရာတွင်သွား၍
ထိုင်လော့။[၁] သို့မှသာဖိတ်ကြားသော သူသည်သင်
ထံသို့လာ၍ မိတ်ဆွေရှေ့သို့ကြွပါဟု သင့်ကိုပြော
လိမ့်မည်။ထိုအခါ သင်နှင့်အတူစားပွဲ၌ထိုင်သောသူ
တို့ရှေ့တွင် သင်သည် ဂုဏ်သရေရှိလိမ့်မည်။
၁၁။ အကြောင်းမူကား၊ မိမိကိုယ်ကို ချီးမြှောက်သောသူ
သည်နှိမ့်ချခြင်းခံရလိမ့်မည်။ မိမိကိုယ်ကိုနှိမ့်ချသော
သူသည်လည်း ချီးမြှောက်ခြင်းခံရလိမ့်မည်။
၁၂။ ထို့နောက်ကိုယ်တော်က မိမိကိုဖိတ်ကြားသောသူကို
လည်းမိန့်တော်မူသည်ကား၊သင်သည် ညစာဖြစ်စေ၊
နေ့စာဖြစ်စေကျွေးမွေးဧည့်ခံသောအခါ သင်၏မိတ်
ဆွေ၊ ညီအစ်ကို၊ ဆွေမျိုးနှင့်ချမ်းသာကြွယ်ဝသော
အိမ်နီးချင်းများကိုမဖိတ်ကြားလေနှင့်။[၂] ထိုသို့ပြုလျှင်
သူတို့သည်လည်း သင့်ကို ပြန်လည်ဖိတ်ကြား၍၊
၁၃။ ကျေးဇူးတုန့်ပြန်ကြလိမ့်မည်။ သို့ဖြစ်၍ သင်သည်
ပွဲကျင်းပသောအခါဆင်းရဲသောသူ အင်္ဂါချို့တဲ့သော
၁၄။ သူတို့ကိုဖိတ်ကြားလော့။ထိုကဲ့သို့ပြုလျှင် သင်သည်
မင်္ဂလာရှိလိမ့်မည်။ အကြောင်းမူကား၊ထိုသူတို့သည်
သင့်ကို ကျေးဇူးတုံ့ပြန်ခြင်းမပြုနိုင်ကြသောကြောင့်
ဖြစ်၏။ ဖြောင့်မတ်သောသူတို့ ရှင်ပြန်သောအခါ၌
သင်သည်ကျေးဇူးတုံ့ပြန်ခြင်းခံရလိမ့်မည်ဟုမိန့်တော်
မူ၏။

### ကြီးကျယ်သော ညစာစားပွဲ၏ပုံဥပမာ (မာ ၂၂:၁-၁၀)

၁၅။ ကိုယ်တော်နှင့်အတူစားပွဲ၌ထိုင်သောသူတစ်ယောက်
သည် ဤစကားကိုကြားသောအခါ ဘုရားသခင်၏
နိုင်ငံတော်၌စားပွဲတော်သို့ဝင်ရမည့်သူသည် မင်္ဂလာ
၁၆။ ရှိ၏ဟုလျှောက်လေ၏။ သို့သော် ကိုယ်တော်က
သူ့အားမိန့်တော်မူသည်ကားတစ်ခါကလူတစ်ဦးသည်
ကြီးကျယ်သောစားသောက်ပွဲကျင်းပ၍ လူများစွာတို့
၁၇။ ကိုဖိတ်ကြားလေ၏။[၃] စားသောက်ပွဲ အချိန်ရောက်
သောအခါသူသည် ဖိတ်ကြားထားသူများထံသို့ မိမိ

---

[၁] (၁၄း၁၀)ဤသို့ဆိုခြင်းဖြင့် ဂုဏ်သရေရှိသောသူသည် နောက်ဆုံးသောနေရာကိုရယူရမည်ဟု မဆိုလိုစိတ်နှလုံးနှိမ့်ချခြင်းရှိစေရန် သွန်သင်ခြင်းဖြစ်သည်။

[၂] (၁၄း၁၂)မိတ်ဆွေ၊ ဆွေမျိုး၊ချစ်ခင်သူများကို မဖိတ်ရဟုမဆိုလို။ တုံ့ပြန်မှုရလို၍ခေါ်ဖိတ်ခြင်းမျိုး မဖြစ်သင့်ပေ။ ဆင်းရဲသောသူများကို ခေါ်ဖိတ်ပါကပို၍ ကုသိုလ်ရမည်ဟုဆိုလိုခြင်းဖြစ်သည်။

[၃] (၁၄း၁၆)ညစာစားပွဲကြီးကို တည်ခင်းသောသူသည် ခရစ္စတူးဖြစ်၏။ ညစာစားပွဲကိုလာရန်ငြင်းဆိုသောသူတို့ကာ ဂျူဒလူမျိုးများဖြစ်၏။ အကြောင်းမူကား၊

အစေခံကိုစေလွှတ်၍ အားလုံးအဆင့်သင့်ဖြစ်ပါပြီ
၁၈။ ကြွကြပါဟု မှာကြားလိုက်လေ၏။ သို့သော် ထိုသူ
အားလုံးသည်အကြောင်းပြချက်အသီးသီးပေးကြ၏။
ပထမတစ်ယောက်ကကျွန်တော်သည် လယ်မြေတစ်
ကွက်ကို ဝယ်ထားသဖြင့် သွား၍ကြည့်ရှုရပါမည်။
ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော်တောင်းပန်ပါ
၁၉။ သည်ဟုဆို၏။တစ်ယောက်ကလည်းကျွန်တော်သည်
နွားငါးရှဉ်းကို ဝယ်ထားသဖြင့် ကြည့်ရှုရန်သွားရပါ
မည်။ကျွန်တော့်ကိုခွင့်လွှတ်ပါ။ ကျွန်တော် တောင်း
၂၀။ ပါသည်ဟုဆို၏။ အခြားတစ်ယောက်ကမူကျွန်တော်
သည်လက်ထပ်ပြီးစဖြစ်သောကြောင့်ကျွန်တော်မလာ
၂၁။ နိုင်ပါဟုဆိုပြန်၏။အစေခံသည်လည်းပြန်လာ၍ထိုအ
ကြောင်းများကိုမိမိသခင်အားပြောလေ၏။ထိုအခါ
အိမ်ရှင်သည်အမျက်ထွက်၍ မြို့တွင်းရှိလမ်းမလမ်း
ကြားများသို့အလျင်အမြန်သွားလော့။ဆင်းရဲသောသူ
ကိုယ်အင်္ဂါချို့တဲ့သောသူ၊ မျက်စိမမြင်သောသူ၊ ခြေ
မစွမ်းသောသူတို့ကိုဤနေရာသို့ခေါ်ဆောင်ခဲ့လော့ဟု
၂၂။ မိမိအစေခံအားဆို၏။ အစေခံလည်း သခင်အမိန့်ရှိ
သည့်အတိုင်း ဆောင်ရွက်ပြီးပါပြီ။ သို့သော်လည်း
နေရာလပ်ရှိပါသေးသည်ဟု လျှောက်၏။
၂၃။ သူ၏သခင်က မြို့ပြင်လမ်းမများနှင့်ရွာလမ်းများသို့
သွား၍၊ လူများကို မရမကခေါ်ဆောင်လျက် ငါ၏
၂၄။ အိမ်ကိုပြည့်စေလော့။[၄] အကြောင်းမူကား ဖိတ်ကြား
ခြင်းခံထားရသောသူတို့တွင်တစ်ယောက်မျှငါ၏စား
သောက်ပွဲကိုမမြည်းစမ်းရဟု မိမိအစေခံအားဆိုလိမ့်
မည်ဟု မိန့်တော်မူ၏။

## နောက်တော်သို့လိုက်လိုသော သူတို့စွန့်စားရမည့် အကြောင်း (မာ ၁း၃၇–၃၈)

၂၅။ များစွာသော လူအစုအဝေးတို့သည် ကိုယ်တော်နှင့်
အတူ လိုက်ပါလာကြသည်ရှိသော် ကိုယ်တော်သည်
လှည့်ကြည့်တော်မူ၍ သူတို့အားမိန့်တော်မူ၏။
၂၆။ ငါ့ထံသို့လာသောသူသည် မိမိ၏မိဘ၊ သားသမီး၊
ညီအစ်ကို မောင်နှမတို့ကိုဖြစ်စေ၊ မိမိအသက်ကိုပင်
၂၇။ ဖြစ်စေမမုန်းလျှင်ငါ၏တပည့်မဖြစ်နိုင်ရာ။[၅]မိမိလက်
ဝါးကပ်တိုင်ကိုထမ်း၍၊ ငါ့နောက်သို့မလိုက်သောသူ
၂၈။ သည်လည်း ငါ၏တပည့်မဖြစ်နိုင်ရာ။ အကြောင်းမူ
ကား၊သင်တို့တွင် မည်သူသည် ရဲတိုက်ကိုဆောက်
လုပ်မည်ဟု ဆန္ဒရှိလျှင် မိမိ၌ပြီးစီးအောင် ဆောက်
လုပ်မည့်စရိတ်အလုံအလောက်ရှိ၊ မရှိကို ရှေးဦးစွာ
၂၉။ ထိုင်၍မတွက်ချက်ဘဲနေမည်လော။ထိုသို့မဟုတ်ပါက
အုတ်မြစ်ချပြီးမှပြီးစီးအောင် မဆောက်လုပ်နိုင်လျှင်
မြင်သမျှသူအပေါင်းတို့သည်သူ့ကိုစတင်ကဲ့ရဲ့ကြလိမ့်
၃၀။ မည်။[၆] ဤသူသည် စတင်တည်ဆောက်သော်လည်း
၃၁။ ပြီးစီးအောင်မလုပ်နိုင်ဟုဆိုကြလိမ့်မည်။ တနည်းဆို
ရသော်၊ မည်သည့်ရှင်ဘုရင်သည် အခြားရှင်ဘုရင်
တစ်ပါးနှင့်စစ်ပြိုင်မည်ရှိသော်စစ်သည်နှစ်သောင်းနှင့်
မိမိထံသို့ချီတက်လာသော သူကိုမိမိစစ်သည် တစ်
သောင်းဖြင့် ခုခံနိုင်ပါမည်လောဟု ရှေးဦးစွာထိုင်၍၊
၃၂။ မစဉ်းစားမဆင်ခြင်ဘဲနေမည်လော။ မခုခံနိုင်ပါလျှင်
ထိုဘုရင်အဝေးမှာရှိနေစဉ် သံတမန်များ စေလွှတ်၍
စစ်ပြေငြိမ်းမည့်အကြောင်း တောင်းပန်လိမ့်မည်။
၃၃။ ထိုနည်းတူပင်၊ သင်တို့တွင်မည်သူမဆို မိမိ၌ရှိသမျှ
ကို မစွန့်လွှတ်လျှင်ထိုသူသည် ငါ၏တပည့်မဖြစ်
နိုင်ရာ။

## ဆား၏ပုံဥပမာ (မာ ၅း၁၃၊ မာကု ၉း၅၀)

၃၄။ ဆားသည်ကောင်းပေ၏။ သို့သော် ဆား၌အင်ဓာတ်
ပျောက်ကွယ်ခဲ့လျှင် ထိုအင်ဓာတ်ကို မည်ကဲ့သို့ပြန်
၃၅။ ရရှိနိုင်မည်နည်း။[၇] ထိုဆားသည် လယ်မြေအတွက်
သော်လည်းကောင်း၊ မြေဩဇာအတွက် သော်
လည်းကောင်း အသုံးမဝင်တော့ချေ။လူတို့သည်
ထိုဆားကိုစွန့်ပစ်လိုက်ကြရ၏။ ကြားခြင်းငှာ နားရှိ
သောသူသည် ကြားပါစေဟု မိန့်တော်မူ၏။

---

ကိုယ်တော်သည်တမန်တော်တို့ကိုစေလွှတ်၍ ဂျူဒလူမျိုးတို့ကိုခေါ်ဖိတ်သောအခါ သူတို့သည် ငြင်းပယ်သည်သာမက ကိုယ်တော်ကိုပင် သတ်ကြလေ၏။

[၄] (၁၄း၂၃)ကိုယ်တော်၏ညစာစားပွဲတွင် ပါဝင်စေရန် မဖြစ်မနေလာရောက်ကြစေရန် စည်းရုံးစေလိုကြောင်း ဆိုလိုသည်။

[၅] (၁၄း၂၆) မမုန်းလျှင်ဟူသော စကား၏အဓိပ္ပါယ်မှာ ဘုရားသခင်ထက်ပို၍၊ တစ်စုံတစ်ဦးကို ချစ်ခင်တွယ်တာမှုမရှိသင့်ကြောင်းနှင့် တစ်စုံတစ်ခုကိုလည်း တပ်မက်စွဲလန်းခြင်း မရှိသင့်ကြောင်းဆိုလိုသည်။

[၆] (၁၄း၂၉) ဘဝကျင့်စဉ်တစ်ခုကို စွဲမြဲစွာ ကျင့်ရန်မဆုံးဖြတ်မီ ထိုဘဝအခြေအနေနှင့်ဆိုင်သော အကျင့်များကိုကောင်းစွာ ဆင်ခြင်စဉ်းစားပြီးမှ ရွေးချယ်ရမည်ဟုဆိုလိုသည်။

[၇] (၁၄း၃၄) မာတေဦး (၅း၁၃) ကြည့်ပါ။

# အခန်းကြီး (၁၅)

## ဘုရားသခင်၏ သနားကရုဏာကိုဖေါ်ပြသော ပုံဥပမာသုံးခု (မာ ၉း၁၀-၁၃)

၁။ အခွန်ခံသူတို့နှင့် အပြစ်ရှိသူတို့သည် ကိုယ်တော်၏
တရားတော်ကိုကြားနာရန်အထံတော်သို့ချဉ်းကပ်ကြ
၂။ ၏။ထိုအခါ **ဖာရီဇေဦး**တို့နှင့်ကျမ်းတတ်ဆရာတို့က
ဤသူသည် အပြစ်ရှိသောသူတို့ကိုလက်ခံ၍ သူတို့
နှင့်အတူ စားသောက်ပါသည်တကားဟု တီးတိုး
၃။ ပြောဆိုကြ၏။[၁] ကိုယ်တော်ကလည်း သူတို့အား
ဤပုံဥပမာကို မိန့်မြွက်တော်မူ၏။

## ပျောက်သောသိုး၏ပုံဥပမာ (မာ ၁၈း၁၂-၁၄)

၄။ သင်တို့တွင် မည်သူသည် သိုးအကောင်တစ်ရာရှိ၍၊
သိုးတစ်ကောင်ပျောက်ဆုံးသွားပါလျှင် ကိုးဆယ်ကိုး
ကောင်ကို တော၌ထားခဲ့ပြီးမှ ပျောက်သောသိုးတစ်
ကောင်ကိုတွေ့သည့်တိုင်အောင် သွားမရှာဘဲနေမည်
၅။ နည်း။[၂]သူသည် ထိုသိုးကိုတွေ့သောအခါဝမ်းမြောက်
၆။ ဝမ်းသာဖြင့် ပခုံးထက်တွင်တင်ခဲ့၏။သူသည်အိမ်သို့
ပြန်ရောက်လျှင် မိတ်ဆွေများနှင့် အိမ်နီးချင်းများကို
ခေါ်၍ငါနှင့်အတူ ဝမ်းမြောက်ကြလော့။ အကြောင်း
မူကား၊ပျောက်သောသိုးကို ငါပြန်တွေ့ပြီဟု ဆိုလိမ့်
၇။ မည်။ ထိုနည်းတူ သင်တို့အား ငါဆိုသည်ကား၊
နောင်တရရန်မလိုအပ်သော ဖြောင့်မတ်သူကိုးဆယ့်
ကိုးယောက်တို့ထက်နောင်တရသော အပြစ်ရှိသူတစ်
ယောက်ကြောင့် ကောင်းကင်ဘုံ၌ပို၍ ဝမ်းမြောက်
ရွှင်လန်းခြင်း ရှိလိမ့်မည်။[၃]

## ပျောက်ဆုံးသော ငွေဒင်္ဂါး

၈။ တစ်နည်းဆိုရသော်၊ မည်သည့်အမျိုးသမီးသည် ငွေ
ဒြမ်မာဆယ်ပြားရှိ၍၊ တစ်ပြားပျောက်သွားလျှင် ဆီ
မီးခွက်ကိုထွန်းပြီးအိမ်ကိုလှဲကျင်းလျက်မတွေ့မချင်း
၉။ သေချာစွာမရှာဘဲနေမည်နည်း။ သူမသည် ထိုငွေကို
တွေ့သောအခါ မိတ်ဆွေများနှင့် အိမ်နီးချင်းများကို
ခေါ်ပြီးမှ ငါနှင့်အတူ ရွှင်လန်းဝမ်းမြောက်ကြလော့။
အကြောင်းမူကား၊ ပျောက်သွားသောငွေတစ်ပြားကို
၁၀။ ငါပြန်တွေ့ပြီဟုဆိုလိမ့်မည်။ ထိုနည်းတူ သင်တို့
အားငါဆိုသည်ကား၊ ဘုရားသခင်၏တမန်တော်တို့
သည်နောင်တရသောအပြစ်သားတစ်ယောက်ကြောင့်
ရွှင်လန်းဝမ်းမြောက်ကြလိမ့်မည်ဟု မိန့်တော်မူ၏။

## ပျောက်သောသား

၁၁။ တစ်ဖန်ကိုယ်တော်ကမိန့်တော်မူသည်ကား၊ လူတစ်
ဦး၌ သားနှစ်ယောက်ရှိ၏။ သူတို့နှစ်ယောက်တွင်
၁၂။ သားငယ်က အဖ၊ ကျွန်တော်ရထိုက်သော အမွေကို
ကျွန်တော်အားပေးပါဟုဆိုလျှင် ဖခင်သည် မိမိဥစ္စာ
ပစ္စည်းများကို သူတို့အားခွဲဝေပေးလေ၏။
၁၃။ ရက်အနည်းငယ်ကြာသောအခါသားငယ်သည် မိမိရ
ရှိသမျှသမျှဥစ္စာတို့ကို စုသိမ်းပြီးလျှင် ဝေးလံသော
တိုင်းတစ်ပါးသို့ထွက်သွား၍ ထိုအရပ်တွင် အပျော်
အပါးလိုက်စားလျက် မိမိဥစ္စာပစ္စည်းတို့ကိုဖြုန်းတီး
၁၄။ လေ၏။သူ၌ရှိသမျှဥစ္စာတို့ကို သုံးဖြုန်း၍ ကုန်သော
အချိန်တွင် ထိုတိုင်းပြည်၌ပြင်းထန်သော ငတ်မွတ်
ခေါင်းပါးခြင်းဘေးဆိုက်ရောက်လေရာသူသည်လည်း
၁၅။ ဆင်းရဲငတ်ပြတ်လေ၏။ထို့ကြောင့် သူသည်ထိုတိုင်း
ပြည်ရှိလူတစ်ဦးထံ၌ခိုကပ်နေသဖြင့်ထိုသူက သူ့ကို
မိမိဝက်များကိုထိန်းကျောင်းအစာကျွေးရန်လယ်တော
၁၆။ သို့စေလွှတ်လေ၏။ သူသည် ဝက်များစားနေသော
ပဲတောင့်[၆]များကိုပင် စားချင်သောဆန္ဒရှိသော်လည်း
၁၇။ မည်သူမျှသူ့ကိုစားရန် အစာမပေးကြချေ။ ထိုအခါ၊

[၁] (၁၅း၂)သခင်ယေရှုသည်အပြစ်ရှိသောသူတို့ကိုလက်ခံရန်အတွက် လာတော်မူကြောင်းကို ဤပုံဥပမာသုံးခုအားဖြင့် မိန့်မြွက်ခဲ့သည်။

[၂] (၁၅း၄) ပျောက်သောသိုးတစ်ကောင်အတွက် ကျန်ရှိသောကိုးဆယ်ကိုးကောင်ကို ထားသည်ဟုဆိုရာ၌ အပြစ်ရှိ၍ နောင်တရလာသောသူတစ်ဦးကိုသခင်ယေရှုသည် မည်မျှအလေးထားတန်ဖိုးထားကြောင်း ဖော်ပြလိုခြင်းဖြစ်သည်။

[၃] (၁၅း၇) နောင်တရသောအပြစ်ရှိသူတို့သည် ပို၍ကြီးမားသောယုံကြည်ခြင်း၊ ချစ်ခြင်းမေတ္တာတို့ကို ပြတတ်ကြသောကြောင့် ကောင်းကင်သားတို့၏ ရွှင်လန်းဝမ်းမြောက်မှုသည်ကျန်ရှိသောဖြောင့်မတ်သောသူကိုးဆယ်ကိုးကောင်တို့ကြောင့် ဝမ်းမြောက်ခြင်းထက် ပိုမိုကြီးမား၏။

[၆] (၁၅း၁၆) ဂျူဒလူမျိုးများသည် ဝက်များကိုမသန့်ရှင်းသောသတ္တဝါများအဖြစ်ခံယူထားကြသည်။ သားငယ်၏ဘဝအခြေအနေ ဆိုးဝါးပုံမှာ မသန့်ရှင်းသောသတ္တဝါစားသော အစားအစာကိုပင် စားရမည့်အခြေအနေသို့တိုင် ရောက်ရှိခဲ့ကြောင်း ဤမျှနိမ့်ကျလှကြောင်းကို ဖော်ပြလိုခြင်းဖြစ်သည်။

သူသည်အမြင်မှန်ရလျက်ပြောသည်မှာ ငါ၏အဖ၊
ထံ၌အခစားလုပ်သားတို့သည်မည်မျှဝလင်စွာစားနိုင်
လျက်ရှိကြလေပြီ။ ငါမူကား၊ ဤအရပ်တွင်အစာ
၁၈။ ငတ်၍သေရတော့မည်။ငါသည်ထ၍၊ငါ၏အဖထံသို့
သွားလျက်အဖကျွန်တော်သည်ကောင်းကင်ကိုလည်း
ကောင်း၊ အဖကိုလည်းကောင်း ပြစ်မှားမိပါပြီ။
၁၉။ ကျွန်တော်သည် အဖ၏သားဟူ၍ ခေါ်ဝေါ် ခြင်းငှာ
မခံထိုက်တော့ပါ။အဖ၏အစေခံတစ်ယောက် ကဲ့သို့
ကျွန်တော့်ကိုထားပါဟုငါဆိုမည်ဟူ၍ ပြောလေ၏။
၂၀။ ထို့နောက် သူသည်ထ၍အဖထံသို့ပြန်သွားလေ၏။
သို့သော်သူသည်အဝေးမှာရှိနေစဉ်ပင်သူ၏အဖသည်
သူ့ကိုမြင်သောကြောင့် သနားကရုဏာ သက်သဖြင့်
သူ့ထံသို့ပြေးသွားပြီးလျှင် ဖက်၍၊ နမ်းရှုပ်လေ၏။
၂၁။ သားဖြစ်သူကလည်းအဖ၊ကျွန်တော်သည်ကောင်းကင်
ကိုလည်းကောင်း၊ အဖကိုလည်းကောင်းပြစ်မှားမိပါ
ပြီ။ ကျွန်တော်သည် အဖ၏သားဟူ၍ပင် အခေါ်မ
ခံထိုက်တော့ပါဟု ပြောလေ၏။
၂၂။ သို့သော်အဖက မိမိ၏အစေခံတို့အားဆိုသည်ကား၊
အကောင်းဆုံးသော ဝတ်ရုံကိုအမြန်ယူလာ၍၊ သူ့ကို
ဝတ်ဆင်ပေးကြလော့။သူ၏လက်၌လက်စွပ်ကိုလည်း
ကောင်း၊ သူ၏ခြေတို့၌ ဖိနပ်ကိုလည်းကောင်း စွပ်
၂၃။ ပေးကြလော။[၇]ဆူဖြိုးအောင် ကျွေးထားသောနွားငယ်
ကိုယူခဲ့၍သတ်ကြလော့၊ငါတို့သည်စားသောက်ပွဲကျင်း
၂၄။ ပ၍၊ ပျော်ရွှင်ဝမ်းမြောက်ကြကုန်အံ့။ အကြောင်းမူ
ကား၊ငါ၏သား ဤသူသည်သေပြီးမ ယခုအသက်
ပြန်ရှင်လေပြီ။ ပျောက်ဆုံးပြီးမှ ပြန်တွေ့ရလေပြီဟု
ဆိုလေ၏။ ထို့နောက် သူတို့သည်ပျော်ပွဲရွှင်ပွဲကို
၂၅။ စတင်ကြကုန်၏။ ထိုအချိန်၌ သားကြီးဖြစ်သူသည်
လယ်တောတွင်ရှိနေ၏။ သူပြန်လာ၍၊ အိမ်အနီးသို့
ရောက်သောအခါ၊တီးမှုတ်သံနှင့်ကခုန်သံတို့ကိုကြား
၂၆။ ရလေ၏။ထို့ကြောင့် သူသည် အစေခံတစ်ဦးကိုခေါ်
၍၊ ဤအချင်းအရာသည် မည်သို့ဖြစ်သနည်းဟုမေး
၂၇။ လေ၏။ထိုသူကလည်း သင်၏ညီပြန်ရောက်လာပြီ၊
သူ့ကိုဘေးကင်းစွာ ပြန်တွေ့ရသောကြောင့် သင်၏
အဖသည်ဆူဖြိုးသောနွားငယ်ကိုသတ်လေပြီဟုဆို၏။

[၇] (၁၅း၂၂) ဖခင်သည်နောင်တရ၍ပြန်လာသောသားငယ်ကို အပြစ်မှလွှတ်ပြီး၊ မိမိအစေခံတစ်ဦးကဲ့သို့ သဘောမထား မိမိ၏အမွေစား အမွေခံသားအဖြစ်ပြန်လက်ခံကြောင်းဖော်ပြသည်။

၂၈။ သားကြီးဖြစ်သူသည်ကား၊ ဒေါသအမျက်ထွက်သော
ကြောင့်အိမ်တွင်းသို့ဝင်ရန် ငြင်းဆန်လေ၏။ သူ၏
အဖသည်လည်း အပြင်သို့ထွက်လာပြီးလျှင် သူ့ကို
၂၉။ ဖျောင်းဖျပြောဆိုလေ၏။သို့သော် သူက မိမိဖခင်
အားပြန်ဖြေသည်မှာကျွန်တော်သည်အဖကိုနှစ်ပေါင်း
များစွာလုပ်ကျွေးခဲ့ပါပြီ။[၈] အဖ၏ပြဋ္ဌာကို တစ်ခါမှ
မလွန်ဆန်ဖူးပါ။သို့သော်လည်းကျွန်တော်၏မိတ်ဆွေ
များနှင့်အတူပျော်ရွှင်စွာစားသောက်ရန်ဆိတ်ကလေး
၃၀။ တစ်ကောင်ကိုမ မပေးဖူးပါ။ အဖ၏ဥစ္စာပစ္စည်းများ
ကို ပြည့်တန်ဆာများနှင့်ပျော်ပါးဖြုန်းတီးပစ်ခဲ့သည့်
ဤသားပြန်လာသောအခါ ဆူဖြိုးသော နွားငယ်ကို
၃၁။ သတ်လေပြီဟုဆို၏။ အဖကလည်း ငါ့သား၊ သင်
သည်ငါနှင့်အတူအစဉ်နေထိုင်၏။ ငါ၏ဥစ္စာရှိသမျှ
၃၂။ သည်သင်၏ဥစ္စာဖြစ်၏။သင်၏ညီ ဤသူသည်ကား
သေပြီးမှပြန်ရှင်၏။[၉] ပျောက်ဆုံးပြီးမှပြန်တွေ့ရသော
ကြောင့်ငါတို့သည် ဝမ်းမြောက်လျက် ပျော်ရွှင်ပွဲကို
ကျင်းပသင့်ပေသည်ဟူ၍သူ့သားအား ပြန်ပြောလေ
သည်ဟု မိန့်တော်မူ၏။

## အခန်းကြီး (၁၆)
## မရိုးသားသောဘဏ္ဍာစိုး၏ ပုံဥပမာ

၁။ တစ်ဖန် ကိုယ်တော်က တပည့်တော်တို့အား မိန့်
တော်မူသည်ကား၊ တစ်ခါက သူဌေးတစ်ဦးတွင်
ဘဏ္ဍာစိုးတစ်ယောက်ရှိ၏။ဤဘဏ္ဍာစိုးသည်သူဌေး
၏ ဥစ္စာကိုဖြုန်းတီးသည့်အကြောင်း စွပ်စွဲတိုင်တန်း
၂။ ချက်များသူ့ထံ ရောက်လာလေ၏။ သူသည်လည်း
ဘဏ္ဍာစိုးကိုခေါ်၍ သင်၏အကြောင်း ငါကြားရပြီ။
ဤသတင်းသည် မည်သို့ဖြစ်သနည်း။ သင်၏ဝတ္တ
ရားနှင့်သက်ဆိုင်သော ငွေစာရင်းကို ပေးလော့။
အကြောင်းမူကား၊ ယခုမှစ၍ သင်သည် ဘဏ္ဍာစိုး
၃။ မလုပ်ရဟုဆို၏။ထိုအခါ၊ဘဏ္ဍာစိုးကငါ့သခင်သည်

[၈] (၁၅း၂၉)သားကြီး၏ဥပမာအားဖြင့် လူတစ်ဦးသည် ဘုရား၏အိမ်တော်တွင် နှစ်ပေါင်းများစွာအစဉ်အမြဲနေပါသော်လည်း ဘုရားရှင်နှင့်ဝေးကွာလျက် မိမိ၏ မာန်မာနနှင့်ကောက်ကျစ်သောစိတ်များဖြင့် အထီးကျန်ဖြစ်နေတတ်ပြီး၊အဖ၏ ချစ်ခြင်းမေတ္တာနှင့်ပျော်ရွှင်မှုတို့ကိုဝေမျှခံစားခြင်းမပြုနိုင်ကြောင်းကိုဖော်ပြသည်။

[၉] (၁၅း၃၂) အပြစ်ထဲတွင် နစ်မွန်းနေသောသူသည် မိမိ၏လက်မခံမှုကြောင့် ဘုရားသခင်၏ကျေးဇူးတော်ကို ဆုံးရှုံးကြရ၍ နောင်တရပြီး အကျင့်ပြောင်းလဲလာသောအခါ၊ ထိုကျေးဇူးတော်ကို ပြန်လည်ရရှိအသက်ရှင်လာစေသည်။

၄။ ငါ့ကိုဘဏ္ဍာစိုးအရာမှဖယ်ရှားလေပြီ။ ငါမည်ကဲ့သို့
ပြုရမည်နည်း။မြေတူးခြင်းငှာငါမတတ်နိုင်။ တောင်း
၅။ စားခြင်းငှာငါရှက်၏။ငါသည် ဘဏ္ဍာစိုးအရာမှဖယ်
ရှားခံရပြီးနောက်လူတို့သည်မိမိတို့အိမ်များတွင်ငါ့ကို
လက်ခံကြစေရန်မည်သို့ပြုရမည်ကို ငါသိ၏ဟု မိမိ
၆။ စိတ်ထဲ၌ဆိုလေ၏။ ထို့ကြောင့် သူသည် မိမိသခင်
အပေါ်အကြွေးတင်နေသောသူ အသီးသီးကို ခေါ်၍၊
ပထမတစ်ဦးအားသင်သည် ငါ့သခင်ထံပေးဆပ်ရန်
၇။ မည်မျှရှိသနည်းဟုဆိုလျှင်။ ထိုသူက ဆီအချိန်တစ်
ရာရှိပါသည်ဟုဆို၏။ဘဏ္ဍာစိုးကလည်း သင်၏စာ
ရင်းကိုယူ၍အလျင်အမြန်ထိုင်ပြီးလျှင် ငါးဆယ်ရေး
၈။ မှတ်လော့ဟုဆို၏။ ထို့နောက် သူသည်အခြားသူ
တစ်ယောက်အာ သင်သည် မည်မျှပေးဆပ်ရန် ရှိ
သနည်းဟုမေးလျှင်ထိုသူကဂျုံစပါးတင်းတစ်ရာရှိပါ
သည်ဟုဆို၏။ဘဏ္ဍာစိုးကလည်း သင်၏စာရင်းကို
၉။ ယူ၍၊ရှစ်ဆယ်ရေးမှတ်လော့ဟုဆို၏။ သင်၏သခင်
သည်ကား၊မရိုးသားသောဘဏ္ဍာစိုး၏ ကျွမ်းကျင်ပါး
နပ်မှုကိုချီးမွမ်းလေ၏။[၁] အကြောင်းမူကား၊ လောကီ
သားတို့သည်လောကအမှုကိစ္စတို့ကို ဆောင်ရွက်ကြ
ရာ၌အလင်းသားများထက်ပို၍ ကျွမ်းကျင်ပါးနပ်ကြ
၁၀။ ၏။ငါသည်လည်းသင်တို့အားဆိုသည်ကား မတည်
မြဲသော လောကစည်းစိမ်ချမ်းသာအားဖြင့် မိတ်ဆွေ
များရအောင်ပြုကြလော့။ သို့မှသာ စည်းစိမ်ချမ်းသာ
တို့ကုန်ဆုံးသည့်အခါ၌ထိုမိတ်ဆွေတို့သည် သင်တို့
အားထာဝရတည်သောအိမ်တော်တွင် ကြိုဆိုလက်ခံ
၁၁။ ကြလိမ့်မည်။ငယ်သော အမှုကိစ္စ၌ သစ္စာရှိသောသူ
သည်ကြီးသောအမှုကိစ္စ၌လည်းသစ္စာရှိ၏။ငယ်သော
အမှုကိစ္စ၌မရိုးသားသောသူသည် ကြီးသောအမှုကိစ္စ
၁၂။ ၌လည်း ရိုးသားမှန်ကန်လိမ့်မည်မဟုတ်။ သို့ဖြစ်၍၊
သင်တို့သည်မတရား၊ မမှန်ကန်သောဥစ္စာ စည်းစိမ်
၌သစ္စာမရှိကြလျှင်စစ်မှန်သောဥစ္စာစည်းစိမ်ကို သင်
၁၃။ တို့အားမည်သူ ယုံကြည်စိတ်ချမည်နည်း။[၂] သင်တို့
သည် သူတစ်ပါး၏ ဥစ္စာပစ္စည်းပေါ်၌ သစ္စာမရှိကြ
လျှင် မည်သူသည် သင်တို့ပိုင်ဆိုင်သောဥစ္စာပစ္စည်း
၁၄။ ကိုသင်တို့အားပေးအပ်မည်နည်း။ မည်သည့်အစေခံ
မျှသခင်နှစ်ပါး၏အစေကိုမခံနိုင်။ အကြောင်းမူကား၊
တစ်ပါးကိုမုန်း၍၊ တစ်ပါးကိုချစ်လိမ့်မည်။ တစ်ပါး
ကိုသစ္စာခံ၍၊ တစ်ပါးကိုမထီမဲ့မြင်ပြုလိမ့်မည်။ သင်
တို့သည် ဘုရားသခင်နှင့်**မာမုန်**[၃]နှစ်ပါးစလုံးကိုအစေ
မခံနိုင်ဟု မိန့်တော်မူ၏။[၄]

## ဖါရိရှဲဦးတို့၏ဟန်ဆောင်ခြင်း
## (မာ ၁၁း၁၂–၁၃၊ မာကု ၁၀း၁၁–၁၂)

၁၅။ ငွေကိုမက်မောသော**ဖာရိရှဲဦး**များသည်ဤစကားမျာ
း ကိုကြားလျှင် ကိုယ့်တော့်ကို မထီမဲ့မြင်ပြုကြ၏။
၁၆။ သို့သော် ကိုယ်တော်ကသူတို့အားမိန့်တော်မူသည်မှာ
သင်တို့သည် လူအများရှေ့၌ သင်တို့ကိုယ်ကိုဖြောင့်
မတ်သောသူများဟုဖော်ပြလိုကြ၏သို့သော် ဘုရား
သခင်သည်သင်တို့၏စိတ်နှလုံးကိုသိမြင်တော်မူ၏။
အကြောင်းမူကား၊ လူတို့အလယ်တွင် အမြတ်တနိုး
မြှောက်စားခြင်းခံရသောအရာသည် ဘုရားသခင်ရှေ့
၁၇။ တော်၌ စက်ဆုပ်ရွံရှာဘွယ်ရာဖြစ်၏။ တရားကျမ်း
များနှင့်ပရောဖက်ကျမ်းတို့သည် **ယောဟန်**ပေါ်ထွန်း
လာသည့်တိုင်အောင်ရှိကြသတည်း။ ထိုအချိန်မှစ၍
ဘုရားသခင်နိုင်ငံတော်၏ သတင်းကောင်းကိုဟော
ပြောလျက်ရှိသည်ဖြစ်၍လူအပေါင်းတို့သည် ဘုရား
သခင်၏နိုင်ငံတော်သို့ ဝင်ရန်ပြင်းထန်စွာအားထုတ်
၁၈။ ရကြ၏။[၅]သို့ရာတွင် တရားကျမ်းမှစာလုံးတစ်လုံး၏
သေးငယ်သော အစိတ်အပိုင်းတစ်ခု ကွယ်ပျောက်ရ
ခြင်းထက်ကောင်းကင်နှင့်မြေကြီးကွယ်ပျောက်ရသည်
၁၉။ ကသာ၍လွယ်ကူ၏။ မည်သူမဆို မိမိမယားကိုကွာ

[၁] (၁၆း၈)လိမ္မာပါးနပ်သောဘဏ္ဍာစိုး၏ကောက်ကျစ်မတရားပြုခြင်းကို ချီးမွမ်းသည်မဟုတ်။မိမိအတွက် အကျိုးရှိအောင် ကြံစည်ဆောင်ရွက်တတ်ခြင်းကိုသာ ချီးမွမ်း၏။ မိမိတို့ဝိညာဉ်ကယ်တင်ရေးအတွက် လိမ္မာပါးနပ်စွာကျင့်ကြံနေထိုင်သင့်ကြောင်း သင်ပြသည်။

[၂] (၁၆း၁၁)ပေးအပ်ထားသောလောကီပစ္စည်းဥစ္စာများအပေါ်တွင် သစ္စာမရှိလျှင် ဝိညာဉ်နှင့်ဆိုင်ရာကျေးဇူးတော်ကို ဘုရားသခင်သည် သင့်အား အပ်ထားတော်မူမည်လော။

[၃] (၁၆း၁၃)"မာမုန်" ဟူသောစကားသည် ဆယ်မီတစ်စကားဖြစ် ငွေကြေးဥစ္စာပစ္စည်းဟုဆိုလိုသည်။

[၄] (၁၆း၁၃)ဘုရားသခင်နှင့် မာမုန်နှစ်ပါးစလုံးကို အစေမခံနိုင်ဟုဆိုရာ၌ ဘုရားသခင်ကိုသာအစေခံကဥစ္စာပစ္စည်းများကို ရှာဖွေအသုံးမပြုရဟု မဆိုလိုပါ၊ ထိုဥစ္စာပစ္စည်းများကို တွယ်တာခြင်းမရှိဘဲ၊ ဘုရားသခင်၏အလိုတော်နှင့်အညီ ရှာဖွေသုံးစွဲရမည်ဟုသာ ဆိုလိုသည်။

[၅] (၁၆း၁၆)ဘုရားသခင်၏ ကောင်းကင်နိုင်ငံသို့ ဝင်ရောက်နိုင်ရေးအတွက် လူတိုင်းသည် မိမိ၏စိတ်အလိုဆန္ဒကို ချိုးခြံချုပ်တည်းဆန့်ကျင်ပြုကြရ၏။

၂၀။ ရှင်း၍၊ အခြားတစ်ယောက်နှင့်ပေါင်းသင်းလျှင် သူ့
မယားကိုပြစ်မှားရာရောက်၏။ သူမခင်ပွန်းက ကွာ
ရှင်းထားသော မယားကိုပေါင်းသင်းသောသူသည်
လည်း သူ့မယားကိုပြစ်မှား၏။

## သူဌေးနှင့် လာဇရုအကြောင်း

၂၁။ တစ်ခါကသူဌေးတစ်ဦးရှိ၏။ သူသည် ခရမ်းရောင်
ပိတ်ချောထည်များကို ဝတ်ဆင်လျက် နေ့စဉ်စား
သောက်ပွဲကို ကျင်းပ၍ စည်းစိမ်ခံစားတတ်၏။
၂၂။ သူ၏အိမ်တံခါးအနီးတွင် **လာဇရု**အမည်ရှိသောသူ
တောင်းစားတစ်ယောက်သည်အနာစိမ်းများနှင့် တစ်
ကိုယ်လုံးပြည့်လျက် လဲလျောင်းနေလေ၏။
၂၃။ **လာဇရု**သည် သူဌေး၏ စားပွဲမှကျသည့် စားစရာ
အပိုင်းအစများကိုစားခွင့်ရရန်အလိုရှိခဲ့၏။ ထိုမျှမက
ခွေးတို့သည်လာ၍ သူ၏အနာစိမ်းများကို လျက်ကြ
၂၄။ ၏။ထိုသူတောင်းစားသေဆုံးသောအခါ ကောင်းကင်
တမန်တို့သည်သူ့ကို**အာဗြဟံ**၏ရင်ခွင်သို့သယ်
ဆောင်သွားကြ၏။သူဌေးသည်လည်း သေဆုံး၍
၂၅။ သင်္ဂြိုဟ်ခြင်းကိုခံရ၏။ သူသည် မရဏာနိုင်ငံ၌ပြင်း
ထန်စွာဒဏ်ခံရသောအခါ အထက်သို့မော်၍ ကြည့်
လျှင်အဝေး၌**အာဗြဟံ**ကိုလည်းကောင်း၊**အာဗြ
ဟံ**၏ရင်ခွင်၌**လာဇရု**ကိုလည်းကောင်းမြင်လေ၏။
၂၆။ ထိုအခါ သူက အိုအဖ **အာဗြဟံ** ကျွန်ုပ်ကို
သနားတော်မူပါ။ ကျွန်ုပ်သည်ဤမီးလျှံထဲ၌ပြင်းထန်
စွာ ဒဏ်ခံနေရပါသောကြောင့် **လာဇရု**သည် သူ၏
လက်များကိုရေ၌နှစ်၍ ကျွန်ုပ်၏လျှာကိုအေးစေခြင်း
ငှာသူ့ကို စေလွှတ်တော်မူပါဟု အော်ဟစ်အသနားခံ
၂၇။ လေ၏။ သို့သော် **အာဗြဟံ**က ငါ့သား သင်
အသက်ရှင်စဉ်အခါကစည်းစိမ်ချမ်းသာခံစားခဲ့ရသည်
ကိုလည်းကောင်း၊ **လာဇရု**သည်ကား ဆင်းရဲဒုက္ခခံခဲ့
ရသည်ကိုလည်းကောင်း သတိရလော့။ ယခုမှာမူ
သူသည်နှစ်သိမ့်ခြင်းခံရ၍သင်သည်ပြင်းထန်စွာဒဏ်
၂၈။ ခံရပြီ။ထို့အပြင် ငါတို့နှင့်သင်တို့အကြားတွင် နက်
ရှိုင်းသော ချောက်ကြီးတစ်ခုတည်ရှိသည်ဖြစ်၍၊ ဤ
နေရာမှသင်တို့ဘက်သို့လည်းကောင်း၊ သင်တို့နေရာ
မှ ငါတို့ဘက်သို့လည်းကောင်း ဖြတ်ကူးလိုသူတို့
၂၉။ သည်မတတ်နိုင်ကြဟုပြန်ပြောလေ၏။ သူကလည်း
အဖ၊ဤသို့ဖြစ်လျှင် **လာဇရု**အား ကျွန်ုပ်၏အဖအိမ်
၃၀။ သို့စေလွှတ်ပေးပါရန်တောင်းပန်ပါသည်။ ကျွန်ုပ်မှာ
ညီငါးယောက်ရှိပါ၏။ သူတို့သည်လည်း ဒဏ်ခံရ
မည့်ဤအရပ်သို့မရောက်ကြစေရန် **လာဇရု**အားဖြင့်
၃၁။ သတိပေးစေလိုပါသည်ဟုလျှောက်၏။**အာဗြဟံ**
ကသူတို့၌**မိုးဇက်**နှင့်ပရောဖက်များရှိကြ၏။ထိုသူတို့
၃၂။ စကားကိုနားထောင်ကြပါစေဟုဆို၏။သို့သော်သူက
ထိုသို့မဟုတ်ပါ။အဖ**အာဗြဟံ**၊သေလွန်ပြီးသော
သူတို့အစုထဲမှတစ်ယောက်သောသူသည်သူတို့ထံသို့
သွားလျှင် နောင်တရကြပါလိမ့်မည်ဟုဆိုပြန်၏။
၃၃။ **အာဗြဟံ**ကသူတို့သည်**မိုးဇက်**နှင့်ပရောဖက်တို့
၏စကားကိုနားမထောင်လျှင်သေလွန်သောသူတို့အစု
မှတစ်စုံတစ်ယောက်ထမြောက်လာသော်လည်းသူတို့
ယုံကြည်ကြလိမ့်မည်မဟုတ်ဟု သူ့အားဆိုသည်ဟု
မိန့်တော်မူ၏။

## အခန်းကြီး (၁၇)
## အပြစ်မှားသို့ရောက်ခြင်းနှင့်ခွင့်လွှတ်ခြင်း
## (မာ ၁၈း၆-၇၊ ၂၁-၂၃၊ မာကု ၉း၄၂)

၁။ ကိုယ်တော်ကတပည့်တော်တို့အား အပြစ်မကောင်းမှု
သို့ ကျရောက်စေနိုင်သော အကြောင်းရင်းများသည်
ဧကန်မုချဖြစ်ပေါ်တတ်၏။[1]သို့သော်အပြစ်မကောင်း
ကိုကျစေမည့်အကြောင်းရင်းကို ဖြစ်ပေါ်စေသောသူ
၂။ သည်အမင်္ဂလာရှိ၏။ ထိုသူသည်ငယ်ရွယ်သော ဤ
သူငယ်တို့ကိုအပြစ်မကောင်းသို့ရောက်စေခြင်းထက်
မိမိလည်ပင်း၌ကြိတ်ဆုံကျောက်ကိုဆွဲလျက်[2]ပင်လယ်
ထဲသို့ပစ်ချခံရခြင်းက သူ့အတွက်ပို၍ ကောင်းလိမ့်
၃။ မည်။ သို့ဖြစ်၍ သင်တို့သည် သတိနှင့်ဆင်ခြင်ပြုမူ
ကြလော့။ သင်၏ညီအစ်ကိုသည် ပြစ်မှားကျူးလွန်
လျှင်သူ့ကိုဆုံးမလော့။ သူသည် နောင်တရလျှင်သူ့
၄။ ကိုခွင့်လွှတ်လော့။ သူသည်တစ်နေ့တည်းတွင် ခုနစ်
ကြိမ်တိုင်တိုင် သင့်ကိုပြစ်မှား၍ ခုနစ်ကြိမ်တိုင်တိုင်
ပင် သင့်ထံသို့လာလျက်ကျွန်တော်နောင်တရပါပြီဟု

---

[1] (၁၇း၁) အားနည်းသောလူသားများ စုဝေးနေထိုင်သော ကမ္ဘာလောကတွင် အမှားအယွင်းများရှိမည်မှာ မလွဲပင်ဖြစ်၏။

[2] (၁၇း၂)ဂျူးလူမျိုးများသည်ကြီးလေးသောအပြစ်ကို ကျူးလွန်သောသူတို့အား ဤအပြစ်ဒဏ်ကို ပေးလေ့ရှိ၏။

ဆိုလျှင်သင်သည်သူ့ကိုခွင့်လွှတ်ရမည်ဟု မိန့်တော်
မူ၏။

## ယုံကြည်ခြင်း

၅။ ထိုအခါ တမန်တော်တို့ကသခင်ဘုရားအား တပည့်
တော်တို့၏ယုံကြည်ခြင်းကို တိုးပွားစေတော်မူပါဟု
၆။ လျှောက်ကြ၏။သခင်ဘုရားကလည်း သူတို့အားမိန့်
တော်မူသည်ကား သင်တို့၌ မုန်ညင်းစေ့[၃]မျှလောက်
ယုံကြည်ခြင်းရှိပါက ဤပိုးစာပင်အား အမြစ်ပါနုတ်
၍၊ ပင်လယ်ထဲတွင်ရွှေ့ပြောင်းလျက် ပေါက်ရောက်
လော့ဟုဆိုလျှင် သင်တို့၏စကားကို နာခံလိမ့်မည်။

## အစေခံ၏ဝတ္တရား (ယော ၁၃း၄-၅)

၇။ သင်တို့တွင် မည်သူသည် မိမိ၏အစေခံအား လယ်
ထွန်ရာမှဖြစ်စေ၊သိုးကျောင်းရာမှဖြစ်စေ လယ်ကွင်း
မှပြန်လာသောအခါ ချက်ခြင်းလာ၍ အစာစားရန်
၈။ စားပွဲ၌ထိုင်လောဟု ဆိုမည်နည်း။ထိုသို့မဆိုသူ့အား
ဘဲ၊ငါ့အတွက်ညစာကိုပြင်လော့။ ငါစားသောက်နေ
စဉ်ခါးကိုစီး၍ငါအလိုရှိရာကိုဆောင်ရွက်လော့။ ထို့
နောက်မှသင်စားသောက်ရမည်ဟူ၍ ဆိုမည်မဟုတ်
၉။ လော။ မိမိ စေခိုင်းသည့်အတိုင်း ဆောင်ရွက်သော
ကြောင့်သခင်သည် အစေခံကို ကျေးဇူးတင်စရာရှိ
၁၀။ သလော့။ထိုနည်းတူ သင်တို့သည်လည်းမိမိတို့အား
စေခိုင်းသည့် အရာအားလုံးကို ဆောင်ရွက်ပြီးသော
အခါ ငါတို့သည်မထိုက်တန်သော အစေခံများသာ
ဖြစ်သောကြောင့် ငါတို့ဆောင်ရွက်ရမည့်ဝတ္တရားကို
သာဆောင်ရွက်ကြခြင်းဖြစ်သည်ဟူ၍ သင်တို့ဆိုကြ
ရမည်ဟု မိန့်တော်မူ၏။

## အနာကြီးရောဂါသည် ဆယ်ဦးအား ပျောက်ကင်းစေတော်မူခြင်း

၁၁။ ကိုယ်တော်သည် **ဂျေရုဆလင်**မြို့သို့ ကြွတော်မူစဉ်
**ဆမာရိယ**နယ် နှင့် **ဂါလိလေ**နယ်တို့ အကြားတွင်
၁၂။ ဖြတ်သွားတော်မူ၏။ ရွာတစ်ရွာသို့ ကိုယ်တော်ဝင်
တော်မူသောအခါအနာကြီးရောဂါသည်ဆယ်ဦးသည်
ကိုယ်တော်နှင့်ဆုံကြသဖြင့် ခပ်လှမ်းလှမ်းတွင်ရပ်နေ
၁၃။ ကြလျက်။ သခင်**ယေရှု**ဘုရား၊ ကျွန်ုပ်တို့ကိုသနား
တော်မူပါဟု ကျယ်သောအသံဖြင့် တောင်းလျှောက်
၁၄။ ကြ၏။ ကိုယ်တော်သည် သူတို့ကိုမြင်တော်မူသော
အခါ၊သင်တို့သွားကြ၍သင်တို့ကိုယ်ကို ရဟန်းများ
အားပြကြလော့[၄]ဟုသူတို့အား မိန့်တော်မူ၏။ သူတို့
သည်လည်း ရဟန်းများထံသွားကြစဉ် ပျောက်ကင်း
၁၅။ စင်ကြယ်ကြကုန်၏။ထိုသူတို့တွင်တစ်ယောက်သည်
မိမိပျောက်ကင်းချမ်းသာရကြောင်းကိုမြင်သောအခါ၊
ပြန်လာ၍ဘုရားသခင်၏ ဘုန်းဂုဏ်တော်ကို ကျယ်
၁၆။ လောင်စွာအော်ဟစ်ချီးမွမ်းလေ၏။ ထိုသူသည်သခင်
**ယေရှု**၏ခြေတော်ရင်း၌ပျပ်ဝပ်လျက် ကိုယ်တော်ကို
ကျေးဇူးတင်လေ၏။ ဤသူသည်ကား **ဆမာရိတန်**
၁၇။ လူမျိုးဖြစ်၏။ သခင်**ယေရှု**ကလည်း ဆယ်ယောက်
သောသူတို့သည်ပျောက်ကင်းစင်ကြယ်ခြင်းသို့ရောက်
ကြသည်မဟုတ်လော။ ကိုးယောက်သောသူတို့သည်
၁၈။ အဘယ်မှာရှိကြသနည်း။ဘုရားသခင်ဘုန်းဂုဏ်တော်
ကိုချီးမွမ်းရန်ဤလူမျိုးခြားတစ်ဦးမှတစ်ပါး၊ ပြန်လာ
သူတစ်ယောက်မျှ မရှိသလောဟုမိန့်တော်မူ၏။
၁၉။ ထို့နောက် ကိုယ်တော်က ထိုသူအားသင်ထ၍သွား
လော့။ သင်၏ယုံကြည်ခြင်းသည် သင့်ကိုကယ်တင်
လေပြီဟု မိန့်တော်မူ၏။

## နိုင်ငံတော်တည်မည့်အကြောင်း (မာ ၂၄း၂၃-၂၈/၃၇-၄၁)

၂၀။ **ဖါရိရှဲဦး**တို့ကဘုရားသခင်၏နိုင်ငံတော်သည် မည်
သည့်အချိန်အခါတွင်ရောက်လာမည်နည်းဟု ကိုယ်
တော်အားမေးလျှောက်ကြလျှင် ကိုယ်တော်ကသူတို့
အားပြန်ပြောတော်မူသည်ကား၊ဘုရားသခင်၏နိုင်ငံ
တော်သည်ကြည့်မြင်နိုင်သာနိမိတ်လက္ခဏာများဖြင့်
၂၁။ ရောက်လာမည်မဟုတ်။[၅] ကြည့်ကြ၊ ဤအရပ်မှာရှိ
၏။ထိုအရပ်မှာရှိ၏ဟူ၍လည်းမပြောနိုင်။အကြောင်း

[၃] (၁၇း၆)ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် သေးငယ်သောမုန်ညှင်းစေ့ပမာဏမျှ လောက်ပင်ရှိပါလျှင်များစွာသော စွမ်းအားတန်ခိုးများကို စွမ်းဆောင်နိုင်ပေလိမ့်မည်။

[၄] (၁၇း၁၄)ဓမ္မဟောင်းတွင် နူနာစွဲသောသူတို့သည်လူ့အသိုင်းအဝိုင်းသို့ပြန်လည်ဝင်ရောက်ရန်အတွက်မိမိတို့ရောဂါဝေဒနာများမှပျောက်ကင်းလျှင် ပျောက်ကင်းကြောင်းကိုရဟန်းများထံသို့သွားရောက်ပြသ၍ အသိအမှတ်ပြုခြင်းခံကြရသည်။ ထို့အတူဓမ္မသစ်တရား၌နူနာစွဲသောသူကဲ့သို့သော အပြစ်သည်များသည် ဘုရားသခင်ထံမှအပြစ်စေလွှတ်ခြင်းခံရစေရန် ရဟန်းထံမှ အခွင့်ပန်ခြင်းပြုကြရမည်။

[၅] (၁၇း၂၀)ဂျူးလူမျိုးများမျှော်လင့်သောမေဆိယသည် ဤလောက၌တန်ခိုးကြီးသောသူ၊စစ်တိုက်၍အောင်မြင်သောသူ မင်းဧကရာဇ်ဖြစ်သောသူ အစ္စရေးလ်တို့

မူကားဘုရားသခင်၏နိုင်ငံတော်သည်သင်တို့အလယ်
မှာ တည်လျက်ရှိသည်[၆]ဟု မိန့်တော်မူ၏။

## လူသားကြွလာမည့် နေ့ရက်

၂၂။ ထို့နောက် ကိုယ်တော်က တပည့်တော်တို့အားမိန့်
တော်မူသည်ကား၊လူသား၏နေ့ရက်တို့တွင်တစ်ရက်
ကိုသင်တို့ မြင်တွေ့လိုသော အချိန်ရောက်လာလိမ့်
မည် သို့သော်လည်း သင်တို့သည်ထိုနေ့ရက်ကိုမြင်
၂၃။ ရကြလိမ့်မည်မဟုတ်။ထိုအခါ လူတို့ကကြည့်လော့။
ထိုအရပ်မှာရှိ၏။ ကြည့်လော့၊ ဤအရပ်မှာရှိ၏ဟု
သင်တို့အားဆိုကြလျှင်မသွားကြနှင့်။ထိုသူတို့နောက်
၂၄။ သို့ မလိုက်ကြနှင့်။ အကြောင်းမူကား၊ ကောင်းကင်
တစ်ဘက်မှ ထွက်ပေါ်လာသော လျှပ်စစ်လက်ခြင်း
သည်ကောင်းကင်အခြားတစ်ဘက်တိုင်အောင် ထွန်း
လင်းသကဲ့သို့ လူသားသည် မိမိနေ့ရက်တွင်ကြွလာ
၂၅။ သောအခါ၌လည်းဖြစ်လိမ့်မည်။သို့ရာတွင် သူသည်
ပထမဦးစွာ ဒုက္ခဆင်းရဲများကို ခံထမ်းရလိမ့်မည်။
ဤလူမျိုးဆက်၏ ငြင်းပယ်ခြင်းကိုလည်း ခံရလိမ့်
၂၆။ မည်။**နောဧ**၏လက်ထက်၌ ဖြစ်ပျက်ခဲ့သည့်နည်းတူ
လူသား၏နေ့ရက်များ[၇]တွင်လည်းဖြစ်လိမ့်မည်။
၂၇။ ရေမလွှမ်းမိုးမီကာလ၌**နောဧ**သည် သင်္ဘောထဲသို့ဝင်
သည့်နေရက်တိုင်အောင် လူတို့သည်စားသောက်ကြ
လျက်ထိမ်းမြားပေးစားလျက်နေခဲ့ကြ၏။ ထိုအချိန်၌
ရေလွှမ်းမိုးခြင်းရောက်လာသဖြင့်လူအားလုံးသေကြေ
၂၈။ ပျက်စီးခဲ့ကြ၏။ ထို့နည်းတူပင်‘လော့’၏လက်ထက်
၌လည်းလူတို့သည် စားသောက်၊ ရောင်းဝယ်၊ စိုက်
၂၉။ ပျိုးတည်ဆောက်လျက်နေခဲ့ကြ၏။ သို့ရာတွင်‘လော့’
သည်**ဆောဒုံ**မြို့မှထွက်ခွါသွားသောနေ့၌ကောင်းကင်မှ
မီးနှင့်ကန့်ရွာသွန်းသဖြင့်လူအားလုံးကိုသေကြေပျက်
၃၀။ စီးစေခဲ့၏။လူသားကို ထင်ရှားစေတော်မူမည့်နေ့တွင်
၃၁။ လည်းဤကဲ့သို့ဖြစ်လိမ့်မည်။ ထိုနေ့၌အိမ်မိုးပေါ်မှာ
ရှိသောသူသည် အိမ်ထဲ၌ရှိသောမိမိပစ္စည်းဥစ္စာတို့ကို
ယူရန်အောက်သို့မဆင်းစေနှင့်။ ထိုနည်းတူလယ်ထဲ
၃၂။ မှာရှိသောသူသည်လည်းအိမ်သို့မပြန်စေနှင့်။ ‘လော့’
၃၃။ ၏ဇနီးကိုသတိရကြလော့။[၈]မည်သူမဆို မိမိအသက်
ကို ကယ်ဆယ်ရန်ကြိုးစားလျှင် အသက်ဆုံးရှုံးလိမ့်
မည်။မိမိအသက်ကိုဆုံးရှုံးသောသူသည် အသက်ကို
၃၄။ ကယ်ဆယ်လိမ့်မည်။[၉]သင်တို့အား ငါဆိုသည်ကား၊
ထိုညဉ့်၌အိပ်ရာတစ်ခုထဲတွင်ရှိမည့် လူနှစ်ယောက်တို့
အနက်တစ်ယောက်သည် ခေါ်ဆောင်သွားခြင်းခံရ၍
၃၅။ တစ်ယောက်သည်ကျန်ရစ်လိမ့်မည်။ ကြိတ်ဆုံအတူ
ကြိတ်နေသော အမျိုးသမီးနှစ်ယောက်အနက် တစ်
ယောက်သည်ခေါ်ဆောင်သွားခြင်းခံရ၍တစ်ယောက်
၃၆။ သည် ကျန်ရစ်လိမ့်မည်။ တပည့်တော်တို့ကလည်း
မည်သည့်အရပ်တွင်ထိုသို့ ဖြစ်ပျက်ပါမည်နည်းဟု
၃၇။ ကိုယ်တော်အားမေးလျှောက်ကြလျှင်၊ ကိုယ်တော်က
အသေကောင်ရှိရာအရပ်၌လင်းတတို့သည် စုဝေးကြ
လိမ့်မည်[၁၀]ဟု သူတို့အားမိန့်တော်မူ၏။

## အခန်းကြီး (၁၈)

## မုဆိုးမနှင့်မတရားသော တရားသူကြီးပုံဥပမာ

၁။ ထို့နောက်ကိုယ်တော်သည်စိတ်အားမလျော့ဘဲ၊အစဉ်
ဆုတောင်းရမည့်အကြောင်း ပုံဥပမာဆောင်၍၊
၂။ သူတို့ကိုမိန့်တော်မူ၏။ကိုယ်တော်က သူတို့အားဆို
သည်ကား၊မြို့တစ်မြို့၌ ဘုရားသခင်ကို မကြောက်။
လူ့မျက်နှာကိုလည်းမထောက်ထားသောတရားသူကြီး
၃။ တစ်ယောက်ရှိ၏။ ထိုမြို့၌ မုဆိုးမတစ်ယောက်ရှိ၍
သူမသည် တရားသူကြီးထံသို့ အကြိမ်ကြိမ်လာ၍၊
ကျွန်မ၏တရားပြိုင်ဘက်အပေါ် ကျွန်မအနိုင်ရစေရန်

---

ခံရသမျှတို့အတွက် လက်စားချေရန်တုံ့ပြန်ပေးမည့်သူဖြစ်သည့်ပြင် မိမိတို့အား လွပ်လပ်သောလူမျိုးအဖြစ် နေထိုင်အောင်လုပ်ဆောင်ပေးမည့်သူဖြစ်လာမည်ဟု မဆိုလိုပေ။

[၆] (၁၇း၂၁) ဤမြေကြီးပေါ်မှာ ဘုရားသခင်၏နိုင်ငံတော်ကို တည်ဆောက်ရန် လာသော ကိုယ်တော်သည် လူတို့အလယ်၌ ယခုရှိနေပြီဖြစ်၏။

[၇] (၁၇း၂၆) ကိုယ်တော် ဒုတိယအကြိမ်ကြွလာတော်မူမည့်အချိန်။

[၈] (၁၇း၃၂)ဓမ္မဟောင်းတွင်လော့၏ဇနီးသည် မိမိဥစ္စာပစ္စည်းများကိုစိုးရိမ်သောကြောင့် လှည့်ကြည့်၍ ပျက်စီးခြင်းသို့ရောက်ခဲ့ရသည်။ (ကမ္ဘာ ၁၉း၂၆)

[၉] (၁၇း၃၃)နောက်ဆုံးသောကာလ၌ ထာဝရအသက်ရှင်စေမည့် ဝိညာဉ်အသက်ကို ရရန်အတွက် ယခုဘဝတွင် အနစ်နာခံကြိုးစားရမည်။

[၁၀] (၁၇း၃၇) မာတေ ၂၄း၂၈။

၄။ တရားစီရင်ပါဟုတောင်းပန်၏။ တရားသူကြီးသည်
သူမ၏လျှောက်ထားချက်ကို ကြာမြင့်စွာငြင်းဆန်နေ
ခဲ့၏။[1] နောက်ဆုံး၌ သူသည် မိမိစိတ်ထဲ၌ပြောသည်
မှာငါသည် ဘုရားကို မကြောက်။ လူ့မျက်နှာကို
၅။ မထောက်ထားသော်လည်း။ ဤမုဆိုးမသည် ငါ့ကို
စိတ်အနှောင့်အယှက်ဖြစ်စေသောကြောင့်သူမ၏ရပိုင်
ခွင့်ကိုငါစီရင်ပေးမည်။ထိုသို့မဟုတ်လျှင် သူမသည်
ငါ့ထံသို့အဆက်မပြတ်လာ၍ ငါ့ကိုပင် ရန်ရှာလိမ့်
၆။ မည်ဟုဆို၏။မတရားသော တရားသူကြီး မည်သို့
ပြောဆိုသည်ကို ကြားနာမှတ်သားကြလော့။
၇။ ဘုရားသခင်[2]မူကား၊မိမိရွေးကောက်တော်မူသော သူ
တို့သည် နေ့ညမပြတ် မိမိထံ ဟစ်အော်တောင်း
လျှောက်ကြလျှင်သူတို့ဘက်မှတရားစီရင်တော်မမူဘဲ
နေမည်လော။ကိုယ်တော်သည် သူတို့ကိုကူညီမစရန်
၈။ နှောင့်နှေးတော်မူမည်လော့။ သင်တို့အား ငါဆိုလို
သည်ကား၊ဘုရားသခင်သည်သူတို့ဘက်မှအလျင်အ
မြန်တရားစီရင်တော်မူလိမ့်မည်။ သို့သော်လူ့သား
သည် ကြွလာတော်မူသောအခါ ကမ္ဘာမြေပေါ်မှာ
ယုံကြည်ခြင်းကို တွေ့မည်လောဟု မိန့်တော်မူ၏။

## ဖါရိဇေဦးနှင့် အခွန်ခံသူ၏ပုံဥပမာ

၉။ မိမိကိုယ်ကိုဖြောင့်မတ်သောသူဟု ခံယူလျက်သူတစ်
ပါးတို့ကိုအပြစ်တင်ကဲ့ရဲ့တတ်သောသူအချို့တို့အား
ကိုယ်တော်သည် ဤပုံဥပမာ[3]ကိုမိန့်တော်မူ၏။
၁၀။ လူနှစ်ယောက်တို့သည်ဆုတောင်းပတ္ထနာပြုရန်ဗိမာန်
တော်သို့သွားကြ၏။ တစ်ယောက်သည် **ဖါရိဇေဦး**[4]
ဖြစ်၍၊အခြားတစ်ယောက်သည် အခွန်ခံသူ[5]ဖြစ်၏။
၁၁။ **ဖါရိဇေဦး**သည် မတ်တက်ရပ်လျက်ဤသို့ဆုတောင်း
လေ၏။အိုဘုရားသခင်၊ တပည့်တော်သည် အခြား
သူများကဲ့သို့ လုယက်သောသူ၊မတရားသောသူ၊ သူ့
မယားကိုပြစ်မှားသောသူ မဟုတ်သည့်အပြင် ဤ
အခွန်ခံသူကဲ့သို့လည်း မဟုတ်သောကြောင့် ကိုယ်
၁၂။ တော့်ကိုကျေးဇူးတင်ပါ၏။တပည့်တော်သည် ခုနစ်
ရက်တစ်ပတ်တွင်နှစ်ကြိမ်အစာရှောင်ပါ၏။ တပည့်
တော်ရရှိသမျှဥစ္စာပစ္စည်းတို့မှဆယ်ဖို့တစ်ဖို့လှူဒါန်း
၁၃။ ပါ၏ဟူ၍ ဆုတောင်းလေ၏။ အခွန်ခံသူမူကား၊
အဝေးမှာရပ်နေလျက်ကောင်းကင်သို့မော်မကြည့်ဝံ့ဘဲ
မိမိရင်ဘတ်ကိုတီးခတ်၍အပြစ်ရှိသူ တပည့်တော်ကို
၁၄။ သနားတော်မူပါဟု ဆုတောင်းလေ၏။ သင်တို့အား
ငါဆိုသည်ကား၊ဤသူသည်အခြားတစ်ယောက်ထက်
သာ၍ဖြောင့်မတ်သန့်ရှင်းပြီးမှ အိမ်သို့ပြန်သွားလေ
၏။အခြားသူမူကား၊ထိုသို့မဟုတ်။အကြောင်းမူကား၊
မိမိကိုယ်ကိုချီးမြှောက်သောသူသည်နှိမ့်ချခြင်းခံရလိမ့်
မည်။[6] မိမိကိုယ်ကို နှိမ့်ချသောသူသည်ကား
ချီးမြှောက်ခြင်းခံရလိမ့်မည် ဟု မိန့်တော်မူ၏။

## ကလေးသူငယ်များကို ကောင်းချီးပေးခြင်း
## (မာ ၁၉း၁၃–၁၅၊ မာကု ၁၀း၁၃–၁၆)

၁၅။ ကိုယ်တော်၏လက်တော်ဖြင့် တို့ထိရစေရန် လူများ
သည်ကလေးသူငယ်တို့အားအထံတော်သို့ခေါ်ဆောင်
ခဲ့ကြသည်ကိုတပည့်တော်တို့မြင်လျှင် ပိတ်ပင်တား
၁၆။ မြစ်ကြ၏။ သို့သော် သခင်ယေရှုသည် ကလေးသူ
ငယ်တို့ကို အထံတော်သို့ခေါ်တော်မူ၍ မိန့်တော်မူ
သည်မှာ ကလေးသူငယ်တို့ ငါ့ထံသို့လာကြပါစေ။
သူတို့ကိုမဆီးတားကြနှင့်။အကြောင်းမူကား၊ ဘုရား
သခင်၏နိုင်ငံတော်သည် ဤကဲ့သို့သော သူတို့၏
၁၇။ နိုင်ငံဖြစ်၏။ သင်တို့အား ငါအမှန်ဆိုသည်ကား၊
ကလေးသူငယ်ကဲ့သို့ ဘုရားသခင်၏ နိုင်ငံတော်ကို

---

[1] (၁၈း၄)ဆုတောင်းခြင်းအမှုကိုပြုရာတွင် ဘုရားသခင်သည် ကျွန်ုပ်တို့တောင်းခံချက်ကိုချက်ခြင်းမပေးသည်လည်း ရှိတတ်၏။ အကြောင်းမှာ ကျွန်ုပ်တို့ဘက်မှစိတ်ရှည်ခြင်းနှင့်အဆုံးတိုင်တည်တည်မြဲမြဲ ဖွဲ့မလျော့တမ်းဆုတောင်းကြစေရန်အတွက်ဖြစ်သည်။

[2] (၁၈း၇) လူတို့ကိုချစ်သနားတော်မူ၍ ဖြောင့်မှန်စွာစီရင်တော်မူသည့်တရားသူကြီးဖြစ်သော ဘုရားသခင်။

[3] (၁၈း၉) ဤဥပမာများဖြင့် ဘုရားသခင်၏ကျေးဇူးစောင်မခြင်း စိတ်နှိမ့်ချခြင်းနှင့် တောင်းလျှောက်ရမည့်ဆုတောင်းခြင်းသည် နှိမ့်ချခြင်းနှင့်တောင်းလျှောက်ရမည့်ဆုတောင်းခြင်းသည် နှိမ့်ချခြင်းစိတ်နာကျင်ခြင်းနှင့် ပြည့်လျှံသောနှလုံးမှထွက်ပေါ်လာရမည်။

[4] (၁၈း၁၀) ဖာရိဇေဦး၊ မာတေ (၃း၇)

[5] (၁၈း၁၀) အခွန်ခံသူ၊ မာတေ (၅း၄၅)

[6] (၁၈း၁၄) မိမိကိုယ်ကိုချီးမွမ်းပြောဆိုခြင်းပြုသည့်အခါတိုင်း အပြစ်ရှိသည်ဟုမဆိုလိုပါ။ မိမိကိုယ်ကို အဖြစ်မှန်အတိုင်း ချီးမွမ်းသင့်သည်။သို့သော် မဟုတ်မမှန်ဝါကြွားပြောဆိုခြင်း၊ အနိုင်ယူလိုခြင်းများကိုမူ ရှောင်ရှားသင့်သည်။

မခံယူသောသူသည် နိုင်ငံတော်သို့ ဝင်ရလိမ့်မည်
မဟုတ်ဟုမိန့်တော်မူ၏။

## ဥစ္စာကြွယ်ဝသောအရာရှိတစ်ဦး

၁၈။ အရာရှိတစ်ဦးကကောင်းမြတ်သောဆရာသခင်၊ ထာ
ဝရအသက်ကိုရအံ့သောငှာကျွန်တော်သည်မည်သည့်
အရာကို ကျင့်ရပါမည်နည်းဟု မေးလျှောက်၏။
၁၉။ သခင်**ယေရှု**ကငါ့ကိုကောင်းမြတ်သောသူဟုအဘယ့်
ကြောင့်ခေါ်သနည်း။ ဘုရားသခင်မှတစ်ပါး မည်သူ
၂၀။ မျှကောင်းမြတ်သည်မဟုတ်။သင်သည် ပညတ်တော်
များကို သိ၏။ သူ့မယားကိုမပြစ်မှားနှင့်။ မဟုတ်
မမှန်သက်သေခံခြင်းကိုမပြုနှင့်။ သင်၏မိဘများကို
၂၁။ ရိုသေလော့ဟု မိန့်တော်မူ၏။ ထိုသူက ကျွန်တော်
သည်ငယ်သောအရွယ်မှစ၍ ဤပညတ်တော်များကို
လိုက်နာစောင့်ထိန်းခဲ့ပါပြီဟု လျှောက်လေ၏။
၂၂။ ထိုစကားကို**ယေရှု**ကြားတော်မူလျှင် သင်ပြုလုပ်ရန်
တစ်ခုလိုအပ်နေသေး၏။ သင်၌ရှိသမျှ ဥစ္စာပစ္စည်း
များကိုရောင်းချ၍ဆင်းရဲသားတို့အား ဝေငှပေးကမ်း
ပါလော့၊ဤသို့ပြုလျှင်သင်သည်ကောင်းကင်၌ဘဏ္ဍာ
ကိုပိုင်ဆိုင်ရလိမ့်မည်။ ထို့နောက်လာ၍၊ငါနောက်သို့
၂၃။ လိုက်လော့ဟုသူ့အားမိန့်တော်မူ၏။သို့သော် ထိုသူ
သည်ဤစကားကိုကြားလျှင် ဝမ်းနည်း၍ စိတ်မသာ
မယာဖြစ်လေ၏။ အကြောင်းမူကား၊ သူသည် ဥစ္စာ
များစွာကြွယ်ဝသောသူဖြစ်သောကြောင့်တည်း။
၂၄။ သခင်ယေရှုသည် ထိုသူ့ကိုကြည့်လျက်ဆိုသည်မှာ
ဥစ္စာကြွယ်ဝချမ်းသာသောသူတို့သည် ကောင်းကင်
၂၅။ နိုင်ငံသို့ဝင်ရန်ခဲယဉ်းလှပေ၏။ ဥစ္စာကြွယ်ဝသောသူ
သည် ကောင်းကင်နိုင်ငံသို့ဝင်ရသည်ထက် ကုလား
အုတ်သည် အပ်နဖားကိုလျှိုဝင်ရသည်က ပို၍လွယ်
၂၆။ လိမ့်မည်ဟု မိန့်တော်မူ၏။ ဤအကြောင်းကိုကြား
သောသူတို့ကလည်း ဤသို့ဆိုလျှင် မည်သူသည်
ကယ်တင်ခြင်းကိုရနိုင်ပါမည်နည်းဟု ဆိုကြ၏။
၂၇။ သို့သော် ကိုယ်တော်က လူတို့မတတ်နိုင်သောအရာ
ကို ဘုရားသခင်တတ်နိုင်တော်မူ၏[၇]ဟု မိန့်တော်မူ
လေ၏။

## စွန့်လွှတ်ခြင်း၏ဆုလာဘ်

၂၈။ ထိုအခါ**ပေတရု**ကတပည့်တော်တို့သည်မိမိတို့ရှိသမျှ
အိုးအိမ်တို့ကိုစွန့်ခွါ၍ ကိုယ်တော်၏နောက်တော်သို့
၂၉။ လိုက်ခဲ့ကြပါပြီဟု လျှောက်လေ၏။ ကိုယ်တော်က
သင်တို့အားငါအမှန်ဆိုသည်ကား၊ဘုရားသခင်၏နိုင်
ငံတော်အတွက် မိမိအိမ်၊ဇနီး၊ညီအစ်ကို၊မိဘ၊ သား
၃၀။ သမီးတို့ကို စွန့်လွှတ်သောသူသည်။ ဤကာလ၌
အဆများစွာသောအကျိုးကိုခံစားရသည်သာမက၊
နောင်ကာလ၌လည်း၊ ထာဝရအသက်ကိုရလိမ့်မည်
ဟုသူတို့အားမိန့်တော်မူ၏။

## ဒုက္ခရစရိယာခံတော်မူမည့်အကြောင်း တတိယ အကြိမ် ကြိုတင်ဟောတော်မူခြင်း (မာ ၂၀း၁၇–၁၉၊ မာကု ၁၀း၃၂–၃၄)

၃၁။ ထို့နောက် ကိုယ်တော်သည် တပည့်တော်တစ်ဆယ့်
နှစ်ပါးကိုခေါ်တော်မူ၍၊ သူတို့အား မိန့်တော်မူသည်
ကား၊ငါတို့သည် **ဂျေရုဆလင်**မြို့သို့ခရီးပြုနေကြ၏။
လူသား၏အကြောင်းကိုပရောဖက်များအားဖြင့် ရေး
ထားလျက်ရှိသမျှသည် ပြည့်စုံခြင်းသို့ ရောက်လိမ့်
၃၂။ မည်။အကြောင်းမူကား၊ သူသည်လူမျိုးခြားတို့လက်
သို့အပ်နှံခံရ၍၊ ပျက်ရယ်ပြုခြင်း၊ စော်ကားညှဉ်းဆဲ
ခြင်း၊တံတွေးနှင့်ထွေးခြင်းတို့ကိုလည်း ခံရလိမ့်မည်။
၃၃။ ထိုသူတို့သည် သူ့ကိုကြိမ်နှင့်ရိုက်ပြီးနောက် အသေ
သတ်ကြလိမ့်မည်။သုံးရက်မြောက်သောနေ့တွင် သူ
သည် ရှင်ပြန်ထမြောက်လိမ့်မည်ဟု မိန့်တော်မူ၏။
၃၄။ သို့သော် တပည့်တော်တို့သည် ဤအကြောင်းအရာ
တစ်စုံတစ်ခုကိုမျှနားမလည်ကြ။[၈] ဤအကြောင်းအရာ
ကိုသူတို့ထံမှ ဖုံးကွယ်ထားသည်ဖြစ်၍ သူတို့သည်
ကိုယ်တော်မိန့်တော်မူသော အကြောင်းကိုနားမလည်
ကြချေ။

## ဂျေရီခိုမြို့မှ မျက်မမြင်တစ်ဦးကို မျက်စိမြင်စေတော်မူခြင်း(မာ၂၀း၂၉–၃၄၊ မာကု ၁၀း၄၆–၅၂)

---

[၇] (၁၈း၂၇) ဥစ္စာကြွယ်ဝသောသူ၌ ပစ္စည်းဥစ္စာများအပေါ် တပ်မက်စွဲလန်းခြင်းကင်းသောစိတ်ကို ဘုရားရှင်သာပေးနိုင်တော်မူ၏။

[၈] (၁၈း၃၄) တပည့်တော်များသည် ကိုယ်တော်မိန့်တော်မူသော စကား၏အဓိပ္ပာယ်ကိုနားလည်ကြ၏။ သို့သော်လည်း ထိုအကြောင်းအရာများသည် သူတို့မျှော်လင့်စောင့်စားနေသော ကယ်တင်ရှင် မေဆိယနှင့် သက်ဆိုင်သည်ကိုမူ နားမလည်ကြချေ။

၃၅။ ကိုယ်တော်သည် **ယေရိခို**မြို့အနီးသို့ ရောက်တော်မူ
သောအခါမျက်မမြင် တစ်ဦးသည် လမ်းဘေးတွင်
၃၆။ ထိုင်၍တောင်းစားလျက်နေ၏။ ထိုသူသည် လူအစု
အဝေးတို့ဖြတ်သန်းသွားကြသော အသံကိုကြားလျှင်
ဖြစ်ပျက်နေသည့်အကြောင်းအရာကို မေးမြန်းစုံးစမ်း
၃၇။ လေ၏။သူတို့က**နာဇရက်**မြို့သား**ယေရှု**ကြွလာသည်
၃၈။ ဟုသူ့အားပြောကြ၏။ ထိုသူသည်လည်း **ဒေးဗစ်**၏
သားတော်**ယေရှု**ကျွန်ုပ်ကို သနားတော်မူပါဟု ဟစ်
၃၉။ အော်လေ၏။ရှေ့မှသွားနေကြသော သူတို့က ထိုသူ
ကိုတိတ်ဆိတ်စွာနေရန် ငေါက်ငမ်းပြောဆိုကြသော်
လည်းသူက **ဒေးဗစ်**၏သားတော် **ယေရှု** ကျွန်ုပ်ကို
သနားတော်မူပါဟုပို၍ကျယ်လောင်စွာအော်ဟစ်လေ
၄၀။ ၏။သခင်**ယေရှု**သည်လည်း ရပ်တော်မူ၍ ထိုသူကို
အထံတော်သို့ခေါ်ဆောင်လာစေရန်အမိန့်ပေးတော်မူ
၏။ ထိုသူသည် အနီးသို့ရောက်လာသောအခါ။
၄၁။ ကိုယ်တော်က သင့်အတွက်မည်သည့်အရာကို ငါပြု
စေလိုသနည်းဟုသူ့အားမေးတော်မူလျှင်သူကသခင်၊
ကျွန်ုပ်မျက်စိပြန်မြင်လိုပါသည်ဟု လျှောက်လေ၏။
၄၂။ သခင်ယေရှုကလည်းသင်၏ မျက်စိအလင်းကိုခံယူ
လော့။ သင်၏ယုံကြည်ခြင်းသည် သင့်ကိုကယ်တင်
၄၃။ လေပြီဟု သူ့အား မိန့်တော်မူ၏။ ထိုသူသည်
ချက်ခြင်းမျက်စိမြင်သဖြင့် ဘုရားသခင်ကို ချီးမွမ်း
လျက် နောက်တော်သို့လိုက်လေ၏။ လူအပေါင်းတို့
သည် ဤအဖြစ်အပျက်ကို မြင်ကြသောအခါ
ဘုရားသခင်ကို ချီးမွမ်းထောမနာပြုကြ၏။

## အခန်းကြီး (၁၉)

## အခွန်ခံသူ ဇာခေဦး

၁။ ကိုယ်တော်သည် **ယေရိခို**မြို့သို့ဝင်၍မြို့တွင်း၌ ဖြတ်
၂။ သွားတော်မူ၏။ထိုအရပ်၌ ဇာခေဦးအမည်ရှိသောသူ
တစ်ဦးရှိ၏။သူသည်အခွန်ခံသူ သူတို့၏အကြီးအကဲ
၃။ ဖြစ်၍ ကြွယ်ဝချမ်းသာ၏။ သူသည် သခင်**ယေရှု**
မည်သို့သော သူဖြစ်သည်ကို ကြည့်လိုသော်လည်း
အရပ်နိမ့်သူဖြစ်၍လူအစုအဝေးတို့ကြောင့်ကိုယ်တော့်
၄။ ကိုမမြင်နိုင်ခဲ့ချေ။ ထို့ကြောင့် သူသည် ကိုယ်တော့်
ကိုမြင်နိုင်ရန် ရှေ့မှကြိုပြေးလျက် သဖန်းပင်ပေါ်သို့
တက်လေ၏။အကြောင်းမူကား၊ ထိုနေရာကို ကိုယ်
တော်ဖြတ်သွားမည်ဖြစ်သောကြောင့်တည်း။
၅။ သခင်**ယေရှု**သည် ထိုနေရာသို့ ရောက်တော်မူသော
အခါ၊အပေါ်သို့ မော့ကြည့်တော်မူ၍ **ဇာခေဦး**အမြန်
ဆင်းလော့။ အကြောင်းမူကား၊ သင်၏အိမ်၌ ယနေ့
ငါတည်းခိုမည်ဟုသူ့အားမိန့်တော်မူ၏။
၆။ သူသည်လည်း လျင်မြန်စွာဆင်းခဲ့၍၊ ကိုယ်တော့်ကို
ဝမ်းမြောက်ဝမ်းသာကြိုဆိုညှော့ခံလေ၏။
၇။ ဤအချင်းအရာကို လူအပေါင်းတို့မြင်ကြသောအခါ
သူသည်အပြစ်ရှိသူတစ်ဦး၏အိမ်၌ဝင်၍တည်းခိုလေ
၈။ ပြီတကား[1]ဟုဝေဖန်ပြစ်တင်ကြ၏။ **ဇာခေဦး**မူကား၊
ရပ်လျက် သခင်၊ ကျွန်တော်၏ဥစ္စာပစ္စည်းတစ်ဝက်
ကို ဆင်းရဲသားတို့အား ပေးပါသည်။ အကယ်၍၊
ကျွန်တော်သည် တစ်စုံတစ်ယောက်၏ဥစ္စာပစ္စည်းကို
လိမ်လည်၍ ယူမိလျှင် လေးဆပြန်ပေးပါသည်[2]ဟု
၉။ ကိုယ်တော်အားလျှောက်လေ၏။သခင်**ယေရှု**က သူ့
အားမိန့်တော်မူသည်ကားကယ်တင်ခြင်းကျေးဇူးတော်
သည်ယနေ့ဤအိမ်သို့ရောက်လာလေပြီ။ အကြောင်း
မူကား သူသည်လည်း**အာဗြဟံ**၏သားဖြစ်သော
၁၀။ ကြောင့်တည်း။[3] အကြောင်းမူကား၊ လူသားသည်
ပျောက်ဆုံးနေသော သူတို့ကိုရှာဖွေ၍ ကယ်တင်ရန်
ကြွလာတော်မူသည်ဟု မိန့်တော်မူ၏။

## အပ်ထားသောငွေတစ်မာဏာ၏ ပုံဥပမာ

## (မာ ၂၅:၁၄-၃၀)

၁၁။ ဤအကြောင်းအရာများကိုကြားနာခဲ့သောသူတို့အား
ကိုယ်တော်သည် ပုံဥပမာတစ်ခုကို မိန့်တော်မူ၏။
အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ နိုင်ငံတော်

[1] (၁၉း၇) ဇာခေဦးသည် အပြစ်ရှိသောသူမှန်သော်လည်း မိမိအပြစ်ရှိသူဖြစ်ကြောင်းကိုမဝှက်မကွယ်ဘဲအများရှေ့မှာဝန်ခံလေ၏။သူသည် မိမိ၏အပြစ်ဒဏ်ကို ဆပ်ဖြေလိုစိတ်ရှိပြီး ယေရှုထံမှကယ်တင်ခြင်းချမ်းသာကိုရရှိလို၍ ဤသို့ပြုလုပ်ခဲ့၏။ယေရှုသည်လည်း ထိုကဲ့သို့သောသူတို့ကိုနှစ်သက်လက်ခံတော်မူ၏။

[2] (၁၉း၈)ယူခဲ့မိသောဥစ္စာပစ္စည်းကို ပြန်လည်ပေးအပ်မှသာ အပြစ်လွှတ်ခြင်းရလိမ့်မည်။ (ရဟန္တ ဩဂစတင်း)

[3] (၁၉း၉) အာဗြဟံကဲ့သို့သော ယုံကြည်ခြင်းနှင့်အကျင့်ရှိသောသူသည် အာဗြဟံ၏သားဖြစ်၏။ကယ်တင်ခြင်းကျေးဇူးသည်လူတိုင်းအတွက်ပင်ဖြစ်သည်။မည်သည့်အခြေအနေ၊ အဆင့်အတန်းမဆို ထိုကျေးဇူးတော်ကိုခံစားခွင့်ရှိ၏။ အာဗြဟံသားဖြစ်သော သူတို့သည် ဂျူးတို့၏အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

သည်ချက်ခြင်းပင်ပေါ်ထွန်းတော့မည်ဟု သူတို့ထင်
၁၂။ မှတ်ကြသောကြောင့်ဖြစ်၏။ သို့ဖြစ်၍ကိုယ်တော်မိန့်
တော်မူသည်မှာမင်းညီမင်းသားတစ်ပါးသည် ဘုရင်
အရိုက်အရာကို ခံယူ၍ပြန်လာရန် ဝေးလံသောတိုင်း
၁၃။ ပြည်တစ်ပြည်သို့ ထွက်သွားလေ၏။ သူသည် မိမိ
အစေခံ ဆယ်ယောက်ကိုခေါ်၍ သူတို့အား ငွေတစ်
ဆယ်မာဏာကိုပေးလျက်ငါပြန်လာသည့်တိုင်အောင်
၁၄။ ကုန်သွယ်ကြလော့ဟု သူတို့အားဆို၏။သို့သော် သူ
၏ပြည်သူပြည်သားတို့သည် သူ့ကိုမုန်းတီးကြသော
ကြောင့် စေတမန်များကို သူ၏နောက်မှစေလွှတ်၍
ဤသူသူ၏အုပ်စိုးခြင်းကိုငါတို့အလိုမရှိဟု သတင်း
၁၅။ ပို့စေကြ၏။ထိုသူသည် ဘုရင့်အရိုက်အရာကို ခံယူ
ပြီး၊ ပြန်လာသောအခါ မိမိငွေအပ်နှံထားခဲ့သော
အစေခံများသည်ကုန်သွယ်ခြင်းမှ အကျိုးအမြတ်မည်
မျှရသည်ကိုသိလိုသဖြင့်သူတို့ကို မိမိထံသို့ဆင့်ခေါ်
၁၆။ စေ၏။ ပထမအစေခံသည် သူ့ထံသို့လာ၍၊ သခင်
သခင်၏ငွေတစ်မာဏာအားဖြင့်နောက်ထပ်တစ်ဆယ်
၁၇။ မာဏာတိုးပွားစေခဲ့ပါပြီဟု ဆိုလေ၏။ သူကလည်း
သာဓု၊ သစ္စာရှိသော ငယ်သားကောင်း၊ သင်သည်
သေးငယ်သောအမှု၌သစ္စာရှိသောကြောင့် မြို့ဆယ်မြို့
၁၈။ ကိုအုပ်စိုးရမည်ဟုဆို၏။ ဒုတိယအစေခံသည်လည်း
လာ၍ သခင်၊ သခင်၏ငွေတစ်မာဏာအားဖြင့် ငွေ
၁၉။ ငါးမာဏာကိုတိုးပွားစေခဲ့ပါပြီဟုဆို၏။ သူက သင်
သည်လည်း မြို့ငါးမြို့ကိုအုပ်စိုးရမည်[၄]ဟု ထိုသူအား
၂၀။ ပြောလေ၏။ထို့နောက် အခြားသောသူတစ်ဦးသည်
လာ၍သခင်၊သခင်ပေးခဲ့သောငွေတစ်မာဏာ ဤမှာ
ရှိပါသည်။ ဤငွေကို ကျွန်တော်သည်ပုဝါနှင့်ထုပ်
၂၁။ သိမ်းထားပါသည်။[၅] အကြောင်းမူကား၊ သခင်သည်
အတင်းအကြပ်တောင်းဆိုတတ်သောသူဖြစ်သည်နှင့်
အညီ သင်သို လှောင်မထားသော ဥစ္စာကိုသိမ်းယူ၍
သင်မစိုက်ပျိုးသောအရာကိုရိတ်သိမ်းတတ်သောကြောင့်
၂၂။ သခင့်ကိုကြောက်ရွံ့ပါသည်ဟုဆို၏။သခင်ကလည်း
ထိုသူအားဆိုးမိုက်သောအစေခံ၊ သင့်နှုတ်မှထွက်လာ
သောစကားအတိုင်းသင့်ကို ငါစီရင်မည်။[၆] ငါသည်
အတင်းအကြပ် တောင်းဆို၍ ငါမသိုလှောင်သော
ဥစ္စာကိုသိမ်းယူပြီးငါမစိုက်ပျိုးသောအရာကိုရိတ်သိမ်း
တတ်ကြောင်းသင်သိပါလျင်၊အဘယ်ကြောင့် ငါ၏
၂၃။ ငွေကို ဘဏ်တွင်ထည့် မထား ပါသနည်း။
ဤသို့သင်ပြုခဲ့ပါလျှင် ငါပြန်လာသော အချိန်တွင်
ငွေကိုအရင်းနှင့်တကွအတိုးကိုငါရနိုင်ပေလိမ့်မည်ဟု
၂၄။ သူ့အားဆို၏။ ထို့နောက် အနီးတွင်ရပ်နေသော
သူများအားသခင်ကဤသူ၏လက်မှငွေတစ်မာဏာ
ကို ပြန်ယူ၍ ငွေတစ်ဆယ် မာဏာရသောသူအား
၂၅။ ပေးကြလော့ဟုဆို၏။ ထိုသူတို့ကလည်း သခင်၊
သူ၌ ငွေတစ်ဆယ်မာဏာရှိပြီးပါပြီဟု လျှောက်ကြ
၂၆။ ၏။ သခင်က သင်တို့အားငါဆိုသည်ကား အကြင်
သူသည် ဥစ္စာကြွယ်ဝချမ်းသာလျှင် သူ့အားထပ်၍
ပေးဦးမည်။ အကြင်သူသည်ကား၊ ဥစ္စာပစ္စည်း
ချို့တဲ့နွမ်းပါးလျှင်သူ့တွင်ရှိသမျှကိုပင် သိမ်းယူသွား
၂၇။ လိမ့်မည်။ ငါ၏အုပ်စိုးခြင်းကို လက်မခံလိုသော
ငါ၏ရန်သူများကိုမူကား ဤနေရာသို့ခေါ်ဆောင်ခဲ့၍
ငါ၏ရှေ့မျက်မှောက်တွင် ကွပ်မျက်ကြလော့ဟူ၍ဆို
သည်ဟု မိန့်တော်မူ၏။

## ဂျေရုဆလင်မြို့၌ သခင်ယေရှုးဒေသနာတော်
## ဟောကြားတော်မူခြင်း
## ဂျေရုဆလင်မြို့တွင်းသို့ ကြီးကျယ်ခမ်းနားစွာ
## ကြွဝင်တော်မူခြင်း

(မာ ၂၁း၁–၁၁၊ မာကု ၁၁း၁–၁၁၊ ယော ၁၂း၁၂–၁၉)
၂၈။ ကိုယ်တော်သည်ထိုအကြောင်းအရာကိုမိန့်တော်မူပြီး
နောက်**ဂျေရုဆလင်**မြို့သို့ခရီးဆက်ရန်တပည့်တော်
၂၉။ တို့ရှေ့မှ ကြွသွားတော်မူ၏။ သံလွင်တောင်ဟု
ခေါ်သောတောင်အနီးရှိ **ဘက်ဖာဂျေ**နှင့် **ဘက်သနီ**
ရွာများအနီးသို့ရောက်တော်မူလျှင်တပည့်တော်နှစ်ပါး
၃၀။ ကိုစေလွှတ်တော်မူ၍ မိန့်တော်မူသည်ကား။သင်တို့
ရှေ့တွင်ရှိသောရွာသို့သွားကြလော့။ သင်တို့ရွာတွင်း

[၄] (၁၉း၁၉)ဤလောကတွင် လူတို့သည်ဘုရားသခင်ထံမှဆုကျေးဇူးတော်များကို ကူညီစွာမခံစားရပေ။ဘုရားပေးသော ကျေးဇူးတော်များကို အကျိုးရှိစွာအသုံးပြုခြင်းအပေါ်မူတည်၍ အကျိုးခံစားမှုများရရှိသည်။

[၅] (၁၉း၂၀) ဘုရားသခင်ထံမှ ရရှိသောကျေးဇူးတော်ကို အသုံးမပြုဘဲ လျစ်လျူရှုထားခြင်းကို ဆိုလိုသည်။

[၆] (၁၉း၂၂)ပြုသင့်ပြုထိုက်သောကောင်းမှုကို မပြုလျှင် မကောင်းမှုကိုပြုကျင့်ခြင်းပင်ဖြစ်၏။

သို့ဝင်သောအခါ မည်သူမျှမစီးဘူးသေးသော မြည်း
ကလေးတစ်ကောင်ချည်ထားလျက် ရှိသည်ကိုတွေ့
လိမ့်မည်။ မြည်းကလေးကို ကြိုးဖြည်၍ ဤနေရာ
၃၁။ သို့ယူဆောင်ခဲ့ကြလော့။ အကယ်၍ တစ်စုံတစ်
ယောက်က အဘယ်ကြောင့် မြည်းကိုကြိုးဖြည်
ကြသနည်းဟုသင်တို့ကိုမေးလျှင် သခင်အလိုရှိသည်
၃၂။ ဟုပြန်ဖြေကြလော့။စေလွှတ်ခြင်းခံရသောသူတို့သည်
သွားကြသောအခါ ကိုယ်တော်မိန့်တော်မူထားသည့်
အတိုင်း တွေ့ကြ၏။သူတို့သည်မြည်းကို ကြိုးဖြည်
၃၃။ သူတို့သည်မြည်းကိုကြိုးဖြည်နေစဉ် မြည်းပိုင်ရှင်က
အဘယ်ကြောင့်မြည်းကိုကြိုးဖြည်ရသနည်းဟု သူတို့
၃၄။ အားမေးလေ၏။ထိုအခါ သူတို့ကသခင်အလိုရှိတော်
၃၅။ မူသည်ဟုဆိုကြ၏။ သူတို့သည် မြည်းကလေးကို
သခင်**ယေရှု**ထံတော်သို့ဆွဲလာခဲ့ကြပြီးမှယင်းအပေါ်
တွင်မိမိတို့အဝတ်များကိုခင်း၍ ကိုယ်တော်ကိုမြည်း
၃၆။ ပေါ်တွင်စီးစေကြ၏။ ကိုယ်တော်သည် မြည်းကိုစီး
သွားတော်မူစဉ်တွင်သူတို့သည် မိမိတို့အဝတ်များကို
၃၇။ လမ်းပေါ်မှာ ခင်းကြ၏။ ကိုယ်တော်သည် သံလွင်
တောင်ခြေအနီးသို့ ချဉ်းကပ်လာစဉ် များစွာသော
နောက်လိုက်တပည့်အပေါင်းတို့သည်မိမိတို့တွေ့မြင်
ခဲ့ရသည့်အံ့ဖွယ်တန်ခိုးလက္ခဏာများအတွက်ဝမ်းသာ
ဝမ်းမြောက်ကြလျက် ကျယ်လောင်သော အသံဖြင့်
ဘုရားသခင်ကိုချီးမွမ်းထောမနာပြုကြ၍ ဆိုကြသည်
၃၈။ ကား။သခင်ဘုရား၏နာမတော်၌ကြွလာတော်မူသော
ရှင်ဘုရင်အား မင်္ဂလာရှိစေသတည်း။ ကောင်းကင်၌
ငြိမ်းချမ်းသာယာခြင်းရှိစေသတည်း။ အမြင့်ဆုံးသော
အရပ်၌ဘုန်းတော်ဂုဏ်တော်ရှိစေသတည်းဟု ကြွေး
၃၉။ ကြော်ကြ၏။ လူအစုအဝေးထဲမှ**ဖာရိရှဲဦး** အချို့
တို့က ဆရာသခင် ကိုယ်တော်၏တပည့်များကိုဆုံး
မတော်မူပါဟုကိုယ်တော်အား လျှောက်ထားကြ၏။
၄၀။ ကိုယ်တော်ကသင်တို့အားငါဆိုသည်ကား ဤသူတို့
သည် တိတ်ဆိတ်စွာနေခဲ့ကြပါလျှင် ကျောက်ခဲများ
သည်ကြွေးကြော်ကြလိမ့်မည်ဟု သူတို့အားမိန့်တော်
မူ၏။

## ဂျေရုဆလင်မြို့အတွက် ငိုကြွေးတော်မူခြင်း

၄၁။ ထို့နောက် ကိုယ်တော်သည် **ဂျေရုဆလင်မြို့**အနီးသို့
ရောက်တော်မူ၍ မြို့ကိုမြင်တော်မူသောအခါ ဤမြို့
တော်အတွက်ငိုကြွေးတော်မူလျက်[၇] မိန့်ဆိုသည်ကား
၄၂။ အသင်မြို့၊ ငြိမ်းချမ်းသာယာမှုကို ဖြစ်ပေါ်စေသည့်
အကြောင်းများကိုယနေ့ သင်သိရလျှင်ကောင်းပေစွ၊
သို့သော် ယခုဤအရာတို့ကိုသင်မမြင်နိုင်စေရန် ဖုံး
၄၃။ ကွယ်ထားလျက်ရှိ၏။အကြောင်းမူကား၊ ရန်သူများ
သည် သင့်ကိုကျုံးမြောင်းတို့ဖြင့်ကာဆီးလျက်အဖက်
ဖက်မှ ဝိုင်းအုံပိတ်ဆို့မည့်နေ့ရက်ကာလဆိုက်ရောက်
၄၄။ လာလိမ့်မည်။ သူတို့သည် သင်နှင့် သင်၏မြို့ရိုး
အတွင်းမှာရှိသော သင့်သားသမီးတို့ကို မြေပြင်နှင့်
တညီတည်းဖြစ်စေရန်ဖျက်ဆီးကြလိမ့်မည်။သင်သည်
ကျောက်တစ်ချပ်အပေါ်တစ်ချပ်မျှတင်၍ကျန်နေလိမ့်
မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် သင်သည်
ဘုရားသခင်ကြွလာတော်မူမည့်အချိန်ကို မသိသော
ကြောင့်ဖြစ်၏ဟု မိန့်တော်မူ၏။[၈]

## ဗိမာန်တော်အတွင်း ရောင်းဝယ်သူနေသူတို့ကို နှင်ထုတ်ခြင်း

(မာ ၂၁:၁၂-၁၇၊ မာကု ၁၁:၁၅-၁၉၊ ယော ၂:၁၃-၂၂)

၄၅။ ထို့နောက် ကိုယ်တော်သည် ဗိမာန်တော်သို့ဝင်တော်
မူ၍ ဗိမာန်တော်အတွင်း၌ ရောင်းဝယ်နေသောသူ
၄၆။ များကို စတင်နှင်ထုတ်တော်မူ၏။ ကိုယ်တော်က
ငါ၏အိမ်တော်သည် ဆုတောင်းရာ အိမ်တော်ဖြစ်ရ
လိမ့်မည်ဟု ကျမ်းစာ၌ရေးထားလျက်ရှိ၏။သို့သော်
သင်တို့သည် ဤအိမ်တော်ကိုသူခိုး၊ ဓားပြခိုအောင်း
သောနေရာဖြစ်စေကြပြီဟု သူတို့အားမိန့်တော်မူ၏။
၄၇။ ကိုယ်တော်သည် နေ့စဉ်နေ့တိုင်း ဗိမာန်တော်၌
သွန်သင်ဟောပြောတော်မူ၏။ ရဟန်းအကြီး
အကဲများ၊ ကျမ်းတတ်ဆရာများနှင့် လူတို့၏အကြီး
အကဲခေါင်းဆောင်များသည် ကိုယ်တော့်ကိုသတ်ရန်
၄၈။ အခွင့်အလမ်းရှာကြံကြ၏။သို့ရာတွင်လူအပေါင်းတို့

---

[၇] (၁၉:၄၁)သခင်ယေရှုသည် လူသားတစ်ဦးပီပီ အပြစ်မှလွဲ၍ခံစားတတ်သော နှလုံးသားရှိ၏။ သူသည် မိမိအလွန်ချစ်မြတ်နိုးသော သန့်ရှင်းသောမြို့တော် ဂျေရုဆလင်မြို့အတွက်ငိုကြွေးတော်မူ၏။အကြောင်းမှာထိုမြို့သည်သခင်ယေရှု၏ ကယ်တင်ခြင်းလုပ်ငန်းကိုငြင်းပယ်ခြင်းအားဖြင့် ယင်း၏ကယ်တင်ခြင်းရရှိရေးကို လည်း ငြင်းပယ်ခဲ့သည်။

[၈] (၁၉:၄၄) သခင်ယေရှုဟောပြောတော်မူသည့်အတိုင်း အားလုံးစုံသော အချင်းအရာတို့သည်တိကုဘုရင်လက်ထက်၌ပြည့်စုံခြင်းသို့ရောက်၏။အကြောင်း မှာ ဂျေရုဆလင်မြို့သည် အေဒီ(၇၀)တွင် ရောမလူမျိုးတို့၏ပျက်စီးခြင်းကို ခံခဲ့ရ၏။

သည့်ကိုယ်တော်၏ဒေသနာတော်ကို လေးစားစွာနာ
ယူနေကြသောကြောင့်ထိုသူတို့သည် ကိုယ်တော့်အ
ပေါ်တွင် တစ်စုံတစ်ခုပြုနိုင်ရန် အခွင့်အလမ်းမရ
ကြချေ။

## အခန်းကြီး (၂၀)
## သခင်ယေရှု၏အခွင့်အာဏာကို မေးမြန်းစစ်ဆေး ကြခြင်း (မာ ၂၁:၂၃–၂၇၊ မာကု ၁၁:၂၇–၃၃)

၁။ တစ်နေ့သ၌ ကိုယ်တော်သည် ဗိမာန်တော်တွင် လူ
များကိုသွန်သင်ဆုံးမလျက် ဧဝံဂေလိသတင်းကောင်း
ကို ဟောပြောတော်မူစဉ် ရဟန်းအကြီးအကဲများနှင့်
ကျမ်းတတ်ဆရာများသည် သက်ကြီးဝါကြီးများနှင့်
၂။ အတူအထံတော်သို့လာကြ၏။ သူတို့က သင်သည်
ဤအမှုအရာများကို မည်သည့်အခွင့်အာဏာနှင့်ပြုပါ
သနည်း။ထိုအခွင့်အာဏာကို သင့်အားမည်သူ ပေး
အပ်ပါသနည်း။ကျွန်ုပ်တို့အား အမိန့်ရှိပါဟု ကိုယ်
၃။ တော့်ကိုမေးမြန်းကြ၏။ကိုယ်တော်ကငါသည်လည်း
သင်တို့အားမေးခွန်းတစ်ခုမေးမည်။ငါ့အား ဖြေကြား
၄။ ကြလော့။**ယောဟန်**၏ဆေးကြောခြင်းသည် ကောင်း
ကင်မှလာသလော။သို့မဟုတ် လူတို့ ထံမှလောဟု
၅။ သူတို့အားမေးတော်မူ၏။ထိုသူတို့သည်လည်းအချင်း
ချင်းပြောဆိုကြသည်ကားကောင်းကင်မှလာသည်ဟု
ငါတို့ဖြေကြလျှင်အဘယ်ကြောင့် သင်တို့သူ့ကိုမယုံ
၆။ ကြသနည်းဟုသူကဆိုလိမ့်မည်။လူတို့ထံမှလာသည်
ဟု ငါတို့ဆိုလျှင် လူအပေါင်းတို့သည် ငါတို့ကို
ကျောက်ခဲနှင့်ပေါက်ကြလိမ့်မည်။ အကြောင်းမူကား၊
သူတို့သည်**ယောဟန်**ကိုပရောဖက်တစ်ပါးဟုလက်ခံ
၇။ ထားကြသောကြောင့်ဖြစ်၏ဟုဆိုကြ၏။ ထို့ကြောင့်
သူတို့ကမည်သည့်အခွင့်အာဏာမှရသည်ကိုကျွန်ုပ်တို့
၈။ မသိကြပါဟု ပြန်ဖြေကြ၏။ ထိုအခါ သခင်**ယေရှု**
က ငါသည်လည်း ဤအမှုအရာများကို မည်သည့်
အခွင့်အာဏာနှင့် ပြုလုပ်သည်ဟု သင်တို့အားပြော
လိမ့်မည်မဟုတ်ဟု သူတို့အားမိန့်တော်မူ၏။

## စပျစ်ဥယျာဉ်သီးစားလုပ်သူတို့၏ ပုံဥပမာ (မာ ၂၁:၃၃–၄၆၊ မာကု ၁၂:၁–၁၂)

၉။ ထို့နောက် ကိုယ်တော်သည် လူတို့အား ဤပုံဥပမာ
စကားကိုစတင်ဟောကြားတော်မူ၏။လူတစ်ဦးသည်
စပျစ်ဥယျာဉ်တစ်ခုကို စိုက်ပျိုး၍ သီးစားလုပ်သူတို့
အား ငှားရမ်းထားပြီးမှ ရပ်ဝေးသို့ထွက်သွားလျက်
၁၀။ ကာလကြာမြင့်စွာနေလေ၏။ အချိန်တန်သောအခါ
သူသည်သီးစားချထားသောသူတို့ထံမှသီးစားခအဖြစ်
စပျစ်ဥယျာဉ်ထွက်စပျစ်သီးအချို့ကိုရယူရန် အစေခံ
တစ်ဦးကို ထိုသူတို့ထံသို့ စေလွှတ်လိုက်လေ၏။
သို့သော်သီးစားလုပ်သူတို့သည်ထိုအစေခံကိုရိုက်နှိက်
၁၁။ ကြပြီး လက်ချည်းပြန်လွှတ်လိုက်ကြ၏။ ထို့နောက်
ဥယျာဉ်ရှင်သည် အခြားသောအစေခံတစ်ယောက်ကို
စေလွှတ်ပြန်လျင်သီးစားလုပ်သူတို့သည်သူ့ကိုလည်း
ရိုက်နှက်၍အရှက်တကွဲဖြစ်စေပြီးမှ လက်ချည်းဗလာ
၁၂။ ပြန်လွှတ် လိုက်ကြ၏။ နောက်တစ်ဖန် သူသည်
တတိယအစေ ခံတစ်ယောက်ကို စေလွှတ်ပြန်လျှင်
ထိုသူတို့သည် သူ့ကိုဒဏ်ရာများရစေပြီး အပြင်သို့
၁၃။ နှင်ထုတ်လိုက် ကြ၏။ ထိုအခါ ဥယျာဉ်ရှင်က
ငါမည်ကဲ့သို့ပြုရမည်နည်း။ ငါ၏ချစ်သားကို ငါစေ
လွှတ်မည်။ထိုသူတို့သည်သူ့ကို လေးစားကြပေလိမ့်
၁၄။ မည်ဟုဆို၏။သို့သော်သီးစားလုပ်သူတို့သည် သူ၏
သားကိုမြင်ကြလျှင်ဤသူသည် အမွေခံသားဖြစ်၏။
သူ့ကိုသတ်၍ သူ၏အမွေကိုယူကြစို့ဟု အချင်းချင်း
၁၅။ ပြောဆိုတိုင်ပင်ကြပြီးမှကြပြီးမှ။သူတို့သည်ထိုသူကို
စပျစ်ဥယျာဉ်အပြင်သို့ထုတ်၍ သတ်ပစ်ကြလေ၏။
သို့ဖြစ်လျှင်ဥယျာဉ်ရှင်သည် ထိုသူတို့ကို မည်ကဲ့သို့
၁၆။ ပြုလိမ့်မည်နည်း။ဥယျာဉ်ရှင်သည်လာ၍ထိုသီးစားငှား
သူများကိုသုတ်သင်ဖျက်ဆီးလျက်ဥယျာဉ်ကိုအခြား
သူတို့အားပေး အပ်လိမ့်မည်ဟု မိန့်တော်မူ၏။
ထိုအကြောင်းကိုသူတို့ကြားလျှင် ဤသို့မဖြစ်စေရန်
၁၇။ ဘုရားသခင်စောင်မပါစေဟုဆိုကြ၏။ကိုယ်တော်က
မူကား၊ သူတို့ကို ကြည့်တော်မူလျက် မိန့်တော်မူ
သည်မှာတိုက်ကိုဆောက်သောသူတို့ ပယ်ထားသည့်
ကျောက်သည် အဓိကကျသော ထောင့်ချုပ်ကျောက်
ဖြစ်လေပြီဟူ၍ ရေးထားသော ကျမ်းချက်၏
အနက်အဓိပ္ပာယ်ကား မည်သို့ဆိုလိုသနည်း။
၁၈။ ထိုကျောက်ပေါ်သို့ကျသောသူသည် အပိုင်းပိုင်းကျိုး
လိမ့်မည်။ထိုကျောက်သည်တစ်စုံတစ်ယောက်အပေါ်

သို့ကျလျှင်လည်းထိုသူသည်ကြေမွလိမ့်မည်ဟု[၁]
၁၉။ မိန့်တော်မူ၏။ ထိုရဟန်းအကြီးအကဲများနှင့် ကျမ်း
တတ်ဆရာတို့ကကိုယ်တော်သည်ဤဥပမာစကားကို
မိမိတို့အားရည်ညွှန်းပြောဆိုတော်မူကြောင်းသိကြသ
ဖြင့် ထိုအချိန်နာရီတွင် ကိုယ်တော့်ကို ဖမ်းဆီးရန်
ကြိုးစားအားထုတ် ကြ၏။ သို့သော် သူတို့သည်
လူအစုအဝေးကို ကြောက်ရွံ့ကြ၏။

## ဆီဇာဘုရင်အား အခွန်ဆက်သရခြင်း
## (မာ ၂၂:၁၅–၂၂၊ မာကု ၁၂:၁၃–၁၇)

၂၀။ ထို့ကြောင့်သူတို့သည် အခွင့်ကောင်းကိုစောင့်နေကြ
လျက် ကိုယ်တော်၏စကားတွင် အပြစ်ရှာ၍ ကိုယ်
တော်ကိုအာဏာပိုင်နှင့်မြို့ဝန်မင်းလက်သို့အပ်နိုင်ရန်
ရိုးအယောင်ဆောင်သောသူလျှိုများကို အထံတော်သို့
၂၁။ စေလွှတ်ကြ၏။ထိုသူတို့ကဆရာသခင်၊ ကိုယ်တော်
သည်မှန်ကန်ရာကိုဟောပြောသွန်သင်၍ မျက်နှာကြီး
ငယ်မလိုက်ဘဲ ဘုရားသခင်၏တရားလမ်းတော်ကို
ဖြောင့်မှန်စွာသွန်သင်တော်မူကြောင်း ကျွန်ုပ်တို့သိရှိ
၂၂။ ကြပါ၏။သို့ဖြစ်၍ ကျွန်ုပ်တို့သည်**ဆီဇာ**အား အခွန်
တော်ဆက်သအပ်ပါသလော[၂] ၊ မဆက်သအပ်ပါသ
လော ဟု ကိုယ်တော်အားမေးလျှောက်ကြ၏။
၂၃။ ကိုယ်တော်သည် သူတို့၏ကောက်ကျစ်သော ပရိ
၂၄။ ယာယ်ကိုသိမြင်တော်မူသဖြင့်၊ ဒေဏာရီတစ်ပြားကို
ငါ့အားပြကြလော။မည်သူ၏ရုပ်ပုံနှင့်ကမ္ပည်းလိပ်စာ
ပါရှိသနည်းဟု သူတို့အားမေးတော်မူ၏။ သူတို့က
လည်း **ဆီဇာ**၏ပုံနှင့်ကမ္ပည်းလိပ်စာ ဖြစ်ပါသည်ဟု
၂၅။ လျှောက်ကြ၏။ ကိုယ်တော်က သို့ဖြစ်လျှင် **ဆီဇာ**
နှင့်ဆိုင်သောအရာကို **ဆီဇာ**အားပေးဆက်ကြလော့။
ဘုရားသခင်နှင့်ဆိုင်ရာကိုဘုရားသခင်အားပေးဆက်
၂၆။ ကြလော့ဟုမိန့်တော်မူ၏။သူတို့သည်လည်းလူတို့ရှေ့
၌ကိုယ်တော်၏စကားတွင် အပြစ်ရှာမတွေ့ နိုင်ကြ
သောကြောင့်ကိုယ်တော်ဖြေကြားတော်မူရာကို အံ့ဩ
လျက် တိတ်ဆိတ်စွာနေကြ၏။

## သေသူတို့ရှင်ပြန်ထမြောက်ခြင်းအကြောင်း
## (မာ ၂၂:၂၃–၃၃၊ မာကု ၁၂:၁၈–၂၇)

၂၇။ သေသူတို့ ရှင်ပြန်ထမြောက်ခြင်းမရှိဟု ဆိုကြသော
**ဇာဒ္ဒုဧဦး**အချို့တို့သည် အထံတော်သို့ ချဉ်းကပ်၍၊
၂၈။ ကိုယ်တော်အားမေးလျှောက်ကြ၏။ဆရာသခင်၊ လူ
တစ်ယောက်သည်သားသမီးမထွန်းကားဘဲ၊ သေဆုံး
ခဲ့လျှင်သူ၏မယားကို သူ၏ညီကထိမ်းမြား၍အစ်ကို
ဖြစ်သူ၏အမျိုးအနွယ်ဆက်လက်တည်တံ့စေရမည်ဟု
**မိုးဇက်**သည်ကျွန်ုပ်တို့အားရေးသားသွန်သင်ခဲ့ပါ၏။
၂၉။ တစ်ခါက ညီအစ်ကိုခုနစ်ယောက်ရှိခဲ့ပါ၏။ အစ်ကို
အကြီးဆုံးသည်အိမ်ထောင်ပြုပြီး သားသမီးမရဘဲ၊
၃၀။ သေဆုံးသွားခဲ့၏။ဒုတိယသည်လည်း အစ်ကို၏ဇနီး
ကိုယူ၍သားသမီးမရှိဘဲသေဆုံးလေ၏။တတိယသည်
၃၁။ လည်းသူမနှင့်အိမ်ထောင်ဆက်ခဲ့၏။ ထိုနည်းတူပင်
ညီအစ်ကိုခုနစ်ယောက်လုံးသည်သူမ၏ခင်ပွန်းဖြစ်ခဲ့
၃၂။ လျက်သားသမီးမရဘဲ သေဆုံးကြလေ၏။ နောက်
၃၃။ ဆုံး၌ထိုမိန်းမသည်လည်းသေဆုံးလေ၏။သို့ဖြစ်လျှင်
ရှင်ပြန်ထမြောက်သောနေ့တွင်သူမသည် ဤသူခုနစ်
ယောက်တို့အနက် မည်သူ၏ ဇနီးဖြစ်မည်နည်း။
အကြောင်းမူကား၊ ထိုသူခုနစ်ယောက်တို့သည် သူမ
၏ခင်ပွန်းဖြစ်ခဲ့ကြလေပြီဟုကိုယ်တော်အားလျှောက်
၃၄။ ကြ၏။ သခင်**ယေရှု**ကလည်းသူတို့အား မိန့်တော်မူ
သည်ကားဤဘဝ၌ လူတို့သည်ထိမ်းမြားစုံဖက်ခြင်း
၃၅။ ကိုပြုကြ၏။သို့သော် သေခြင်းမှရှင်ပြန်ထမြောက်၍
နောင်ဘဝထာဝရချမ်းသာသို့ ဝင်ထိုက်သောသူများ
၃၆။ သည်ထိမ်းမြားစုံဖက်ခြင်းကိုမပြုကြပေ။ အကြောင်း
မူကား၊ သူတို့သည် ကောင်းကင်တမန်တော်တို့နှင့်
တန်းတူဖြစ်ကြသောကြောင့်သေကြလိမ့်မဟုတ်။သူ
တို့သည်ရှင်ပြန်ထမြောက်ခြင်း၏သားသမီးများ[၃]ဖြစ်
ကြသောကြောင့်ဘုရားသခင်၏သားသမီးများလည်း

---

[၁] (၂၀:၁၈)အပြစ်ပြုမိသော်လည်း ခရစ်တော်ကိုယုံကြည်ခြင်း မပျက်သောသူတို့သည်စစ်မှန်သောနောင်တရစေခြင်းငှာ အသက်ရှင်ခွင့်ကို ခေတ္တရရှိနိုင်သေး၏။ သို့သော် ခရစ်တော်ကိုငြင်းပယ်၍ မယုံကြည်သောသူတို့သည် အပြစ်ဒုစရိုက်၌သာနေကြလျှင် သူတို့အပေါ်သို့ ဘုရားရှင်၏အမျက်တော်ကျရောက်ပြီး သူတို့သည် လုံးဝပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။

[၂] (၂၀:၂၂) မာတေ ၂၂:၁၇

[၃] (၂၀:၃၆) ရှင်ပြန်ထမြောက်ခြင်း၏သားသမီးများဆိုသည်မှာ သေလွန်သူတို့သည် ဘုရားသခင်၏ဘုန်းတန်ခိုးတော်အားဖြင့် ပြန်လည်ရှင်ပြန်ထမြောက်မည်ဆိုသည့်အမှန်တရားကို ယေရှုမိန့်မြွက်တော်မူ၏။ ရှင်ပြန်ထမြောက်ပြီးချိန်၌ရှိသောအခြေအနေသည်ယခုလက်ရှိအခြေအနေနှင့် ကွာခြား၏။ ချမ်းသာခြင်းနှင့်ပြည့်စုံသောရှင်ပြန်ထမြောက်ပြီးသော သူတော်မြတ်တို့၏ဘဝသက်တာ၌ ထိမ်းမြားပေးစားခြင်း မရှိတော့ပေ။

၃၇။ ဖြစ်ကြသတည်း။ သေသူတို့ ရှင်ပြန်ထမြောက်မည့်
အကြောင်းနှင့်စပ်လျဉ်း၍မူကား**မိုးဇက်**ကမီးတောက်
လောင်နေသော ခြုံအကြောင်းကိုရေးထားသောကျမ်း
ပိုဒ်တွင် ဘုရားသခင်ကို **အာဘရာဟမ်**၏ဘုရား၊
**အီဇတ်**၏ဘုရား**ယာကုပ်**၏ဘုရားဟုခေါ်ဆိုခြင်းဖြင့်
၃၈။ ဖော်ပြထား၏။ဘုရားသခင်သည်သေသူတို့၏ဘုရား
မဟုတ်။ အသက်ရှင်သောသူတို့၏ ဘုရားဖြစ်၏။
အကြောင်းမူကား၊ခပ်သိမ်းသောသူတို့သည်ကိုယ်တော်
၌ အသက်ရှင်ကြသောကြောင့်ဖြစ်သတည်း ဟုမိန့်
၃၉။ တော်မူ၏။ ထိုအခါကျမ်းတတ်ဆရာအချို့က ဆရာ
သခင်၊ကိုယ်တော်သည်ကောင်းမွန်သင့်လျော်စွာပြော
၄၀။ ဆိုလေပြီဟု ပြန်ဖြေကြ၏။ ထို့နောက် သူတို့သည်
ကိုယ်တော့်ကိုနောက်ထပ်မေးခွန်းမမေးဝံ့ကြတော့ချေ။

### ခရစ်တော်သည် ဒေးဗစ်၏သားတော်၊ ဒေးဗစ်၏ သခင် (မာ ၂၂း၄၁–၄၆၊ မာကု ၁၂း၃၅–၃၇)

၄၁။ ကိုယ်တော်ကလည်း သူတို့အားမိန့်တော်မူသည်ကား
ခရစ်တော်သည်**ဒေးဗစ်**၏သားတော်ဟု လူတို့သည်
၄၂။ မည်သို့ဆိုနိုင်ကြသနည်း။အကြောင်းမူကား၊ **ဒေးဗစ်**
မင်းကြီးကိုယ်တိုင် **ဆာလံ**ကျမ်း၌ ဤသို့မိန့်ဆို
တော်မူသည်မှာ ထာဝရဘုရားက ငါသည်သင်၏
၄၃။ ရန်သူများကို သင့်ခြေတင်ခုံဖြစ်စေသည့်တိုင်အောင်
ငါ၏ လက်ယာဘက်၌ ထိုင်လော့ဟုဆို၏။
၄၄။ **ဒေးဗစ်**မင်းကြီးသည်ခရစ်တော်ကိုသခင်ဟု ခေါ်လျှင်
ကိုယ်တော်သည်သူ၏သားတော်မည်ကဲ့သို့ဖြစ်မည်
နည်း[၄]ဟု မေးတော်မူ၏။

### ကျမ်းတတ်ဆရာများကို အပြစ်တင်တော်မူခြင်း (မာ ၂၃း၁–၃၆၊ မာကု ၁၂း၃၈–၄၀)

၄၅။ လူအားလုံးသည်နားထောင်လျက်ရှိနေစဉ်ကိုယ်တော်
သည် မိမိတပည့်တော်တို့အား ဤသို့မိန့်တော်မူ၏။
၄၆။ ကျမ်းတတ်ဆရာများကိုသတိနှင့်ရှောင်ကြဉ်ကြလော့၊
သူတို့သည်ဝတ်ရုံကြီးများကိုဝတ်ဆင်၍သွားလာကြ
ပြီးဈေးအလယ်တွင်နှုတ်ဆက်ခံရခြင်းကိုခံယူလိုကြ
၏။ တရားဇရပ်များ၌ အကောင်းဆုံးနေရာများ နှင့်
စားသောက်ပွဲများ၌ ဦးစားပေးခံရသောနေရာများကို
၄၇။ နှစ်သက်ကြ၏။ သူတို့သည်မုဆိုးမများ၏ အိုးအိမ်
တို့ကိုဝါးမျိုသိမ်းယူကြပြီးလျှင် လူအထင်ကြီးစေရန်
ဆုတောင်းပတ္ထနာများကိုရှည်လျားစွာ ရွတ်ဆိုတတ်
ကြ၏။သူတို့သည် ပို၍ကြီးလေးသောအပြစ်ဒဏ်ကို
ခံကြရလိမ့်မည်ဟု မိန့်တော်မူ၏။

## အခန်းကြီး (၂၁)

### မုဆိုးမ၏အလှူငွေ (မာ ၁၂း၄၁–၄၄)

၁။ ကိုယ်တော်သည်ဗိမာန်တော်အတွင်းကြည့်လိုက်သော
အခါ၊ ဥစ္စာကြွယ်ဝသောသူတို့သည် မိမိတို့၏အလှူ
ငွေများကို ဘဏ္ဍာတော် သေတ္တာထဲသို့ ထည့်နေကြ
၂။ သည်ကို မြင်တော်မူ၏။ ဆင်းရဲသော မုဆိုးမတစ်
ယောက်သည် ကြေးနီပြားနှစ်ပြား ထည့်နေသည်ကို
၃။ လည်းကိုယ်တော်မြင်တော်မူ၏။ကိုယ်တော်က သင်
တို့အား ငါအမှန်ဆိုသည်ကား ဤဆင်းရဲသူမုဆိုးမ
သည် အခြားသူအားလုံးတို့ထက်ပို၍ အလှူငွေထည့်
၄။ ဝင်လေပြီ။[၁]အကြောင်းမူကား၊ထိုသူအားလုံးတို့သည်
မိမိတို့၌ပိုလျှံသောငွေထဲမှအလှူထည့်ဝင်ကြ၏။ ဤ
သူမသည်ကား၊ ဆင်းရဲနွမ်းပါးသည့်အထဲမှ မိမိ၏
ဝမ်းစာရှိသမျှကို လှူဒါန်းလေပြီဟု မိန့်တော်မူ၏။

### ဗိမာန်တော်ပျက်စီးမည့်အကြောင်း ကြိုတင် ဟောကြားတော်မူခြင်း (မာ၂၄း၁–၂၊ မာကု ၁၃း၁–၂)

၅။ အချို့သောသူများက ဗိမာန်တော်သည် လှပသော
ကျောက်တုံးများနှင့်လည်းကောင်း၊ ဘုရားသခင်ကို
ဆက်ကပ် ပူဇော်ထားသည့် လှူဘွယ်ပစ္စည်းများနှင့်
လည်းကောင်းတန်ဆာဆင်ထားကြောင်း ပြောဆိုကြ
၆။ ၏။ ကိုယ်တော်က ယခုသင်တို့မြင်တွေ့ကြရသော
ဤအရာအားလုံးတို့သည်ကျောက်တုံးတစ်တုံးအပေါ်
တစ်တုံးတင်၍မကျန်ရစ်သည့်တိုင်အောင်အားလုံးပြို
ပျက်နေ့များရောက်လာလိမ့်မည်ဟု မိန့်တော်မူ၏။

---

[၄] (၂၀း၄၄) ခရစ်တော်သည် ဒေးဗစ်၏သခင်ဖြစ်၏။ ဒေးဗစ်၏အမျိုးအနွယ်မှ ဆင်းသောကြောင့် ဒေးဗစ်၏သားလည်းဖြစ်၏။

[၁] (၂၁း၃)ရက်ရောသောစေတနာမေတ္တာအပြည့်အဝဖြင့် ဘုရားသခင်ထံဆက်သ ပူဇော်သမျှကိုဘုရားသခင်နှစ်သက်တော်မူ၏။ အကြောင်းမူကား၊ လှူသောအရာ ဝတ္ထုထက် လှူသောသူ၏စိတ်နှလုံးကို ဘုရားသခင်ကြည့်တော်မူ၏။

## နိမိတ်လက္ခဏာများနှင့် ညှင်းဆဲနှိပ်စက်ခြင်းများ (မာ ၂၄း၃-၁၄၊ မာကု ၁၃း၃း-၁၃)

၇။ ထိုသူတို့ကဆရာသခင်၊ဤအရာများသည်မည်သည့်
အချိန်ကာလတွင် ဖြစ်ပျက်၍ မည်သည့်နိမိတ်လက္ခ
ဏာများပေါ်ထွန်းပါမည်နည်း[၂]ဟုမေးလျှောက်ကြ၏။
၈။ ကိုယ်တော်က မိန့်တော်မူသည်မှာ သင်တို့သည်
လှည့်ဖြားခြင်းမခံရစေရန်သတိပြုကြလော့။အကြောင်း
မူကား၊ များစွာသောလူတို့သည် ငါ၏နာမဖြင့်လာကြ
၍ငါသည် ခရစ်တော်ဖြစ်၏။ အချိန်ကာလသည်နီး
လာပြီဟုဆိုကြလိမ့်မည်။ ထိုသူတို့နောက်သို့မလိုက်
၉။ ကြလေနှင့်။သင်တို့သည် စစ်ပွဲများနှင့်ပုန်ကန်ထကြွ
ခြင်းများအကြောင်းကိုကြားရသောအခါ ထိတ်လန့်
တုန်လှုပ်ခြင်းမရှိကြနှင့်။ အကြောင်းမူကား၊ ဤအမှု
အရာများသည်ပထမဦးစွာဖြစ်ပျက်ရမည်။ သို့သော်
လည်း နောက်ဆုံးကာလသည် ချက်ခြင်းရောက်လာ
၁၀။ လိမ့်မည်မဟုတ်ဟု မိန့်တော်မူ၏။ ထို့နောက်
သူတို့အားမိန့်တော်မူသည်ကားလူမျိုးတစ်မျိုးနှင့်တစ်
မျိုး၊နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်ဖြစ်ကြလိမ့်မည်။
၁၁။ နေရာအနှံ့အပြားတွင်မြေငလျင်ပြင်းထန်စွာလှုပ်ခြင်း
ငတ်မွတ်ခေါင်းပါးခြင်းနှင့်ကပ်ရောဂါများကျရောက်
ခြင်းတို့ ဖြစ်ပေါ်လိမ့်မည်။ ကောင်းကင်၌လည်း
ကြောက်မက်ဖွယ်ရာ နိမိတ်များနှင့် ကြီးကျယ်သော
၁၂။ အမှတ်လက္ခဏာများ ဖြစ်ပေါ်လိမ့်မည်။သို့သော်ဤ
အချင်းအရာအားလုံးမဖြစ်ပျက်မီ လူတို့သည် ငါ၏
နာမကြောင့် သင်တို့ကိုဖမ်းဆီးညှင်းဆဲကြလိမ့်မည်။
သင်တို့ကိုတရားဇရပ်များနှင့်အကျဉ်းထောင်များတွင်
အပ်နှံကြလိမ့်မည်။ ထို့နောက်သင်တို့သည် ဘုရင်
များနှင့်မြို့ဝန်များရှေ့မှောက်သို့ ခေါ်ဆောင်ခြင်းခံကြ
၁၃။ ရလိမ့်မည်။ ဤသို့ဖြင့် သင်တို့သည်သက်သေခံဖြစ်
၁၄။ ရန်အခွင့်ကောင်းကိုရကြလိမ့်မည်။ ထို့ကြောင့် မည်
ကဲ့သို့ဖြေကြားရမည်ကို ကြိုတင် တွေးဆမထားရန်
၁၅။ စိတ်ပိုင်းဖြတ်ကြလော့။အကြောင်းမူကား၊ သင်တို့၏
ရန်သူများသည် သင်တို့ကိုငြင်းခုံဆန့်ကျင်ခြင်းမပြု
နိုင်ရန် နှုတ်အစွမ်းနှင့်ဉာဏ်ပညာကိုသင်တို့အား ငါ
၁၆။ ပေးမည်။[၃]သင်တို့သည် မိဘညီအစ်ကိုများ၊ ဆွေမျိုး
နှင့်မိတ်ဆွေများ၏ သစ္စာဖောက်ခြင်းကို ခံကြရလိမ့်
မည်။ သင်တို့တွင် အချို့တို့ကို သူတို့သတ်ဖြတ်ကြ
၁၇။ လိမ့်မည်။သင်တို့သည် ငါ၏နာမတော်ကြောင့် လူ
အပေါင်းတို့၏မုန်းတီးခြင်းကို ခံကြရလိမ့်မည်။
၁၈။ သို့သော်သင်တို့၏ဦးခေါင်း၌ ဆံချည်တစ်ပင်မျှပျက်
၁၉။ ဆီးဆုံးရှုံးလိမ့်မည်မဟုတ်။[၄]သင်တို့သည် အဆုံးတိုင်
တည်ကြည်ခြင်းဖြင့် သင်တို့အသက်ဝိညာဉ်ကို ပိုင်
ဆိုင်ကြလိမ့်မည်။

## ဂျေရုဆလင်မြို့ပျက်စီးမည့်အကြောင်း မိန့်တော် မူခြင်း (မာ ၂၄း၁၅-၂၈၊ မာကု ၁၃း၁၄-၁၉)

၂၀။ **ဂျေရုဆလင်**မြို့အား စစ်သည်များဝိုင်းရံလျက်ရှိသည်
ကိုသင်တို့မြင်ရသောအခါ ထိုမြို့၏ပျက်စီးခြင်းသည်
၂၁။ နီးလာပြီဟုသိမှတ်ကြလော့။ ထိုအခါ**ဂျုဒေယ**ပြည်
တွင်ရှိသောသူတို့သည်တောင်ကုန်းများဆီသို့ ထွက်
ပြေးကြစေ။မြို့တွင်းမှာရှိသောသူတို့သည်မြို့မှထွက်ခွာ
ကြစေ။တောအရပ်မှာရှိကြသော သူတို့သည်မြို့တွင်း
၂၂။ သို့မဝင်ကြစေနှင့်။အကြောင်းမူကား၊ ထိုနေ့ရက်များ
သည်ကျမ်းစာတော်၌ ရေးထားသမျှ ပြည့်စုံစေခြင်း
ငှာ အပြစ်ဒဏ်စီရင်မည့်နေ့ရက်များဖြစ်သောကြောင့်
၂၃။ တည်း။ထိုနေ့ရက်တို့၌ ကိုယ်ဝန်ဆောင်သော မိန်းမ
တို့နှင့်နို့စို့သူငယ်ရှိသောမိခင်တို့သည်ဒုက္ခရောက်ကြ
လိမ့်မည်။ အကြောင်းမူကား၊ ကမ္ဘာမြေကြီးပေါ်၌
ဆင်းရဲဒုက္ခကြီးစွာ ကျရောက်၍ ဤလူမျိုးအပေါ်၌
၂၄။ လည်း အမျက်တော် သက်ရောက်လိမ့်မည်။ သူတို့
သည် ဓားလက်နက်ဘေးဖြင့် ကျဆုံးကြလိမ့်မည်။

---

[၂] (၂၁း၇) ဘုရားသခင်၏နိုင်ငံတော် တည်ဆောက်ခြင်းပြီး ပြည့်စုံမည့်နေ့ရက်အချိန်ကာလ၊ အခြေအနေများကို ကြိုတင်တွက်ဆ၍ မရနိုင်ပါ။ စစ်ပွဲ၊ ကပ်ဘေးဆိုက်ရောက်ခြင်းများသည်လည်း အဆုံးကာလကျရောက်ခြင်း၏ လက္ခဏာများဟု မဆိုနိုင်ပေ။ အကြောင်းမှာ ဘုရားသခင်၏နိုင်ငံတော်သည် စတင်တည်ရှိပြီးဖြစ်သောကြောင့် တွေ့ကြုံရသော ဒုက္ခဆင်းရဲအခက်အခဲများကို သတ္တိရှိစွာလက်ခံရင်ဆိုင်ဖြေရှင်းကြ၍ခရစ်တော်ကိုသစ္စာရှိရှိသက်သေခံရရန်သာဖြစ်သည်။

[၃] (၂၁း၁၅) ဤကျမ်းပိုဒ်ကို ရှင်လုကာကျမ်း၌ ခရစ်တော်ကိုယ်တိုင်ပေးမည်ဟု မိန့်မြွက်ခဲ့၏။ရှင်မာကုကျမ်း၌မူ ခမည်းတော်ကပေးလိမ့်မည်ဟု မိန့်တော်မူ၏။ (မာ ၁၃း၁၁) ရှင်မာတေဦးကျမ်း၌ ခမည်းတော်၏သန့်ရှင်းသောဝိညာဉ်တော်သည် မိန့်တော်မူမည်။ (မာတေ ၁၀း၂၀)ဟုဆို၏။ ကျမ်းတစ်ခုနှင့်တစ်ခုသည် ဆန့်ကျင်မှုမရှိ အားလုံးညီညွတ်ကြ၏။ အကြောင်းမှာ ဘုရားတစ်ဆူတည်း၌ရှိသော ပုဂ္ဂိုလ်သုံးပါးသည် တူညီသောကြောင့်ဖြစ်၏။

[၄] (၂၁း၈) မာတေ (၁၀း၃၀)

သုံ့ပန်းများအဖြစ်တိုင်းနိုင်ငံအပေါင်းသို့ ဖမ်းဆီးခေါ်
ဆောင်သွားခြင်းခံကြရလိမ့်မည်။ လူမျိုးခြားတို့သည်
မိမိတို့ကြီးစိုးသည့်အချိန်ကာလမကုန်မချင်း **ဂျေရုဆ
လင်မြို့**ကိုခြေဖြင့် နင်းကြလိမ့်မည်။[၅]

## လူသား၏ကြွလာတော်မူခြင်း

## (မာ ၂၄း၂၉-၃၀၊ မာကု ၁၃း၂၄-၂၇)

၂၅။ နေ၊ လနှင့်ကြယ်များ၌ နိမိတ်လက္ခဏာများဖြစ်ပေါ်
လာလိမ့်မည်။ကမ္ဘာပေါ်တွင် ပင်လယ်နှင့်လှိုင်းတံပိုး
တို့၏မြည်ဟီးသံကြောင့် စိတ်ပျက်ရှုပ်ထွေးနေကြ
သောလူမျိုးအပေါင်းတို့သည်ပူပင်သောကရောက်ကြ
၂၆။ လိမ့်မည်။လူတို့သည်ကမ္ဘာပေါ်တွင် ဖြစ်လတ္တံ့သော
ဘေးဒုက္ခများကိုတွေးမျှော်၍ကြောက်ရွံ့တုန်လှုပ်ကြ
လျက်မေ့မြောလဲကျကြလိမ့်မည်။ အကြောင်းမူကား၊
ကောင်းကင်၏ စွမ်းအားတန်ခိုးတို့သည်လှုပ်ခါခြင်း
၂၇။ ခံကြရလိမ့်မည်။[၆] ထို့နောက်လူသားသည်မိုးတိမ်ကိုစီး
လျက် ကြီးစွာသောဘုန်းတန်ခိုးအာနုဘော်တော်နှင့်
၂၈။ ကြွလာတော်မူသည်ကိုသင်တို့မြင်ကြရလိမ့်မည်။[၇] ဤ
အချင်းအရာများစတင်ဖြစ်ပေါ်လာသောအခါသင်တို့
ကယ်တင်ခြင်းခံရမည့်အချိန်ကာလသည်နီးလာပြီဖြစ်
သောကြောင့် သင်တို့မတ်တပ်ရပ်ကြလျက် သင်တို့
ဦးခေါင်းကို မော့ထားကြလော့ဟု မိန့်တော်မူ၏။

## သဖန်းပင်၏ သင်ခန်းစာ

## (မာ ၂၄း၃၂-၃၅၊ မာကု ၁၃း၂၈-၃၁)

၂၉။ ထို့နောက်ကိုယ်တော်သည် သူတို့အားပုံဥပမာတစ်ခု
ဆောင်၍ မိန့်တော်မူသည်မှာ သဖန်းပင်နှင့်သစ်ပင်
၃၀။ များအားလုံးကို ကြည့်ကြလော့။ ရွက်သစ်များထွက်
လာသည်ကိုသင်တို့မြင်သည်နှင့် နွေရာသီရောက်လု
၃၁။ နီးပြီဟု သင်တို့သိကြ၏။ ထိုနည်းတူပင် သင်တို့
သည်လည်းထိုအချင်းအရာများဖြစ်ပျက်သည်ကိုမြင်ရ
သောအခါဘုရားသခင်၏နိုင်ငံတော်သည် နီးလာပြီ
၃၂။ ဟုသိမှတ်ကြလော့။ သင်တို့အား ငါအမှန်ဆိုသည်
ကား၊ ဤအရာများ အားလုံးဖြစ်ပျက်ပြီးသည့်တိုင်
အောင် ဤလူမျိုးဆက်သည် ကွယ်ပျောက်လိမ့်မည်
၃၃။ မဟုတ်။ ကောင်းကင်နှင့်မြေကြီး ကွယ်ပျောက်သွား
သော်လည်း ငါ၏ စကားများမူကား၊ ကွယ်ပျောက်
လိမ့်မည်မဟုတ်။

## သတိဝိရိယနှင့် စောင့်ကြရန်မိန့်မှာခြင်း

## (မာ ၂၄း၃၆-၄၄၊ မာ ၁၃း၃၂-၃၇)

၃၄။ သင်တို့သည် အလွန်အကျူး ပျော်ရွှင်သောက်စားမူး
ယစ်ခြင်းနှင့် လောကီရေးရာအတွက် စိုးရိမ်ခြင်းတို့
ကြောင့် နှလုံးလေးလံ ဖိစီးမှုမရှိစေရန် သတိပြုကြ
၃၅။ လော့။အကြောင်းမူကား၊ ထိုနေ့ရက်သည် မြေမျက်
နှာပြင်တစ်ခုလုံးတွင်နေထိုင်ကြသောသူများအားလုံး
၃၆။ အပေါ်သို့ ကျရောက်လိမ့်မည်။ ထို့ကြောင့် သင်တို့
သည် သတိဝိရိယနှင့်အချိန်ပြည့်စောင့်နေကြလော့။
ဖြစ်လတ္တံ့သော ထိုအကြောင်းအရာ အားလုံးတို့မှ
လွတ်မြောက်ရန်နှင့်လူသားရှေ့မှောက်တွင် ရပ်တည်
နိုင်စွမ်းရှိရန် ဆုတောင်းကြလော့ဟု မိန့်တော်မူ၏။
၃၇။ ကိုယ်တော်သည် နေ့စဉ်နေ့တိုင်းဗိမာန်တော်၌ဟော
ပြောသွန်သင်တော်မူလျက် ညအချိန်၌မူကားသံလွင်
ဟုခေါ်သောတောင်ပေါ်သို့သွား၍သီတင်းသုံးတော်မူ
၃၈။ ၏။လူအပေါင်းတို့သည်ကိုယ်တော်၏တရားတော်ကို
ကြားနာရန် နံနက်စောစောဗိမာန်တော်သို့လာကြ၏။

## သခင်ယေရှုး ဒုက္ခရစရိယာကျင့်ခံတော်မူခြင်း

# အခန်းကြီး (၂၂)

## သခင်ယေရှုးကိုသတ်ရန် ကြံစည်ကြခြင်း

### (မာ၂၆း၁-၅၊ ၁၄-၁၆၊ မာကု ၁၄း၁-၂၊ ၁၀-၁၁၊ ယော ၁၁း၄၅-၅၃)

၁။ ပါစကားဟုခေါ်သော တဆေးမဲ့မုန့်ပွဲတော်နေ့သည်
၂။ နီးလာပြီဖြစ်၏။ထိုအခါ ရဟန်းအကြီးအကဲများနှင့်
ကျမ်းတတ်ဆရာတို့သည် သခင်**ယေရှုး**ကို သတ်ရန်
နည်းလမ်းရှာကြံကြ၏။ သို့ရာတွင်သူတို့သည် လူ

---

[၅] (၂၁း၂၄)သခင်ယေရှုး၏ ဟောကြားချက်များသည်ပြည့်စုံခြင်းသို့ရောက်ခဲ့၏။ အေဒီ၇၀ခုနှစ်၊ ဂျေရုဆလင်မြို့ပျက်စီးသည့် အချိန်၌လူပေါင်းခုနစ်သောင်းသည် တိုင်းတပါးသို့ ဖမ်းဆီးသွားခြင်း ခံခဲ့ရ၏။

[၆] (၂၁း၂၆)စကြာဝဠာကြီးတစ်ခုလုံးသည် ဘုရားသခင်၏ဘုန်းတန်ခိုးတော်ဖြင့် လှုပ်ခါခြင်းခံရလိမ့်မည်။

[၇] (၂၁း၂၇)ကုန်ဆုံးသောကာလတွင်နောက်ဆုံးသော စီရင်စစ်ကြောတော်မူခြင်း ၌ ဂျူးလူမျိုးတို့သည် ယေရှုးသခင်ကို တစ်ခုမြင်ကြရလိမ့်မည်။

၃။ များကိုကြောက်ရွံ့ကြ၏။စာတန်သည် တပည့်တော်
တစ်ဆယ့်နှစ်ပါးတွင် ပါဝင်သော **ဂျုဒအီစကာရုဒ်**၌
၄။ ဝင်လေ၏။[၁] ရဟန်းအကြီးအကဲများနှင့် ဗိမာန်တော်
စောင့်အရာရှိများထံသို့သွားပြီးလျှင်မည်ကဲ့သို့ ကိုယ်
တော်ကို သူတို့လက်သို့အပ်နှံမည့်အကြောင်းတိုင်ပင်
၅။ လေ၏။ထိုသူတို့သည် အလွန်နှစ်သက်ကျေနပ်ကြ၍
၆။ သူ့အားငွေပေးရန်သဘောတူကြ၏။ သူသည်လည်း
သဘောတူလက်ခံလျက် လူအစုအဝေးမရှိသည့်အခါ
တွင်ကိုယ်တော့်ကို ထိုသူတို့လက်သို့ အပ်နှံနိုင်မည့်
အခွင့်အလမ်းကို ရှာကြံလေ၏။

## ပါစကားပွဲညစာအတွက် ပြင်ဆင်ခြင်း
## (မာ ၂၆း၁၇–၁၉၊ မာကု ၁၄း၁၂–၁၆)

၇။ ထို့နောက်ပါစကားသိုးငယ်ကိုသတ်၍ပူဇော်ရသည့်
၈။ တဆေးမဲ့မုန့်ပွဲတော်နေ့ကျရောက်လေ၏။ကိုယ်တော်
ကငါတို့စားရန် ပါစကားပွဲညစာကိုသွား၍ ပြင်ဆင်
ကြလော့ဟု**ပေတရု**နှင့်**ယောဟန်**တို့အားမိန့်မှာလျက်
၉။ စေလွှတ်လိုက်၏။ သူတို့ကလည်း မည်သည့်နေရာ
တွင်ပြင်ဆင်စေလိုပါသနည်းဟု ကိုယ်တော်အားမေး
၁၀။ လျှောက်ကြ၏။ ကိုယ်တော်ကလည်း ကြည့်လော့၊
သင်တို့သည်မြို့တွင်းသို့ဝင်ကြသောအခါရေအိုးသယ်
ဆောင်လာသောလူတစ်ဦးကို တွေ့ကြလိမ့်မည်။ သူ့
နောက်သို့လိုက်၍ သူဝင်သောအိမ်ထဲသို့ဝင်ကြလော့၊
၁၁။ ထို့နောက် ငါ၏တပည့်များနှင့်အတူ ငါညစာစား
မည့်ဧည့်ခန်းကားအဘယ်မှာနည်းဟု ဆရာသခင်က
သင်တို့အားမေးတော်မူကြောင်း အိမ်ရှင်အားသင်တို့
၁၂။ ပြောကြားကြလော့။ထိုသူသည် အပေါ်ထပ်တွင်ခင်း
ကျင်းပြင်ဆင်ထားသောအခန်း ကျယ်ကြီးတစ်ခုကို
သင်တို့အားပြလိမ့်မည်။ထိုနေရာ၌ငါတို့အတွက် ပြင်
၁၃။ ဆင်ကြလော့ဟုမိန့်တော်မူ၏။သူတို့သည်လည်းသွား
ကြသဖြင့် ကိုယ်တော်မိန့်တော်မူသည့် အတိုင်း
တွေ့ကြလျှင် ပါစကားပွဲညစာကိုပြင် ဆင်ကြ၏။

## သခင်ဘုရား၏ ညစာစားပွဲတော်
## (မာ ၂၆း၂၆–၃၀၊ မာကု ၁၄း၂၂–၂၆၊ ၁ကော ၁၁း၂၃–၂၅)

၁၄။ အချိန်နာရီ ကျရောက်သောအခါ ကိုယ်တော်သည်
တပည့်တော်များနှင့်အတူစားပွဲတွင် နေရာယူတော်မူ
၁၅။ ၏။ကိုယ်တော်ကငါသည်ဒုက္ခရစရိယာမခံမီ၍ ပါစ
ကားညစာကိုသင်တို့နှင့်အတူစားရန်အလိုဆန္ဒပြင်းပြ
၁၆။ ၏။[၂]သင်တို့အားငါဆိုသည်ကား၊ ဤပါစကားသည်
ဘုရားသခင်၏ နိုင်ငံတော်၌ ပြည့်စုံခြင်းသို့ရောက်
သည့်တိုင်အောင်နောက်တစ်ဖန် ငါစားလိမ့်မည်
၁၇။ မဟုတ်ဟုမိန့်တော်မူ၏။ ထို့နောက် စပျစ်ရည်ခွက်
ကိုယူတော်မူ၍ ကျေးဇူးတင်တော်မူပြီးမှ မိန့်တော်မူ
သည်ကား ဤခွက်ကိုယူ၍ သင်တို့အချင်းချင်းဝေမျှ
၁၈။ သောက်ကြလော့။ အကြောင်းမူကား၊ သင်တို့အား
ငါဆိုသည်မှာ ဘုရားသခင်၏နိုင်ငံတော်ရောက်လာ
မည့်တိုင်အောင် စပျစ်ပင်၏အသီးမ ၊စပျစ်ရည်ကို
နောက်တစ်ဖန် ငါသောက်လိမ့်မည် မဟုတ်[၃]ဟု
၁၉။ မိန့်တော်မူ၏။ထို့နောက်ပေါင်မုန့်ကိုယူပြီးမှကျေးဇူး
တင်တော်မူပြီးလျှင်ဖဲ့၍ သူတို့အားပေးတော်မူလျက်
ဤသည်ကားသင်တို့အတွက်အပ်နှံခြင်းခံရသည့်ငါ
၏ခန္ဓာကိုယ်ဖြစ်၏။[၄]ငါ့ကို အောက်မေ့သတိရကြရန်
၂၀။ ဤအမှုကိုပြုကြလော့ဟု မိန့်တော်မူ၏။ ထိုနည်းတူ
ညစာစားပြီးနောက် စပျစ်ရည်ခွက်ကိုယူ၍ မိန့်တော်
မူသည်မှာဤခွက်သည်ကား သင်တို့အတွက် သွန်း
လောင်းခြင်းခံရမည့်ငါ၏သွေးတော်၌ပဋိညာဉ်အသစ်

---

[၁] (၂၂း၃) နတ်ဆိုးသည် ဂျုဒအီစကာရုဒ်ကို သွေးဆောင်နှောင့်ယှက်လေ၏။

[၂] (၂၂း၁၅) ဂရိတို့၏ဓလေ့ထုံးစံအရ ဆရာသခင်သည် မိမိ၏တပည့်များအား ညစာစားပွဲပြုလုပ်၍လိုအပ်ရာများသွန်သင်မှာကြားခဲ့သကဲ့သို့ သခင်ယေရှုသည် မိမိ၏တပည့်တော်များနှင့်အတူ နောက်ဆုံးညစာစားပွဲကိုစားသောက်၍ တပည့်တော်များအားမှာကြားလိုသောအရာများကိုမှာကြားသည့်အပြင် ကိုယ်တော်မြတ်စက္ကရာမင်တူးကိုလည်း တည်ထောင်ခဲ့သည်။

[၃] (၂၂း၁၈) သခင်ယေရှုသည် ထိုညစာစားသောအချိန်တွင် ရှင်ပြန်ထမြောက်သည်အထိစပျစ်ရည်သစ်ကိုသောက်တော်မမူ၊ အကြောင်းမှာ (တမန်တော်ဝတ္ထု ၁၀း၄၀)အရ ရှင်ပြန်ပြီးသည့်နောက် ကိုယ်တော်သည် အစားအသောက်များကို အသုံးပြုတော်မူ၏။

[၄] (၂၂း၂၉)ရှင်မာတေဦး(၂၆း၂၆) ဤအရာသည် ငါ၏ကိုယ်တော်မြတ်ဖြစ်၏ဟု ဆိုခြင်းအားဖြင့်ကိုယ်တော်ကငါ့ကိုယ်၏ပုံဖြစ်သည်ဟု မဆိုလို။ ငါ့ကိုယ်နှင့်တူသော အရာဖြစ်သည်ဟုလည်းမဆိုလိုကြောင်း မှတ်သားရမည်။ သခင်ယေရှုသည် မုန့်နှင့်စပျစ်ရည်ကို ယူတော်မူ၍ ဤအရာသည် ငါ၏ခန္ဓာကိုယ်ဖြစ်၏။ ဤအရာသည်ငါ၏အသွေးဖြစ်၏ဟုမြွက်ဆိုတော်မူသောအခါ မုန့်နှင့်စပျစ်ရည်၏အဖြစ်ဓာတိတစ်ခုလုံးသည်ဘုရားသခင်၏တန်ခိုးတော်အားဖြင့် သခင်ယေရှု၏အသားတော်နှင့် အသွေးတော်အဖြစ်သို့ ပြောင်းလဲသွားပါသည်။

၂၁။ ဖြစ်၏။[၅]သို့သော် ငါ့ကိုအပ်နှံမည့်သူ၏ လက်သည်
၂၂။ ဤစားပွဲပေါ်တွင်ရှိ၏။ အကြောင်းမူကား၊ လူသား
သည်သတ်မှတ်ထားသည့်အတိုင်းသွားရမည်မှန်သော်
လည်း ငါ့ကို သစ္စာဖောက်အပ်နှံသောသူသည်ကား
၂၃။ ဘေးဒုက္ခရောက်လိမ့်မည်ဟုမိန့်တော်မူ၏။ ထိုအခါ
သူတို့ကလည်းဤအမှုကိုပြုမည့်သူသည် မိမိတို့ထဲမှ
မည်သူဖြစ်လိမ့်မည်နည်းဟုအချင်းချင်း စတင်မေး
မြန်းကြ၏။

## မည်သူသည် ကြီးမြတ်သနည်း
## (မာ ၂၀း၂၅–၂၇၊ မာကု ၁၀း၄၂–၄၅)

၂၄။ တပည့်တော်တို့သည်မိမိတို့တွင် မည်သူသည်အကြီး
မြတ်ဆုံးဖြစ်မည်နည်းဟု အချင်းချင်း အငြင်းပွားနေ
၂၅။ ကြ၏။ သို့သော် ကိုယ်တော်က လူမျိုးခြားတို့၏
ဘုရင်များသည်ပြည်သူပြည်သားတို့အပေါ်အစိုးတရ
ပြုကြ၏။ထိုသူတို့အပေါ်တွင် အုပ်ချုပ်ရသောသူများ
၂၆။ ကိုလည်း ကျေးဇူးရှင်ဟုခေါ်ကြ၏။ သင်တို့တွင်မူ
ကား၊ဤသို့မဖြစ်စေရ။ သင်တို့တွင် အကြီးမြတ်ဆုံး
သောသူသည်အငယ်ဆုံးကဲ့သို့ဖြစ်စေရမည်။ဦးဆောင်
၂၇။ သောသူသည် အစေခံကဲ့သို့ဖြစ်ရမည်။ အကြောင်း
မူကား၊ မည်သူသည်ကြီးမြတ်သနည်း။ စားပွဲ၌ထိုင်
သောသူလော သို့မဟုတ် စားပွဲ၌ အစေခံသောသူ
လော။ စားပွဲတွင်ထိုင်သောသူသည် ကြီးမြတ်သော
သူမဟုတ်ပါလော။သို့သော် ငါသည်သင်တို့အလယ်
၂၈။ တွင်အစေခံသောသူဖြစ်၏။ သင်တို့သည် ငါဆင်းရဲ
ဒုက္ခခံရသောအချိန်များ၌ ငါနှင့်အတူသစ္စာရှိစွာ ရပ်
၂၉။ တည်သူများဖြစ်ကြ၏။ ငါ၏ခမည်းတော်သည် ငါ့
အား နိုင်ငံတော်ကိုအပ်နှင်းတော်မူသကဲ့သို့ ငါသည်
၃၀။ လည်းသင်တို့အား အပ်နှင်း၏။ သို့ဖြစ်၍ သင်တို့
သည်ငါ၏နိုင်ငံတော်တွင် ငါ၏စားပွဲ၌ စားသောက်
ကြရလိမ့်မည်။ သင်တို့သည်ရာဇပလ္လင်များပေါ်တွင်
ထိုင်ကြလျက်**အစ္စရေးလ်**လူမျိုး တစ်ဆယ့်နှစ်မျိုးတို့
ကိုတရားစီရင်ကြရလိမ့်မည်ဟု သူတို့အားမိန့်တော်
မူ၏။

## ပေတရုသည် ကိုယ်တော့်ကိုငြင်းပယ်မည့် အကြောင်း ကြိုတင်ပြောတော်မူခြင်း
## (မာ ၂၆း၃၁–၃၅၊ မာကု ၁၄း၂၇–၃၁၊ ယော ၁၈း၁–၁၁)

၃၁။ တစ်ဖန် ကိုယ်တော်က **စီမုန်**၊ **စီမုန်**၊ ကြည့်လော့။
စာတန်သည်ဂျုံစပါးကိုဆန်ခါနှင့်ချသကဲ့သို့ သင်တို့
၃၂။ ကိုလည်း ပြုရန်တောင်းခံ၏။ သင်၏ယုံကြည်ခြင်း
မလျော့နည်းစေရန်ငါသည် သင့်အတွက်ဆုတောင်း
ခဲ့ပြီ။သင်တစ်ဖန် စိတ်ပြောင်းလဲသောအခါ သင်၏
ညီအစ်ကိုများကိုခွန်အားဖြည့်တင်းပေးလော့ဟု မိန့်
၃၃။ တော်မူ၏။သူကလည်း သခင်ဘုရား၊ တပည့်တော်
သည်ထောင်ထဲသို့လည်းကောင်း၊ သေခြင်းသို့လည်း
ကောင်းကိုယ်တော်နှင့်အတူသွားရန်အသင့်ရှိပါသည်
ဟု ကိုယ်တော်အား လျှောက်လေ၏။
၃၄။ သခင်ယေရှုကလည်းပေတရု၊ သင့်အား ငါအမှန်ဆို
သည်ကားဤည၌ ကြက်မတွန်မီ သင်သည် ငါ့ကို
သုံးကြိမ်ငြင်းပယ်လိမ့်မည်ဟု မိန့်တော်မူ၏။

## အကျပ်အတည်းရောက်ချိန်အတွက် မိန့်ကြားချက်

၃၅။ ထို့နောက် ကိုယ်တော်ကသင်တို့အားငွေအိတ်၊လွယ်
အိတ်နှင့်ခြေနင်းမပါဘဲ ငါစေလွှတ်သောအခါ သင်
တို့၌တစ်စုံတစ်ရာချို့တဲ့မှုရှိခဲ့သလောဟုတပည့်တော်
တို့ကိုမေးတော်မူ၏။ သူတို့ကလည်း မရှိပါဟု ပြန်
၃၆။ လျှောက်ကြ၏။ကိုယ်တော်က ယခုမူကား၊ ငွေအိတ်
ရှိသောသူသည်ယူစေ။ လွယ်အိတ်ရှိသောသူသည်
လည်း ထိုနည်းတူပြုစေ။ ဓားလွယ်မရှိသောသူသည်
၃၇။ လည်းမိမိအင်္ကျီကိုရောင်း၍ဝယ်စေ။အကြောင်းမူကား၊
သင်တို့အား ငါဆိုသည်မှာသူသည်ရာဇဝတ်သားတို့
တွင်ပါဝင်ရေတွက်ခြင်းကိုခံရလေပြီဟူသော ကျမ်း
ချက်သည် ငါ၌ပြည့်စုံရမည်။ အမှန်စင်စစ် ငါ့ကို
ရည်ညွှန်း၍ ရေးထားသောအကြောင်းအရာသည်
ပြည့်စုံခြင်းသို့ရောက်လေပြီဟု မိန့်တော်မူ၏။
၃၈။ သူတို့ကလည်းသခင်ဘုရားကြည့်တော်မူပါ။ ဤမှာ
ဓားနှစ်လက်ရှိပါ၏ဟုလျှောက်ကြ၏။ကိုယ်တော်က
လည်း လုံလောက်ပြီဟု မိန့်တော်မူ၏။

[၅] (၂၂း၂၀)(ရှင်လုကာကျမ်း ၂၂း၁၉–၂၀)ငါ့ကိုအောက်မေ့ခြင်းငှာ ဤအမှုကိုပြုကြလော့ဟုတပည့်တော်တို့အား မိန့်မှာခြင်းဖြင့် သခင်ယေရှုသည် ကိုယ်တော်မြတ်စက္ကရာမင်းတူးကိုလည်းကောင်း၊ နောက်ဆုံးသော ညစာစားပွဲတွင် စီရင်ခဲ့ကြောင်းသိရ၏။ ထို့ကြောင့် ယနေ့တိုင် ကက်သလစ်အသင်းတော်၌ရဟန်းများသည် မစ္ဆားယဇ်ပူဇော်ရာတွင် မုန့်နှင့်စပျစ်ရည်အပေါ် ဤမင်္ဂလာစကားများကိုရွတ်သောအခါမုန့်နှင့်စပျစ်ရည်တို့သည် သခင်ယေရှု၏အသားတော်နှင့်အသွေးတော်အဖြစ်သို့ပြောင်းလဲသွားလေသည်။ ကက်သလစ်ခရစ်ယာန်ဘာသာဝင်တို့သည်လည်းမစ္ဆားပူဇော်ခြင်း၌ စုပေါင်းပါဝင်ကြ၍ သခင်ယေရှု၏အသွေးတော်နှင့်အသားတော်ကို ပင့်ယူသုံးဆောင်ကြ၏။

## သခင်ယေရှုသည် သံလွင်တောင်ပေါ်တွင် ဆုတောင်းတော်မူခြင်း

### (မာ ၂၆း၃၆–၄၆၊ မာကု၁၄း၃၂–၄၂၊ ယော ၁၈း၁)

၃၉။ ထို့နောက်သွားလေ့ရှိသည့်အတိုင်း ကိုယ်တော်သည်
သံလွင်တောင်သို့ကြွသွားတော်မူရာ တပည့်တော်တို့
၄၀။ သည်လည်း နောက်တော်သို့လိုက်ကြ၏။ ထိုနေရာ
သို့ရောက်တော်မူသောအခါ၊ ကိုယ်တော်က စုံစမ်း
နှောင့်ရှက်ခြင်း၌ သင်တို့မပါဝင်စေရမည့်အကြောင်း
ဆုတောင်းကြလော[၆]ဟု သူတို့အား မိန့်တော်မူ၏။
၄၁။ ကိုယ်တော်သည် သူတို့နှင့်ကျောက်ခဲတစ်ပစ်ခန့်ကွာ
၄၂။ ဝေးသောနေရာသို့သွား၍ ဒူးထောက်လျက်၊ အိုအဖ
ကိုယ်တော်အလိုတော်ရှိပါလျှင်ဤခွက်ကို ကျွန်ုပ်ထံ
မှလွှဲဖယ်တော်မူပါ။ သို့သော်လည်း ကျွန်ုပ်၏အလို
အတိုင်းမဟုတ်ပါ။ ကိုယ်တော်၏အလိုတော်အတိုင်း
သာဖြစ်ပါစေသော်ဟု ဆုတောင်းတော်မူ၏။
၄၃) ထိုအခါကောင်းကင်မှတမန်တော်တစ်ပါးသည် ထင်
ရှားပြ၍ ကိုယ်တော့်ကိုအားပေးနှစ်သိမ့်လေ၏။
၄၄) ကိုယ်တော်သည်မိမိ၏ပြင်းပြသောစိတ်ပူပန်သောက
ရောက်လျက် စွဲစွဲမြဲမြဲဆုတောင်းတော်မူ၏။သို့ဖြစ်၍
ကိုယ်တော်၏ချွေးစက်များသည်သွေးစက်သွေးပေါက်
များသဖွယ် မြေပေါ်သို့ကျရောက်ရှိ၏။
၄၅။ ကိုယ်တော်သည်ဆုတောင်းနေရာမှထလာသောအခါ
တပည့်တော်တို့သည် ဝမ်းနည်း ပူဆွေးခြင်းကြောင့်
၄၆။ အိပ်ပျော်နေကြသည်ကိုတွေ့တော်မူ၏။ကိုယ်တော်က
သင်တို့သည်အဘယ်ကြောင့်အိပ်ပျော်နေကြသနည်း၊
ထကြ၊နှောင့်ယှက်ခြင်းသို့ မပါဝင်ရလေအောင်ဆု
တောင်းကြလော့ဟု မိန့်တော်မူ၏။

## သခင်ယေရှုကိုဖမ်းဆီးကြခြင်း

### (မာ ၂၆း၄၇–၅၆၊ မာကု ၁၄း၄၃–၅၂၊ ယော ၁၈း၁–၁၁)

၄၇။ ကိုယ်တော်မိန့်တော်မူစဉ်လူအစုအဝေးသည် ရုတ်တ
ရက်ရောက်လာ၏။ တစ်ဆယ့်နှစ်ပါးတွင် တစ်ပါး
အပါအဝင်ဖြစ်သော **ဂျုဒ**သည် သူတို့ကိုဦးဆောင်
လျက်လာ၍ သခင်**ယေရှု**ကိုနမ်းရန် အထံတော်သို့
၄၈။ ချဉ်းကပ်လေ၏။ကိုယ်တော်ကလည်း**ဂျုဒ** သင်သည်
နမ်းခြင်းဖြင့်လူသားကိုအပ်နှံသလောဟု မေးတော်မူ
၄၉။ ၏။ ကိုယ်တော့်ထံပါးတွင် ရှိကြသောသူတို့သည်
ဖြစ်ပျက်လာမည့်အခြေအနေကိုမြင်လျှင်သခင်ဘုရား
တပည့်တော်တို့သည် ဓားဖြင့်ခုတ်ရမည်လောဟု
၅၀။ မေးလျှောက်ကြ၏။ ထို့နောက် သူတို့တွင် တစ်ဦး[၇]
သည်ရဟန်းအကြီးအကဲ၏အစေခံကိုခုတ်သဖြင့် ထို
၅၁။ သူ၏လက်ယာနားရွက်ပြတ်လေ၏။သို့သော် သခင်
ယေရှုက နောက်တစ်ဖန်ဤသို့မပြုနှင့်ဟုမိန့်တော်မူ
ပြီးမှ ထိုသူ၏နားရွက်ကိုတို့ထိတော်မူသဖြင့် သူ့ကို
၅၂။ ပျောက်ကင်းစေတော်မူ၏။ ထို့နောက် သခင်**ယေရှု**
သည် မိမိကိုဖမ်းဆီးရန်လာကြသော ရဟန်းအကြီး
အကဲများ၊ ဗိမာန်တော်စောင့်အရာရှိများနှင့်သက်ကြီး
ဝါကြီးတို့အား မိန့်တော်မူသည်ကား သင်တို့သည်
တုတ်များ၊ဓားများကိုစွဲကိုင်လျက် ဓားပြဖမ်းသကဲ့သို့
၅၃။ ငါ့ကို ဖမ်းဆီးရန်ထွက်လာကြသလော။ ငါသည် ဗိ
မာန်တော်၌နေ့တိုင်းသင်တို့နှင့်အတူ ရှိနေသောအခါ
ငါ့ကိုမဖမ်းဆီးကြ။သို့သော်ဤအချိန်ကားသင်တို့၏
အချိန်နာရီ[၈] နှင့်မှောင်မိုက်စိုးမိုးရာ အချိန်ပေတည်း
ဟု မိန့်တော်မူ၏။

## ပေတရုသည် သခင်ယေရှုကို ငြင်းပယ်ခြင်း

### (မာ ၂၆း၅၇–၅၈/၆၉–၇၅၊ မာကု ၁၄း၅၃–၅၄/ ၆၆–၇၂၊ ယော ၁၈း၁၂–၁၈/၂၅–၂၇)

၅၄။ ထိုသူတို့သည်ကိုယ်တော့်ကိုဖမ်းဆီးပြီးလျှင် ရဟန်း
အကြီးအကဲ၏အိမ်သို့ခေါ်ဆောင်သွားကြ၏။**ပေတရု**
သည်ကား ခပ်လှမ်းလှမ်းမှလိုက်သွားလေ၏။
၅၅။ ထိုလူများသည်အိမ်တော်ဝန်းအလယ်၌မီးမွှေး၍စုဝေး
ကာထိုင်နေကြသောအခါ**ပေတရု**သည်လည်း သူတို့
၅၆။ နှင့်အတူ ထိုင်နေလေ၏။ အစေခံအမျိုးသမီးတစ်ဦး
သည် မီးဖိုမှအလင်းရောင်၌သူ့ကိုမြင်လျှင်စိုက်ကြည့်
လျက် ဤသူသည်လည်း ထိုသူနှင့်အတူရှိခဲ့သည်ဟု
၅၇။ ဆို၏။သို့သော် **ပေတရု**ကအချင်းအမျိုးသမီး သူ့ကို
၅၈။ ငါမသိဟုငြင်းဆိုလေ၏။ တစ်ခဏမျှကြာသောအခါ
အခြားသူတစ်ဦးသည်သူ့ကိုမြင်လျှင်သင်သည်လည်း

[၆] (၂၂း၄၀)ယေရှုကမိမိသည် ပြင်းစွာသောဒုက္ခဝေဒနာကိုခံထမ်း၍ မည်သည့်အရာကိုမျှမစွမ်းဆောင်နိုင်သောအခြေအနေသို့ ရောက်သည့်အခါ တပည့်တော်များ စိတ်မပျက်ခြင်းငှာ ကြိုတင်ဆုတောင်းခိုင်းခြင်းဖြစ်၏။

[၇] (၂၂း၅၀) ပေတရု ဖြစ်၏။

[၈] (၂၂း၅၃) သခင်ယေရှုကို လက်ဝါးကပ်တိုင်တင်၍ သတ်စေခြင်းငှာ အခွင့်ရသည့်အချိန်နာရီ။

ထိုသူတို့တွင်တစ်ဦးအပါအဝင်ဖြစ်သည်ဟု ဆိုသော်
**ပေတရု**က အချင်းလူ ငါမဟုတ်ဟုဆိုလေ၏။
၅၉။ တစ်နာရီခန့်ကြာပြီးနောက် အခြားသောသူတစ်ဦးက
ထပ်မံပြောသည်မှာ အမှန်စင်စစ် ဤသူသည်လည်း
ထိုသူနှင့်အတူ ရှိခဲ့၏။ အကြောင်းမူကား၊ သူသည်
၆၀။ **ဂါလိလေ**နယ်သား ဖြစ်သည်ဟုဆို၏။ သို့သော်
ပေတရုကအချင်းလူ သင်ပြောနေသော အကြောင်း
အရာကိုငါမသိဟုဆို၏။ ထိုကဲ့သို့သူပြောနေစဉ်တွင်
၆၁။ ကြက်ဖတွန်လေ၏။ သခင်ဘုရားသည်လှည့်၍**ပေတ
ရု**ကိုကြည့်တော်မူ၏။ကြက်ဖမတွန်မီ သင်သည် ငါ့
ကိုသုံးကြိမ်တိုင်တိုင်ငြင်းပယ်လိမ့်မည်ဟုကိုယ်တော်
မိန့်တော်မူခဲ့သောစကားကို **ပေတရု** သတိရလေ၏။
၆၂။ ထို့နောက်သူသည်အပြင်သို့ထွက်သွား၍ပြင်းထန်စွာ
ငိုကြွေးလေ၏။

## သခင်ယေရှုကို ပျက်ရယ်ပြု၍ ရိုက်နှက်ကြခြင်း (မာ ၂၆း၆၇–၆၈၊ မာကု ၁၄း၆၅)

၆၃။ ကိုယ်တော့်ကိုဖမ်းဆီးသောသူတို့သည် ပြောင်လှောင်
ပျက်ရယ်ပြုကြလျက် ကိုယ်တော့်ကိုရိုက်ပုတ်ကြ၏။
၆၄။ သူတို့သည် ကိုယ်တော်၏မျက်စိများကို ဖုံးအုပ်၍
မျက်နှာတော်ကိုရိုက်ပုတ်ကြပြီးသင့်ကို မည်သူရိုက်
ပုတ်သနည်း။ပရောဖက်ဉာဏ်နှင့်ဟောပါလောဟုဆို
၆၅။ ကြ၏။များစွာသောကဲ့ရဲ့ပြောဆိုခြင်းများဖြင့် သူတို့
သည် ကိုယ်တော့်ကို ထိခိုက်စော်ကားကြ၏။

## ဘာသာရေးလွှတ်တော်၌ သခင်ယေရှုကို စစ်ဆေးကြခြင်း

(မာ ၂၆း၅၇–၆၆၊ မာကု ၁၄း၅၃–၆၄၊ ယော ၁၈း၁၉–၂၄)

၆၆။ မိုးလင်းသောအခါသက်ကြီးဝါကြီးများ၊ရဟန်းအကြီး
အကဲများနှင့် ကျမ်းတတ်ဆရာတို့သည် စုဝေးကြ၍
ကိုယ်တော့်ကိုဘာသာရေးလွှတ်တော်သို့ ခေါ်ဆောင်
၆၇။ သွားကြ၏။သူတို့က သင်သည် ခရစ်တော်ဖြစ်လျှင်
ငါတို့အားပြောပြလော့ဟု ဆိုကြ၏။ ကိုယ်တော်က
လည်း ငါပြောလျှင် သင်တို့ ယုံကြည်ကြလိမ့်မည်
၆၈။ မဟုတ်။သင်တို့ကိုငါမေးလျှင်လည်း သင်တို့ပြန်ဖြေ
၆၉။ ကြလိမ့်မည်မဟုတ်။[၉]သို့သော် ယခုအချိန်မှစ၍၊ လူ
သားသည်ဘုရားသခင် ဘုန်းတန်ခိုးတော်၏ လက်
ယာဘက်၌ထိုင်တော်မူလိမ့်မည်ဟု မိန့်တော်မူ၏။
၇၀။ ထိုသူအားလုံးတို့က သို့ဖြစ်လျှင် သင်သည် ဘုရား
သခင်၏သားတော်ဖြစ်သလောဟု ဆိုကြသောအခါ၊
ကိုယ်တော်ကသင်တို့ဆိုသည့်အတိုင်းငါဖြစ်သည်ဟု
၇၁။ မိန့်တော်မူ၏။ထိုအခါ သူတို့ကမည်သည့်သက်သေ
များလိုပါသေးသနည်း။သူ၏နှုတ်မှထွက်သောစကား
ကို ငါတို့ကိုယ်တိုင်ကြားရပြီဟု ဆိုကြ၏။

## အခန်းကြီး (၂၃)

## သခင်ယေရှုကို ပိလာတုမင်းထံခေါ်ဆောင် သွားခြင်း

(မာ ၂၇း၁–၂/၁၁–၁၄၊ မာကု ၁၅း၁–၅၊ ယော ၁၈း၂၈–၃၈)

၁။ ထိုအခါ ဘာသာရေးလွှတ်တော်၌ရှိသူအားလုံးသည်
ထ၍ကိုယ်တော့်ကို **ပိလာတု**မင်းထံသို့ ခေါ်ဆောင်
၂။ သွားကြ၏။သူတို့က ဤသူသည် **ဆီဇာ**ဘုရင်အား
အခွန်ဆက်သခြင်းကို တားမြစ်၍ မိမိကိုယ်ကို
ခရစ်တော်ဟုပြောဆိုခြင်းဖြင့်ကျွန်ုပ်တို့လူမျိုးကိုလှည့်
ဖြားပြောဆိုနေကြောင်းကျွန်ုပ်တို့ တွေ့ရှိရပါသည်ဟု
ကိုယ်တော့်ကိုစတင်စွပ်စွဲပြောဆိုကြ၏။
၃။ **ပိလာတု**မင်းကသင်သည်ဂျူးလူမျိုးတို့၏ ဘုရင်ဖြစ်
သလောဟု ကိုယ်တော့်ကိုမေးလျှင် သင်ဆိုလေပြီဟု
၄။ ကိုယ်တော်ကပြန်ဖြေတော်မူ၏။ ထိုအခါ **ပိလာတု**
မင်းက ဤသူ၌မည်သည့်အပြစ်ကိုမျှ ငါမတွေ့ဟု
ရဟန်းအကြီးအကဲတို့နှင့် လူအစုအဝေးအားဆို၏။
၅။ သို့သော်ထိုသူတို့က ဤသူသည်ဂါလိလေနယ်မှစ၍
ဤအရပ်တိုင်အောင် **ဂျူဒေ**ယပြည်အနှံ့အပြား၌ဟော
ပြောသွန်သင်လျက်တိုင်းသူပြည်သားများကိုရုန်းရင်း
ဆန်ခတ်ဖြစ်ရန်လှုံ့ဆော်ပါသည်ဟု မရပ်မနားစွပ်စွဲ
ပြောဆိုကြ၏။

## သခင်ယေရှုကို ဟေရုဒ်မင်းထံသို့ခေါ်ဆောင်ခြင်း

၆။ **ပိလာတု**သည် ဤစကားကိုကြားလျှင် ဤလူသည်
**ဂါလိလေ**နယ်သားဖြစ်သလောဟု မေးလေ၏။
၇။ **ဟေရုဒ်**မင်းအုပ်ချုပ်သောနယ်မြေမှ ဖြစ်ကြောင်းသိရ

---

[၉] (၂၂း၆၈) အကြောင်းမူကား၊ သင်တို့သည် အမှန်ကိုရှာသည်မဟုတ်။ ငါ့ကို အပြစ်စီရင်အံ့သောငှါသာ အခွင့်ရှာကြသတည်း။

လျှင်သူသည် ကိုယ်တော့်ကို**ဟေရုဒ်**ထံသို့ပို့လေ၏။
ထိုအချိန်၌**ဟေရုဒ်**သည် **ဂျေရုဆလင်**မြို့၌ ရောက်ရှိ
၈။ နေ၏။**ဟေရုဒ်**မင်းသည် သခင်**ယေရှု**ကို မြင်သော
အခါအလွန်ဝမ်းမြောက်ခြင်းရှိလေ၏။ အကြောင်းမူ
ကား၊သူသည် ကိုယ်တော်၏သတင်းကိုများစွာကြား
သဖြင့် ကာလကြာမြင့်စွာကပင် ကိုယ်တော့်ကိုတွေ့
မြင်နိုင်ရန် အလိုရှိခဲ့၏။ ကိုယ်တော် ပြုတော်မူမည့်
တန်ခိုးလက္ခဏာတစ်စုံတစ်ရာကိုမြင်ရလိမ့်မည်ဟူ၍
၉။ လည်းမျှော်လင့်လျက်ရှိ၏။ သို့ဖြစ်၍ **ဟေရုဒ်**သည်
ကိုယ်တော့်ကို မေးခွန်းများစွာမေးလေ၏။ သို့သော်
လည်း ကိုယ်တော်သည် သူ့ကိုပြန်ဖြေတော်မမူ။[1]
၁၀။ ရဟန်းအကြီးအကဲများနှင့် ကျမ်းတတ်ဆရာတို့သည်
လည်းအနားတွင် ရပ်နေလျက် ကိုယ်တော့်ကို မရပ်
၁၁။ မနားစွပ်စွဲပြောဆိုကြ၏။**ဟေရုဒ်**မင်းနှင့်သူ၏စစ်သူ
ရဲ များသည် ကိုယ်တော်ကို မခန့်လေးစားပျက်ရယ်ပြု
ကြပြီးနောက် တင့်တယ်လှပသောဝတ်ရုံဝတ်ဆင်စေ
၁၂။ ကာ **ပိလာတု**မင်းထံသို့ပြန်ပို့လိုက်လေ၏။ ထိုနေ့၌
ပင် **ဟေရုဒ်**နှင့်**ပိလာတု**တို့သည် မိတ်ဆွေများဖြစ်
သွားကြ၏။အကြောင်းမူကား၊သူတို့သည် ယခင်က
ရန်ဘက်များဖြစ်ခဲ့ကြ၏။

## သခင်ယေရှုကို သေဒဏ်စီရင်ခြင်း

(မာ ၂၇:၁၅–၂၆၊ မာကု ၁၅:၆–၁၅၊ ယော ၁၈:၃၉/၁၉:၁၆)

၁၃။ **ပိလာတု**မင်းသည် ရဟန်းအကြီးအကဲများ၊ ခေါင်း
ဆောင်များနှင့်လူအပေါင်းတို့ကို ခေါ်ယူစုရုံးစေ၏။
၁၄။ ထို့နောက်**ပိလာတု**ကသင်တို့သည်ဤသူ့ကို လူများ
အားလှည့်ဖြားလမ်းလွဲစေသူအဖြစ်နှင့် ငါ့ထံသို့ခေါ်
ဆောင်လာခဲ့ကြ၏။ သင်တို့ ရှေ့မှောက်တွင် ငါစစ်
ဆေးသော်လည်းသင်တို့စွပ်စွဲသောအပြစ်တစ်စုံတစ်ခု
၁၅။ မျှ သူ၌ငါမတွေ့ရ။ **ဟေရုဒ်**မင်းသည်လည်း အပြစ်
မတွေ့သောကြောင့် သူ့ကို ငါ့တို့ထံသို့ ပြန်ပို့ခဲ့၏။
အမှန်စင်စစ်ဤသူသည် သေဒဏ်ခံထိုက်သောပြစ်မှု
၁၆။ တစ်စုံတစ်ခုကိုမျှမကျူးလွန်ခဲ့ချေ။ထို့ကြောင့်ငါသည်
သူ့ကိုရိုက်နှက်ဒဏ်ပေးစေ၍လွှတ်လိုက်မည်[2]ဟုသူတို့
၁၇။ အားဆို၏။ ပိလာတုမင်းသည် ပါစကားပွဲ၌အကျဉ်း
သားတစ်ယောက်ကိုလွှတ်ငြိမ်းချမ်းသာခွင့်ပေးမြဲထုံးစံ
၁၈။ ရှိ၏။လူအပေါင်းတို့ကဤသူ့ကိုမလိုမရှိ၊ **ဘာရဘ**ကို
ငါတို့အတွက်လွှတ်ပေးပါဟု တစ်ပြိုင်နက်အော်ဟစ်
၁၉။ ကြ၏။**ဘာရဘ**သည်ကား မြို့တွင်း၌ပုန်ကန်ထကြွမှု
၂၀။ နှင့်လူသတ်မှုအတွက်အကျဉ်းထောင်ကျနေသောသူ
ဖြစ်၏။**ပိလာတု**မင်းသည် သခင်**ယေရှု**ကိုလွှတ်ရန်
၂၁။ အလိုရှိသောကြောင့် သူတို့အား တစ်ဖန်ပြောဆို
လေ၏။သို့သော်သူတို့သည်ဤသူ့ကို လက်ဝါးကပ်
တိုင်တင်လော့၊ လက်ဝါးကပ်တိုင်တင်လော့ဟုအော်
၂၂။ ဟစ်ကြ၏။**ပိလာတု**မင်းကလည်း အဘယ်ကြောင့်
နည်း။သူသည်မည်သည့်အပြစ်ကိုပြုခဲ့မိသနည်း။သေ
ဒဏ်ပေးထိုက် သောအပြစ်တစ်စုံတစ်ခုကိုမျှ သူ၌
ငါမတွေ့။ထို့ကြောင့်ငါသည်သူ့ကိုရိုက်နှက်ဒဏ်ပေး
၂၃။ ၍လွှတ်လိုက်မည်ဟုတတိယအကြိမ်ပြောဆိုလေ၏။
သို့သော်သူတို့သည်ကိုယ်တော့်ကို လက်ဝါးကပ်တိုင်
တင်ရန် ကျယ်လောင်စွာအော်ဟစ်လျက် အတင်းအ
ကျပ်တောင်းဆိုကြသဖြင့်သူတို့၏အသံများကအနိုင်
၂၄။ ယူလွှမ်းမိုးသွားလေ၏။**ပိလာတု**မင်းသည်လည်းထို
သူတို့ တောင်းဆိုသည့်အတိုင်း စီရင်ချက်ချလေ၏။
၂၅။ ပုန်ကုန်ထကြွမှုနှင့်လူသတ်မှုအတွက်အကျဉ်းထောင်
ကျနေသောသူကိုထိုသူတို့တောင်းဆိုကြသည့်အတိုင်း
လွှတ်လိုက်လေ၏။သခင်**ယေရှု**ကိုမူ ထိုသူတို့အလို
အတိုင်းပြုကြစေရန် အပ်လိုက်လေ၏။

## သခင်ယေရှုကို လက်ဝါးကပ်တိုင်တင်ကြခြင်း

(မာ ၂၇:၃၂–၄၄၊ မာကု ၁၅:၂၁–၃၂၊ ယော ၁၉:၁၇–၂၄)

၂၆။ သူတို့သည်ကိုယ်တော့်ကိုခေါ်ထုတ်လာကြစဉ် တော
အရပ်မှလာသော**စီမုန်**အမည်ရှိ**ဆီရင်**မြို့သားတစ်ဦး
ကို အဓမ္မခေါ်ဆောင်ပြီး သူ၏ပခုံးပေါ်တွင် လက်ဝါး
ကပ်တိုင်ကိုတင်ကာ ထမ်းယူစေလျက် သခင်**ယေရှု**
၂၇။ ၏နောက်မှလိုက်ပါစေ၏။များစွာသောလူအစုအဝေး
တို့သည် ကိုယ်တော်၏နောက်မှလိုက်ကြ၏။ ထိုသူ
တို့အလယ်တွင် အမျိုးသမီးအချို့သည် မိမိတို့ရင်ကို

---

[1] (၂၃:၉)ဟေရုဒ်သည်သခင်ယေရှုအကြောင်းကို ကြားသိပြီးသော်လည်းအပြစ်ကောက်လိုသောစိတ်ဖြင့် မေးသောကြောင့် ယေရှုသည် တစ်စုံတစ်ခုကိုမျှ ဖြေတော်မမူ။

[2] (၂၃:၁၆)ပိလာတုသည် ကိုယ်တော်၌အပြစ်ကင်းကြောင်းကို ယုံကြည်၍၊ ကိုယ်တော်ကိုသေဒဏ်အပြစ်ကိုမစီရင်ခဲ့ပေ။ ကိုယ်တော်ကို ဆန့်ကျင်ပြုစုသောလူစု၊ မင်းအရာရှိတို့နှင့် ရဟန်းအကြီးအကဲတို့အား ကျေနပ်စေရန်အတွက် ကိုယ်တော်ကိုရိုက်နှက်စေပြီး စေလွှတ်စေလိုသော ဆန္ဒနှင့်ပြောဆိုသောစကားဖြစ်သည်

တီးခတ်လျက်ကိုယ်တော့်အတွက်ငိုကြွေးကာလိုက်ပါ
၂၈။ လာကြ၏။ သခင်**ယေရှု**သည် သူတို့ဘက်သို့လှည့်
ကြည့်တော်မူ၍မိန့်တော်မူသည်ကား **ဂျေရုဆလင်**မြို့
သူသမီးများတို့ငါ့အတွက်မငိုကြွေးကြနှင့်။[၃] သင်တို့
နှင့် သင်တို့သားသမီးများအတွက် ငိုကြွေးကြလော့။
၂၉။ အကြောင်းမူကား၊ မြုံသောမိန်းမသည် မင်္ဂလာရှိ၏။
ပဋိသန္ဓေမတည်ဖူးသော ဝမ်းခေါင်းနှင့် နို့မတိုက်ရ
သောသားမြတ်တို့သည်မင်္ဂလာရှိကြ၏ဟု လူတို့ဆို
ကြမည့်နေ့ရက်ကာလများ မကြာမီ ကျရောက်တော့
၃၀။ မည်။ထိုအခါ သူတို့ကတောင်များအား ငါတို့အပေါ်
သို့ပြိုကျကြပါ။တောင်ကုန်းများအား ငါတို့ကိုဖုံးအုပ်
၃၁။ ကြပါဟုဆိုကြလိမ့်မည်။ အကြောင်းမူကား၊ စိမ်းစို
သောသစ်သား၌သူတို့ဤအရာကိုပြုကြလျှင် ခြောက်
သွေ့သောသစ်သား၌မည်ကဲ့သို့ဖြစ်မည်နည်းဟု မိန့်
၃၂။ တော်မူ၏။[၄] သူတို့သည် ရာဇဝတ်သားနှစ်ယောက်ကို
လည်းကိုယ်တော်နှင့်အတူသတ်ရန် ခေါ်ဆောင်သွား
၃၃။ ကြ၏။ ဦးခေါင်းခွံ[၅] ဟုခေါ်သောအရပ်သို့ရောက်ကြ
သောအခါ ထိုအရပ်၌ ကိုယ်တော်ကို ရာဇဝတ်သား
နှစ်ယောက်နှင့်အတူလက်ယာဘက်တွင်တစ်ယောက်
လက်ဝဲဘက်တွင်တစ်ယောက် ကဝါးကပ်တိုင်တင်
၃၄။ ကြ၏။ထိုအခါ သခင်ယေရှုက အိုအဖ၊ သူတို့ကို
အခွင့်လွှတ်တော်မူပါ။ အကြောင်းမူကား၊ သူတို့ပြု
သောအရာကိုသူတို့မသိကြပါဟု မြွက်ဆိုတော်မူ၏။
သူတို့သည်လည်း ကိုယ်တော်၏အဝတ်တော်များကို
၃၅။ မဲချ၍ခွဲဝေယူကြ၏။ လူများသည်လည်း ရပ်လျက်
ကြည့်နေကြ၏။သူတို့၏ခေါင်းဆောင်များက ဤသူ
သည်အခြားသူများကိုကယ်ဆယ်ခဲ့၏။သူသည် ဘုရား
သခင်ရွေးကောက်တော်မူသော ခရစ်တော်ဖြစ်ပါလျှင်

[၃] (၂၃း၂၈)မငိုကြနှင့်။ ငါ၏သေခြင်းသည် လူမျိုးတကာတို့အတွက် အကျိုးခံစားစေရန်ဖြစ်၏။သင်တို့လူမျိုးအတွက်မူကား၊ ဆုံးရှုံးစေခြင်းအကြောင်းဖြစ်လိမ့်မည်။

[၄] (၂၃း၃၁ စိမ်းစိုသောသစ်သားသည် အပြစ်ကင်းခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း အဓိပ္ပာယ်ဆောင်၍ ခြောက်သွေ့သောသစ်သည် အပြစ်ရှိခြင်းဟုဆိုလိုသည်။ အပြစ်နှင့်ကင်းသောယေရှုသည်ဤမျှလောက်ပြင်းထန်စွာခံရပါလျှင် အပြစ်ရှိ၍ ဆိုးယုတ်မာသောသူတို့သည် မည်မျှခံရပါမည်နည်း။

[၅] (၂၃း၃၃) ဦးခေါင်းခွံအရပ်သည် ဂျူးလူမျိုးကျမ်းတတ်ဆရာများအဆိုအရ လူမျိုးတကာ၏ အဘ၊ အာဒမ်ကို မြေမြှုပ်သင်္ဂြိုလ်ခဲ့သောနေရာဖြစ်သည်။

မိမိကိုယ်မိမိကယ်တင်ပါစေဟု ပြောင်လှောင်ပြောဆို
၃၆။ ကြ၏။ စစ်သူရဲတို့သည်လည်း အထံတော်သို့ ချဉ်း
ကပ်ကြ၍ကိုယ်တော်သောက်ရန် ပုံးရည်ကို ပေးကြ
၃၇။ လျက်ပျက်ရယ်ပြုကြသည်မှာ၊ သင်သည် **ဂျူး**လူမျိုး
တို့၏ဘုရင်ဖြစ်ပါလျှင် သင့်ကိုသင် ကယ်တင်ပါ
၃၈။ လောဟုဆိုကြ၏။ဤသူသည်ကား **ဂျူး**လူမျိုးတို့၏
ရှင်ဘုရင်ဖြစ်သတည်းဟုရေးထိုးထားသော ကမ္ပည်း
လိပ်စာကို ကိုယ်တော်၏ဦးခေါင်းအထက်တွင် တပ်
၃၉။ ထားကြ၏။ လက်ဝါးကပ်တိုင် တင်ခံရသော ရာဇ
ဝတ်သားနှစ်ဦးအနက်တစ်ဦးက သင်သည်ခရစ်တော်
မဟုတ်လော။သို့ဖြစ်လျှင်သင့်ကိုယ်ကိုလည်းကောင်း
ငါတို့ကိုလည်းကောင်းကယ်တင်ပါလော့ဟုကဲ့ရဲ့ပြော
၄၀။ ဆိုလေ၏။ သို့သော် အခြားတစ်ဦးသည် ထိုသူကို
ဆုံးမလျက်သင်သည်လည်း တူညီသော အပြစ်ဒဏ်
ကိုခံရပါလျက်သင်သည်ဘုရားသခင်ကို မကြောက်
၄၁။ ရွံ့ပါသလော။ငါတို့သည် တရားသဖြင့် အပြစ်ဒဏ်
ခံကြရ၏။အကြောင်းမူကား၊ ငါတို့ပြုမိသည့်လုပ်ရပ်
များအတွက် ထိုက်သင့်စွာခံကြရ၏။ ဤသူမူကား၊
မည်သည့်မကောင်းမှုကိုမျှမကျူးလွန်ခဲ့ချေဟုဆိုပြီးမှ
၄၂။ အို**ယေရှု**သခင်၊ ကိုယ်တော်၏နိုင်ငံတော်သို့ ကြွဝင်
တော်မူသောအခါတပည့်တော်ကိုသတိရတော်မူပါဟု
၄၃။ ကိုယ်တော်အားလျှောက်ထားလေ၏။ ကိုယ်တော်က
လည်းသင့်အား ငါအမှန်ဆိုသည်ကား၊ ယနေ့ သင်
သည်ငါနှင့်အတူ**ပါရာဒီရှု**[၆]၌ရှိလိမ့်မည်ဟု မိန့်တော်
မူ၏။

## သခင်ယေရှု အသက်တော်စွန့်ခြင်း

**(မာ ၂၇း၄၅–၅၆၊ မာကု ၁၅း၃၃–၄၁၊ ယော ၁၉း၂၅–၃၀)**

၄၄။ ထိုအချိန်ကား မွန်းတည့်ချိန်ဖြစ်၍ မွန်းလွဲသုံးနာရီ
တိုင်အောင်မြေတပြင်လုံး၌ မှောင်အတိ ကျရောက်
၄၅။ သဖြင့်။ နေ၏ အလင်းရောင်ကွယ်ပျောက်လေ၏။
ဗိမာန်တော်၏ကန့်လန့်ကာသည်လည်း နှစ်ခြမ်းကွဲ
၄၆။ လေ၏။ထို့နောက် သခင်ယေရှုသည် ကျယ်လောင်
သောအသံဖြင့် ဟစ်အော်လျက် အိုအဖ၊ ကျွန်ုပ်၏
စိတ်ဝိညာဉ်ကို ကိုယ်တော်၏လက်တော်၌ကျွန်ုပ်အပ်
ပါသည်ဟုမိန့်တော်မူ၏။ဤသို့ဆိုပြီးမှ ကိုယ်တော်

[၆] (၂၃း၄၃)ပါရာဒီရှုသည်ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ပျော်ရွှင်ချမ်းမြေ့ခြင်းများပြည့်စုံပြီး သန့်ရှင်းမွန်မြတ်သူတို့ စံမြန်းရာဌာနဖြစ်သည်။

၄၇။ သည်အသက်တော်ကိုစွန့်လိုက်တော်မူ၏။လူတစ်ရာ
တပ်မှူးသည် ဖြစ်ပျက်သော အကြောင်းအရာကိုမြင်
လျှင်ဘုရားသခင်ကိုချီးမွမ်းလျက် ဤသူသည်အမှန်
စင်စစ်ဖြောင့်မတ်သောသူဖြစ်သည်ဟု ဆိုလေ၏။
၄၈။ ဤအဖြစ်အပျက်ကိုကြည့်ရှုရန်ထိုနေရာ၌ စုရုံးနေကြ
သောလူအပေါင်းတို့သည် ဖြစ်ပျက်သမျှကို မြင်ကြ
သောအခါ မိမိတို့ ရင်ကိုထုလျက် ပြန်သွားကြ၏။
၄၉။ ကိုယ်တော်ကိုသိကျွမ်းသောသူတို့နှင့် ကိုယ်တော်၏
နောက်တော်သို့ **ဂါလိလေ**နယ်မှ လိုက်လာကြသော
အမျိုးသမီးများသည် အဝေးရပ်မှာ ရပ်နေကြလျက်
ဤအဖြစ်အပျက်များကို ကြည့်နေကြ၏။

## သခင်ယေရှုကို သင်္ဂြိုဟ်ခြင်း

(မာ ၂၇း၅၇–၆၁၊ မာကု ၁၅း၄၂–၄၇၊ ယော ၁၉း၃၈–၄၂)

၅၀။ ထိုအခါ**ဂျိုးဇက်**အမည်ရှိ ဖြောင့်မတ်သောလွှတ်တော်
၅၁။ အရာရှိတစ်ဦးရှိ၏။ သူသည် အခြားသူတို့၏ စီရင်
ချက်နှင့်လုပ်ရပ်များကိုသဘောမတူညီခဲ့ချေ။သူသည်
**အရိမာတေယ**မြို့သားဖြစ်၍ဘုရားသခင်၏နိုင်ငံတော်
၅၂။ ကိုစောင့်ငံမျှော်လင့်နေသူဖြစ်၏။ဤသူသည်**ပိလာတု**
ထံသို့သွား၍သခင်**ယေရှု**၏ အလောင်းတော်ကို
၅၃။ ၏။တောင်းလေ၏။သူသည်အလောင်းတော်ကိုလက်
ဝါးကပ်တိုင်မှချ၍ဖြူသောပိတ်အဝတ်ဖြင့်ပတ်ရစ်ပြီး
လျှင်ကျောက်ဆောင်တွင်ထွင်းထားလျက် မည်သူ့ကို
မျှမသင်္ဂြိုဟ်ရသေးသော သင်္ချိုင်းဂူအသစ်၌ထားလေ
၅၄။ ထိုနေ့သည်ကားဥပုသ်နေ့အတွက်ပြင်ဆင်ရသောနေ့
ဖြစ်၍[၇] ဥပုသ်နေ့သည်လည်း စတင်ပြီဖြစ်၏။
၅၅။ **ဂါလိလေ**နယ်မှကိုယ်တော်နှင့်အတူပါလာကြသောအ
မျိုးသမီးများသည်လည်းနောက်မှလိုက်သွားကြသော
ကြောင့်သင်္ချိုင်းတော်ကိုလည်းကောင်း၊အလောင်းတော်
ကိုမည်ကဲ့သို့ထားသည်ကို လည်းကောင်းမြင်ကြ၏။
၅၆။ ထို့နောက် သူတို့သည်လည်းပြန် ကြ၍ ဆီမွှေးနှင့်
နံ့သာမျိုးကို ပြင်ဆင်ကြ၏။ ဥပုသ်နေ့၌မူကား
ပညတ်တော်အတိုင်းလိုက်နာလျက် နားနေကြ၏။

[၇] (၂၃း၅၄) ထို့နေ့သည်သောကြာနေ့ဖြစ်၍ထိုညနေ နေဝင်ချိန်တွင် ဥပုသ်ဝင်ခြင်းအစပြုသည်။

## အခန်းကြီး (၂၄)

## သခင်ယေရှုရှင်ပြန်ထမြောက်တော်မူခြင်း

(မာ ၂၈း၁–၁၀၊ မာကု ၁၆း၁–၈၊ ယော ၂၀း၁–၁၀)

၁။ ရက်သတ္တပတ်၏ပထမနေ့နံနက်စောစောတွင် အမျိုး
သမီးများသည် မိမိတို့ပြင်ဆင်ထားသောနံ့သာမျိုးကို
ယူဆောင်လျက် သင်္ချိုင်းတော်သို့လာကြ၏။
၂။ သင်္ချိုင်းဂူဝရှိ ကျောက်တုံးလှိမ့်ဖယ်ထားသည်ကို သူ
၃။ တို့တွေ့ကြ၏။ သူတို့သည် သင်္ချိုင်းဂူအတွင်းသို့ဝင်
ကြသောအခါ အလောင်းတော်ကို မတွေ့ကြရ။
၄။ ထိုအကြောင်းနှင့်ပတ်သက်၍သူတို့သည်စိတ်ရှုပ်ထွေး
လျက် တွေဝေနေကြစဉ် တောက်ပသော ဝတ်ရုံများ
ဝတ်ဆင်ထားသော လူနှစ်ဦးသည် ရုတ်တရက်ပေါ်
၅။ လာပြီးသူတို့အနီးတွင်ရပ်နေကြ၏။ အမျိုးသမီးတို့
သည်ကြောက်ရွံ့၍မိမိတို့မျက်နှာများကို မြေတွင်အပ်
ခါပျပ်ဝပ်လျက်ရှိကြစဉ်တွင် ထိုသူနှစ်ဦးက သင်တို့
သည် အသက်ရှင်သောသူကို သေသူတို့အစုတွင်
အဘယ်ကြောင့်ရှာဖွေကြသနည်း။ ကိုယ်တော်သည်
ဤနေရာတွင်မရှိ။ကိုယ်တော်သည်ရှင်ပြန်ထမြောက်
၆။ တော်မူပြီ။ ကိုယ်တော်သည် **ဂါလိလေ**နယ်
တွင်ရှိတော်မူခဲ့စဉ်က သင်တို့အား မည်သို့ပြောပြခဲ့
၇။ သည်ကိုသတိရကြလော့။ လူသားသည် အပြစ်ရှိသူ
တို့လက်သို့အပ်နှံခြင်းခံရမည်။လက်ဝါးကပ်တိုင်တင်
ခံရပြီးသုံးရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်ရ
မည်ဟု ကိုယ်တော်မိန့်တော်မူခဲ့ကြောင်း သူတို့အား
၈။ ပြောပြကြ၏။ထိုအခါသူတို့သည်လည်း ကိုယ်တော်
မိန့်တော်မူခဲ့သောစကားများကို ပြန်လည်သတိရကြ
၉။ သဖြင့် သင်္ချိုင်းတော်မှပြန်လာကြပြီးလျှင် တစ်ကျိပ်
တစ်ပါးတို့နှင့်အခြားသူအားလုံးတို့အားထိုအကြောင်း
၁၀။ အရာအလုံးစုံတို့ကိုပြောပြကြ၏။တမန်တော်တို့အား
ဤသတင်းတော်ကိုပြောကြသောသူတို့မှာမာဒလေနာ၊
ဂျိုအာနား၊ယာကုတ်၏အမိမာရိယာမှစ၍ သူတို့နှင့်
အတူပါသောအခြားအမျိုးသမီးများဖြစ်ကြ၏။
၁၁။ သို့ရာတွင် တမန်တော်တို့သည် သူတို့ပြောသော
စကားကို ယုတ္တိမရှိသော ဒဏ္ဍာရီဟုယူဆကြသော
၁၂။ ကြောင့်မယုံကြည်ကြချေ။**ပေတရု**မူကား၊ထ၍သင်္ချိုင်း
တော်သို့ ပြေးသွားလျက်[၁] ငုံ၍ကြည့်သော အခါ

[၁] (၂၄း၁၂) ယောဟန် ၂၀း၂

ပိတ်အဝတ်များကိုသာ တွေ့ရ၏။ ထို့နောက်
သူသည်ထိုအဖြစ်အပျက်ကြောင့် အံ့ဩလျက်အိမ်သို့
ပြန်သွားလေ၏။

## ဧမောက်သို့ ခရီးသွားခြင်း(မာ ၁၆း၁၂–၁၃)

၁၃။ ထို့တစ်နေ့တည်းတွင်ပင်သူတို့အထဲမှနှစ်ဦးတို့သည်
ဂျေရုဆလင်မြို့ခုနစ်မိုင်ခန့်ဝေးသော ဧမောက်ရွာသို့
၁၄။ ခရီးသွားကြ၏။ ထိုသို့သွားနေစဉ် သူတို့သည်ဖြစ်
ပျက်ခဲ့သမျှ အကြောင်းအရာအားလုံးစုံကိုအချင်းချင်း
၁၅။ ပြောဆိုကြ၏။သူတို့ပြောဆိုဆွေးနွေးနေကြစဉ်သခင်
**ယေရှု**ကိုယ်တော်တိုင်ချဉ်းကပ်လာ၍ သူတို့နှင့်အတူ
၁၆။ ခရီးသွားတော်မူ၏။သို့သော် ကိုယ်တော်ဖြစ်သည်ကို
မမှတ်မိစေရန်သူတို့၏မျက်စိများသည်ထိမ်းချုပ်ခြင်း
၁၇။ ခံကြရ၏။ကိုယ်တော်က သင်တို့သည် ခရီးသွားစဉ်
မည်သည့်အကြောင်းအရာများကိုအချင်းချင်းဆွေးနွေး
နေကြသနည်းဟု သူတို့အား မေးတော်မူ၏။ သူတို့
သည်လည်းညှိုးငယ်ကြေကွဲသော မျက်နှာနှင့်ရပ်တန့်
၁၈။ နေကြ၏။ထို့နောက်သူတို့အနက်**ကလေအိုဖာ**အမည်
ရှိသောသူက ပြန်ပြောသည်မှာ **ဂျေရုဆလင်**မြို့၌
သင်တစ်ဦးတည်းသာဧည့်သည်ဖြစ်လျက်ဤနေ့ရက်
များတွင်ဤမြို့၌ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာများ
၁၉။ ကိုမသိပါသလော[၂]ဟုဆို၏။ကိုယ်တော်ကမည်သည့်
အကြောင်းအရာများနည်းဟု မေးတော်မူလျှင် သူတို့
ကဘုရားသခင်ရှေ့ လူအပေါင်းတို့ရှေ့တွင်အပြုအမူ
နှင့် ဟောပြောချက်တို့၌ အားတန်ခိုးကြီးသောပရော
ဖက်ဖြစ်သည့်**နာဇရက်**မြို့သား**ယေရှု**အကြောင်းများ။
၂၀။ ရဟန်းအကြီးအကဲတို့နှင့် ခေါင်းဆောင်များသည်သူ့
ကိုသေဒဏ်စီရင်ရန် အပ်နှံကြ၍ လက်ဝါးကပ်တိုင်
၂၁။ တင်ကြသည့်အကြောင်းများဖြစ်ပါသည်။ သို့ရာတွင်
ကျွန်တော်တို့ကမူသူသည် **အစ္စရေးလ်**လူမျိုးကိုကယ်
တင်မည့်သူဟူ၍ မျှော်လင့်ထားခဲ့ကြ၏။[၃] ယခုဤ
အကြောင်းအရာများ ဖြစ်ခဲ့သည်မှာ သုံးရက်မြောက်

[၂] (၂၄း၁၈)သခင်ယေရှု၏အကြောင်းအရာ၊ အဖြစ်အပျက်များကို လူတိုင်းသိရှိထားကြောင်း ဖော်ပြသည်။

[၃] (၂၄း၂၁)ခရစ်တော်သည် ရောမလူမျိုး၏အုပ်စိုးခြင်းမှ အစ္စရေးလ်လူမျိုးတို့ကို လွတ်မြောက်၍ အစ္စရေးလ်နိုင်ငံတော်ကိုပြန်လည်တည်ထောင်ပေးမည့်သူဖြစ်ကြောင်း မျှော်လင့်နေကြ၏။ သို့သော် ခရစ်တော်သည် အသေခံရသည်အခါ မိမိတို့မျှော်လင့်ထားသည့်အတိုင်းဖြစ်မလာ၍ ကြံရာမရဖြစ်နေကြ၏။

၂၂။ သောနေ့ဖြစ်ပါသည်။ ထို့အပြင် ကျွန်တော်တို့အထဲ
မှအချို့သော အမျိုးသမီးများသည် ကျွန်တော်တို့ကို
အံ့အားသင့်စေခဲ့ပါ၏။သူတို့သည် ယနေ့နံနက်စော
၂၃။ စောသင်္ချိုင်းတော်ကိုသွားခဲ့ကြ၏။ သို့သော် သူတို့
သည်ကိုယ်တော်၏ အလောင်းတော်ကို မတွေ့ခဲ့ကြ
ချေ။ သို့သော် ကိုယ်တော်သည် အသက်ရှင်လျက်
ရှိသည်ဟုပြောဆိုသော ကောင်းကင်တမန်တော်များ
၏ရူပါရုံကို မြင်ခဲ့ကြကြောင်းကျွန်တော်တို့ထံ ပြန်
၂၄။ လာ၍ပြောဆိုခဲ့ကြ၏။ ထိုအခါ ကျွန်တော်တို့အထဲ
မှအချို့တို့သည်သင်္ချိုင်းတော်သို့သွားကြရာအမျိုးသမီး
များပြောထားသည့်အတိုင်းတွေ့မြင်ခဲ့ကြသော်လည်း
ကိုယ်တော့်ကိုမူမတွေ့မြင်ခဲ့ကြပါဟုဆိုကြ၏။
၂၅။ ကိုယ်တော်ကလည်း အိုဆိုးမိုက်သောသင်တို့ ပရော
ဖက်များ ဟောပြောခဲ့သမျှကို သင်တို့ယုံကြည်ရန်
၂၆။ နှောင့်နှေးကြပြီတကား။ ခရစ်တော်သည် ဘုန်းဂုဏ်
တော်သို့ကြွဝင်တော်မူရန် ဤအရာများကိုခံထမ်းရန်
လိုအပ်သည်မဟုတ်ပါလော့ဟု မိန့်တော်မူ၏။
၂၇။ ထို့နောက် မိုးဇက်မှစ၍ ပရောဖက်ရှိသမျှတို့သည်
ကိုယ်တော်ကိုအကြောင်းပြုလျက်ရေးထားသောကျမ်း
ချက်များ၏အဓိပ္ပာယ်ကိုသူတို့အား ရှင်းလင်းဖော်ပြ
၂၈။ တော်မူ၏။ သူတို့ခရီးပြုနေသည့် ရွာအနီးသို့ရောက်
ကြသောအခါ၊ကိုယ်တော်သည် ရှေ့သို့ခရီးဆက်မည့်
၂၉။ ဟန်ပြုတော်မူ၏။သို့သော်သူတို့က ကျွန်တော်တို့နှင့်
နေပါဦး။ ညနေစောင်း၍ နေ့တာလည်းကုန်လုနီးပါ
ပြီဟုအတင်းတောင်းပန်ကြသဖြင့် ကိုယ်တော်သည်
၃၀။ သူတို့နှင့်အတူဝင်၍ တည်းခိုတော်မူ၏။ ကိုယ်တော်
သည်စားပွဲ၌ သူတို့နှင့်အတူ ထိုင်တော်မူသောအခါ၊
မုန့်ကိုယူ၍ ကောင်းကြီးပေးတော်မူပြီးမှဖွဲ့၍[၄] သူတို့
၃၁။ အားပေးတော်မူ၏။ထိုအခါ သူတို့သည် မျက်စိဖွင့်
ကြ၍ ကိုယ်တော်ဖြစ်ကြောင်းကို သိကြ၏။ ကိုယ်
တော်သည်လည်းသူတို့မျက်စိအောက်မှပျောက်ကွယ်
၃၂။ သွားတော်မူ၏။သူတို့ကလမ်းခရီး၌ကိုယ်တော်သည်
ငါတို့နှင့်အတူစကားပြောလျက် ကျမ်းစာတော်၏
အနက်အဓိပ္ပာယ်ကို ရှင်းလင်းဖွင့်ပြတော်မူသောအခါ
ငါတို့နှလုံးသားများတွင် မီးလျှံကဲ့သို့တောက်လောင်
နေခဲ့သည်မဟုတ်ပါလောဟု အချင်းချင်းပြောဆိုကြ

[၄] (၂၄း၃၀) ဖွဲ့၍၊ မာတေ (၂၆း၂၆)၊ တမန်တော်ဝတ္ထု (၂၆း၄၂)

၃၃။ ၏။ထိုအချိန်နာရီ၌ပင် သူတို့သည်ထ၍**ဂျေရုဆလင်**
မြို့သို့ ပြန်သွားကြသဖြင့် တစ်ကျိပ်တစ်ပါးနှင့်သူတို့
၏အပေါင်းအဖော်များ အတူတကွစုဝေးနေသည်ကို
၃၄။ တွေ့ကြ၏။ တမန်တော်တို့က သခင်ဘုရားသည်
ဧကန်အမှန်ရှင်ပြန်ထမြောက်တော်မူပြီ။ ကိုယ်တော်
သည် **စီမုန်**ကိုထင်ရှားပြတော်မူပြီဟု ဆိုကြ၏။
၃၅။ ထိုအခါဤသူနှစ်ယောက်တို့သည်လည်း လမ်းခရီး၌
ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာကိုလည်းကောင်း၊မုန့်
ကိုဖဲ့တော်မူရာတွင် ကိုယ်တော်ဖြစ်ကြောင်း မည်ကဲ့
သို့သိရကြောင်းကိုလည်းကောင်း ပြောပြကြလေ၏။

## သခင်ယေရှုသည် တပည့်တော်များအား ထင်ရှားပြတော်မူခြင်း

(ယော ၂၀း၁၉–၂၄၊ တမန် ၁း၃–၅၊ ပကော ၁၅း၅)

၃၆။ သူတို့သည် ဤအကြောင်းအရာကို ပြောနေကြစဉ်
သခင်**ယေရှု**သည် သူတို့အလယ်၌ ရပ်တော်မူလျက်
သင်တို့၌ငြိမ်းချမ်းသာယာခြင်းရှိစေသတည်းဟု သူ
၃၇။ တို့အားမိန့်တော်မူ၏။ သူတို့သည် ကြောက်ရွံ့တုန်
လှုပ်၍၊ တစ္ဆေကိုမြင်ရသည်ဟု ထင်မှတ်ကြ၏။
၃၈။ ကိုယ်တော်ကလည်း အဘယ်ကြောင့် ကြောက်လန့်
တုန်လှုပ်ကြသနည်း။ အဘယ်ကြောင့်သင်တို့၏စိတ်
၃၉။ နှလုံးထဲ၌ယုံမှားသံသယဖြစ်ကြသနည်း။ ငါ၏လက်
နှင့်ခြေများကိုကြည့်ကြလော့။ သင်တို့မြင်ရသည်မှာ
ငါကိုယ်တိုင်ဖြစ်၏။ ငါ့ကိုစမ်းသပ်ကြည့်ရှုကြလော့။
အကြောင်းမူကား၊ တစ္ဆေ၌အရိုးနှင့်အသားမရှိ။ ငါ၌
၄၀။ ရှိ၏ဟုသူတို့အားမိန့်တော်မူ၏။ ထိုသို့ မိန့်တော်မူ
ပြီးမှ ကိုယ်တော်သည် မိမိလက်တော်၊ ခြေတော်တို့
၄၁။ ကို သူတို့အားပြတော်မူ၏။ သူတို့သည်ကား၊ ဝမ်း
မြောက်ကြသော်လည်းမယုံကြည်နိုင်ဘဲ အံ့အားသင့်
နေကြသောအခါကိုယ်တော်က ဤနေရာမှာ သင်တို့
၌စားစရာ တစ်စုံတစ်ခုရှိသလောဟု မေးတော်မူ၏။
၄၂။ သူတို့သည် ငါးကင်တစ်ပိုင်းကို ကိုယ်တော်အား
၄၃။ ဆက်ကပ်ကြ၏။ကိုယ်တော်သည်လည်းယူ၍ သူတို့
၄၄။ ရှေ့တွင် စားတော်မူ၏။ ထို့နောက် ကိုယ်တော်က
**မိုးဇက်**၏တရားကျမ်း၊ **ပရောဖက်**ကျမ်းနှင့် **ဆာလံ**
ကျမ်းများ၌ငါ့ကိုရည်ညွှန်း၍ ရေးထားသမျှတို့သည်
ပြည့်စုံရမည်ဟုသင်တို့နှင့်အတူ ငါရှိစဉ်ကပြောထား
ခဲ့သောစကားများသည် ဤအကြောင်းအရာများဖြစ်
၄၅။ သတည်းဟု သူတို့အားမိန့်တော်မူ၏။ ထိုအခါ ကျမ်း
စာများကိုနားလည်စေရန် ကိုယ်တော်သည်
၄၆။ သူတို့၏အသိဉာဏ်ကိုဖွင့်တော်မူလျက်။ သူတို့အား
မိန့်တော်မူသည်ကားကျမ်းစာ၌ဤသို့ရေးထားလျက်ရှိ
၏။ခရစ်တော်သည် ဒုက္ခရစရိယာခံသဖြင့်သုံးရက်
မြောက်သောနေ့၌သေသူတို့အစုမှရှင်ပြန်ထမြောက်ရ
၄၇။ မည်။သူ၏နာမတော်၌နောင်တတရားနှင့် အပြစ်ခွင့်
လွှတ်ခြင်းတရားကို**ဂျေရုဆလင်**မြို့မှအစပြု၍လူမျိုးတ
၄၈။ ကာတို့အားကြေညာဟောပြောရမည်။[၅] သင်တို့သည်
ကားဤအကြောင်းအရာတို့ကိုသက်သေခံသူများဖြစ်
၄၉။ ကြ၏။ကြည့်လော့။ငါ၏ခမည်းတော်ကတိထားတော်
မူရာကို သင်တို့အပေါ်သို့ငါစေလွှတ်မည်။ထို့ကြောင့်
သင်တို့သည် အထက်မှလာသော တန်ခိုးတော်နှင့်
ပြည့်စုံရသည့်တိုင်အောင် ဤမြို့တွင် နေကြလောဟု
မိန့်တော်မူ၏။[၆]

## သခင်ယေရှု ကောင်းကင်သို့တက်ကြွတော်မူခြင်း

(မာကု ၁၆း၁၉–၂၀၊ တမန် ၁း၉)

၅၀။ ထို့နောက်ကိုယ်တော်သည် သူတို့ကို **ဂျေရုဆလင်**မြို့
ပြင်**ဘက်သနီ**ရွာတိုင်အောင် ခေါ်ဆောင်သွားတော်မူ
ပြီးမှမိမိလက်တော်ကိုမြှောက်၍ကောင်းကြီးပေးတော်
၅၁။ မူ၏။ ဤသို့ ကောင်းကြီးပေးတော်မူစဉ်တွင် ကိုယ်
တော်သည်သူတို့ထံမှထွက်ခွာ၍ကောင်းကင်သို့တက်
၅၂။ ကြွတော်မူ၏။သူတို့သည်လည်းကိုယ်တော့်ကို ရှိခိုး
ကိုးကွယ်ကြပြီးမှဝမ်းမြောက်ဝမ်းသာစွာ**ဂျေရုဆလင်**
၅၃။ မြို့သို့ပြန်သွားကြ၍။ ဗိမာန်တော်၌ ဘုရားသခင် ကို
အစဉ်မပြတ် ကျေးဇူးတင်ချီးမွမ်းကြ၏။

---

[၅] (၂၄း၄၇) တမန်တော်တို့သည် သတင်းကောင်းကို ဂျူးလူမျိုးတို့အား ဦးစွာ ဟောပြီးမှ လူမျိုးတကာအားလည်း ဆက်လက် ဟောကြားရလိမ့်မည်။

[၆] (၂၄း၄၉)အဘခမည်းတော်ထံမှခရစ်တော် ကိုယ်တော်တိုင်စေလွှတ်မည့်ကတိတော်သည် သန့်ရှင်းသောဝိညာဉ်တော်ကိုဆိုလိုသည်။